
www.burmeseclassic.com



www.burmeseclassic.com

လောကကမ်းပါးစာအုပ်ထုတ်ဝေရေး
၁၂/၄၁၈၊ ကျန်စစ်သားလမ်း
ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်
ရန်ကုန်။

www.burmeseclassic.com

**သင်းသင်းသာ**

# စင်ရော်

**[လုံးချင်းဝတ္ထုသစ်]**

www.burmeseclassic.com

ခွင့်ပြုချက်အမှတ်
စာမူ - ၁၂၅၆/၂၀၀၁ (၁၀)
မျက်နှာဖုံး - ၉၁၅/၂၀၀၁ (၁၁)
ပုံနှိပ်ထုတ်ဝေခြင်း
ပထမအကြိမ်၊ ဒီဇင်ဘာလ ၂၀၀၁
အုပ်ရေ
၁၀၀၀

ထုတ်ဝေသူ
ဦးသန်းဆွေ (၀၁၄၇၃)
စစ်သည်တော်စာပေ
၁၁၃၁/က ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးထွန်းလင်း (၀၆၃၆၂)
ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ကွန်ပျူတာစာစီ
**Dream City**

စာပြင်
နောင်ရိုး

စာအုပ်ချုပ်
ကိုတင်အေး

မျက်နှာဖုံးပန်းချီ
မုတ်သုန်

www.burmeseclassic.com

[လောကမ်းပါး စာအုပ်ထုတ်ဝေရေးအတွက် **The WHITE Book Shop, Asia Plaza** (မြေညီထပ်) ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်၊ Tel:254424-627(c/o)က တစ်ပြည်လုံး တာဝန်ယူ ဖြန့်ချိသည်]

www.burmeseclassic.com

# အခန်း(၁)

www.burmeseclassic.com

ကျွန်တော်သည် စင်ရော်တစ်ကောင် မဟုတ်ပါ။
ထို့ကြောင့် ကျွန်တော်သည် လူတစ်ယောက်သာ
ဖြစ်ခဲ့ရ၏။
ကျွန်တော့်မှာ သာမာန်လူတိုင်း ရရှိခဲ့သော
အခွင့် အရေးတစ်ခုဖြစ်သည့် ကိုယ်လက်အင်္ဂါ
အပြည့်အစုံ ရှိသည်။
ကျွန်တော်သည် သာမာန်လူများထက် ပိုသော
အခွင့်အရေးမျိုး မရခဲ့။
သို့သော် လူတိုင်းရရှိသည့် အခါအခွင့်ကို
ကျွန်တော် ရသည်။
ပထမဆုံးရသည့် အခါအခွင့်ကို ဆုပ်ကိုင်သည်။
ဒုတိယ အခါအခွင့်ကို အသုံးချသည်။
. . . . . . . . . . . . . .
. . . . အခါအခွင့်မျိုးကို ကြောက်ရွံ့စွာ လွှတ်ပစ်
လိုက်သည်။
ကျွန်တော့်မှာ သာမန်လူများထက် မပိုသာသော
အတွေးအခေါ် သာ ရှိ၏။
ကျွန်တော်သည် ကျွန်တော်သာဖြစ်သည်။
ထို့ကြောင့် ကျွန်တော်သည် စင်ရော်တစ်ကောင်
မဟုတ်ပါ။

www.burmeseclassic.com

# နိုင်ရဲ

ဒီလိုညမျိုးမှာ ပါဝင်ခွင့်ရဖို့ သူ နှစ်ရှည်လများ စောင့်ခဲ့ရသည်။ သူ့အိပ်မက်ဆီ အရောက်ပို့မယ့် လှေကားထစ်တစ်ခုအဖြစ် သူ့သွေးသားမှာ ယုံကြည်နေသည်။ သူဟာ တစ်စုံတစ်ယောက်ရဲ့ သွေးဆာမှုကို လိုက်လံ ဖြည့်ဆည်းနေတာ မဟုတ်ဘူးဆိုတာလည်း သိနေသည်။ သူ့ရဲ့ သွေးဆာမှုကို သူဖြည့်နေတာ။ ဒီနေ့မှာ သူ့အလင်းတံခါး ပွင့်တယ်လို့ ပြောနိုင်ပေမဲ့ သူ့ရှေ့ရောက်လာတဲ့ အခွင့်အရေးကို တည့်တည့်ဆုပ်ကိုင်မိတာသာ ဖြစ်သည်။ ဒီညဟာ သာမန်ညလေး တစ်ညပါပဲလေ။ ဘာမှ မထူးခြားတဲ့ ပျော်ရွှင်စရာ သက်သက် သို့မဟုတ် စိတ်အပန်းဖြေမှု ခဏတာလေးကို ရရှိမယ့် ညလေးတစ်ညပဲ။ ဒီလိုညမျိုးမှာ မီးရောင်တွေနဲ့ အတူကခုန်ဖို့ မှော်အတတ်တွေနဲ့ ရင်ချင်းအပ်ဖို့ သူ့ သွေးဆာမှုတွေကို ချကျွေးဖို့ ဒီလိုအခွင့်အရေးမျိုးကို ရရှိအောင် သူ့ရင်ခွင်ကို ဖောက်ခွဲပစ်ချင်ပစ်ရပါစေ။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ချည့်နဲ့သွားချင် သွားပါစေ၊ သူ အစွမ်းကုန်ကြိုးစားရမှာ ဖြစ်နေသည်။ သူ သတ်မှတ်တဲ့ သူ့ပြိုင်ပွဲသက်သက်၊ သူ့ရပ်တည်ချက်သက်သက်၊ သက်သေပြချက်

www.burmeseclassic.com



သက်သက်၊ တစ်ယောက်တည်း ရှူးသွပ်ရင်း သူ့ခန္ဓာကိုယ် ရွှေ့မျော နေသည်ကိုပင် မေ့လျော့ကာ သူက မီးရောင်များ၏ နောက်ကျောကို ရောက်သွားလိုက်၊ ရှေ့ကိုထွက်လာလိုက်။ မီးရောင်၏ လှည့်ဖျား နေမှုအောက်မှာ သူ ဖန်တီးလိုက်တဲ့ ဂီတသံတွေက ချိုမြလွန်းနေ သည်။ ညာဘက် လက်မလေးနှင့် လက်ညှိုးလေးများကို နာကျင်စွာ လှုပ်ရမ်းရင်း ဘယ်ဘက်လက်ဖျားထိပ်များက အလိုက်သင့် ရွှေ့လျား ဖိကပ်နေတော့သည်။

လက်ခုပ်သံများကြားမှ သူ ကြည်နူးလွန်းလို့ မျက်ရည်တောင် ကျမိသည်။ နိုင်ရဲ . . . လိဒ်ဂစ်တာ သူရဲကောင်း နိုင်ရဲ. . .

ဂစ်တာ ဘိုးဘိုး နိုင်ရဲ. . .

သူ့ရဲ့ ခပ်စိပ်စိပ် အကွန့်အညွန့် သံစဉ်တွေကို သတိပြုမိ သွားကြပြီပေါ့။ ပထမဦးဆုံးပွဲမှာ ပထမဦးဆုံးအနေနဲ့ အတီးသမား တစ်ယောက်ကို ထုတ်ဖော်ချီးကျူးလိုက်ခြင်း ဖြစ်နေသည်။ သူ့ သွေးတွေက သီချင်းနောက်တစ်ပုဒ်၏ Intro ကို စတီးလိုက်သည်။ သူ ရှည်လျားစွာ လက်စွမ်းပြခွင့်ရတဲ့ တီးကွက်တွေက သူ့ကို ပိုလို့ ထင်ပေါ်စေသည်။ သူ့ရှေ့မှာ ကာဆီးထားဖူးတဲ့ မီးညွန့်မီးလျှံကြီး များ ဟုတ်ခနဲငြိမ်းသွားသလို ဆူညံနေသော ပရိသတ်အားလုံး ငြိမ်ဆိတ်သွားသည်။ လရောင်ရဲ့ သဒ္ဒါစွာပေးဝေမှု ဖြူမှုန်မှုန်အလင်း ရောင်က ပရိသတ်ကို ဖျတ်ဖျတ်လင်းလက် နေစေတော့သည်။ သူစပ်ထားသော သီချင်းလေး အေးအေးညက်ညက်နဲ့ ပရိသတ်ကို တီးတိုး ပုတ်ခတ်ခေါ်ယူသွားတဲ့ သံစဉ်လေး. . နုနုလှလှ စာလုံးတွေနဲ့ အားလုံးရဲ့နှလုံးသားကို သိမ်းဆည်းသွားတဲ့ သီချင်းလေး. . .

ကမ္ဘာမြေရယ် တိတ်ဆိတ်. . . နှလုံးသားတွေ သယ်ဆောင်
သွားတဲ့ ရထားသံ သဲ့သဲ့မျှမကြားရ. . .
ပေးလိုက်ရသူတို့သာ ရင်ထဲကသိသော. . . နားလည်မှု. . .

www.burmeseclassic.com



အဝေးကိုမပြေးဘဲ ရက်စက်မှုတွေ သိမ်းထားတဲ့. . မေတ္တာ
တရား. . .
မဆိုင်သူများ လျှို့ဝှက်စွာ ကျိန်စာမသင့်လိုက်ပါနဲ့. . .
သက်ဆိုင်တဲ့ ရင်ခွင်များက ခွင့်လွှတ်နေတယ်. . .

သူ့အသံ၏ စူးရှကြည်လက်မှု၊ ခိုင်ခံ့သော အသံချိုမြိန်မှု အလုံးစုံက သူ့သံစဉ်ရဲ့ သွေးသားအဖြစ် နှလုံးသားထဲ သွေးသစ်လောင်းဖို့ ဝင်ရောက်သွားသည်။ မေ့လျော့စွာ ငြိမ်သက်နေသော ပရိသတ်ထဲ နှလုံးသားများကို တစ်ခုချင်း ချော့သိပ်ရင်း သူ့ရင်ထဲမှာလည်း ကွဲကြေလုမတတ် နာကျင်နေသည်။ သူ့သွေးသားကို သွန်ထုတ်ပြီး ပေးဆပ်နေတာလား။ သူ ဒီလောက်ထိတော့ မရက်ရောပါဘူး။ သူ့ဖန်တီးချက်ကို သူ့ဘာသာသူ စားသုံးနေတာပါ။

တစ်ယောက်တည်းကမ္ဘာ. . မှိုတက်. . တိတ်ဆိတ်စွာ
နာကျင်ရင်း မျက်ရည်ကျသံ သိသူတစ်ယောက်. . .
ငါ့ရင်ထဲက ခွန်အား. . . ငါ့ရင်ထဲမှာသိမ်းထား. . ကျေနပ်မှု
အသားမာတွေခွာချပြီး အသက်ဆက်စေသတဲ့ . . .
အတင်းစကားဆိုတဲ့ လေရူးများ ထွက်သွား. . .
ငါ့ မှိုတွေကို ရှင်းလင်းပေးနေတယ်. .

လရောင်က ဖမ်းစားထားသလား၊ သူ့ဖန်တီးမှုက ဖမ်းစားထားသလား။ ဒါဟာ မေတ္တာတရားကို ဖွဲ့ဆိုနေတာလေ. . .။ ရက်စက်တတ်သူတွေဟာ အေးစက်စက်လူများထက် နူးညံ့ ပျော့ပျောင်းလွန်းတယ်။ သူတို့က ပိုပြီး ထိခိုက်လွယ်တယ်. . .။

မေမေ့သွေးနဲ့ ကြီးပြင်းခဲ့တဲ့ ငမိုက်သားလေး။
မေမေ့မျက်ရည်နဲ့ စိတ်တိုင်းမကျခဲ့တဲ့ စင်ရော်တောင်ပံလေး။
မေမေ့မေတ္တာတရားကို နားမလည်တဲ့ ကျောက်ဆောင်လေး။

www.burmeseclassic.com



သူ့ လက်ချောင်းတွေ ရပ်တန့်အပြီး သံစဉ်ဖျော့ဖျော့များ ငြိမ်သက် သေဆုံးသွားသောအခါ သူနဲ့အတူ ပရိသတ်အားလုံးကလည်း တစ်စုံတစ်ခု ငေါ်မွတ်နေမှုကို သိသွားသလိုမျိုး ဝန်ခံနေပုံရသည်။ လရောင်ဆီ လွင့်မျောသွားတဲ့ သူ့ရင်ထဲက မေတ္တာတရား၊ နူးညံ့မှု အလုံးစုံ၊ သူ့ ခံစားမှု အနုအဖျားလေးတွေကို လမင်းကြီးက နားလည် ခံစားမိသလိုမျိုး၊ သူ့မျက်ဝန်းတွေမှာ ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက် သွားအောင် လရောင်၏ အဆီအနှစ်များက တစ်စုံတစ်ခုသော အလိုပြည့်ခြင်းကို ဖြည့်ဆည်းပေးလိုက်ခြင်းလား။ ငြိမ်သက်မှုအလုံးစုံ က ရုပ်လုံးကြွ နိုးထလာပုံရသည်။ ပရိသတ်၏ လက်ခုပ်သံများက သူ့ခန္ဓာကိုယ်ထဲ စီးမျောဝင်လာတော့သည်။ ငြိမ်သက်စွာ မျက်စိစုံမှိတ် ပီတိအဟုန်ကိုဖယ်ခွာပြီး သူ့မျက်ဝန်းများကို ပရိသတ်သို့ ရဲရဲစိုက် ကြည့်ပြီး ခါးညွတ်၍ ခြေတစ်လှမ်း ဆုတ်မိတော့သည်။ ဆလိုက် မီးရောင်များအောက်မှာ လျှပ်စစ်ဂစ်တာလေးကို ပိုက်ရင်း သူ့ရဲ့ နေ့သစ်ကို သူ ရိုကျိုးစွာ ဂုဏ်ယူလက်ခံလိုက်တော့သည်။ သူဖြစ်ချင် တဲ့ အနာဂတ်အိပ်မက်ကို တိုက်ရိုက် စတင်ထိတွေ့ခွင့်ရပြီး သူ့သွေး၊ သူ့သားကို သံစဉ်များကြားထဲ ရဲရဲမြှုပ်နှံဖို့ ဆုံးဖြတ်ချက် ချလိုက် တယ်။ သူ့ရှေ့က ပရိသတ်ကြားထဲမှာ မေမေ ရှိမနေနိုင်ဘူး။ ဒီလို အချိန်ဆို မေမေက ဆေးရုံမှာ တာဝန်ကျနေမှာ။ သူ့မိခင်ကို ဖျတ်ခနဲ သတိရသွားပြီး ဒီသီချင်းလေးအတွက် မေမေ့ကို ကျေးဇူးတင် မိနေသည်။ ဒီသီချင်းလေးကြောင့် သားတစ်ယောက်ကို ကျေနပ် နှစ်သိမ့်စေနိုင်မည်။

'သား . . . ထတော့လေ၊ စာကျက်ဦးလေ . . . စာမေးပွဲ သိပ်နီးနေပြီ'

မေမေ့အသံက နူးညံ့ပျော့ပျောင်းလွန်းနေသည်။ မေမေဟာ ကျွန်တော့်ကို ဆရာဝန်တစ်ယောက်ဖြစ်ကိုဖြစ်ရမယ်ဟု မျှော်လင့်သည်။

www.burmeseclassic.com



"၇ နာရီ ထိုးပြီ သားရဲ့၊ စာကျက်ဦးလေ"

တစ်ညလုံး ဂစ်တာတီးနေတာ မေမေက သိပုံမပေါ်။ အခုမှ ဆေးရုံမှပြန်လာသည့် အဝတ်အစားဖြင့် ကျွန်တော့်ကို လာရောက်နှိုးနေခြင်းဖြစ်သည်။ မနေ့က ငှားခဲ့သည့် လျှပ်စစ်ဂစ်တာလေးကို မေမေမသိအောင် စောင်များဖြင့် လွှမ်းခြုံလိုက်သည်။

"အခုထတော့မယ် မေမေ"

အိပ်ချင်စိတ်များလည်း ပြေသွားတော့သည်။ မေမေ ထွက်သွားတော့မှ ဂစ်တာလေးကို နမ်းရှုပ်ပြီး ခုတင်အောက်သို့ ထိုးသွင်းလိုက်ရသည်။ အိပ်ရာမှထပြီး စာကြည့်စားပွဲပေါ်တွင် ဖွင့်လျက်ရှိသေးသည့် ဓာတုဗေဒဘာသာရပ်ကို ဆက်လက်ကျက်မှတ်လိုက်သည်။ ကျန်တဲ့ ညီတွေက စာမေးပွဲဖြေရန် သွားကြပြီ။ မေမေ ယူလာပေးသော ထမင်းကြော်ကို စားလိုက်၊ စာကျက်လိုက်၊ မေမေဖြစ်စေချင်တဲ့ ဆရာဝန်တစ်ယောက်တော့ ကျွန်တော်ဖြစ်ချင်သေးသည်။ ဆယ်တန်းမှာ သင်ရသော ဘာသာရပ်တွေက ကျွန်တော့်အတွက် လွယ်ကူလွန်းနေသေးသည်။ စာကို သုံးခေါက် လေးခေါက်ဖတ်ရုံနှင့် အလွတ်ရနေတတ်သည်။ ဂစ်တာ တီးရသလောက်တောင် မခက်ခဲ။ ငယ်စဉ်ကတည်းက စာကျက်ချိန်တွင် မေမေ ဂရုတစိုက် လာရောက်စောင့်တတ်သည့် နှစ်များတွင် ပထမရခဲ့တာချည်းဖြစ်သည်။ သို့သော် ကျွန်တော်က အတန်းထဲတွင် အမြဲတမ်းလည်း ပထမ မရချင်။ စာတော်သည့် ကောင်လေးတစ်ယောက်လည်း မဖြစ်ချင်။ နောက်နှစ်လည်း ပထမရ ရမည်ဟု လောဘလည်းမရှိ။ အဋ္ဌမတန်းစာမေးပွဲတွင် မြို့နယ်ပထမဆု ရခဲ့ပေမဲ့ နဝမတန်းစာမေးပွဲတွင် ဂုဏ်ထူးတစ်ခုမှမပါဘဲ ရိုးရိုးသာ အောင်ခဲ့သည်။ မေမေက ဘယ်လိုဖြစ်ရတာလဲ သားရယ်ဟု တဖွဖွရေရွတ်ရင်း စိတ်မကောင်းဖြစ်နေတော့ ကျွန်တော့်ရင်ထဲမှာ ထိထိခိုက်ခိုက် ခံစားရသေးသည်။ စာတော်တဲ့

www.burmeseclassic.com



သူတွေ အများကြီးပါ မေမေရယ်၊ ဆရာဝန်တွေလည်း အများကြီးပဲ။ သား ဆရာဝန် မဖြစ်ချင်ဘူးဗျ။

ကျွန်တော့်ရင်ထဲက ထိုစကားစကို ဖွင့်ထုတ် မပြောရဲခဲ့။ စာတော်တဲ့ သူတစ်ယောက်ဖြစ်ဖို့ အမြဲတမ်း အချိန်ပြည့် စာကျက်နေရမှာလောက် ပျင်းစရာမရှိတော့ဘူး။ ကျွန်တော့် ခံယူချက်ကို မေမေထံ ဖွင့်ဟမပြောရဲ။ ဆယ်တန်းစာမေးပွဲကို မေမေ စိတ်ချမ်းသာအောင် ဂုဏ်ထူးများစွာနဲ့ အောင်အောင် ဖြေပေးပါ့မယ်။ ကျွန်တော့်ရင်ထဲ မေမေကျေနပ်အောင် စာကျက်ရမည်။ မေမေ မျှော်လင့်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် စာကျက်ရမည်။ ကျွန်တော့်မျက်ဝန်းထဲ မြင်နေရသော ဂီတသင်္ကေတတွေ . . . F" Fm" တွေ. . . အနိမ့်ဆုံးကီးကို နိမ့်သထက်နိမ့်အောင် ဆွဲခေါ်သွားပြီး ဝုန်းခနဲ မြင့်တက်လိုက်ဖို့. . . အဲဒါတွေကမှ ပိုခက်ခဲတာ မေမေရဲ့။

မေမေက လယ်သမားမိဘများမှ မွေးဖွားပြီး သူနာပြုဆရာမလေး ဖြစ်ခဲ့သည်။ ဖေဖေကလည်း လယ်သမားမိဘများမှ ဆင်းသက်လာသော ကျန်းမာရေးမှူးလေး။ သူနာပြုဆရာမလေးနဲ့ ကျန်းမာရေးမှူးလေးတို့ရဲ့ ချစ်ခြင်းမေတ္တာကြောင့် ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် လူ့လောကထဲ ဝင်ရောက်ခွင့်ရခဲ့သည်။ မေမေက နူးညံ့ပျော့ပျောင်းသလို ဖေဖေကလည်း အေးဆေးတည်ငြိမ်သူ၊ အလုပ်ကြိုးစားသူ တစ်ယောက်သာ ဖြစ်ခဲ့သည်။ ရသမျှ ဝင်ငွေလေးနဲ့ ရောင့်ရဲတင်းတိမ်ပြီး မွေးထုတ်ထားတဲ့သားသုံးယောက်ကို ကျန်းမာသန်စွမ်းအောင်၊ ဉာဏ်ရည်ဖွံ့ထွားအောင်၊ တစ်စစကြီးရင့်အောင် မပင်မပန်း မညည်းမညူနဲ့ အလုပ်လုပ်နေကြသည်။ သူတို့ဘဝလေးတွေအပေါ် ကျေနပ်နှစ်သက်ပြီး သားတွေအပေါ်ပဲ လောဘထားခဲ့သည်။ သိပ်မပြည့်စုံတဲ့ လယ်သမားမိဘများမှ မွေးဖွားလာတဲ့ မေမေဟာ သူ့အလုပ်ပေါ်မှာ ဂုဏ်ယူလို့မဆုံး၊ ကျေနပ်လို့မဆုံး၊ ပီတိဖြစ်လို့မဆုံး။ မေမေ့ရင်ထဲက

www.burmeseclassic.com



မျှော်လင့်ချက်က သားတွေ ဂုဏ်ရှိရှိနေနိုင်ဖို့ လူနေမှု မြင့်မားတဲ့ ဝန်းကျင်မှာ ဝင်ဆံ့ဖို့ ပညာတတ်တွေဖြစ်ဖို့ ဒါ့ထက်လည်း ပိုမက် မောပုံ မရပါဘူး။

မေမေ. . . ကျွန်တော် လိဒ်ဂစ်တာ သူရဲကောင်းဖြစ်ချင်တယ်ဗျာ. . . ။

ကျွန်တော့်စကားကို မေမေက သိပ်နားလည်ပုံမရ။ အတီး သမားတစ်ယောက်ရဲ့ ဘဝကို အထင်မြင်သေးချင်ပုံလည်း ရသည်။ အတီးသမားတစ်ယောက်ရဲ့ ဘဝရပ်တည်ချက်ကိုလည်း သိရှိနိုင်မှု ဗဟုသုတပင်မရှိ။ အသက် ၁၀ နှစ် ၁၁ နှစ်လောက် ကတည်းက နွေရာသီကျောင်းပိတ်ရက်တွေမှာ တခြားကလေးတွေလို ဆော့ကစား ခြင်းမရှိဘဲ ရေဒီယိုကက်ဆက်ရှိသော ဦးလေးအိမ်မှာပဲ ကက်ဆက် နားထောင်လိုက်၊ မြန်မာ့အသံ အင်္ဂလိပ်ပိုင်းအစီအစဉ်မှလာသော အင်္ဂလိပ်သီချင်းတွေ၊ တီးလုံးတွေ သွားနားထောင်လိုက်၊ ဒါကို သနားပြီး ကျွန်တော် ရှစ်တန်းသို့ တက်သည့်နှစ်တွင် ရေဒီယိုတစ်လုံး ဝယ်ပေးခဲ့ဖူးသည်။ ရေဒီယိုကိုရဖို့လည်း မေမေ့ဘက်က စုဆောင်း ထားသော ပိုက်ဆံအနည်းငယ်မှ ဖဲ့ချွေလိုက်ရသလို ကျွန်တော့်ဘက် ကလည်း ပထမရအောင် စာကြိုးစားပါ့မယ် ဆိုတဲ့ ကတိတစ်ခုကို ပေးအပ်ခဲ့ရတယ်။ သို့သော်လည်း ရေဒီယိုလေးကို ကျောင်းပိတ် ရက်ရှည်တွေမှာသာ ထိတွေ့ခွင့်ရခဲ့တယ်။ ငါးတန်းကျောင်းသား ဘဝကတည်းက ရပ်ကွက်ထဲမှာ ဂစ်တာတီးတတ်သော အစ်ကိုကြီး များကို ဆေးလိပ်ဝယ်ပေးရင်း၊ လက်တိုလက်တောင်းခိုင်းတာကို လုပ်ကိုင်ပေးရင်းနဲ့ သူတို့တီးတာကို အနားမှာ သွားထိုင်ကြည့်ခဲ့ရ သည်။ သူတို့တီးတာ ခဏရပ်ထားရင် ယူပြီး လယ်ကွက်တင် ကစားကြည့်လိုက်၊ ညာဘက်လက်ကို သူတို့ကဲ့သို့ ခါရမ်းလိုက်နဲ့ မက်မောစွာ တို့ထိကြည့်နေခဲ့မိသည်။ တစ်ခါတစ်ရံလည်း အငေါက်

www.burmeseclassic.com



ခံရသလို တစ်ခါတစ်ရံလည်း ဒီလို မခတ်ရဘူးကွ။ ဒီလိုခေတ်၊ ဒီလို ပါးစပ်ကရွတ်၊ ဒူချပ် ဒူချပ် ဒူချပ်. . . ဒူ. . . ချပ်. . . ဒူချပ် ဒူချပ် စတာတွေကို တစ်လုံးစ နှစ်လုံးစ သင်ကြားခွင့်ရခဲ့သည်။ အိမ်ရောက်တဲ့အထိ၊ တစ်ခါတစ်ရံ အိပ်မက်ထဲထိ ဒီစာသားလေးက နှုတ်ခမ်းဖျားမှာ ခိုတွဲနေတော့သည်။

သားကြီးရယ်. . . မင်းဟာ ဉာဏ်သိပ်ကောင်းတဲ့ ကလေးတစ်ယောက် ဖြစ်နေတယ်။ မေမေက ဆရာဝန်ပဲဖြစ်စေချင်တယ်. .

ဒါဟာ ကျွန်တော် ငါးတန်းလောက်ကတည်းက ဂစ်တာကို လက်ကွက်မထိခင်ကတည်းက ကျွန်တော့်ရင်ထဲက ဆန္ဒနဲ့ မေမေ့ဆန္ဒတွေ ဆန့်ကျင်ဘက်ဖြစ်ခဲ့သည်။

'ဂစ်တာသမားဟာ နားထောင်မယ့်သူရှိမှ၊ မေမေတို့ ခေတ်တုန်းကတော့ ဖက်ခွက်စားလို့ ခေါ်တယ်။ ကြုံတဲ့နေရာမှာ ကြုံသလိုစား၊ ဟုတ်တိပတ်တိ ပွဲလမ်းသဘင်လည်းမရှိတော့ မတီးရဘူး။ သူများလာငှားမှ တီးရတယ်။ မေမေကတော့ ဂုဏ်ရှိရှိ ငွေရရ ဆရာဝန်ကြီးပဲ ဖြစ်စေချင်တယ်။ မင်း အရူးမထစမ်းနဲ့ကွယ်၊ ဂစ်တာတီးပြီး ဗိုက်ဝဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ'

မေမေကတော့ ကျွန်တော့်ဉာဏ်ရည်အားကိုးနဲ့ ဆရာဝန်တစ်ယောက် ဖြစ်စေချင်တယ်။ အနိမ့်ပါးဆုံး ဖေဖေ့လို ကျန်းမာရေးမှူးလေး တစ်ယောက်ဖြစ်ရင်လည်း သူ့ဂုဏ်နဲ့သူ တင့်တယ်တယ်လို့ ထင်ပုံရသည်။ အသက်အရွယ်ကြီး အရွယ်ရောက်တော့ မိန်းမယူ ကလေးမွေး၊ သားသမီးကိုပြုစုတဲ့ ဖခင်တစ်ယောက်ဖြစ်၊ မေမေ ဖြတ်သန်းခဲ့တဲ့ သမားရိုးကျ ဘဝလေးက ရိုးစင်းလွန်း အပြစ်ကင်းစင်လွန်းပေမယ့် ကျွန်တော့်အတွက် ပျင်းရိဖွယ်သက်သက်ဖြစ်နေရသည်။

"မေမေတောင် လယ်သမားမိသားစုက ရုန်းထွက်ပြီး တိုင်းမြို့မှာ အလုပ် လုပ်နေတယ် မဟုတ်လား၊ ကျွန်တော်ကလည်း. . "

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းကလည်း သူနာပြုဆရာမ အမေရဲ့ မိသားစု အောက်က ရုန်းထွက်ပြီး ဆရာဝန်မိသားစုဘဝကို ဖန်တီးရမှာ"

"မဟုတ်သေးဘူး မေမေ"

"ဟုတ်ပါတယ် သားရယ်၊ မင်း ဆရာဝန်ဖြစ်ဖို့ စရိတ်ကို မေမေတို့ စပြီး စုဆောင်းနေပြီ၊ မင်း ဆရာဝန်ဖြစ်ရင် မင်းဝါသနာပါတဲ့ ဂီတာကိုတီးပေါ့၊ ဒါပေမဲ့ သားရယ်၊ မေမေတို့ ဆရာ ဆရာဝန်တွေက ယဉ်ကျေးသိမ်မွေ့ကြတယ်၊ မင်းအထင်ကြီးတဲ့ ဂစ်တာသမားတွေလို ဆံပင်ရှည်လည်းမထားဘူး၊ ဘောင်းဘီကျပ်ကျပ်တွေလည်း မဝတ်ဘူး။ ကြောင်ကျားအင်္ကျီတွေလည်း မဝတ်ဘူး။ ဆရာဝန်တွေကို ကြည့်လိုက်ရင် ရုပ်ချောတာ၊ မချောတာထက် သိပ်သပ်ရပ်ကြတယ်။ လူနာတွေရဲ့ အားကိုးယုံကြည်လေးစားမှုကို ရတယ်။ လူတိုင်းရဲ့ အားကျမှုကိုခံရတယ်။ မေမေက ဒါကြောင့်. . ."

မေမေပြောသလို ဆရာဝန်ဖြစ်အောင်လုပ်ပြီးမှ ဂစ်တာကို ပြန်တီးရမယ်ဆိုရင်. . .။ တွေးကြည့်ရုံနဲ့တင် လန့်သွားမိသည်။ အချိန်တွေ. . . အချိန်တွေ. . . နှမြောစရာ။ နောက်ပြီး ကျွန်တော်က ဂစ်တာသမားတစ်ယောက် သက်သက်ပဲဖြစ်ချင်တာ။ ငတ်ချင်ငတ်သွားပါစေ၊ လူတိုင်းဖြတ်ကျော်ရမယ့် သမားရိုးကျမိသားစုဘဝလေးနဲ့ လဲလှယ်ချင်လည်း လဲလှယ်လိုက်ရပါစေ။ ဂစ်တာကို အရူးအမူးစွဲလမ်းပြီး ငတ်လို့သေဆုံးသွားလည်း ကျွန်တော် ရဲဝံ့စွာ သေဆုံးလိုက်ဖို့ ဆုံးဖြတ်လိုက်တော့သည်။ ဒီအချိန်မှာ မေမေ အောင်စေချင်တဲ့ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးများစွာနဲ့အောင်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တော့သည်။

* * *

www.burmeseclassic.com

# အခန်း(၂)

စာမေးပွဲခန်းထဲက ထွက်လာတော့ ကျွန်တော့်ခန္ဓာကိုယ် တစ်ခုလုံး ပေါ့ပါးလွန်းနေသည်။ နောက်ဆုံးဖြေခဲ့ရသော သမိုင်း ဘာသာရပ်ကလည်း ဂုဏ်ထူးမထွက်တောင် အမှတ် ၇၀ နားမှာပင် ရလိမ့်မည်။ အနည်းဆုံး ဂုဏ်ထူး သုံးခုလောက်ရမှာ သေချာသော ကြောင့် မေမေ့အတွက် ပျော်ရွှင်မိသလို စာမေးပွဲပြီးဆုံးသွားပြီဖြစ်တဲ့ အတွက်လည်း ဂစ်တာကို လွတ်လွတ်လပ်လပ် တီးခွင့်ရမှာသေချာ နေပြီ။ အနည်းဆုံး အောင်စာရင်းမထွက်ခင်ထိပေါ့။

ကျွန်တော့်ခြေလှမ်းတွေက အိမ်ကို တန်းမပြန်ဖြစ်။ ညနေတိုင်း ကျွန်တော် ဂစ်တာတီးနေကျ ကိုကျော်တို့အိမ်ကို လှမ်းခဲ့တယ်။ အဆင်သင့်စွာ ကိုကျော် တစ်ယောက်တည်းကိုပဲ တွေ့ရသည်။ပို၍ ကံကောင်းစွာ ကိုကျော်က ဂစ်တာတီးမနေ။ ကျွန်တော် ဝင်အလာကို အားရဝမ်းသာနှုတ်ဆက်ပြီး "ဆရာဝန်လေး စာမေးပွဲဖြေနိုင်လား" ဟု ဆီးမေးသည်။ ကျွန်တော့်အမေ ဆရာဝန်ရူး ရူးနေတာလည်း ကိုကျော်က သိသည်။ ကျွန်တော့်ကို စနောက်ချင်တိုင်း ဆရာဝန်လေး ဟုလည်း ပြောင်နောက် ခေါ်တတ်သည်။ ကျွန်တော်က တိုင်မှာ

www.burmeseclassic.com



ချိတ်ထားသော ဂစ်တာကို ဖြုတ်လိုက်ပြီး မတ်တတ်ပင်ပိုက်၍ မစ္စစ္စပီ သီချင်း၏ Intro ကို တီးခတ်လိုက်သည်။ ကိုကျော်က ကျွန်တော့် ခန္ဓာကိုယ်မှာ လွယ်ထားဆဲ လွယ်အိတ်ကို ကြည့်သည်။

"ဆရာဝန်လေး ထမင်းမစားရသေးဘူး မဟုတ်လား၊ လာ. . သွားစားမယ်"

ကျွန်တော်ဟာ ကိုကျော်ရဲ့ တပည့်တစ်ယောက်ဖြစ်ခွင့်ရခဲ့သည်။

"မင်းလက်တွေ တက်လာရင် မင်းကို တို့တီးဝိုင်းမှာ ဝင်တီးခိုင်းမယ်"

ထိုစကားနဲ့တင် ကိုကျော့်ကို ကျွန်တော် လေးစား အထင်ကြီးသည်။ နောက်ပြီး ကိုကျော်က ကျွန်တော့်မေမေ့ကို လန့်ပုံရသည်။ သူ့ကြောင့် ဆယ်တန်းစာမေးပွဲ ကျသွားမှာ၊ အမှတ်နည်းသွားမှာကို စိုးရိမ်ပုံရသည်။ လူငယ်တစ်ယောက်ရဲ့ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးရမည့် အချိန်အခါကိုလည်း သိသည်။ စာမေးပွဲမဖြေခင် သုံးလအလိုကတည်းက ကျွန်တော့်အား ငှားထားသော သူ့ဂစ်တာများကို ပြန်လည်သိမ်းပြီး သူ့ထံသို့သွားလျှင်ပင် ဂစ်တာကို ပေးမကိုင်သည်အထိ တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့သည်။

"ဆရာဝန်လေး ဒီသုံးလတာဟာ ဘာမှမကြာပါဘူး။ ဒီသုံးလကို မင်းတီးနေရင်လည်း ချက်ချင်း သူရဲကောင်းဖြစ်မသွားနိုင်ဘူး၊ အေး. . . ဒီသုံးလကို မင်း စာကျက်လိုက်ရင် အမှတ်ကောင်းကောင်းနဲ့ အောင်မှာတော့ သေချာတယ်။ မင်း ဂစ်တာကို ကျင့်သလို စာကို ကြိုးစားကျက်စမ်း။ မင်း စာမေးပွဲပြီးတာနဲ့ ငါတတ်သမျှတွေကို ဆရာစားမချန် သင်ပေးသွားမယ်။ မင်းလိုကောင်ရဲ့ ဆရာဖြစ်ရမှာကိုလည်း ငါဂုဏ်ယူတယ်။ ငါ့ထက်တော်မယ့် တပည့်တစ်ယောက်ဆိုတာလည်း ငါသိတယ်။ ဒါပေမဲ့ ဒီအချိန်ဟာ မင်းဘဝရဲ့

www.burmeseclassic.com



တစ်ဆစ်ချိုးလမ်းပဲ၊ မင်းမှာ ဆရာဝန်ဖြစ်လောက်တဲ့ဉာဏ်ရှိတယ်။ မင်းကြိုးစားရင် ရမယ်ဆိုတာ သိရမယ်။ အများအားဖြင့် ငါပေါ့ကွာ ဆယ်တန်းကို မကြိုးစားလို့ ကျခဲ့တယ်။ အခုချိန်မှာ အရွယ်ကကြီး၊ ဒို့ပြင် စီးပွားရေးက တစ်ဖက်ပါလာတော့ ဆယ်တန်း မဖြေဖြစ်တော့ဘူး၊ ငါသာ ဆယ်တန်းလေးအောင် လူရိုသေရှင်ရိုသေ ဘွဲ့လေး တစ်ခုနဲ့ဆိုရင် ပညာတတ်ရဲ့သားနဲ့ ဂစ်တာပဲတီးစားတာ ဆိုတာမျိုးက ပညာမတတ်လို့ ဂစ်တာတီးစားရတာထက် ပိုပြီး အဓိပ္ပာယ်ရှိတယ်၊ သိပ်ကွာခြားသွားတယ်။ မင်းကျ အဲလိုမဖြစ်စေရဘူး၊ ဆရာဝန် မလုပ်ချင်လို့ ဂစ်တာ တီးစားတယ်ကွာ၊ မင်းက ငါ့ထက်ပိုပြီး ဂုဏ်ရှိသွားမှာပေါ့ကလေးရာ။ ဒီသုံးလ ငါ့ဆီမလာဘဲစာကျက်မယ်လို့ ကတိပေးစမ်းပါ”

ထိုအချိန်က ကိုကျော့်ကို စိတ်ဆိုးဖို့ထက် ကိုကျော့်ကို ပိုလေးစားသွားသည်။ ရလာတဲ့အခွင့်အရေးမှာ ရှိနေတဲ့ခွန်အားကို စနစ်တကျ ဖွဲ့ရှိရှိ သုံးစွဲတတ်ဖို့သာ လိုအပ်တာပါ။ တိတ်ဆိတ်စွာ နာကျင်ခြင်းမရှိရဘဲ ပျော်ရွှင်စွာနဲ့ပဲ အခန်းအောင်း စာကျက်ခဲ့သည်။

“ကိုကျော်. . ဒီနှစ် တန်ဆောင်တိုင်မှာ ကျွန်တော် တီးလို့ ရမလား”

စာမေးပွဲ ဖြေပြီးပြီးချင်း ကိုကျော့်အိမ်ကို တန်းသွားတာမို့လို့ ဆာလောင်လွန်းသဖြင့် ဟန်မဆောင်နိုင်ဘဲ ထမင်းဝင်စားလိုက်တော့သည်။ကိုကျော်က အကျပ်အတည်းတစ်ခုကို ရင်ဆိုင်လိုက်ရသလို မျိုး ထမင်းစားနေရင်းမှ ရပ်လိုက်သည်။ ယခုလက်ရှိ ‘တောင်ပံခတ်သံ’ တီးဝိုင်းမှာ တီးမယ့်လူပြည့်နေပြီ။ နိုင်ရဲအတွက် လောလောဆယ် ပေးတီးစရာ ဂစ်တာလည်းမရှိ။ နိုင်ရဲကိုလည်း ပွဲထုတ်ချင်သည်။ တီးဝိုင်းစထောင်ကတည်းက လက်တွဲလာသော ဖရက်ဒီကို ပွဲဝက်ပဲ တီးခိုင်းပြီး ကျန်တဲ့ပွဲဝက်ကိုပဲ နိုင်ရဲ ပေးရမှာလား။ ဖရက်ဒီကလည်း

www.burmeseclassic.com



ဒီကောင်လေးလက်ကို ကြိုက်တယ်။ ဒီကောင်လေးကို ပွဲထုတ်ချင်ကြောင်း တစ်ခါပြောဖူးတယ်။ အခုလည်း သွေးတိုးစမ်းပြီး မေးကြည့်မှ သင့်တော်မယ်။ နိုင်ရဲရဲ့ လက်အခြေအနေကိုလည်း သေချာတော့ စိတ်မချရသေးဟု ထင်သည်။

"အေးပေါ့ကွာ၊ မင်းကို Lead ဂစ်တာ ပေးတီးမယ်။ ဒါပေမဲ့ ဖရက်ဒီနဲ့ညှိပြီး မင်းလက်အခြေအနေကို test လုပ်ကြည့်ချင်သေးတယ်"

ပျော်ရွှင်လွန်းသဖြင့် ထမင်းတောင် ဆက်မစားနိုင်တော့။

"အိုဗျာ. . . တစ်ပုဒ်ပဲ တီးရ တီးရ ကျွန်တော တီးကြည့်ချင်တယ်။ ဒီနေ့ကစပြီး နှစ်ဆ ကြိုးစားရမယ်"

ထိုစကားကြောင့် ကိုကျော်လည်း ကျေနပ်သွားပုံရသည်။ ဖရက်ဒီကိုလည်း ပွဲပြီးခါနီး ပေးတီးလိုက်စမ်းကွာလို့ ပြောရတာက ပိုအဆင်ပြေမည်။ နိုင်ရဲကြောင့် ကိုကျော်နဲ့ ဖရက်ဒီတို့ကြား စိတ်အနှောင့်အယှက်မဖြစ်ချင်။

"ဒီနေ့တော့ မင်း အိမ်ပြန်လိုက်ဦး။ မင်းအမေလည်း မျှော်နေရောပေါ့။ မင်း သိထားရမှာက Live တီးတယ်ဆိုတာ ပြိုင်ပွဲဝင်နေတာနဲ့ အတူပဲ။ တီးနေရင်း အဆိုတော်ကြောင့်ပဲ ဖြစ်ဖြစ်၊ တခြား အနှောင့်အယှက်တစ်ခုကြောင့်ပဲဖြစ်ဖြစ် လိုအပ်လာရင် လိုအပ်သလို လိုက်ဖြည့်တီးနိုင်မှ တကယ် Lead သူရဲကောင်းဖြစ်မှာ၊ Skill တွေ ကျွမ်းကျင်ဖို့ မင်းကျင့်ရဦးမယ်။ ပြီးရင် Side Reading & Note ဖတ်တတ်နိုင်ရမယ်။ Technique ပိုင်းမှာလည်း Tapping နဲ့ Harmony နဲ့ Slide တွေကို သူ့နေရာနဲ့သူ သုံးတတ်ရမယ်။

ကိုကျော်က ရန်ကုန်ဂီတလောကကို မိသားစုရေးအရ စွန့်ခွာလာသူဖြစ်သည်။ Live Show တွေမှာ၊ Section Player

www.burmeseclassic.com



အနေနဲ့ နယ်ပွဲအတော်များများ၌ အတွေ့အကြုံရှိခဲ့သူ။ Recording ပိုင်းမှာပင် Arrangement ကို အကြံဉာဏ်ပေးခဲ့သူဖြစ်သည်။ ရန်ကုန်မှာသာနေနိုင်ရင် ကိုကျော်ဟာ လျှမ်းလျှမ်းတောက် ကျော်ကြားနိုင်တဲ့ Lead ဂစ်တာသမားတစ်ယောက် ဖြစ်နိုင်သလို Arrangement ကောင်းကောင်းလုပ်နိုင်မယ့်သူလည်း ဖြစ်နိုင်မည်။

ကိုကျော့်တပည့်အဖြစ် လက်ခံဖို့ ကျွန်တော့်မှာ တစ်နှစ်နီးပါး စာမေးပွဲစစ်ခြင်း ခံခဲ့ရသည်။ တစ်ရက်မှာ Skill တစ်ခု သင်လျှင် နောက်ရက်ကျ ပြန်တီးပြရသည်။ အနည်းဆုံး သုံးရက်မငြီးမငွေ့ တစ်နေ့တည်း သုံးနာရီ တစ်ထိုင်တည်း တီးပေရော့ပဲ။ ဒါ့ကြောင့် တပည့်တော်တော်များများ ထွက်ပြေးကြသည်။ ‘ဒါအပျော်မဟုတ်ဘူးကွ၊ ဒါဟာ ပညာပိုင်းတွေပဲ’လို့ ဟစ်ကြွေးတဲ့ ကိုကျော့်မှာ တပည့်ဆိုလို့ ကျွန်တော်တစ်ယောက်တည်း ရှားရှားပါးပါး ရှိခဲ့သည်။

“ငါ့ဆီလာတဲ့ကောင်တွေက သီချင်းဆိုချင်လို့ လာပြီးတပည့်ခံတာကွ။ ပြီးတော့လည်း ငါမောင်းတာမခံနိုင်ဘူး။ ပညာရှင်ဆိုတာ ဘာတစ်ခုမှ အောက်ခြေကစလို့ ပိုင်ပိုင်နိုင်နိုင်မရှိရင် ဘယ်လိုလုပ် ဖန်တီးလို့ရမလဲကွ။ ကျတဲ့နေရာမှာ ကျသလို သုံးသွားနိုင်တဲ့ဉာဏ် ရှိဖို့ကလည်း လိုသေးတယ်။ အလှပြချင်လို့ မရဘူးလေ။ စင်ပေါ်တက်ပြီး ဂစ်တာတီးတာဟာ အလှပြဖို့သက်သက်မှ မဟုတ်တာ။ အနုပညာကို ဖန်တီးနေတာ၊ ဒီလိုပဲ ခံယူရမယ်”

“အခု မင်း ဂစ်တာယူသွား၊ Skill တွေကို ပြန်တီးနေ၊ တစ်ပတ်ကြာမှ ငါ့ဆီလာခဲ့။ မင်းရဲ့ Skill ကို ငါနားထောင်မယ်။ ဒီမှာတက်တီးဖို့ မင်းလက်တွေကို တစ်ခုချင်းစစ်ဆေးတာ။ တစ်လကြာနိုင်တယ်”

ကျွန်တော့်လက်ထဲကို ‘စင်ရော် (၁)’ ဟု အမည်ပေးထားသော ဂစ်တာတစ်လုံးကို ထည့်ပေးလိုက်သေးသည်။ ကျွန်တော်၏

www.burmeseclassic.com



ခန္ဓာကိုယ်သည် လေထဲမှာ ဝေ့ဝဲလွင့်မျောနေသလို ပျော်ရွှင်နေမိသည်။

အိမ်ဝမှာ ရပ်နေသော မေမေသည် ကျွန်တော့်အပေါ် နားလည်မှု အရှိဆုံး အပြုံးဖြင့် ဆီးကြိုသည်။ တကယ်ဆို ကျွန်တော် စာမေးပွဲဖြေနိုင်လား၊ မဖြေနိုင်ဘူးလား ဆိုတာ စာမေးပွဲပြီးပြီးချင်းသိချင်ရှာမှာပေါ့။ ထိုအတွက် ဘာမှမပြောခဲ့ဘဲ ကျွန်တော် ပြန်လာနိုင်မည့် အချိန်ကို ကြိုသိနေသလိုပုံစံ ပြင်ဆင်ပြီး ကြိုဆိုလိုက်ခြင်းပဲ။

"ကဲ. . . သား. . . မင်းတီးချင်တဲ့ဂီတာ တီးပေတော့၊ အိမ်အမိုးတွေ ပွင့်သွားပါစေ၊ အိမ်နံရံတွေ ကွဲထွက်ပါစေ၊ ဟုတ်ပြီလား"

ကျွန်တော့်မေမေက အဲသလို မေမေ။ ကျွန်တော့်အောက်အငယ်ကောင် "လှိုင်းဦး"က ဘောလုံး ဝါသနာပါသည်။ ဒီကောင့်ကိုဘောလုံးကောင်းကောင်းတစ်လုံး ဒီနှစ်မှဝယ်ပေးလိုက်သည်။ အငယ်ဆုံးကောင် "သဲနှစ်"က စာကြမ်းပိုးလေ။ သူတက်ချင်တဲ့ အင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်းကို ပင်စင်စား အင်္ဂလိပ်ဆရာမကြီးထံအပ်နှံပေးထားသည်။ ကျွန်တော်တို့လည်း ဒီကောင့်ရဲ့ ပယောဂကြောင့်အင်္ဂလိပ်စကားပြောသင်တန်းကို တက်ရလိမ့်မည်။ ခေတ်ပညာဆယ်တန်းအထိသာ တတ်ကျွမ်းသော မေမေက ကျွန်တော်တို့၏အသံထွက်မှားတွေကို မနှစ်သက်။

အင်္ဂလိပ်စာမှာ Phonetic က အရေးကြီးဆုံးပဲ။ အင်္ဂလိပ်စာဘယ်လောက်တော်တော် သဒ္ဒါ ဘယ်လောက်ပိုင်ပိုင်၊ ဘယ်လောက်ပဲခပ်သွက်သွက်ပြောနိုင်နိုင် Accent မကောင်းရင် ရယ်စရာကြီးဖြစ်ဖြစ်သွားတတ်တယ်။ တို့မြန်မာလူမျိုးတွေက အင်္ဂလိပ်စကားကိုကိုယ်တိုင်မပြောရဲ၊ ပြောရဲတဲ့ လူကိုလည်း အဲဒီအသံထွက်ကြီးကမှားတယ်၊ လေယူလေသိမ်းကြီး မှားတယ်နဲ့လည်း ဝေဖန်တယ်။ ဝိုင်းဟားတယ်။ အဲဒါ တကယ်မတတ်တဲ့သူတွေလုပ်တာ။ တကယ်

www.burmeseclassic.com



တတ်တဲ့သူက မှားရင်ပြင်ပေးမယ်။ မဟားဘူး။ ဒါကြောင့် မင်းတို့ကို 'အသံထွက်'သီးသန့်သင်ပေးဖို့ ပြောထားတယ်။ အဲဒါ မင်းတို့ သုံးယောက်စလုံး သွားတက်ပါ။ မင်းတို့ လုပ်ချင်တာကိုလည်း လုပ်ခွင့်ပေးထားတယ်။ မေမေဖြစ်စေချင်တာလည်း မင်းတို့ပြန်လုပ်ပေးရမယ်။

မေမေက ကျွန်တော်တို့နှင့် ဆက်ဆံတိုင်း အပေးအယူသဘောတွေ ဖုံးအုပ်ထားပြီးဖြစ်သည်။ တစ်ခုခုလိုချင်ရင် မရ မရှိစေရ။ ဒါပေမဲ့ တစ်ခုခုပေးဆပ်ရမယ်။ ကျွန်တော်ကလည်း စင်ပေါ်တက်တီးရတော့မယ့် လူကြီးလေးတစ်ယောက်အဖြစ် စိတ်ထဲမှာ ကြည်နူးလို့မဆုံး။ တက်သွားရမည့် ခြေတစ်လှမ်းကို မေမေ့ကို ဖွင့်မပြောဘဲနဲ့ ကျွန်တော် ဘယ်လိုမှ ဖြတ်ကျော်လို့မဖြစ်နိုင်။ တခြားလူတွေနဲ့ ဆက်ဆံရင် ငါ ဘာကောင်လဲဆိုတာ 'နေရာယူ' ပြီးမှ ဆုံးဖြတ်သိစေပေမဲ့ မေမေ့ကိုတော့ ကျွန်တော် အမှန်အတိုင်း တစ်ခါတစ်ရံ သာသာထိုးထိုး ကြွားဝါတတ်သည်။ ကျွန်တော်က ဖေဖေ့ထက် မေမေ့ကို ပိုရင်းနှီးတာ တခြားကြောင့်မဟုတ်။ ကျွန်တော်လိုချင်တာကို ရယူရတိုင်း ပေးဆပ်မှုတစ်ခုခုကို တောင်းယူတတ်လို့ပါ။

"ကျွန်တော် ဒီအပတ်မှာ Skill အကုန်လုံး ပြန်ကျင့်ရမယ်။ ပြီးရင် ကိုကျော့်ဆီမှာ သွားအစစ်ဆေးခံရမယ်။ မေ့မေ့အိမ်ရဲ့ ခေါင်မိုးတွေ၊ နံရံတွေ ကွဲထွက်တာ ဘာအရေးလဲဗျ။ ကျွန်တော့် နှလုံးအိမ် ကွဲထွက်သွားမှာတောင် မကြောက်သေးဘူး"

မေမေ့အပြုံးက ကျေနပ်အပြုံး။ ကျွန်တော် သုံးနှုန်းလိုက်တဲ့ အတိသယဝုတ္တိ အလင်္ကာလေးကို မေမေ လျှောင်ပြောင်ချင်စိတ်ရှိပုံရနေသည်။ သို့သော် မလျှောင်ပြောင်။

"မင်း ကိုကျော့်အိမ်မှာ နံနက်စာ စားပြီးပြီ မဟုတ်လား။ အခု ညနေစာ စားလိုက်တော့၊ အိမ်မှာ မင်းအကြီးဆုံးနော်၊ ဖေဖေနဲ့

www.burmeseclassic.com



မေမေ မရှိရင် မင်းတာဝန်ပဲ။ မေမေက ဒီနေ့ Night ဂျူတီ၊ မင့်အဖေက ခရီးသွားတယ်။ အိမ်တံခါးတွေ စစ်ဆေးပြီးမှအိပ်၊ အငယ်နှစ်ကောင်ကိုလည်း နားလည်အောင်ပြောပြထားပြီး မင်းဂစ်တာတီးနေတော့၊ အကုန်လုံး အိမ်ထဲမှာပဲနေပါ”

မေမေက အနီဝတ် နာ့စ်မတစ်ယောက်ပဲ ဖြစ်သေးသည်။ Special Nusce ဝင်ငွေဖြင့် ကျွန်တော်တို့ကို လုံခြုံစေသည်။ တကယ်တော့ မေမေ့ငွေကြေးဟာ တကယ့်ကို ဖြူစင်လွန်းပါသည်။ နယ်မြို့မှာလုပ်တဲ့အတွက် ထိုက်သင့်သလောက်လေးသာ ရသည်။ မေမေ့ပိုက်ဆံကို အပိုမသုံးဖြစ်အောင် ကြိုးစားဖူးသည်။ တကယ်တော့ ဆယ်ခါသုံးမှ တစ်ခါသတိရပြီး သုံးဖြစ်တာကများနေသည်။ ငယ်ငယ်ကတည်းက ပိန်တဲ့အပြင် အိပ်ရေးပျက်ခံကာ သူနာပြုလုပ်ရသော ငွေရှာဖွေမှု ထပ်ဆင့်ထားသဖြင့် မေမေက ဘယ်တော့မှဝမလာ။ အမြဲတမ်း ခပ်ပါးပါးခန္ဓာကိုယ်၊ ပါးရိုးအနည်းငယ် ပေါ်လာစပြုသော မျက်နှာသွင်ပြင်၊ အကြောလေးတွေ ထင်ထင်ပေါ်ပေါ် ရှိလွန်းတဲ့ လက်ခုံလေးတွေ စသည်က ကျွန်တော်တို့ရဲ့ အနာဂတ်ကို လှပစွာ တည်ဆောက်နေတော့သည်။ ကျွန်တော့် ဂီတတွေဟာလည်း မေမေ့ရဲ့ နှလုံးသားက ယိုစိမ့်လာလို့သာ ဖြစ်ပေါ်လာတယ်ထင်ပါရဲ့။ စာမေးပွဲရာသီ စာကျက်ချိန်မှလွဲလျှင် မေမေက ကျွန်တော့်ဂစ်တာသံကို မျှော်လင့်မြဲ၊ နားထောင်မြဲ၊ အားပေးမြဲ။

G Skill ကို စတီးဖြစ်သည်။ ဂျီမေဂျာ၊ ဂျီမိုင်နာ၊ ဂျီ 7၊ ဂျီမေဂျာ 7၊ တစ်ခုနဲ့တစ်ခုကြား အဖော့အဖိတူအောင် အသံကို အာရုံစိုက်။ C, Cm, C 7, Cmaj 7, Cdim, Csus 4; (A မေဂျာ၊ A မိုင်နာ) စတဲ့ မေဂျာတစ်ခုချင်းစီ မြန်သတဲ့မြန်အောင် လက်ချောင်းတွေကို စေခိုင်း၊ အာရုံတွေလဲ ထိုးနှစ်သတ်။ ဒါက အောက်သံကြီး

www.burmeseclassic.com



လား။ လက်သူကြွယ်ရဲ့ ဖိအားက ပျော့နေတာပဲ၊ အို လက်သန်း မှာလည်း အားသွင်းထားမှ။

ကဲ ဒါဖြင့် Skill တစ်ခုတည်းကိုပဲ တစ်နာရီတီးနိုင်မလား၊ ဘယ်နှကျော့ရလဲ။

ခန်းဆီးမရှိ သံတိုင် သံဆန်ခါမရှိတဲ့ သစ်သားပြတင်းပေါက် လေးတစ်ချပ်၊ တစ်ယောက်အိပ် ခုတင်လေးတစ်လုံးမှာ မွေ့ရာက ပါးပါးလေး။ ချည်စောင်ပါးတစ်ထည်ကို အိပ်ရာခင်းအဖြစ် ဖုံးအုပ် ထားသည်။ ခေါင်းအုံးစွပ်အပြာနုလေးမှ မည်းကွက်ကွက်ဖြစ်အောင် ဆံပင်သားက ကပ်ညိနေတာလား။ တစ်ယောက်အိပ် စစ်ခြင်ထောင် လေးကိုတော့ ခပ်မြင့်မြင့် ချည်နှောင်ထားသည်။ ခုတင်ဘေးမှာ အံဆွဲမပါသော သစ်သားစားပွဲတစ်လုံး၊ သစ်သားကုလားထိုင်တစ်လုံး၊ စားပွဲတင် နာရီလေးထဲမှ ငှက်စိမ်းလေးက တစ်ချက်ချက်အော်မြည် ပျံသန်းဆဲ။ တစ်ဘာသာဖြေပြီးကတည်းက ထိုတစ်ဘာသာနှင့် သက်ဆိုင်သော စာအုပ်တွေကို ခုတင်အောက်သို့ ထိုးသွင်းမြဲဖြစ်သဖြင့် စားပွဲပေါ်မှာ ကျောင်းစာအုပ်များပင် မရှိတော့။ ဂစ်တာနုတ်စ် လက်ရေးစာအုပ်။ ကော့ဒ်တွေရဲ့ အသွားအလာပုံတွေက မလှပ။ ဒါပေမဲ့ အိပ်ခန်းတံခါးကို ဖွင့်ထားလျှင် တစ်ခန်းလုံး လင်းလက် စေသည့်အတွက် စိတ်ပျော်ရွှင်စရာ။ ကုလားထိုင်ပေါ်မှာ ငြိမ်သက်စွာ ထိုင်ရင်း ညောင်းညာကိုက်ခဲလွန်းနေသော လက်ချောင်းလေးများကို ကွေးကာ ဆန့်ကာဖြင့် အနားဖြေစဉ်အတွင်း ပါးစပ်ဖျားမှာတော့ သံစဉ် အနိမ့်အမြင့်ကို ရွတ်ဆိုနေသည်။ ဒီအချိန်မှာ သူ့ရင်ထဲမှာ စင်ပေါ်တက်ဖို့ လေ့ကျင့်နေခြင်းထက် တီးကွက်တစ်ခု၏ အလှည့် အပြောင်းကို သေချာ စိစစ်နေခြင်းဖြစ်နေသည်။ သူတို့လို အတီး သမားတွေအတွက် Silde Reading ဖတ်တတ်ဖို့က အရေးကြီးဆုံး မဟုတ်လား။ သူ့လက်တွေကို ကြာရှည်စွာရပ်နားနေဖို့ ခွင့်မပြုနိုင်။

www.burmeseclassic.com



ထပ်ခါတလဲလဲ ပြန်ကျော့ရင်း သူ့ရဲ့ ကြိမ်နှုန်းကိုလည်း သေချာစွာ စစ်ဆေးရသည်။ မြန်သထက်မြန်အောင်ထက် အသံမှန်တွေ တိတိကျကျ ထွက်ရဲ့လားလို့ အာရုံခံမှုက သူ့ခေါင်းတွေကို ငိုက်နေစေပြီး သူ့မျက်ဝန်းတွေက မှေးမှိတ်ထားသည်။

ခပ်ညိုညို သူ့မျက်နှာမှာ အဆီတွေက တဝင်းဝင်း၊ အနည်းငယ် ထူကြမ်းသော သူ့ဆံပင်တွေကိုလည်း ဖြီးသင်ထားမှုလည်းမရှိ။ သူ့အမေ လာချပေးသော ထမင်းကြော်ပန်းကန်ကြောင့် မိုးလင်းပြီလားလို့ သူ့ဘာသာပြန်မေးရင်း အချိန်တွေကို အကုန်မြန်လှချည်လားလို့ ရေရွတ်တတ်နေပြန်သည်။ သူ့အတွက် တစ်နေ့မှာ ၄၈ နာရီရှိနေဖို့ ကောင်းနေပြီ။ ခပ်သွက်သွက် တီးကွက်ပြောင်းဖို့ ကြိုးစားလိုက်တိုင်း အသံမှန်ကို လွတ်သွားလျှင် သူ့ကိုယ်သူ စိတ်တိုစိတ်ဆိုးနေမြဲ။ အဲသလိုများ ဖြစ်သွားစမ်း အဲဒီသင်ခန်းစာကို သူ အသံမှန်နဲ့ အကြိမ် ၂၀ လောက် ပြန်တီးရမှ ကျေနပ်နေသည်။ သူတို့လို လိဒ်ဂစ်တာသမားတွေ စင်ပေါ်မှာ Live တီးမယ့်သူတွေအတွက် Side Reading အပြင် effect တွေကို သူ့နေရာနဲ့သူ သုံးတတ်ဖို့ကိုလည်း သူ သေချာစွာလေ့ကျင့်ရဦးမယ်။ သူ့စားပွဲရဲ့ ရှေ့တည့်တည့်အခန်းနံရံမှာ သူကပ်ထားတဲ့ Planning စာရွက်လေးကို သူကြည့်ရင်း သူ့ကိုယ်သူ အားမရ။

သူ၏ ဇယားကွက်လေးကို Level သုံးမျိုးခွဲထားသည်။ သူ၏ Skill ခေါင်းစဉ်မှာ Level 1 သာ တပ်နိုင်သေးသည်။ သူက Level 1 ကို သာမန်အဆင့်ဟု သတ်မှတ်ထားသည်။ Level 2 ကို Notes အလွတ်တီးနိုင်သော အဆင့်ဟုသတ်မှတ်ပြီး Level 3 ကို သူ၏ အလွတ် ခပ်မြန်မြန် တိတိကျကျ တီးနိုင်သောအဆင့်ဟု သတ်မှတ်ထားသည်။ ဒီ Level 3 ကို သူ၏ ထပ်ဖြည့်ထားသော တီးကွက်တွေပါရှိဖို့ဟု သူ သတ်မှတ်ထားသည်။ ဘယ်လိုတီထွင်မှု

www.burmeseclassic.com



တွေ ပြုနိုင်မယ်ဆိုတာ သူမသိနိုင်ပေမဲ့ ထိုအဆင့်ကို သူ သတ်မှတ်ထားသည်။ သူ တကယ်ကျွမ်းကျင်လာရင် ဒါတွေကို တကယ်ဖန်တီးနိုင်မှာပဲလို့ သူ ယူဆလာတယ်။ သူ၏ ဂစ်တာတီးသက် သုံးနှစ်မှာ Lead ဂစ်တာတီးသက် တစ်နှစ်ခွဲ ကျော်နေပြီဖြစ်သည်။

ပူလောင်အိုက်စပ်လွန်းတဲ့ ရာသီဥတုမှာ သူများနည်းတူ လမ်းဘေးမှာ ပေါးလားဝါးလား ဂစ်တာတီးနေဖို့ထက် သူ့ရဲ့ ကျွမ်းကျင်မှုကိုသာ တိုင်းတာရင်း တစ်ပတ်မှာ တစ်ရက်ခန့် ကိုကျော့ ထံမှာလည်း အစစ်ဆေးခံရသေးသည်။ ကိုကျော်ပေးဖတ်သည့် ဓမ္မိက ဘသန်း၏ ယောနသံစင်ရော် စာအုပ်လေးကို ဖတ်ပြီးပြီးချင်း သူ့ ရင်ထဲက ခွန်အားတွေက အရှိန်အဟုန်မဲ့ တိုးပွားကြီးမားလာကြောင်း သူရိပ်မိသည်။ "သူ ဘယ်တော့မှ နောက်ပြန်မဆုတ်ဘူး" "သူဟာ မြန်မာပြည်ရဲ့ အကောင်းဆုံး လိဒ်ဂစ်တာသမားတစ်ယောက် ဖြစ်ရမယ်လို့ မိုက်မိုက်ရိုင်းရိုင်း မျှော်လင့်ချက်" "သူ့လက်တွေဟာ ယောနသံရဲ့ တောင်ပံတွေပါဟု ရူးရူးနှမ်းနှမ်း ငံ့ငံ့နမ်းလျက်" "သူ့နှလုံးသားနဲ့ ခံယူချက်တွေဟာ ယောနသံသေလို့ ဝင်စားသွားတာလား" "ယောနသံဝင်စားလို့သာ ဖွဲရဲ့ တန်ဖိုးကို သိခဲ့တာလား" "ယောနသံရဲ့ အောင်မြင်ခြင်းမျိုး သူရဖို့ . . . တကယ်ပိုင်ပိုင်နိုင်နိုင်ရဖို့ . . ." ယောနသံရဲ့ ခွန်အားတွေ သူ့ရင်ထဲရောက်လာတဲ့အခါ သူ မေ့လျော့ အိပ်မောကျသွားတော့သည်။ သူ တကယ်နှစ်နှစ်ခြိုက်ခြိုက် မအိပ်စက်ခဲ့ရတာ စာမေးပွဲပြီးကတည်းက ဆိုပါတော့။

"ကိုကျော် . . တကယ်ပါဗျာ . . . ယောနသံစင်ရော်စာအုပ် ပေးဖတ်လို့ အရမ်းကျေးဇူးတင်တယ်ဗျာ၊ ဒီစင်ရော်တွေရဲ့ ဆရာမပါဘဲ မျှော်လင့်ချက်မရှိဘဲ သူများနည်းတူ သမားရိုးကျလမ်းမှာ မလျှောက်ချင်ဘူး ဆိုတဲ့ အတွေးလေးက သူ့ဘဝကို တစ်ဆစ်ချိုး

www.burmeseclassic.com



ပြောင်းလဲလိုက်စေတာ ဖြစ်မှာနော်။ ကျွန်တော့်မှာ ကျွန်တော့်မှာ. . အရာရာအားလုံးပြည့်စုံတယ် ဖွဲ့ပဲလိုတာ'

မိုးတွေ တဝုန်းဝုန်း တဒိုင်းဒိုင်း ရွာချနေတဲ့ရက်တွေမှာ ကျွန်တော်ဟာ အတော်အသင့် ကျွမ်းကျင်သော Lead ဂစ်တာသမားတစ်ယောက် ဖြစ်လာသည်။ ကိုကျော့်အိမ်မှာချည်းပဲ Slide Reading ကို တစ်ချိန်လုံးဖတ်ပြီး တီးခတ်နေမိသလို ကိုကျော် ဖွင့်ပြပေးသည့် အင်္ဂလိပ်သီချင်းများကို နားထောင်၍ Notes ရေးပေးခြင်းမျိုး အပြန်အလှန် လေ့ကျင့်မှုကို ခံယူခဲ့ရသည်။ သီချင်းစီစဉ်သူရဲ့ (Arragment) ကို ဘယ်လို Arrange လုပ်သွားရင် ဘယ်လို Effect မျိုး တီးသင့်လို့ တီးထားတယ်၊ ကဲ ဒီလို သီချင်းဆိုရင် နားထောင်ခိုင်းပြီး အဲဒီမူရင်း Arrange ကြီး မလှပါဘူးကွာ ဟု ပြောလျှင်တော့ အခြား Effect တစ်ခုခုကို ရှာဖွေပေးဖို့ ကြိုးစားပေတော့ပဲ။ တစ်ခါတစ်ရံ Own Tune သီချင်းတစ်ပုဒ်ကို ကိုကျော်နှင့် နှစ်ယောက် ရောစပ်ပြီး Arrangement ကို ရှာဖွေရတာနှင့် တစ်နေကုန်ချင် ကုန်သွားရော။

"ဂီတတစ်ခုမှာ Arrangment က အရေးကြီးဆုံးပဲ။ Arrange ကောင်းရင်ကောင်းသလို မကောင်းရင် မကောင်းသလို ရှိနေ ကွာခြားနေမှာပဲ။ သီချင်းပေါက်တယ်ဆိုတာ အဆိုတော်ရဲ့ အသံတစ်ခုတည်း ကောင်းလို့မဟုတ်ဘူး။ သံစဉ်တွေကို လှလှပပ ခမ်းခမ်းနားနား အနုပညာအမြင်နဲ့ Arrange လုပ်နိုင်မယ်။ ခေတ်နဲ့ လျော်ညီတဲ့ တေးစာသားကို ရေးနိုင်မယ်ဆိုရင် အကြမ်းအားဖြင့်တော့ သီချင်းက ပေါက်နိုင်တယ်။ အဆိုတော်ရဲ့ ဆိုဟန်ပါးနပ်မှု အခြေခံအသံခိုင်မာမှုနဲ့ Mood ဆိုတဲ့ သီချင်းစာသားနဲ့ ထပ်တူခံစားသရုပ်ဖော်ဆိုနိုင်မှု ခံစားချက်ပါ ပါသွားရင်တော့ မင်းသီချင်း ပေါက်ပြီပဲ"

www.burmeseclassic.com



ကိုကျော်က နောက်ထပ် စာအုပ်ဖတ်ဖို့ပေးတယ်။ အဲဒီစာအုပ်ကို လက်မှာကိုင်ရင်း စာအုပ်အတွင်း မာတိကာကို လှန်ကြည့်မိသည်။ စာအုပ်၏ အသက်က ၁၅ နှစ်ခန့်ရှိနေပြီ။ အဖုံးများစုတ်ပြဲနေ၍ အဖုံးကလည်း ပြန်ချုပ်ပြီးသား ဖြစ်နေသည်။ ဝါကျင့်ကျင့် ဆွေးလုလု စာရွက်သားလေးမှာ ကလေးတစ်ယောက်၏ လက်ရေးစာလုံး "ဝလုံးလေး"များကို တွေ့ရသည်။ ထင်းရှူးပင်ရိပ်တဲ့။ မောင်သာနိုး၏ နိုင်ငံတကာ ကဗျာခံစားမှု။ ကျွန်တော် ထခုန်မိတော့မတတ် ပျော်ရွှင်သွားမိသည်။

အဲဒီလိုစာအုပ်မျိုးကို မင်းဖတ်ရမယ်၊ သူတို့ရဲ့ အရေးအဖွဲ့တွေ၊ နိမိတ်ပုံတွေကို နားလည်အောင် လေ့လာပြီး ဖတ်ရမယ်။ သီချင်းစာသားတွေရဲ့ အခြေခံဟာ ကဗျာပဲ။ ကျော်ကြားတဲ့ ကဗျာတွေဟာ ကျစ်လျစ်သိပ်သည်းပြီး နိမိတ်ပုံတွေနဲ့ ခံစားမှုတွေ အတွေးတွေကို ဖွင့်ဟဝန်ခံထားတာကွ၊ မင်း တွေ့ပါလိမ့်မယ်၊ ရှယ်လီရဲ့ ကဗျာတွေ၊ ဘိုဒလယ်ရဲ့ ကဗျာတွေ၊ ဒီမှာကြည့်စမ်း အမေ့ရဲ့ ဒုက္ခအိုးလေးတဲ့။ ယက်ဖ်တူရှင်ကိုရဲ့ မွေးနေ့ကဗျာထဲမှာ ထည့်သုံးသွားတာ ဘယ်လောက်လှတဲ့ စကားလုံးလဲ၊ ငါ ဆာလောင်ငတ်မွတ်တိုင်း ဒီစာအုပ်ကို ကောက်လှန်ခဲ့ရတာ။ မင်းဖတ်ဖို့ ငါ ငှားလိုက်မယ်နော်။

ထင်းရှူးပင်ရိပ် စာအုပ်လေးကို သေတ္တာကြီးထဲမှ ထုတ်ပေးလိုက်ခြင်းဖြစ်သည်။ ကိုကျော့်ထံမှာ စာအုပ်ကောင်းတွေ ရှိလှချည်လား။ သူ့စာအုပ်လေးတွေကို ကျွန်တော့်ကို ငှားရမ်းခြင်းအတွက် ကျွန်တော်က ကျေးဇူးတင်ရသလို ကိုကျော့်ကိုလည်း 'ဆရာ' တစ်ယောက်အဖြစ် သတ်မှတ်ဖို့ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ လေးစားလိုက်ရသည်။

"ကဲ. . မင်းပြန်တော့၊ နောက်တစ်ပတ်မှာ စိုင်းထီးဆိုင်ရဲ့ ပလက်ဖောင်းမင်းသား အခွေထဲက သီချင်းတွေကို ရေးယူလာခဲ့"

www.burmeseclassic.com



ကိုကျော့်အိမ်မှ အပြန်လမ်းမှာ ကျွန်တော်တစ်ယောက်တည်း ပျော်မြူးစွာ ပြန်လာခဲ့သည်။ ဖုန်အနည်းငယ် ကပ်နေသေးသော စာအုပ်လေးကို ရှပ်အင်္ကျီလက်ဖျံ့စဖြင့် ပွတ်သပ်သုတ်လိုက်၊ ဝမ်းဗိုက်ရှိ ပုဆိုးခါးပုံစဖြင့် သုတ်လိုက်လုပ်ရင်း စာအုပ်ကို လှန်ကြည့်လိုက်သောအခါ "ရှယ်လီ"၏ မိုးစွေငှက်သို့ ကဗျာခေါင်းစဉ်ကို တွေ့ရသည်။

## မိုးစွေငှက်သို့

ခရီးဦးကြိုပါရဲ့၊ မင်္ဂလာဝိညာဉ်ငဲ့။
ကောင်းကင်ဘုံကနေ ဝါ ကောင်းကင်ဘုံနားကနေ
မင်းရဲ့ ပြည့်ဝတဲ့ နှလုံးသားကို
မတွေးတောစဖူး အနုပညာရဲ့ ထွေပြားတဲ့ ဂီတသံတွေနဲ့
သွန်းချလိုက်တဲ့ မင်းဟာဖြင့် ငှက်မဟုတ်ပါဘူးကွယ်။

မြင့်စွာ၊ ပိုလို့ပဲမြင့်မားစွာ
မီးလျှံတိမ်လိပ်တစ်ခုလို
ကမ္ဘာမြေကနေ မင်း ခုန်တက်သွားလေတယ်။
ပြာလဲ့လဲ့ ဇမ္ဗူပြင်မှာ တောင်ပံခတ်သွားတော့တယ်။
တေးသီရင်းပျံတက်၊ ပျံတက်ရင်း တေးသီနေတော့တယ်။
. . . . . . . . . . .
. . . . . . . . . . .

www.burmeseclassic.com

# အခန်း(၃)

ကျွန်တော့်တံတောင်ဆစ်ကို သံထည်ပစ္စည်းတစ်ခုက ခပ်ပြင်းပြင်း တိုက်ချလိုက်သဖြင့် ငှဲဖတ်လက်စ ထင်းရှူးပင်ရိပ်စာအုပ်လေး လွင့်စဉ်သွားသလို စက်ဘီးဘရိတ်ကို တင်းကျပ်စွာ ချုပ်ညှပ်ထားသော ကြောက်လန့်နေတဲ့ မျက်လုံးတစ်စုံကို တွေ့လိုက်ရတော့သည်။ တံတောင်ဆစ်မှ ကျင်ကြောကြီးကို ထိရိုက်မိသည်ထင်ပါရဲ့။ ခန္ဓာကိုယ်တစ်ခုလုံး ကျင်ခနဲဖြစ်သွားကာ ဒူးများပင် ခွေယိုင်လဲသွားမတတ် ရှိနေတော့သည်။ ခြေသလုံးကြွက်သား၊ လက်မောင်းကြွက်သားများကို ရုတ်တရက် ခပ်ကျပ်ကျပ် ဆုပ်ညှစ်လိုက်သလိုမျိုး ဦးခေါင်းပင် အနည်းငယ် မူးဝေသွားတော့သည်။

“Sorry နော်၊ ဖြူ တောင်းပန်ပါတယ်။ ဖြူ ဒီနေ့မှ စက်ဘီးကို တစ်ယောက်တည်း စစီးမိလို့ပါ”

သူမ၏ ကြောက်ရွံ့မှုဖြင့် တောင်းပန်နေမှုက မည်းနက်သော မျက်ဝန်းဝိုင်းဝိုင်းကြီးထဲမှာ အထင်းသား။ ရှည်လျား ဖြောင့်စင်းသော ဆံပင်သား ပျော့ပျော့များက ခေါင်းကလေးအငဲ့မှာ သူမ၏ ပန်းနု

www.burmeseclassic.com



ရောင် ပါးပြင်လေးကို ကွယ်ဝှက်ထားချင်ပုံလား။ ဘရိတ်ကို ဆုပ်ညှစ်ထားဆဲ။ သူမ၏ လက်ခုံလေးမှာလည်း နီရဲရဲလေး။

သူမက စက်ဘီးလေးကို ဒေါက်ထောက်ပြီး လွင့်စဉ်လွတ်ကျသွားသော ထင်းရှူးပင်ရိပ် စာအုပ်လေးကို သွားအကောက် ကျွန်တော်ကလည်း အနည်းငယ် နာကျင်သွားသော ညာဘက်တံတောင်ဆစ်ကို ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်ရင်း စာအုပ်လေးရှေ့မှာ ရုတ်ခြည်းသွားထိုင်မိသည်။ သူမက စာအုပ်လေးကို ဦးစွာကောက်လာပြီး ပြန်ရပ်လိုက်သလို ကျွန်တော်ကလည်း သူမနည်းတူ မတ်တတ်ရပ်မိရင်း ထိုတိုက်ဆိုင်မှုအတွက် အနည်းငယ် ပြုံးမိသည်။

'အရမ်းနာသွားလားဟင် . . . ဖြူတို့အိမ် လိုက်ခဲ့ပါလား၊ မေမေက ဆရာဝန်ရှင့်၊ မေမေ့ကို ဆေးကုပေးခိုင်းမယ်လေ”

သူမ၏ လုံးဝန်းဝန်း နှုတ်ခမ်းများတွင် စာနာရိပ်များအပြင် သနားကြင်နာစွာ ကိုယ်ချင်းစာစိတ်များပါ လွှမ်းမိုးနေသလိုပင်။ သူမက ကျွန်တော့်ထက် နှစ်နှစ်လောက် ငယ်ပုံရသည်။ အရင်က သူမကို မမြင်ဖူးပါလား။ သူမက ပြောင်းရွှေ့လာသော မြို့နယ်အရာရှိကြီးတစ်ဦး၏ သမီးလား။ ကျွန်တော်တို့မြို့ ကျောင်းမှာ မတက်ဘဲ ရန်ကုန်မှာသာတက်သော အရာရှိတစ်ဦးဦး၏သမီးလည်း ဖြစ်နိုင်သည်။ ခပ်ပါးပါး ခန္ဓာကိုယ်မှာ လုံချည်ပျော့ပျော့လေးကို ရှည်လျားစွာ ဝတ်ဆင်ထားသောကြောင့် ခန္ဓာကိုယ်က ပိုနွဲ့သယောင်။ လေအဝှေ့မှာ ဘယ်ညာယိမ်းတော့မယောင်။ လှုပ်ခတ်ခတ် ဆံပင်သားများကြားမှ သူမ၏ နားဆွဲလေးကလည်း အသက်ဝင်နေသည်။ သူမ၏ ဖြူဝင်းသော မျက်နှာထက်မှ နှာတံလုံးချွန်ချွန်လေးမှာ စိတ်အိုက်နေမှုကြောင့်ထင်ပါရဲ့၊ ချွေးကလေးများပင် သီးနေသေးသည်။ ဟုတ်ပါရဲ့ သူမ စက်ဘီး ဆက်စီးချင်ရောပေါ့။

www.burmeseclassic.com



"ရပါတယ်. . . ကျွန်တော့်အိမ်မှာလည်း ဆေးတွေရှိပါတယ်။ ကိုယ့်ဘာသာကိုယ်ပဲ ထည့်လိုက်တော့မယ်၊ ညီမ ဆက်စီးသွားတော့၊ ကိုယ်လည်း သွားတော့မယ်"

သူမကို နှုတ်ဆက်မိသလို ကျွန်တော်ကိုယ်တိုင်လည်း စပြီး ခြေလှမ်းပြင်လိုက်သည်။ သူမက သူမ၏ စက်ဘီးရှိရာသို့ သွားပြီး ကျွန်တော်၏ နောက်ကျောဘက်သို့ စက်ဘီးကို ချောက်ချက် ချောက်ချက် အရှိန်ယူ၍ ဘေးထိုးနင်းသွားသံကို ကြားလိုက်သည်။

ကျွန်တော့်ဘဝမှာ ပထမဦးဆုံးသော မြင်မိသည့် နတ်မိမယ် လေးလား။ အရာရာ လှပပြည့်စုံနေသည့် ခံ့ညားထည်ဝါလှသော သူမကို 'နတ်မိမယ်' ဟု အမည်ပေး ခေါ်ဝေါ်ကာ ညဆယ့်နှစ်နာရီ တိတိတွင် ထင်းရှူးပင်ရိပ်စာအုပ်ကိုပိတ်ပြီး နတ်မိမယ်ဟု ခေါင်းစဉ် တပ်ထားသည့် ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ခဲ့သည်။

ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံးကဗျာ၊ ပထမဦးဆုံးချစ်ခြင်း ကြောင့် ဖြစ်တည်သွားသော ကဗျာ။ ကဲ. . . ဘယ်လောက် နူးညံ့ သိမ်မွေ့နေပါလိမ့်။

ကျွန်တော်တို့ အနီးကပ် တစ်လအတွင်း သီချင်းဆိုမည့် သူများ အပါအဝင် တစ်ဝိုင်းလုံးစုံညီစွာ သီချင်းတိုက်ကတည်းက ကျွန်တော်၏ အရည်အချင်းကို ကိုကျော်က တဖွဖွ စတင်ချီးကျူး တော့သည်။

"မင်း Effect တွေ သိပ်ကောင်းတယ်၊ တကယ် ပျော့ပျောင်း နေတာပဲ။ ငှါမျက်စိထဲမှာ လေထဲမှာ လွင့်လွင့်တက်သွားတဲ့ မီးခိုး လေးအတိုင်းပဲလို့ မြင်ယောင်မိတယ်"

ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်၊ ခေါင်းငိုက်စိုက်၍ ကျွန်တော့်တီးကွက်ကို နားထောင်လိုက်၊ တစ်နေရာတွင် ပြောင်းထိုင် ပြီး ထိုပုံစံအတိုင်း အာရုံခံစားနေလိုက်။

www.burmeseclassic.com



"မင်း Skill တွေကလည်း အသံထွက် သိပ်ပီသတယ်၊ တချို့ဆို တီးတတ်ပါရဲ့ Skill သံအတိုင်း ထပ်တူမထွက်ကြဘူး။ လက်ချောင်းတွေရဲ့ ဖိအားတွေ ပျော့ကြတယ်။ လက်အသွားအလာ နှေးကြလို့ပဲ"

ကျွန်တော့် တီးခတ်မှုများ တစ်ပုဒ်ပြီးတစ်ပုဒ် ပြီးသွားသလို ဆိုတတ်သူများ (ရပ်ကွက်ဝိုင်းတွေမှာ ဆိုနေကျသူများ)နှင့်တွေ့တိုင်း သီချင်းတိုက်ရ လွယ်ကူစွာ ပြီးစီးသွားတတ်ပေမဲ့ အတွေ့အကြုံ မရှိဘဲ အနုပညာပါရမီလည်း မရှိသူများနှင့်တွေ့လျှင်တော့ သေပေ ရော့ပဲ။ အထပ်ထပ်ကျော့တီးတော့။ ဒီလောက်ညံ့ချင်တာကို စင်ပေါ် တက်ချင်သလားဟဟု အော်ငေါက်ပစ်ချင်မိသည်။ သို့သော် ထိုသို့ မကျွမ်းကျင်ဘဲ မလေ့ကျင့်ဘဲ ရောက်လာတတ်သူ အများစုမှာ မိန်းကလေးများ ဖြစ်နေတတ်ခြင်းအပြင် တီးဝိုင်းသမားတစ်ဦးဦး နှင့်လည်း ပတ်သက်နေတတ်သဖြင့် ဘာမှမပြောခဲ့။ ဒါပေမဲ့ ဂစ်တာ တီးနေရရင် ပျော်နေတတ်တဲ့ ကျွန်တော်က ထိုမိန်းကလေးကို စိတ်မရှည်စွာဘဲ တီးခတ်ပေးနေမိသည်။

"မင်း ငါ့ထက်တော်တာက စိတ်ရှည်ပြီး သည်းခံနိုင်သလို အပင်ပန်းလည်း ခံနိုင်တယ်၊ မင်းပုံစံကြည့်တော့ ပိန်ပါးပါး နွဲ့လျလျ၊ အခု နှစ်နာရီထိုးပြီ၊ ထမင်းလည်းမစားဘဲနဲ့ မင်းနေနိုင်တယ်။ မင်းပုံစံကိုကြည့်တော့ ဘာမှ ပင်ပန်းပုံလည်း မမြင်ရဘူး၊ မင်းလက် တွေလည်း ကျမသွားဘူး၊ သက်လုံကတော့ ခိုင်ပဲ့ါကွာ"

"ဒီလောက်လည်း မဟုတ်သေးပါဘူးဗျာ. . ဒီလောက်ထိ တီးနိုင်တာကလည်း ကိုကျော် စနစ်တကျ သင်ကြားပေးလို့ပါ။ ကိုကျော် သတ်မှတ်ပေးတဲ့ စံချိန်ကို တီးနိုင်သွားအောင် ဆရာ တစ်ယောက်လို လေ့ကျင့်ခန်းတွေပေးပြီး မောင်းတာကြောင့်ပါ။ အတန်းပညာတစ်ခုတည်းသာ ကိုကျော့်ဆီမှာ မသင်ရပေမဲ့ စိတ်ဓာတ်

www.burmeseclassic.com



ဖွံ့ဖြိုးမှုနဲ့ ရင့်ကျက်မှုကိုပါ တစ်ပါတည်း ရောသင်သွားတဲ့ ဘဝဆရာ တစ်ယောက်ပဲ၊ ကိုကျော်ကတော့ ကျွန်တော့်ရဲ့ စူပါမင်း တန်ခိုးရှင် Crzy ပဲဗျာ၊ ကျွန်တော် တစ်သက်လုံး လေးစားသွားတော့မှာ”

“ဘာပဲပြောပြော မင်းဆက်ကြိုးစားသွား၊ မင်းလက်မျိုးဟာ ပညာအသစ်တွေ ထပ်သင်နိုင်ဖို့ အပေါင်းတွေကို ကျွမ်းကျင်သထက် ကျွမ်းကျင်နေဖို့လိုတယ်။ မင်းဆီရောက်လာမယ့် အခွင့်အရေးအတွက် မင်းမှာ အဆင်သင့်ဖြစ်နေရမယ်၊ အချိန်မရောက်ခင်မှာ မင်းဦးတည် ချက်တွေ ပျောက်မသွားဖို့က အရေးကြီးဆုံးပဲ။ နောက်ပြီး လောက မှာ အဆိုးဆုံးအချိန်ကို ကြုံတွေ့ပြီးမှ အကောင်းဆုံးအခြေအနေ ဖန်တီးမှုတွေ ကပ်ပါလာတာ သတိထားပါ။ မင်းဘဝမှာ အဆိုးဆုံး လို့ ယူဆတဲ့အခြေအနေကို ရောက်သွားရင် အကောင်းဆုံးဖြစ်လာ တော့မယ်ဆိုပြီးကြံ့ကြံ့ခံနိုင်ဖို့က အဓိကပဲလေ”

လေ့ကျင့်ရက် ကြာလာတာနှင့်အမျှ တီးလုံးအဝင်အထွက်များ အသံမထားတတ်တဲ့ ကျွန်တော် စိတ်မရှည်တဲ့ ကောင်မလေးပင် အတော်ပင် ဆိုဟန်ပညာပိုင်း ပါးနပ်သွားသည်။ မူလအဆိုတော်၏ ကီးကိုမဆိုဘဲ နှစ်ဆင့်နိမ့်သောကီးကို တောင်းတတ်နေပြီ။ သူဟာ ဘယ်ကီးနဲ့ကိုက်တယ်၊ သူ့အသံဟာ ဘယ်လိုစာသားမျိုးနဲ့လိုက်ဖက် တယ်ဆိုတာ ရွေးတတ်သွားသည်။ စစချင်းရက်က သူမက ကော်နီ သီချင်းတွေကို သီဆိုဖို့ ရွေးချယ်ခဲ့ပေမဲ့ အခုကျတော့ ဟေမာ နေဝင်း သီချင်းတွေကိုဆိုမှ သူ့အသံ ပေါ်လွင်မှာကို သိသွားပြီ။ ဟေမာက G Key နဲ့ သီဆိုထားပေမဲ့ သူမက E Key နဲ့ ဆိုတတ်နေပြီ။ ဘယ်အရာမဆို စနစ်တကျလေ့ကျင့်ပေးမှုတွေရှိနေရင် ခံယူချင်သူတွေကို ပိုမိုအရောင်လက်စေတာ လက်တွေ့ဘဝမှာ တွေ့လိုက်ရတော့တယ်။

* * *

www.burmeseclassic.com



တန်ဆောင်တိုင်ပွဲရဲ့ စင်ရော်တီးဝိုင်းမှာ ကျွန်တော်က တောင်ပံတစ်ချောင်းလား။ ထိုညအစီအစဉ်မှာ ပထမပိုင်း တစ်ပိုင်းလုံး ကျွန်တော် တာဝန်ယူ၍ တီးရပြီး ပထမပိုင်းနောက်ဆုံး အစီအစဉ် အဖြစ် ကျွန်တော်နှင့် ကိုကျော် နှစ်ယောက်ပေါင်းစပ်ထားသော သီချင်းကို ကျွန်တော်နဲ့ ကိုကျော်ပဲ တစ်လှည့်စီဆိုမှာ ဖြစ်သည်။ ကျွန်တော်က ဝါသနာအရ ကဗျာလေးတွေစပ်ရင်း သီချင်းစပ်နည်းကို ကိုကျော့်ထံမှ ရခဲ့ဖြင့် ကျွန်တော်၏ ဒုတိယ အဖြစ်ချင်ဆုံးမှာ တေးရေးဆရာပင် ဖြစ်ခဲ့ရတော့သည်။ ကိုကျော်၏ တိုက်တွန်းချက် အရ သီချင်းတစ်ပုဒ်ကို ကိုကျော်နှင့် တစ်ယောက်တစ်လှည့်စီ ဆိုတော့မှ ကျွန်တော့်အသံကို ကျွန်တော် ပြန်ကြားနိုင်သည်။ ဂစ်တာ တီးရင်း ကျွန်တော် Effect က မီးခိုးငွေ့ ခပ်ပါးပါးပုံစံဖြင့် လွန့်လူးထွက်သွားတတ်တယ်ဟု ပြောသလို အသံကိုလည်း အဲဒီလို ပုံစံမျိုး ဖြစ်သွားအောင် ဆိုနိုင်တယ်ဟု ကိုကျော်က ချီးကျူးသည်။ ထိုအချိန်မှ နောက်နှစ်ပေါင်းများစွာ ကြာတဲ့အထိ ကျွန်တော် သီချင်းဆိုသူတစ်ယောက် မဖြစ်ချင်မှန်း သေချာလွန်းသည်။

ထိုတန်ဆောင်တိုင်ပွဲ၏ ရှေ့ဆုံးခုံတန်းမှာ ကျွန်တော့်ကို စက်ဘီးဖြင့် ဝင်တိုက်ခဲ့သော နတ်မိမယ်လေးက ကျွန်တော် သီချင်း

www.burmeseclassic.com



ဆိုနေတာကို အံ့ဩစွာ ငေးမောကြည့်နေတာတော့ ချန်လှပ်ထားလို့ ရမည်မထင်ပါ။ သူမ၏အကြည့်ကြောင့် ကျွန်တော့်သွေးသားများ ဆူပူစွာ လှုပ်ရှားခဲ့ကြောင်းလည်း ကျွန်တော် ကွယ်ဝှက်မထားနိုင်ပါ။ သူမ၏ မျက်ဝန်းထဲ ဆံပင်ရှည်များကြားထဲ ကုတ်အင်္ကျီနက်ပြာရောင်ထဲ . . . . . . . . . . . . . . သို့ ကျွန်တော့်ရဲ့ နူးညံ့သိမ်မွေ့ခြင်း အကြည့်တစ်ခု ခိုဝင်သွားတာ သူမ သိလိမ့်မည်ဟု ရူးရူးမိုက်မိုက် ယုံကြည်မိတာကို ဝန်ခံပါရစေ။

* * *

www.burmeseclassic.com

# စံပယ်ဖြူဖွေး

သူမကတော့ မိခင်တာဝန်ကျတဲ့ နယ်မြို့လေးကို ကျောင်း ပိတ်ရက်မှာ ရောက်လာတဲ့ ကောင်မလေးတစ်ယောက်ပင် ဖြစ်သည်။ ငယ်ရွယ်သေးသည့် ကိုးတန်း ကျောင်းသူလေးပေမဲ့ သူမက ထမီဝတ်ပြီး အပျိုဂိုက် ဖမ်းနေပြီဖြစ်သည်။ သူမရဲ့ ဆံပင်ရှည် တွေကို အစဉ်သဖြင့် ချုပ်နှောင်ထားတတ်ပေမဲ့ စက်ဘီးစီးရင် တော့ ဆံပင်ဖားလျားချပြီး သူ့ခန္ဓာကိုယ်နဲ့အတူ ဆံပင်တွေကို လေထဲမှာ ဝဲပျံနေတာကို ကြိုက်တတ်သူဖြစ်သည်။ သူမကတော့ အမေလို ဆရာဝန်ဖြစ်ချင်တဲ့သူတစ်ယောက်မဟုတ်ဘူးလို့ ပြောလို့ အမေနဲ့ ခဏခဏ စကားများတတ်သူလည်း ဖြစ်သည်။ သူက အင်္ဂလိပ်အစီအစဉ် သတင်းကြေညာသူတစ်ယောက် ဖြစ်ချင်တဲ့ အရူးမလေးတစ်ယောက် ဖြစ်နေသည်။ သူမက ဒေါ်နီနီနေဝင်းကို သိပ်ကြိုက်သည်။ သူမတို့ မိသားစု ဆုံပြီး တီဗွီကြည့်ချိန်ကလည်း အင်္ဂလိပ်သတင်း ကြေညာချိန်ပင် ဖြစ်တတ်တော့ သူမက အမေ့ကို အင်္ဂလိပ်သတင်း ကြေညာသူတစ်ယောက်ဖြစ်ချင်ကြောင်း အမြဲပြော နေခဲ့သည်။

www.burmeseclassic.com



"ကြည့်စမ်းပါဦး မေမေရယ်၊ ဒေါ်နီနီနေဝင်းဟာ ဘယ်လောက် ကျက်သရေရှိသလဲ။ မြန်မာဆန်ဆန် ခံ့ခံ့ညားညား ချောမောလှပ ကျက်သရေရှိတဲ့ အမျိုးသမီးတစ်ယောက်က အင်္ဂလိပ်သံနဲ့ သတင်းတွေ ကြေညာနေနိုင်တာဟာ သမီးတို့ရဲ့ လူမျိုးအဆင့်အတန်းကို ပြနေ တာပေါ့"

စံပယ်ဖြူဖွေးရဲ့မိခင် ဒေါ်ခတ္တာက သမီးရဲ့ တက်ကြွနေတဲ့ စိတ်အစဉ်ကို မပိတ်ပင်ချင်ပေမဲ့ သူ့လို ဆရာဝန်တစ်ယောက်သာ ဖြစ်စေချင်သည်။ စံပယ်ဖြူဖွေးက အင်္ဂလိပ်သတင်း ကြေညာသူ ဖြစ်ချင်ဇောနဲ့ အင်္ဂလိပ်စာတွေကို ကျက်မှတ်နေတာ၊ အသံနေ အသံထားနဲ့ သတင်းကြေညာသူတွေအတိုင်း ဖတ်နေတာကိုကြည့်ပြီး ပိတ်ပင်ရမှာခက်ပြီး သူမစိတ်ထဲ အမြဲတင်းတင်းကျပ်ကျပ်ကြီး ခံစား နေရသည်။ သူမ ငယ်ငယ်ကနှင့်တော့ သမီးက ကွာခြားလွန်းသည်။ သူမငယ်ငယ်တုန်းက ဆရာဝန်ဘဝဟာ အမြင့်မြတ်ဆုံးလို့ သတ်မှတ် ကြပြီး မိန်းကလေးတိုင်း ဆရာဝန် ဖြစ်ချင်ကြသည်။ ဉာဏ်ရည် မမီလို့ ဆေးကျောင်းမတက်ကြရလို့သာ ဆရာဝန်ဘဝကို လက်လျှော့ တဲ့သူချည်းသာ ဖြစ်သည်။ ဒီလိုအပြိုင်အဆိုင်တွေကြားထဲကနေ ဒေါ်ခတ္တာက ဆရာဝန်ဖြစ်အောင် အချိန်ပြည့် စာကြိုးစားခဲ့ဖူးသည်။ အခုတော့ ၁၄ နှစ်အရွယ် သမီးက သတင်းကြေညာသူတစ်ယောက် ဖြစ်ချင်တယ်ဆိုတော့ သူမကိုယ်တိုင် ဒီလိုအတွေးအခေါ် မျိုးဝင်အောင် ဘာတွေ သင်ပေးခဲ့သလဲ။ မိခင်အနေနဲ့ ဘာတွေ ချွတ်ယွင်းခဲ့ပြီလဲ လို့တောင် သံသယဝင်ပြီး ရက်များစွာ ထိတ်လန့်နေခဲ့သည်။ ဘာပဲ ဖြစ်ဖြစ် သမီးက ဖြစ်ချင်ဇောနဲ့ အင်္ဂလိပ်စာတွေ လေ့လာနေတာကို ဟန့်တားလို့မဖြစ်သေး။ စနစ်တကျ တတ်မြောက်အောင် ကျွမ်းကျင်တဲ့ ဆရာနဲ့ စနစ်တကျသင်ကြားပေးဖို့သာ ဆုံးဖြတ်လိုက်သည်။ ဒေါ်ခတ္တာ အနေနဲ့ သမီးရဲ့ စိတ်ထက်သန်မှုလေးကို မဖျက်ဆီးချင်၊ တစ်နည်း

www.burmeseclassic.com



တစ်ဖုံ ပြောင်းလို့ရအောင်သာ ကြိုးစားတော့မယ်လို့ ဆုံးဖြတ်လိုက်တော့သည်။

White Borad တွင် ရေးထားသော အင်္ဂလိပ်စာပိုဒ်ကြီးကို ကြည့်ပြီး ခေါင်းကိုနွဲ့လိုက်၊ စောင်းလိုက်၊ လက်ဟန်လုပ်လိုက်၊ မျက်လုံးပြူးလိုက်၊ နှုတ်ခမ်းရွဲ့လိုက်ဖြင့် အင်္ဂလိပ်စာဖတ်နေသော သမီးကို ဒေါ်ခတ္တာ ငေးမောကြည့်နေမိသည်။ ဒီတစ်ခါတော့ သမီးက ဒေါ်နီနီနေဝင်းလို ဆံထုံး ထုံးဖွဲ့မထား။ မြန်မာအင်္ကျီ လက်ရှည်ဝတ်မထား။ ဆွဲကြိုးလည်း ဆွဲမထားပေ။ သမီးရဲ့ကော်လံဖြူရှေ့မှာ ဖဲပြားအနက်ကွပ် ချုပ်ထားသော အင်္ကျီလေးပေါ်မှာ ကုတ်အင်္ကျီ အနက်ရောင်ကို ဝတ်ဆင်ထားသည်။ ဒေါ်ခတ္တာ တစ်ယောက် သမီးကို ဘာအချိုး ချိုးနေပြန်ပါလိမ့်ဟူသော အကြည့်ဖြင့် ဇဝေဇဝါဖြစ်သွားသေးသည်။ သမီးဖတ်နေတာက နိုင်ငံခြား သတင်းတစ်ပုဒ်ဖြစ်သည်။ တရုတ်နိုင်ငံမှာ ရေလျှံပြီး လမ်းမပေါ်မှ ကားများ ရေစီးနဲ့မျောပါခြင်း၊ ကလေးတွေ အသေအပျောက်တွေ့ရခြင်း စတဲ့ သတင်းကို ဖတ်နေခြင်းဖြစ်သည်။ သမီးရဲ့ လေ့ကျင့်နေမှုကြည့်ရင်း ဒေါ်ခတ္တာရင်ထဲ သမီးရဲ့ မျှော်လင့်ချက်တွေ စီးဝင်သွားသလိုမျိုး ခံစားလိုက်ရသည်။ အို. . . သမီးက CNN ကြည့်ပြီး နိုင်ငံတကာသတင်း ကြေညာသူတစ်ဦး ဖြစ်နေချင်တာကိုးလို့ ဘာသာမှတ်ချက်ချပြီး သမီးကိုထိုင်ကြည့်နေလိုက်သည်။ သမီးရဲ့ သတင်းပြီးသွားတော့ သမီးကို လက်ခုပ်တီးပြီး အားပေးလိုက်သည်။ အခုချိန်မှာတော့ သမီးရဲ့ ပျော်ရွှင်စွာ ကြိုးစားနေမှုကို သူမ အားပေးချင်သည်။

စံပယ်ဖြူဖွေးရဲ့ ဖခင်ဖြစ်သူ ဦးကောင်းမြတ်ကတော့ တစ်ဦးတည်းသော သမီးရဲ့ အလိုဆန္ဒကို အမြဲဖြည့်ပေးသူဖြစ်သည်။ ၁၄ နှစ်အရွယ် ကလေးတစ်ယောက်မှာ နိုင်ငံတကာသတင်း ကြေညာသူ

www.burmeseclassic.com



တစ်ယောက် ဖြစ်ချင်နေတာကပင် လေးစားလောက်နေပြီဟုထင်သည်။ ဦးကောင်းမြတ်တို့ ငယ်ငယ်တုန်းကတော့ ဒီလိုမျိုး ဖြစ်ရကောင်းမှန်း မသိခဲ့။ ဟိုတုန်းက မြို့ပိုင်၊ မြို့အုပ် ဖြစ်ရမှာကို စိတ်ဝင်စားရတာမျိုး၊ ရည်မှန်းချက်ထားရတာမျိုးသာ ရှိသည်။ အင်္ဂလန်မှာ ပညာသွားသင်ပြီးရင် ကိုယ့်တိုင်းပြည်ပြန်ပြီး ဂုဏ်သရေရှိရှိ နေထိုင် အလုပ် လုပ်ဖို့ပဲ ရှိတယ်လို့ ခံယူခဲ့သည်။ အခုတော့ သမီးက နိုင်ငံတကာကို ထုတ်လွှင့်တဲ့ မီဒီယာကြီးတွေမှာ သတင်းကြေညာသူ ဖြစ်ချင်တာတဲ့။ သမီးလောက် ခမ်းခမ်းနားနား မစဉ်းစားဘူးတဲ့ ဦးကောင်းမြတ်အဖို့ သမီးကို အရိပ်တကြည့်ကြည့်နဲ့ ကျေနပ်နေခဲ့သည်။ သမီးရဲ့ အင်္ဂလိပ်စာတိုးတက်အောင် သမီးကို အင်္ဂလိပ်လို ပြောဆိုဆက်ဆံခဲ့သည်။ သမီးနဲ့အတူ တီဗွီက နိုင်ငံတကာသတင်း၊ ရေဒီယိုက အင်္ဂလိပ်ပိုင်းအစီအစဉ်သတင်း၊ အင်္ဂလန်ကထုတ်လွှင့်တဲ့ အင်္ဂလိပ်သံတွေကို နားထောင်စေသလို အင်္ဂလိပ်သီချင်းတွေနဲ့ ရင်းနှီးအောင် အချိန်ပေး နားထောင်နေတတ်သည်။

"ဖေဖေရေ သမီး ဆယ်တန်းအောင်ရင် အင်္ဂလိပ်စာဘာသာကို ယူရမှာပေါ့နော်"

ဦးကောင်းမြတ်ကတော့ သူ့သမီးဖြစ်ချင်တာကို ဖြစ်အောင် ပြုစုပျိုးထောင်ပေးချင်သည်။ သူ့အမေကတော့ ဦးကောင်းမြတ် ဘာပြောလိုက်မလဲ ဆိုတဲ့ စိုးရိမ်ထိတ်လန့်တဲ့အကြည့်နဲ့ ကြည့်နေသည်။ ဒေါ်ခတ္တာစိတ်ထဲလည်း ဇဝေဇဝါဖြစ်နေသည်။ အင်္ဂလိပ်သတင်းကြေညာသူက အင်္ဂလိပ်ဘာသာရပ်ဖြင့် ဘွဲ့ရစရာလိုသလား၊ မလိုသလား သေသေချာချာမသိ။ နိုင်ငံတကာမှာတော့ ဘွဲ့က အဓိကမဟုတ်ဘူးလို့ ထင်မိသည်။ သတင်းကြေညာသူ တစ်ယောက် အနေနဲ့ ကောင်းကောင်းဖတ်နိုင်ဖို့၊ အသံကောင်းဖို့၊ အသံထွက် မှန်ဖို့သာ အရေးကြီးသည်ဟု ထင်မိသည်။

www.burmeseclassic.com



"သမီးက အင်္ဂလိပ်သတင်းကြေညာသူ သက်သက်ပဲ ဖြစ်ချင်တာလား၊ အင်္ဂလိပ်လူမျိုးရဲ့ စာပေ၊ သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာစကား ဖွံ့ဖြိုးတိုးတက်လာမှု၊ ဒါတွေကို လေ့လာချင်တာလား၊ သိချင်တာလား၊ ဒါကို ကွဲကွဲပြားပြားသိအောင် လုပ်ရမယ်။ ကွဲကွဲပြားပြားသိတော့မှ ဖေဖေ ဆုံးဖြတ်ချက်ပေးနိုင်မယ်"

ဒေါ်ခတ္တာက ဦးကောင်းမြတ်ရဲ့ အဖြေနပ်မှုကို ကျေနပ်စွာကြည့်လိုက်ရင်း သက်ပြင်းခိုးရှိုက်လိုက်သည်။ သမီးက တွေတွေဝေဝေဖြင့် ရှိနေတာကိုပဲ သူမဘက် အားသာနေပြီလို့ တွက်ဆမိသည်။

"စာပေတွေ၊ သမိုင်းတွေ၊ ဘာသာစကား ဖွံ့ဖြိုးမှုတွေက နည်းနည်းတော့ ပျင်းဖို့ကောင်းမယ်ထင်တယ်"

သမီးရဲ့ ဇဝေဇဝါ ရောထွေးနေမှုကို ကိုယ့်ဘက်ပါလာပြီလို့ တစ်ဖက်သတ်ဆွဲပြီး ဟုတ်တယ်၊ အင်္ဂလိပ်ဘာသာနဲ့ ဘွဲ့မယူသင့်ဘူးလို့ ပြောမယ့် မိခင်တွေထဲ ဒေါ်ခတ္တာကတော့ မပါချေ။ ဖြစ်နေပစေ၊ သမီး ဇဝေဇဝါဖြစ်နေတာ ကောင်းတယ်ဟုပင် အတွေးပွားနေရန် ဆုံးဖြတ်ချက်မပေးချေ။ သမီးတောင်းလာရင်တော့ ဒေါ်ခတ္တာရော ဦးကောင်းမြတ်ရောမှာပါ တူညီသော အဖြေတစ်ခုပင် ရှိနေပေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ စံပယ်ဖြူဖွေးရဲ့ အင်္ဂလိပ်စာလေ့လာမှုအဆင့်ဟာ ဆယ်တန်းအင်္ဂလိပ်စာကိုပင် ဂုဏ်ထူးထွက်အောင် ဖြေနိုင်တဲ့အဆင့် ရှိနေပြီဖြစ်သည်။ သမီး နေ့စဉ်ကျက်နေကျ အင်္ဂလိပ်ဝေါဟာရ ၁၀ လုံးကို ဆက်ကျက်နေအောင်တော့ တွန်းအားပေးနေရမှန်း ဦးကောင်းမြတ်ရော၊ ဒေါ်ခတ္တာပါ သဘောပေါက်ထားသည်။ ဒေါ်ခတ္တာ ပုသိမ်မြို့သို့ လက်ထောက် ဆေးရုံဆရာဝန်အဖြစ် တာဝန်ပြောင်းရွှေ့ ထမ်းဆောင်ရတော့ ကျောင်းပိတ်ရက်မှာ စံပယ်ဖြူဖွေး ပုသိမ်သို့ လိုက်လာခြင်းဖြစ်သည်။

* * *

www.burmeseclassic.com



စင်အောက်ကနေ မိခင်နဲ့အတူ စတိတ်ရှိုးကြည့်နေသော စံပယ်ဖြူဖွေးက သီချင်းဆိုနေသော ကောင်လေးကို စ ဆိုကတည်းက မပြတ်ကြည့်နေခဲ့သည်။ ခပ်ပိန်ပိန် ခပ်ကိုင်းကိုင်း အာဟာရ သိပ်မပြည့်တဲ့ ကောင်လေးကို သူ ဘယ်မှာ တွေ့ဖူးပါလိမ့်လို့ စဉ်းစားနေမိသည်။ ထူးခြားတာက သူ့ဆံပင်တွေ၊ လိမ်ကောက်ကောက် ရှုပ်ရှုပ်ထွေးထွေး။ ဒါပေမဲ့ သူက ဂစ်တာကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နေတော့. . . ကောင်လေး ဘယ်သူဖြစ်သလဲဆိုတာ သူမ မတွေးတတ်ခဲ့။ သူမထက် အသက်ကြီးလှ သုံးနှစ်ပေါ့လို့ ယှဉ်ပြီး တွေးနေသေးသည်။ သူက တတ်လှချည်လားလို့ အံ့သြမိသည်။ ကြည့်ပါဦး တစ်ယောက်တည်း တီးခတ်နေတာများ မြန်မာပြည် သိန်းတန်လားလို့ ထင်ရအောင် ကျွမ်းကျင်လွန်းသည်။ ဒီလိုမြို့လေး မှာ ဒီလိုတော်တဲ့ ကောင်လေးတစ်ယောက် ရှိနေတာ သူမ အံ့သြ အထင်ကြီးသွားသည်။ နောက်ပြီး သူမက မိန်းကလေးကျောင်းမှာ သာ နေခဲ့လို့ ယောကျ်ားလေးမိတ်ဆွေလည်းမရှိ။ သူမက တစ်ဦး တည်းသော သမီးဖြစ်တဲ့အပြင် ဝမ်းကွဲမောင်နှမတွေကြားမှာ မောင်လေး တွေက မူလတန်းအဆင့်ပင်ရှိသေးသည်။ သူမမှာ ရွယ်တူယောကျ်ား လေး အသိမိတ်ဆွေမရှိခဲ့။ သူမနဲ့ပေါင်းသင်းနေတဲ့ အပေါင်းအသင်း

www.burmeseclassic.com



တွေထဲမှာ ဆွေဆွေက စာရေးဆရာမ ဖြစ်ချင်သူ။ သူ ကဗျာတွေ ရေးနေပေမဲ့ သူ့ကဗျာတွေ မဂ္ဂဇင်းစာအုပ်တွေထဲမှာ ဖော်ပြမခံရသေးဘူး။ ဒါပေမဲ့ ဆွေဆွေက စာတော်ပြီး ကဗျာအများကြီး စပ်နိုင်တဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်သည်။ စံပယ်ဖြူဖွေးက ဆွေဆွေရဲ့ ကဗျာတွေကိုဖတ်ပြီး ရွယ်တူတွေထဲမှာ ဆွေဆွေ တစ်ယောက်တည်းကို လေးစားချစ်ခင်တဲ့သူတစ်ယောက် ဖြစ်သည်။ အဲဒီတော့ ဆွေဆွေ ဝါသနာပါတဲ့ ကဗျာတွေ၊ သီချင်းတွေ၊ ဝတ္ထုတွေ၊ ပန်းချီကားတွေ၊ ရုပ်ရှင်နဲ့ ဗီဒီယိုတွေကို အားရင် အားသလို လေ့လာသည်။ အတူသွားကြည့်ကြတယ်။ ဆွေဆွေကလည်း စံပယ်ဖြူဖွေးရဲ့ အင်္ဂလိပ်အသံထွက်၊ စကားပြောနဲ့ သတင်းဖတ်ဟန်တွေကို အထင်ကြီးသည်။ အဆိုတော်သစ်တစ်ယောက် ပေါက်ထွက်လာရင် ဆွေဆွေက အဲဒီအခွေကို ယူလာတတ်ပြီး အဆိုတော်နဲ့ပတ်သက်ပြီး ဝေဖန်ချက်၊ သုံးသပ်ချက်တွေကို ပေးသည်။ သီချင်းစာသားတွေရဲ့ အဓိပ္ပာယ်ကို ထောင့်အမျိုးမျိုးက တွေးပြသည်။ ဒီကမ္ဘာပေါ် ပန်းချီဆရာပြီးရင် ဒုတိယအလေးစားဆုံးက တေးရေးဆရာဟု ပြောတော့ သူမလည်း ဟုတ်မှာပဲလေလို့ ဆိုပြီး ယုံကြည်မိဖူးသည်။ သူမကတော့ မသိပါ။ အဲဒီအချိန်က စံပယ်ဖြူဖွေး ဖြစ်ချင်တာဟာ "အင်္ဂလိပ်ပိုင်း အစီအစဉ် သတင်းကြေညာသူ"တစ်ယောက်ပါ။

စင်ပေါ်က ကောင်လေးကိုကြည့်ပြီး သူမရဲ့ အခင်မင်ဆုံး သူငယ်ချင်း ဆွေဆွေကို သတိရမိသည်။ ဆွေဆွေသာဆို ဒီကောင်လေးကို ဘယ်လိုမှတ်ချက်မျိုး ပေးမလဲလို့ စဉ်းစားနေမိသည်။ စံပယ်ဖြူဖွေး၏ အသိမိတ်ဆွေများထဲတွင် ယောကျ်ားလေး မရှိတော့ စင်ပေါ်က ကောင်လေးကို ဘယ်သူနဲ့ နှိုင်းယှဉ်ရင် ကောင်းမလဲလို့ စဉ်းစားနေမိသည်။ ယောကျ်ားလေးတွေဟာ မိန်းကလေးတွေထက် ပိုတော်တယ် ဆိုတဲ့ အဆိုကို စံပယ်ဖြူဖွေး လက်ခံရတော့မလားလို့

www.burmeseclassic.com



စဉ်းစားနေမိသည်။ နောက်ပြီး သူမရဲ့ မိခင်နဲ့ဖခင်ကို နှိုင်းယှဉ်ကြည့်တော့ အင်း. . ဖေဖေက ပိုသာသယောင်ရှိပေမဲ့ မေမေကလည်း အင်္ဂလန်မှာ ပညာသင်ခဲ့သူပဲ၊ မခေပါဘူးလို့ မှတ်ချက်ပြုလိုက်သည်။ စိတ်ရှုပ် ထွေးစွာနှင့်ပင် ဒီကိစ္စကို ဆွေဆွေအား မေးရမည်ဟု မှတ်ထားလိုက်တော့သည်။ တကယ်လို့များ ဆွေဆွေ မဖြေနိုင်ရင် ဖေဖေ့ကို မေးရမယ်လို့ စဉ်းစားထားလိုက်တော့သည်။ ဘာပဲဖြစ်ဖြစ် ခုလက်ငင်း အခြေအနေကိုပဲကြည့်၊ သူက စင်ပေါ်မှာ ဂစ်တာကို တကယ့် အတီးသမားကြီးလို တီးပြပြီးပြီ၊ သီချင်းလည်း ဆိုသွားပြီးပြီ။ လက်တွေ့မှာတော့ နိုင်ရဲက တော်နေပြီလို့ သူမ ရုတ်တရက် မှတ်ချက်ပြုပြီး ငါလဲ သတင်းကြေညာခွင့်ရရင် ကြေညာလို့ ရပါပြီလို့ မဝံ့မရဲ နှိုင်းယှဉ်လိုက်သည်။ သို့သော် ထိုနှိုင်းယှဉ်ချက်က ကြာကြာ မခံ။ ငါသတင်းကြေညာနေရင် အသံထွက်မှားမှားကြီး ရုတ်တရက် ထွက်သွားရင် ဆိုတဲ့ သံသယစိတ်က တွန့်ဆုတ်ဆုတ် စိတ်တွေ ကြောင့် စင်ပေါ်က ကောင်လေးကိုပဲ ကျေကျေနပ်နပ် အနိုင်ပေးလိုက်တော့သည်။

* * *

www.burmeseclassic.com

# ရည်းစားဦး

ထိုကောင်မလေးနဲ့ ကျွန်တော် ပြန်ဆုံရမယ်လို့ ညကပင် အိပ်မက် မက်ခဲ့သည်။ ကျွန်တော့်မှာ ထူးခြားမှုတစ်ခု ရှိနေသည်။ ထိုအရာက အိပ်မက် မက်ပြီးသား အဖြစ်အပျက်တွေဟာ တစ်ပတ်အတွင်း ဒါမှမဟုတ် တစ်လအတွင်း တကယ့် လက်တွေ့ဘဝမှာ ဖြစ်လာခြင်းဖြစ်သည်။ ထိုသို့ဖြစ်ခြင်းကို အစကတော့ ကျွန်တော် သတိမမူခဲ့။ စတိတ်ရှိုးပွဲ ဆိုတုန်းကလည်း ကျွန်တော်တီးပြီး ဆိုပြီးတဲ့ အခါမှာ လက်ခုပ်သံတွေကြားရမယ်လို့ အိပ်မက် မက်ခဲ့ဖူးပေမဲ့ ဒါဟာ ကျွန်တော့်စိတ်အားထက်သန်နေတာကြောင့် ထင်မိပြီး တိုက်ဆိုင်မှုပါလို့ တွေးခဲ့မိဖူးသည်။ ဆယ်တန်းစာမေးပွဲဖြေနေတုန်းကလည်း ညက အိပ်မက်ထဲမှာ အသည်းအသန်ဖြေခဲ့ရသော စာများ၊ သင်္ချာပုဒ်စာများကို နောက်တစ်နေ့မနက် စာမေးပွဲခန်းထဲမှာ ကြုံခဲ့ရတော့ ဒါကလည်း ထူးဆန်းတာမှမဟုတ်တာ။ မေးခွန်းပုံစံတွေ လေ့လာထားတော့ ဒီနှစ် ဘာမေးမလဲလို့ တွက်တတ်တာလို့ပဲ ထင်ခဲ့သည်။ ညက ကောင်မလေးကို အိပ်မက် မက်ခြင်းမှာ ကျွန်တော်၏ စိတ်စွဲလမ်းခြင်းကြောင့် မက်တာဟု ထင်ခဲ့သည်။ ဒီလို ကောင်မလေးနဲ့

www.burmeseclassic.com



ဆုံဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာလေ။ သူမက ကျွန်တော်တို့မြို့မှာ တွေ့နေကျ မိန်းကလေးမျိုးမှမဟုတ်တာ။ သူမ စတိုင်လ်က ရန်ကုန် စတိုင်လ်မှန်း သိသာလွန်းနေတာပဲ။ အိပ်မက်ထဲကလို ကောင်မလေး နဲ့ဆုံပြီး ချစ်သူဘဝရောက်ဖို့ဆိုတာ ကျွန်တော့်ရဲ့ အိပ်မက်စိတ်ကူး တွေပဲ ဖြစ်လိမ့်မယ်လို့ အိပ်မက်က လန့်နိုးနိုးချင်းတောင် တွေးမိ လိုက်သေးသည်။ ကြည့်စမ်း အခုတော့. . . .

သူမကို ကျွန်တော့်မေမေက ပခုံးဖက်ပြီး ခေါ်လာသည်။ ကျွန်တော့်မေမေရဲ့ အထက်အရာရှိ ဆရာဝန်မကြီးအိမ်ကို မေမေ့ လိုက်ပို့မိတာ မှန်ပြီလို့တောင် တွေးမိရင်း ထခုန်ချင်စိတ်ပင် ပေါက် သွားသည်။ ကျွန်တော့်ရင်ထဲမှာ ဒရမ်ဆက်က တီးသံတွေ တဒုန်းဒုန်း တဒိုင်းဒိုင်း။ သူမက ကျွန်တော့်ကို မြင်ပုံမရသေး။ ဟိုတစ်နေ့က တွေ့ခဲ့တဲ့ ပုံစံအတိုင်းပဲ၊ သူမရဲ့ ဖားလျားကျနေတဲ့ ဆံပင်တွေက သူမ မျက်နှာကို အုံ့ဆိုင်းလို့။ သူမရဲ့ ပန်းနုရောင် ပါးပြင်လေးတောင် မမြင်ရ။ မေမေနဲ့ ဘာတွေများပြောလာပါလိမ့်။ တကယ်လို့ သူမက ကျွန်တော့်နားထိ လျှောက်လာရင် ကျွန်တော့်ကို မှတ်မိပါ့မလား။ မမှတ်မိရင်. . . ဆိုတဲ့ ခံစားထိတ်လန့်မှုမျိုးဟာ ကျွန်တော့်ရဲ့ ပထမ ဦးဆုံး စိုးရိမ်မှုပဲဖြစ်ခဲ့သည်။ စင်ပေါ်တက်တီးရင် ငါ့ကို ပရိသတ်က ဝိုင်းအော်မှာလား၊ ငါ့သီချင်းဆိုသံကို ကြားရင် စင်အောက်ကနေ ဝိုင်းဆဲမလားလို့ တစ်ခါမှ မတွေးမိ၊ မစိုးရိမ်မိဘဲနဲ့ သူမတစ်ယောက် တည်းက မမှတ်မိမှာကိုတော့ စိုးရိမ်နေမိသည်။ သူမနဲ့ မေမေက စကားတပြောပြောနဲ့ အေးအေးဆေးဆေး လမ်းလျှောက်လာသည်။ သူမက သူမရဲ့ ဘယ်လက်ချောင်းလေးများကို ညာလက်ချောင်းလေး တွေက တစ်ချောင်းပြီးတစ်ချောင်းဆုပ်ကိုင်ရင်း ခေါင်းငုံ့လမ်းလျှောက် လာသည်။ ကျွန်တော်က သူမ မြင်သာအောင် သူမအိမ်ရှေ့လမ်းမရဲ့ တစ်ဖက်ခြမ်းကနေ သူမတို့ခြံပေါက်ဝ ရှေ့တည့်တည့်ကို စက်ဘီး

www.burmeseclassic.com



တွန်းပြီး လာခဲ့သည်။ သူမ ကျွန်တော့်ကို မြင်ပါစေလို့ တွေးမိရင်း ကျွန်တော့်ကို ကျွန်တော်လည်း ပထမဦးဆုံး ရှက်မိတော့သည်။ သူမကို ဘာကြောင့် မြင်စေနေချင်မိပါလိမ့်။

တကယ်ဆို နိုင်ရဲ ဒီလိုတွေးမိရင် နောက်နည်းနည်းတွန့်သွားဖို့သာဖြစ်သည်။ အခုတော့ နိုင်ရဲ ရှေ့ကိုပိုတိုးပြီး လျှောက်လာသည်။ ကောင်မလေး အာရုံစိုက်မိသွားအောင် စက်ဘီးဘဲ(လ်)ကို ယောင်ရမ်းနှိပ်မိသလိုလိုမျိုးပုံစံဖြင့် ယောင်နှိပ်ကာ သူမထံကို မကြည့်ဖြစ်အောင် မေမေ့ထံ မျက်လုံးလွှဲလိုက်သည်။ နောက်မှ သူမကို ကြည့်တဲ့ဟန်ဖြင့် မျက်ဝန်းမှာ အရောင်ထည့်လိုက်သည်။ တကယ်ဆို သူမနဲ့ ဆုံချိန်မှာ နိုင်ရဲ တအံ့တသြ မရှိတော့ပေမဲ့ တအံ့တသြဖြစ်သွားတဲ့ ပုံစံမျိုး အချိုးချိုးပြီး ကောင်မလေးကို ခပ်စူးစူး တစ်ချက်ကြည့်လိုက်သည်။ ကောင်မလေးကလည်း နိုင်ရဲကို စိုက်ကြည့်ပြီး တအံ့တသြဖြစ်သွားပုံ နှုတ်ခမ်းလေးဝိုင်းပြီး ဟသွားသည်။ ကောင်မလေးကို ကြာကြာအံ့သြခွင့် မပေးချင်တော့တဲ့ ပုံစံနဲ့ စကားစကို နိုင်ရဲကပဲ စတင်လိုက်သည်။

"ဟိုနေ့က အစ်ကို့ကို စက်ဘီးနဲ့ ဝင်တိုက်သွားတဲ့ ညီမ မဟုတ်လား"

သူ အနည်းငယ် ကြိုတင်စီမံလိုက်တဲ့ စကားလုံး အသုံးနှုန်းမှာ အစ်ကိုတွေ ညီမတွေမပါဘဲ အခုတော့ နိုင်ရဲက သူ့ကိုယ်သူ အစ်ကိုတဲ့။ ကောင်မလေးကို ညီမတဲ့။ ဒီအခေါ်အဝေါ် ရုတ်တရက် ထွက်သွားတော့ သူ့မျက်နှာ ထူအမ်းအမ်းကြီး ရှက်သွေးဖြာသွားရသေးသည်။ ကောင်မလေးကတော့ ဒါကို သတိထားမိပုံမရဘူး။ သူ့လက်ချောင်းတွေကို ဆော့ကစားနေရာကနေ နဖူးထက်မှာ စုကျနေတဲ့ ဆံပင်တွေကို စုသိမ်းလိုက်သည်။ နောက်ပြီး သူမက ထိတ်လန့်ဟန်နဲ့ "ကျွန်တော် တမင်ဝင်တိုက်တာ မဟုတ်ပါဘူး၊ အရှိန်

www.burmeseclassic.com



မထိန်းနိုင်လို့ တိုက်မိတာပါ” ပျာပျာသလဲ တောင်းပန်လိုက်သည်။ နိုင်ရဲက ဒီအတွက် သူ့ဘာသာသူပဲ အပြစ်ဖို့နေမိတော့သည်။ ဘာဖြစ်လို့ စက်ဘီးနဲ့ ဝင်တိုက်သွားတဲ့ ဆိုတဲ့စကားလုံးကို ထည့်ရတာလဲ။ ဟိုနေ့က ဆုံခဲ့တဲ့ ညီမ မဟုတ်လားလို့ မေးရင် ရသားပဲလို့ ချက်ချင်းတွေးလိုက်မိသေးသည်။

“မဟုတ်ပါဘူး။ အစ်ကို့ကို စက်ဘီးနဲ့ ဝင်တိုက်လို့ ပြောတာ မဟုတ်ပါဘူး။ ညီမနဲ့ အစ်ကိုနဲ့ ဆုံဖူးတဲ့အကြောင်း ပြန်ပြောတာပါ”

နိုင်ရဲက ဒီလိုတော့ သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ပြန်ဖြေရှင်းလိုက်သည်။ နောက်ပြီး သူ့မိခင်နဲ့ပင် မိတ်ဆက်ပေးလိုက်သေးသည်။

“မေမေ. . . ဒါ သားနဲ့ဆုံဖူးတဲ့ ကောင်မလေး လေ. . .။ ဟိုနေ့က. . . ”ဆေးထည့်ပေးရတာ ဒီကောင်မလေးကြောင့်ပေါ့လို့ ပြောဖြစ်တော့မလို့ ပါးစပ်ကို အတင်းပိတ်လိုက်ရသည်။ မေမေနဲ့သာ မိတ်ဆက်ပေးလိုက်တော့ သူမ နာမည်ကို နိုင်ရဲ မသိသလို နိုင်ရဲရဲ့ နာမည်ကိုလည်း သူမ သေသေချာချာ သိမှာမဟုတ်။ စင်ပေါ်မှာ သီချင်းဆိုတုန်းက လူတက်မလာခင် နာမည်ကြေညာပြီး လူတက်လာတော့ ထပ်မကြေညာတော့ မသိရဘူး ဖြစ်သွားသည်။ နိုင်ရဲသာ အရင်တက်လာပြီး နာမည်ကို နောက်မှကြေညာရင် စံပယ်ဖြူဖွေးတစ်ယောက် နိုင်ရဲ ဆိုတဲ့နာမည်ကို မှတ်မိမှာ သေချာသည်။

“သားရဲ့. . . ဒီသမီးက မေမေတို့ ဆရာဝန်မကြီးရဲ့ သမီးလေ၊ သမီး ဒါက အန်တီ့သား နိုင်ရဲတဲ့”

နိုင်ရဲရဲ့ မိခင်က သားဖြစ်သူ စကားစပြတ်သွားတာကို ဝင်ပြီး စကားခံလိုက်သည်။ သူမ ဘဝမှာ သူ့သားကို ရွယ်တူ မိန်းကလေးနဲ့ ပထမဦးဆုံးအကြိမ် မိတ်ဆက်ပေးလိုက်ခြင်း ဖြစ်သည်။ သူမက

www.burmeseclassic.com



သားဖြစ်သူရဲ့ အရွယ်ကို မေ့လျော့ထားပုံရသည်။ သားနဲ့ရွယ်တူ ကောင်မလေးကို မိတ်ဆက်ပေးမိပြီးမှ သူမအဖြစ်ကို အနည်းငယ် ရှက်သွားသည်။ သူမက သားရှင်လေ. . .။ သားနဲ့ မိန်းကလေးကို တွဲကြည့်ပေးပြီးကာမှ မိန်းကလေးကို အနည်းငယ်အားနာသွားမိသည်။ အရွယ်ရောက်လာတဲ့ သားနဲ့ ထိုမိန်းကလေးကို မိတ်ဆက်မိတာ မှားပြီလားလို့ သံသယဝင်မိအောင် သူမက ရိုးသားလွန်းသည်။

"အန်တီ့သားက ဂစ်တာသူရဲကောင်းပဲ။ သမီး သိတာပေါ့"

စံပယ်ဖြူဖွေးက သွက်သွက်လက်လက် ဝင်ပြောလိုက်တော့မှ နိုင်ရဲမိခင်မှာ စိတ်သက်သာရာ ရသွားသည်။ သူမက ကလေးတွေကို အသိမိတ်ဆွေ မဖြစ်စေလိုတဲ့ဆန္ဒက ရုတ်ခနဲပေါ် လာပြီး စံပယ်ဖြူဖွေး ကို နှုတ်ဆက်လိုက်တော့သည်။ မိခင်ရဲ့ စိတ်ရှုပ်ထွေးမှုကို သိလိုက် တဲ့ နိုင်ရဲကလည်း မဝံ့မရဲပုံစံနဲ့ စံပယ်ဖြူဖွေးကို ကြည့်ပြီး ခေါင်း တစ်ချက်ဆတ်ပြီး နှုတ်ဆက်လိုက်ရတော့သည်။ မိခင်ကို ကယ်ရီယာ ခုံမှာတင်ပြီး စက်ဘီးနင်းထွက်သွားတဲ့ နိုင်ရဲတို့ကို စံပယ်ဖြူဖွေး ငေးကြည့်ကျန်ခဲ့မှန်း နိုင်ရဲတို့သားအမိ မသိခဲ့တော့။ တစ်လမ်းလုံး သားအမိနှစ်ယောက် စကားမပြောဖြစ်ပေမဲ့ နိုင်ရဲရဲ့ စိတ်ထဲမှာတော့ ဩော်. . . သူက ဆရာဝန်မကြီးသမီးကိုးလို့ တွေးပြီး နိုင်ရဲအမေရဲ့ စိတ်ထဲမှာတော့ အို. . သားနဲ့ မိန်းကလေးတို့ ငြိစွန်းသွားမှာကို စိုးရိမ်နေသည်။ ငြိလို့မဖြစ်ဘူး၊ သားစိတ်ဝင်စားလို့ မဖြစ်ဘူးလို့ မိခင်စိတ်ထဲမှာ တွေးနေမိသည်။ အင်း သားက စိတ်ဝင်စားပေမဲ့ စံပယ်ဖြူဖွေးက စိတ်ဝင်စားပါ့မလား။ စံပယ်ဖြူဖွေးမိခင်ကရော စိတ်ဝင်စားခံမှာတဲ့လားလို့ စိတ်ကို ဖြေတွေး တွေးလိုက်ပေမဲ့ "ဂစ်တာသူရဲကောင်းပဲ သမီးသိတာပေါ့" ဆိုတဲ့ စံပယ်ဖြူဖွေး စကားရဲ့ အတိမ်အနက်ကိုတော့ နိုင်ရဲမိခင် ရိပ်စားမိသည်။ သားကလည်း . . . အို. . . ဒါ ဝတ္ထုမှမဟုတ်တာ။ ဝတ္ထုတွေထဲကလို

www.burmeseclassic.com



သားရဲ့အမေက သူ့ငွေးသမီးကိုကြိုက်အောင် ဖန်တီးပေးတာမျိုး၊ စကားအသွားအလာ လုပ်တာမျိုးကို သူမ ရွံမုန်းသည်။ ဘာပဲပြောပြော ဒီမိန်းကလေးအရွယ်ဟာ စိတ်ကစားတတ်တဲ့ အရွယ်ဖြစ်နေတော့ မိန်းကလေးဘက်က စလာရင်၊ ဒါမှမဟုတ် သားဘက်ကစလာပြီး မိခင်ကို ကြားခံနယ်တစ်ခုလုပ်လာလျှင်တော့ ပြတ်ပြတ်သားသား ငြင်းပစ်ရန် သူမ ဆုံးဖြတ်လိုက်သည်။ တကယ်လို့ ဒီမိန်းကလေးသာ သူမရဲ့ သမီးဖြစ်ရင်ဆိုတဲ့ အတွေးက သူမကို ချောက်ချားတုန်လှုပ် စေသောကြောင့် ဖြစ်သည်။

* * *

www.burmeseclassic.com



အိပ်မက် မက်တယ်
မင်းနဲ့ကိုယ်နဲ့ စကားတွေ အများကြီးပြောလို့
လက်ချင်းချိတ်ပြီး လမ်းလျှောက်လို့လေ. . .
ညနေကျတော့ မင်းကိုတွေ့တယ်
ကိုယ် မထင်ထားခဲ့ဘူး . . .
ကိုယ့်ကို ဂစ်တာသူရဲကောင်းတဲ့လား ကလေးရေ. . .
မင်းနာမည်ကို ကိုယ်မသိရသေးဘူး
မေမေ့ကိုလည်း မမေးရဲဘူး
မင်းနဲ့ ထပ်ဆုံချင်တယ်
နိုင်ရဲရဲ့ အတောင်ပံတွေကြားထဲမှာမင်းကိုဝှက်ထားချင်တယ်
ကိုယ် မင်းကို ချစ်မိသွားတာပါ
သေချာတယ် ချစ်မိသွားတာပါ။

မနှစ်က ခရစ္စမတ်လက်ဆောင်ရထားတဲ့ ဒိုင်ယာရီစာအုပ် လေးထဲမှာ နိုင်ရဲ ဘာစာမှ မရေးရသေး။ စာအုပ်က သစ်လွင်ဆဲလို့ ပြောလို့ရပေမဲ့ သုံးလစာလောက်တော့ အိုစာသွားပါပြီ။ သူ့ ပထမဆုံး ဒိုင်ယာရီစာအုပ်သစ်ထဲမှာ ပထမဆုံး ချစ်သူကောင်မလေး ကို တမ်းတရသည့်အကြောင်း ရေးဖြစ်သည်။ စာအုပ်ကို မေမေ

www.burmeseclassic.com



မြင်မှာစိုးလို့ ဖွက်ထားဖို့ ကြိုးစားလိုက်သေးသည်။ သူ့ဘဝမှာ သူ့အမေ မသိဘဲ ဘာမျှမလုပ်ဖူးဘူးပေမဲ့ အခုတော့ မေမေ မသိအောင်ဘဲ စာအုပ်ကို သိမ်းထားလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မေမေသိရင် မေမေပြောင်းမယ့် စကားလုံးတွေကို နိုင်ရဲ သိနေသည်။ ဒီအချိန်မှာ မေမေပြောင်းမှာကို နိုင်ရဲ မခံချင်သေး။ သူမ နာမည်လေးတောင် သိချင်ရက်နဲ့ မေမေ တစ်ခုခုပြောမှာစိုးလို့ မမေးရဲသေးတာ သာကြည့်။ ထိုစာအုပ်လေးကို သူဖတ်နေကျ စာအုပ်အထပ်ကြားထဲ ရောထပ်လိုက်သည်။ ကောင်မလေးကိုတွေ့ဖို့ ညနေ ကိုကျော့်အိမ်က ပြန်လာရင် ကောင်မလေးအိမ်ရှေ့က ပတ်ပြန်မည်။ မတော်တဆ မေမေများ အဲဒီအိမ်ထဲက ထွက်လာရင် လို့ စိုးရိမ်မိလိုက်ပေမဲ့ တမင်သွားတာမဟုတ်ဘဲ ကိုကျော့်အိမ်က အပြန်မှန်းသိသွားရင် မေမေ မရိပ်မိနိုင်ပါဘူး။ မေမေ မရိပ်မိအောင်လည်း နိုင်ရဲက ကောင်မလေးနဲ့ ကောင်မလေးအမေအကြောင်းကို သူ့အမေထံမှာ တစ်လုံးမှ ဖွင့်ဟမမေးခဲ့ပေ။

* * *

www.burmeseclassic.com



သူမကို ကိုကျော့်အိမ်တွင် တွေ့လိုက်ရမည်ဟု လုံးဝ မျှော်လင်မထားပါ။ သူမက On Stage ဂျင်းရှပ် ဝါလုလုလေးနဲ့ ထမီနက်ပြာလေး ဝတ်ထားသည်။ မျက်နှာမှာ ဘာမှ လိမ်းခြယ် မထားသော်လည်း အသားလေးက ဖြူစင်ကာ တောက်ပြောင်နေ သည်။ နှုတ်ခမ်းနီ ဆိုးမထားဘဲ ပန်းနုရောင်လက်လက်ထနေသော နှုတ်ခမ်းလေးများက ပိပိရိရိလေး ကွေးညွတ်လို့။ နှုတ်ခမ်း အစွန် နှစ်ဖက်က ပါးပြင်သို့ အနည်းငယ် ကော့တက်နေသောကြောင့် သူမနှုတ်ခမ်းလေးမှာ တောင်ပံတပ်ထားသလိုလို၊ ကျွန်တော့်ကို ရယ်ပြနေသလိုလိုလို့ နိုင်ရဲ ထင်နေမိသည်။ သူမရဲ့ မျက်ခုံးတွေ ကတော့ စင်ရော်တောင် မျက်ခုံးမျိုးမဟုတ်ပါ။ မည်းမည်းထူထူ မျက်ခုံးမွေးတွေက ခူမဲတစ်ကောင် ကွေးကွေးလေး စင်းအိပ်နေပုံ ပေါ်နေသည်။ ကောင်မလေးရဲ့ အထူးခြားဆုံးအလှကတော့ ဝိုင်းဝန်း နေသော မျက်ဝန်းတွေကို ခပ်စိပ်စိပ် ကော့ပျံနေအောင် စိုက်ထားတဲ့ မျက်တောင်မွေးတွေသာ ဖြစ်သည်။ သူမ မျက်ဝန်းတစ်ခတ်မှာ လှုပ်ခတ် သွားရတဲ့ မျက်တောင်တွေက လေထဲမှာ ဝဲပျံသွားသယောင် ထင်ရ သည်။ ကျွန်တော် ဝင်လာတာကို မြင်တော့ သူမက ထူးခြားမှု တစ်စုံတစ်ရာမှမပြခဲ့။ ကျွန်တော့်ကို ဒီမှာတွေ့မယ်လို့ မျှော်လင့်ပြီး သား ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်တော်ကသာ သူမကို. . . ။

www.burmeseclassic.com



ကိုကျော်၏ မိတ်ဆက်ပေးမှုကြောင့် သူမ နာမည်ကို ကျွန်တော် သိခွင့်ရခဲ့သည်။ စံပယ်ဖြူဖွေးတဲ့။ ထိုနာမည်ထက် လိုက်ဖက်တဲ့ နာမည်မျိုး သူမမှာ မရှိနိုင်တော့။ သူမ ဘာကြောင့် ဒီကိုလာတာ ပါလိမ့်မလို့ အံ့သြနေမိသည်။

"နိုင်ရဲရေ ဒီကညီမက ဂစ်တာတီးသင်ချင်လို့တဲ့၊ စံပယ် ဖြူဖွေးတဲ့၊ ဆရာဝန်မကြီး ဒေါ်ခတ္တာရဲ့ သမီးပဲ"

သူမက တိတ်တိတ်ဆိတ်ဆိတ်ပဲ ကျွန်တော့ကို ပြုံးပြသည်။ နောက်ပြီး ဂစ်တာတီးတဲ့ ကျွန်တော့်ကိုလည်း တွေ့ဖို့ မျှော်လင့်ထားပုံ ရသည်။ ဒါပေမဲ့ ကျွန်တော့်ကိုတွေ့တော့ သူမက လှိုက်လှဲဖော်ရွေ ဟန်လည်းမပြ။ သူမနဲ့အတူ သူမအဒေါ်ကို တွေ့ရလိမ့်မည်ဟု ကျွန်တော် မမျှော်လင့်ခဲ့ပါ။

"အန်တီခင်ဗျာ. . . ကျွန်တော်အားရင်တော့ ကျွန်တော် သင်ပေးပါ့မယ်။ ကျွန်တော် မအားရင်တော့ ဒီက ညီလေး နိုင်ရဲက သင်ပေးပါ့မယ်"

ကိုကျော်က စံပယ်ဖြူဖွေးရဲ့ အဒေါ်ကို ကျွန်တော်ပါ သင်မည့် အကြောင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။ စံပယ်ဖြူဖွေ အဒေါ်ကလည်း ကျွန်တော့်ကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး နူးညံ့ညင်သာစွာ ပြုံးပြ သည်။

'ဟိုနေ့က စတိတ်ရှိုးမှာ သားတီးနေတာကို ကြည့်ပြီး အန်တီတို့တောင် ဒီကလေးလေး တော်လိုက်တာလို့ ပြောနေသေး တယ်။ အဲဒီကတည်းက သမီးက ဂစ်တာတီးချင်တယ်လို့ ပြောနေ တာ၊ အခု ကျောင်းပိတ်ရက် ဒီမှာနေတုန်း ဒီသင်တန်းကို တက်ချင် တယ်တဲ့ကွယ်။ သမီးက သီချင်းဆိုတာ ဝါသနာပါတော့ မောင်နိုင်ရဲ ကိုကြည့်ပြီး မောင်နိုင်ရဲ တီးပြီးဆိုသလို ဆိုချင်လို့တဲ့လေ"

www.burmeseclassic.com



စံပယ်ဖြူဖွေးရဲ့ အဒေါ်ကတော့ သူ့ တူမကို အလိုလိုက်ပုံရသည်။ အခုလည်း သူ့တူမ ဖြစ်ချင်တာကို အဒေါ်တစ်ယောက်အနေနဲ့ လိုက်လျောပြီး ထိန်းသိမ်းပေးချင်ပုံရသည်။ ကျွန်တော်ကတော့ စံပယ်ဖြူဖွေးကို တစ်ချက်ခိုးကြည့်လိုက်သည်။ သူမက ရောင်းဖို့ ချိတ်ဆွဲထားတဲ့ ဂစ်တာတွေကို မက်မက်မောမော စိုက်ကြည့်နေသည်။ သူမနောက်ကျောပေါ်က ဆံပင်တွေကတော့ ဖြောင့်စင်းသွယ်လျလွန်းစွာ ဝဲကျနေသည်။ အနက်ရောင် တလက်လက်ထနေသော သူမရဲ့ ဆံပင်သားများကိုပင် ကျွန်တော် စိတ်လွတ်ကိုယ်လွတ် ငေးမောနေလိုက်သည်။

"ဒါနဲ့ မောင်ကျော်ရေ သင်တန်းချိန်ရယ်၊ နေရာရယ်၊ ညဏ်ပူဇော်ခလေးရယ် အန်တီတို့ ဘယ်လိုများ ပေးရမလဲကွယ်"

"သူ့အတွက် ဂစ်တာမရှိသေးရင်တော့ ဂစ်တာတစ်လုံး ဝယ်ရပါမယ် ခင်ဗျာ၊ သင်တန်းကြေးတော့ မယူပါဘူး အန်တီရယ်။ ဒေါက်တာခတ္တာဟာ ကျွန်တော်တို့အားလုံးနဲ့ တစ်နေ့မဟုတ်တစ်နေ့ ကြုံကြရမှာဆိုတော့ ကျေးဇူးရှိပြီးသားပဲ။ နေရာကတော့ ဒီနေရာပါပဲ။ အချိန်ကိုတော့ ကျွန်တော်လည်း အလုပ်ပြီးစအချိန် ညနေ ၄ နာရီကနေ ၅ နာရီခွဲလောက်ဆိုအဆင်ပြေမှာပါ။ ကျွန်တော်နဲ့ အတူ တွဲသင်မယ့် သူကတော့ နိုင်ရဲပါပဲခင်ဗျာ"

စံပယ်ဖြူဖွေးရဲ့အဒေါ် ဒေါ်မြတ်လေးက ကိုကျော်ပြောသမျှကို ဘာမှ စောဒကမတက်ဘဲ နားထောင်နေလိုက်သည်။ စောဒကတက်လို့လည်း မရမှန်းသိသာလွန်းသည်။

"အင်းပါ သားတို့ရယ်၊ သမီးက နဂိုကတည်းက အဆိုဝါသနာပါတော့ ဒီအတိုင်းချည်းပဲ အော်အော်ဆိုနေတာ၊ ဂစ်တာတီးတတ်သွားရင်တော့ သူ့ဟာသူ ဂစ်တာတီးပြီး ဆိုလိမ့်မယ်။

www.burmeseclassic.com



အဲဒါဆို အန်တီတို့ နားထောင်ရတာ တော်တော်လေး အဆင်ပြေမယ် ထင်လို့ပါ”

ဒေါ်မြတ်လေးကတော့ တော်တော် အရွှတ်အနောက်သန်ပုံ ရသည်။ စံပယ်ဖြူဖွေးက သူ့အဒေါ်ပြောသမျှကို ပြုံးပြုံးလေး စိုက်ကြည့်ရင်း နိုင်ရဲကို ရှက်မျက်ဝန်းများနဲ့ လှမ်းကြည့်လိုက်သည်။ နိုင်ရဲကလည်း ဒီလိုမျိုး ဘယ်အလွတ်ပေးလိမ့်မလဲ။ စံပယ်ဖြူဖွေး အကြည့်မှာ မျက်ခုံးနှစ်ဖက်စလုံးကို စုံလိုက်မြှင့်တင်ပြီး ပခုံးနှစ်ဖက် စလုံးကိုလည်း ပင့်ပြလိုက်သည်။ နိုင်ရဲရဲ့ ဟန်ပန်ကိုကြည့်ရင်း စံပယ် ဖြူဖွေးကလည်း နှာခေါင်းရှုံ့ပြသည်။ ဒါကို ကိုကျော်က မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ ကိုကျော်ကတော့ မသိချင်ယောင်ဆောင်ကာ ဒေါ်မြတ်လေးနှင့် စကားဆက်ပြောနေလေသည်။

ထိုနေ့က စံပယ်ဖြူဖွေးတို့ ပြန်သွားသောအခါ ပြုံးပြုံးကြီး ေးမောကျန်ခဲ့သော ကျွန်တော့်ကို ကိုကျော် ကြည့်နေမှန်း ကျွန်တော် မရိပ်မိ။ စံပယ်ဖြူဖွေးတို့ စီးသွားသည့်ကားနောက်က ကျန်ရစ်ခဲ့သော မီးခိုးလွင့်လွင့်လေးများကိုပင် မမြင်ရတော့မှ ကျွန်တော့်အကြည့်ကို ကိုကျော့်ထံသို့ ရွှေ့လိုက်စဉ် ကိုကျော် စိုက်ကြည့်နေမှန်း သိလိုက်ရ တော့သည်။

“ဟာဗျာ. . ကိုကျော်ကလည်း” ဆိုပြီး ကိုကျော့်ကို လက်သီး ဖြင့် ရွရွလေးထိုးလိုက်သောအခါ ကိုကျော်၏ တဟားဟားရယ်သံ အောက်မှာ ကျွန်တော့်နှလုံးသားမှ အချစ်ရည်များသည် စံပယ်ဖြူဖွေး နှလုံးသားကို ပတ်ခြုံနစ်ဝင်သွားတော့သည်။

ရင်ထဲငြိသွားပြီ စံပယ်ဖြူဖွေးရေ. . .။

*　*　*

www.burmeseclassic.com

# အဖြူရောင်သက်သက်များ

သူမကို ကျွန်တော်က ဖြူလို့ ခေါ်ပါသည်။

ပထမတစ်ပတ်မှာ ဖြူ့ပုံစံက တကယ့်ကို ပြားပြားဝပ်ဝပ်။ ဖြူက သူဝယ်လိုက်သော ဂစ်တာကို အဖြူရောင် သုတ်ခိုင်းပါသည်။ ကျွန်တော်တို့ ဂစ်တာတွေမှာ ချိတ်လို့ရအောင် ဂစ်တာထိပ်မှာ ကြိုးလုံးထူကွင်းကြီး တပ်ထားပေမဲ့ ဖြူကတော့ ခပ်ရွှယ်ရွှယ် သားရည်ပျော့နဲ့ လုပ်ထားတဲ့ မျောက်ရုပ်တစ်ရုပ် တပ်ဆင်ထားပါသည်။ ဂစ်တာနာမည်ကိုတော့ 'အဖြူရောင်အိမ်'လို့ နာမည်ပေးထားသည်။ ဖြူလာတိုင်း ဖြူ့အဒေါ် ဒေါ်မြတ်လေးက ပါလာသည်။ ဖြူနံဘေးတွင် မညည်းမညူ ထိုင်ပေးနေရှာသည်။ ဖြူတို့ဘက်က ကြည့်ပြန်တော့လည်း မိန်းကလေးတစ်ယောက်တည်းက ဂီတာတီး လာသင်နေသည် ဆိုခြင်းမှာ ပတ်ဝန်းကျင် ကဲ့ရဲ့စရာ ဖြစ်နေလိမ့်မည်။ ဖြူတို့ မိသားစုက ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းသူများ ဖြစ်ကြပါလိမ့်မည်။

"မစံပယ်ဖြူဖွေး မနေ့က ပေးလိုက်တဲ့ တီးကွက်တွေ ကျင့်ဖြစ်လား"

www.burmeseclassic.com



ကိုကျော်က အိမ်စာပေးကောင်းသူပီပီ အိမ်မှာကျင့်ရန်ပညာကို နောက်တစ်နေ့တွင် မပျက်မကွက် စစ်ဆေးတတ်သည်။ သင်ခန်းစာ တစ်ခုမှာ ကျွမ်းကျွမ်းကျင်ကျင် မတီးနိုင်သရွေ့ နောက်ထပ်သင်ခန်းစာ တစ်ခုကို ထပ်တိုး၍ သင်ပေးမတတ်။ ကျွန်တော်က အများအားဖြင့် သင်ခန်းစာများကို စစ်ဆေးပြီးတိုင်း မမှန်ကန်သော တီးကွက်များကို ပြန်လည်သင်ပြလမ်းညွှန်ပေးရသည့် ဆရာတစ်ယောက်ဖြစ်လာသည်။ နောက်ပြီး ဖြူက ဒီဂစ်တာတီးတာကို အသက်မွေးဝမ်းကျောင်း လုပ်စားတာမှ မဟုတ်တာဆိုတော့ တော်ရုံ သက်လုံမကောင်းရင်လည်း ရတာပဲဟုတွက်ပြီး ကိုကျော့်အလစ်တွင် သင်ခန်းစာအသစ်တစ်ခုကို တီးနည်းသင်ပေးတတ်သည်။ ဖြူ့အဒေါ် ဒေါ်မြတ်လေးမှာလည်း သမီး ဂစ်တာခေါက်တတ်ရင်တော်ပြီ။ ဇာတ်ဘိ(တ်)ဖြစ်ရင် ဖြစ်ပါစေ လို့ ပြောတတ်သည်။ ဇာတ်ဘိ(တ်) (Beat) ဆိုတာ ဇာတ်ထဲမှာ ကြုံတဲ့သူ ဝင်တီးတဲ့ အတီးသမားတွေ တီးချင်သလို တီးကြတော့ အသံထွက်မကောင်း၊ ဘိ(တ်)မမှန်ခြင်း၊ ဆူညံတဲ့အသံဖြစ်သွားစေခြင်း တို့ကြောင့် ဇာတ်ဘိ(တ်)လို့ ခေါ်ခြင်းဖြစ်သည်။

ထိုနေ့က ပြန်ခါနီးတွင် ဖြူက ကျွန်တော့်ကို မစ္စစ္စပီသီချင်း ရသလားဟု မေးသည်။ ကျွန်တော်က ရတယ်ပြောတော့ အဲဒီသီချင်း တီးပြပါလားတဲ့။ ထိုနေ့က ဖြူနဲ့ ကျွန်တော် ထိုသီချင်းကို ပြိုင်တူ သီဆိုပြီး လမ်းခွဲခဲ့ကြသည်။

ထိုနေ့မှစ၍ ဖြူနှင့် ကျွန်တော်သည် ပြန်ခါနီးတိုင်း သီချင်း တစ်ပုဒ်ကို ပြိုင်တူဆိုပြီးမှ ပြန်တတ်တဲ့ ဓလေ့တစ်ခုကို ပိုင်ဆိုင်လာခဲ့ တော့သည်။ နောက်ရက်များတွင် ဖြူရွေးသော သီချင်းများက Yesterday , When I Need you, Hello, More than I Can say စတဲ့ သီချင်းများဖြစ်ကြသည်။ ကျွန်တော်က ဖြူ ဒီသီချင်းတွေ ရနေတာကို ထူးဆန်းစွာအံ့ဩမိတော့ ဖြူက အင်္ဂလိပ်စာဝါသနာပါလို့

www.burmeseclassic.com



စာတွေကျက်ရင်း ဖြူ့ မေမေက သီချင်းတွေပါ သင်ပေးထားကြောင်း ပြောပြပါသည်။ ကျွန်တော်တို့လို နယ်မှာတော့ ဒီလိုသီချင်းမျိုးကို ဂီတလိုက်စားသူ ယောကျ်ားလေးအချို့သာ ရကြကြောင်း ပြောသော အခါ ဖြူက သူ့ သူငယ်ချင်း ဆွေဆွေအကြောင်းကို ပြောပြကာ ရန်ကုန်မှာတော့ အံ့သြစရာ မဟုတ်ပါဘူးလို့ ပြန်ပြောလေသည်။ နောက်ပြီး ဖြူက ကိုနိုင်ရဲ ကဗျာမစပ်ဘူးလားလို့ မေးတဲ့အခါ ကျွန်တော့်မှာ ကဗျာအပြင် သီချင်းပါစပ်ကြောင်း ပြောပြလိုက်ပေမဲ့ ဖြူ မအံ့သြပါ။ ဒါပေမဲ့ ဖြူက ကျွန်တော့် ကဗျာ သီချင်းတွေရဲ့ အကြောင်းအရာကိုတော့ စိတ်ဝင်တစားရှိလှပါသည်။

"ကိုနိုင်ရဲစပ်တဲ့ ကဗျာနဲ့ သီချင်းအမျိုးအစားက ဘာတွေလဲ၊ ဖြူဆိုလိုတာက အချစ်တွေချည်းပဲလား ဆိုတာပါ"

ဖြူက ကျွန်တော် တိတ်တခိုးခေါ်တတ်တဲ့နာမည်နဲ့ သူမ ကိုယ် သူမ နာမ်စားပြု၍ ပြောလိုက်သောအခါ ဒါဟာ တိုက်ဆိုင်မှု ထက် လွန်ကဲနေပြီလို့ ကျွန်တော့်ဘာသာ တွေးမိသည်။ ဒီအချိန်မှာ ဖြူနဲ့ ကျွန်တော်တို့ ကျွန်တော်ကိုယ်တိုင်ပင် ယှဉ်တွဲ မတွေးသေးရဲ အောင် ဖြူ့အရှိန်အဝါက ကြီးလွန်းသည်။

"အချစ်ထက် ဘဝရဲ့ စိတ်ခံစားချက်လေးတွေကို ဦးစားပေး တဲ့ စာသားတွေ သုံးဖြစ်တာများပါတယ်"

"အဲဒါ ဘာကြောင့်လဲ၊ မိသားစုကြောင့်လား၊ တခြား ပြင်ပ ပယောဂကြောင့်လား၊ ဒါမှမဟုတ် ကိုနိုင်ရဲဖတ်တဲ့ စာအုပ်တွေ ကြောင့်လား"

ကျွန်တော် ဖြူ့ကို ဂစ်တာတီးနေရာမှ ရပ်ကာ တအံ့တသြ မော့ကြည့်မိသည်။ သူမက ဒီနေ့မှာတော့ ဆံပင်များကို ကျစ်ဆံမြီး ကျစ်လာသည်။ သူမ မျက်နှာပေါ်မှာရှိတဲ့ တစ်ခုချင်းစီရဲ့ အလှကို ဖုံးကွယ်ထားတဲ့ ဆံနွယ်မျှင် တစ်ပင်တလေမှ မရှိချေ။ သူမမျက်နှာ

www.burmeseclassic.com



တွင် ပျို့မျစ်မှုနှင့်အတူ ရင့်ကျက်တည်ငြိမ် ပြည့်ဝမှုကလည်း အပြည့် ဖြစ်သည်။

"ကျွန်တော့် မိသားစုကတော့ သာမာန် ပျော်ရွှင်ရတဲ့ ကမ္ဘာလေးပါ၊ ကျွန်တော့်မိဘတွေက တည်ငြိမ်တယ်၊ အေးဆေးတယ်၊ ရိုးသားတယ်၊ သားသမီးတွေကို ပညာသင်ပေးနိုင်တယ်။ ဒါလောက်ပါပဲ။ ဒီ့ထက်လည်း မပိုဘူး၊ မလျော့ပါဘူး။ ကျွန်တော်တို့ကိုလည်း နည်းလမ်းစနစ်ကျအောင် ဆုံးမသွန်သင်နိုင်ပါတယ်။ ကျွန်တော်တို့ ဖြစ်ချင်တာနဲ့ ကျွန်တော့်အမေတို့ ဖြစ်ချင်တာတွေဟာ ခုချိန်ထိ တစ်သားတည်းမကျသေးပေမဲ့ ကျွန်တော်တို့ဟာ တစ်ယောက်အပေါ် တစ်ယောက် လိုက်လျောဖို့ ဝန်မလေးတတ်ပါဘူး"

"နောက်ပြီး ကျွန်တော်က စာအုပ်ဖတ်တယ်။ ကျွန်တော်ဖတ်ဖို့ လမ်းညွှန်ပေးတဲ့သူကတော့ ကျွန်တော့်ရဲ့ဆရာ ကိုကျော်ပါပဲ"

ဖြူကလည်း စနစ်ကြီးသော၊ တော်သော ကိုကျော့်ကိုတော့ လန့်ပုံရသည်။ နောက်တစ်နေ့ အိမ်စာမရခဲ့ရင် ဖြူက တစ်နာရီခန့် စောလာတတ်ပြီး ဆရာ ဖြူ ဒီအကွက် အပြောင်းအလဲလေး မပြောင်းတတ်လို့ အဲဒါလေး ပြန်သင်ရအောင် စောလာမိပါတယ်လို့ ပွင့်ပွင့်လင်းလင်း ဝန်ခံပြီး ပညာသင်တတ်သူဖြစ်သည်။ ထိုအခါတိုင်း ကိုကျော်က-

"ဆရာဝန်မကြီးသမီး မပြောရဘူး သိမ်မွေ့တယ်၊ နူးညံ့ ညင်သာတယ်၊ တတ်ချင်တဲ့ ပညာကို တတ်အောင် သင်ချင်တဲ့ ဆန္ဒရှိတယ်"တဲ့။

ထိုနေ့က ပြန်ခါနီးအချိန်မှာ ကျွန်တော်နဲ့ဖြူ နှစ်ယောက် သီဆိုသော သီချင်းမှာ Hey Love သီချင်းဖြစ်ပါတယ်။ သီချင်း ဆိုပြီး ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ချက်ချင်း မျက်နှာလွှဲခဲ့ကြသည်။ ကျွန်တော်နဲ့ ဖြူ ကြားတွင်

www.burmeseclassic.com



ဂီတသံစဉ်များမရှိလျှင် တိတ်ဆိတ်ခြင်းသာ အစဉ်ကြီးစိုးနေတတ်ပါသည်။ ကျွန်တော်ကလည်း ဖြူ့ကို အခြား အာလာပသလ္လာပစကား မပြောရဲသလို ဖြူကလည်း မပြောရဲပါ။ သီချင်းဆိုပြီးသွားတိုင်း ဒီသီချင်းရေးစပ်သူ၊ ဆိုသူတွေက ဘယ်လိုဆိုပြီး စကားစလို့ ရပေမဲ့ ဖြူ့အဒေါ် ဒေါ်မြတ်လေးက ပြန်ဖို့ မတ်တတ်ထရပ်ပြီး ဖြစ်နေတတ်သည်။

ဒီနေ့တော့ ဒေါ်မြတ်လေးက ကိုကျော်နှင့် ဘာစကားတွေ ပြောနေကြသလဲမသိချေ။ ဒေါ်မြတ်လေးက ဖြူ့ထံသို့ လျှောက်လာပြီး "သမီး ညည်းဆရာကို သတင်းတစ်ပုဒ် ဖတ်ပြလိုက်စမ်းပါ၊ သမီးအသံကို စစ်ဆေးကြည့်ရအောင်လေ"

ဖြူက ဒေါ်မြတ်လေးစကားကြောင့် ကျွန်တော့်ထံ တစ်ချက် ခိုးကြည့်လိုက်သည်။ ကျွန်တော်က ကြောင်အစွာဖြင့် ဒေါ်မြတ်လေး ပြောလိုက်သောစကား အဓိပ္ပာယ်ကို သဘောမပေါက်စွာ ရှိနေတော့သည်။ ဖြူက ဘာသတင်းကို ဖတ်ရမှာလဲ ဆိုတဲ့ ကျွန်တော့်သိချင်စိတ်များ မျက်ဝန်းမှာ ပေါ်နေတာကို ဒေါ်မြတ်လေးကပင် ကူညီဖြေရှင်းပေးခဲ့သည်။

"မင်းညီမက သတင်းကြေညာသူတစ်ယောက် ဖြစ်ချင်တာတဲ့၊ ဖြစ်နိုင်ရင် CNN သတင်း ကြေညာသူလေ။ အဲဒါ ဖြစ်နိုင် မဖြစ်နိုင် အသံစစ်ဆေးကြည့်ချင်လို့ပါ"

နိုင်ရဲက ဖြူ့ကို နူးညံ့သိမ်မွေ့စွာ ကြည့်နေသည်။ အစ်ကို တစ်ယောက်က ညီမတစ်ယောက်ကို လိုက်လျောပြီး ဖြစ်ခွင့်ပေးတဲ့ သဘောထက် ညီမရဲ့ ရည်မှန်းချက်ကို ဂုဏ်ယူအားရ ကျေနပ်ဟန် ပေါ်လွင်လွန်းနေသည်။ နိုင်ရဲကိုကြည့်နေသော ဖြူ့စိတ်ထဲမှာလည်း အစ်ကိုတစ်ယောက်၏ ကျေနပ်အားရဟန်ကို တွေ့လိုက်ရသဖြင့် ကလေးငယ်တစ်ယောက်လို ပျော်ရွှင်သွားတော့သည်။

www.burmeseclassic.com



ဖြူက ဘာမပြော ညာမပြော ကိုကျော့် ဆက်တီခုံပေါ်ရှိ အင်္ဂလိပ်စာအုပ် တစ်အုပ်ကို ကောက်ယူလိုက်သည်။

ဖြူ့အသံအောက်တွင် ကျွန်တော်တို့ တွေးငေးနေကြသည်။ ဖြူရဲ့ အသံထွက် အဖြတ်အတောက်ကြားတွင် ကျွန်တော်တို့ နစ်မြောနေကြသည်။ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထအောင် ရင်ထဲမှာ တလှပ်လှပ်နဲ့ ခံစားနေရသည်။ သိပ်တော်ပါလား ဆိုတဲ့အသိထက် လေးစားဂုဏ်ယူမိတဲ့အသိက ပိုကဲနေလိမ့်မည်။ ကျွန်တော်တောင် ဖြူ့လောက်မှ ချောချောမွေ့မွေ့ ဖတ်နိုင်ပဲ့မလား။ ဖြူက ထိုင်ဖတ်နေရာမှ ရုတ်တရက်ထလိုက်ပြီး လမ်းလျှောက်ရင်း ခြေဟန်လက်ဟန်ဖြင့် ဆက်ဖတ်နေသည်။

ဖြူ့အသံက ထူထူပြည့်ပြည့်၊ ကြည်ကြည်လင်လင်။ သာမန် အောက်သံမဟုတ်၊ အသံသြဇာနှင့် ပြည့်စုံလွန်းသည်။ စာဖြတ် အကျအန ကောင်းသည်။ စကားလုံးတိုင်း ပီသသည်။ ကျွန်တော် ဖြူ့ကိုကြည့်ရင်း ဖြူ့အတွေးအခေါ် အယူအဆတွေကို အားကျလာမိ သည်။ ဖြူသည် သာမန် ကိုးတန်းဖြေထားသော ကျောင်းသူ တစ်ယောက် မဟုတ်။ ဖြူ့ဉာဏ်ရည်က ကျွန်တော့်ထက်ပင် မြင့်နေ သလားလို့တောင် ကျွန်တော်ထင်မိသည်။ ဖြူဟာ ဆရာဝန်မကြီး သမီးဖြစ်တာကြောင့် မထူးဆန်းပါဘူးဟု ပြောချင် ပြောလို့ရပေမဲ့ ဖြူဟာ ကျွန်တော့်အတွက်တော့ အလွန် ထူးခြားပါသည်။

ဖြူ စာဖတ်တာပြီးသွားသောအခါ မြန်မာ့အသံမှာ ပြောနေကျ အတိုင်း Thanks for joining us. Good Luck, ပြောလိုက် တဲ့အခါ ကိုကျော်က-

"စံပယ်ဖြူဖွေးအတွက် ဂုဏ်ယူပါတယ်။ ကျွန်တော့် အသိ မိတ်ဆွေထဲမှာ ဒီလိုတော်တဲ့ မိန်းကလေးဟာ သမီးတစ်ယောက် တည်းပါ"

www.burmeseclassic.com



"ကျွန်တော် ဖြူ့ကို လေးစားပါတယ်"

ကျွန်တော့်ရဲ့ စကားကို ဖြူက မျက်ဝန်းနက်နက်များဖြင့် တုံ့ပြန်ပါသည်။

"ဖြူ ဖြစ်ချင်တဲ့ CNN သတင်းကြေညာသူ ဖြစ်ရမှာပါ"လို့ ကျွန်တော် ပြောလိုက်တဲ့အခါကျတော့ ဖြူက လွတ်လွတ်လပ်လပ် ရယ်မောလိုက်ပြီး ကျေးဇူးပဲ ကိုနိုင်ရဲလို့ ပြောသွားပါသည်။

ထိုည အိပ်မက်ထဲမှာ ကျွန်တော်က အဆိုတော်တစ်ယောက် ဖြစ်ပြီး ဖြူက သတင်းကြေညာသူတစ်ယောက် ဖြစ်နေသည်။ ကျွန်တော်နှင့် ဖြူတို့တွင်. . .။ အိပ်ရာနိုးနိုးချင်း ထိုအိပ်မက်ကို ဖြူသာ သိသွားရင်လို့ တွေးမိသေးသည်။ ထိုအတွေးကို နောက် နှစ်ပေါင်းများစွာတိုင်အောင် ကျွန်တော် မမေ့နိုင်တော့ချေ။

* * *

www.burmeseclassic.com



မနက်ဖြန် ဖြူ ရန်ကုန်ကို ပြန်တော့မည်။ ဖြူနဲ့ ဆိုဖြစ်သော သီချင်းက Take me Home Country Road သီချင်းဖြစ်သည်။ ထိုသီချင်း ဆိုသွားပြီးပေမဲ့ ဖြူက A ရဲ့ 4 Note ဖြစ်တဲ့ D ကီးကို ပြောင်းတီးလိုက်သည်။ သူမ ပြောင်းတီးလိုက်တော့ ကျွန်တော်ပင် ကြောင်အနေသေးသည်။ Top of the World သီချင်းကို စဆို လိုက်တော့ ကျွန်တော်လည်း နောက်က လိုက်ဆိုရသည်။ ဖြူ့အဒေါ် ဒေါ်မြတ်လေးက ဖြူအနားလာထိုင်ပြီး ဖြူနဲ့အတူ သီချင်းလိုက်ဆို သည်။ ကော့ဒ်နောက်တစ်ခု ပြောင်းခါနီးတိုင်း ဖြူက ကျွန်တော့်ကို မကြည့်ဘဲ သူမရဲ့ လက်ကွက်တွေကို ငုံ့ကြည့်သည်။ ကျွန်တော် ကလည်း ဖြူ့ Intro ကို ဂရုတစိုက် နားထောင်ရသည်။ ကိုကျော် ကပါ ရစ်သမ်ဂစ်တာ နောက်တစ်လုံးနဲ့ ဝိုင်းဖြည့်လိုက်တီးသောအခါ ကျွန်တော်နဲ့ ဒေါ်မြတ်လေးက အဆိုသက်သက် သီဆိုသူ ဖြစ်သွား တော့သည်။ ထိုနေ့က သီချင်း ၁၂ ပုဒ်ကို မရပ်မနား တီးခတ်ပြီးသော အခါ ကျွန်တော်တို့ရဲ့အဖွဲ့ကို ကိုကျော်မှ ရပ်တန့်ရန် ဆုံးဖြတ် လိုက်သည်။ ဖြူက သူမရဲ့ နီရဲနေသော လက်ထိပ်လေးတွေကို လက်မလေးနဲ့တို့ထိရင်း ကိုကျော့်အား ပြန်တော့မည့်အကြောင်း နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com



ဖြူ့ကို လွမ်းမောစွာ ကြည့်နေမိသော ကျွန်တော့်ကိုတော့ အပြုံးယဲ့ယဲ့လေးဖြင့် နှုတ်ဆက်ရှာသည်။ ကျွန်တော်တို့ ပြန်တွေ့ကြပါမလားဆိုတဲ့အတွေးက ကျွန်တော့်ကို ပိုမိုထိခိုက် ကြေကွဲစေသည်။ ဖြူက ကျွန်တော့်အိမ်လိပ်စာ မတောင်းသလို ကျွန်တော်ကလည်း ဖြူ့အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ကို မတောင်းခဲ့ချေ။ ဖြူသတိရရင် ပုသိမ်ကိုလာပါ ဖြူ ဖြူ ကျွန်တော့်ကို သတိရရင် ကျွန်တော်နေထိုင်တဲ့ ပုသိမ်ကိုလာပါလို့ ကျွန်တော့်ရင်ထဲက ပြောနေမိသည်၊

ကျွန်တော်နဲ့ ဖြူ အကြား တည်ရှိသွားတဲ့ အဖြူရောင် သံယောဇဉ်တွေဟာ ဘယ်တော့မှ မပျက်ပြယ်နိုင်တော့ဘူး ဆိုတာ ဖြူရော ကျွန်တော်ရော နားလည်ထားကြသည်။ ဒီအချိန်မှာ ဖြူကလည်း အဖြူရောင်ကနေ ပွန်းပဲ့မခံချင်သလို ကျွန်တော်ကလည်း အဖြူရောင်လေး ပွန်းပဲ့သွားဖို့ လှုံ့ဆော်မိမှာ မဟုတ်ပါဘူး။ ဖြူကျွန်တော့်အပေါ် သံယောဇဉ် ရှိသည်။ အထင်ကြီးလေးစားသည်။ ကျွန်တော်လည်း ဖြူ့အပေါ် သံယောဇဉ်ရှိသည်။ ဖြူ့ကို အထင်ကြီးလေးစားသည်။ ကျွန်တော်နဲ့ ဖြူ့ကြားမှာ အချိန်တစ်ခုသာ လိုပါလိမ့်မည်။ ထိုလိုတဲ့အချိန်တွင်. . .

ဖြူ စီးသွားသောကား၏ အိတ်ဇောပိုက်မှ ထွက်ကျန်ခဲ့သော မီးခိုးလုံးတွေကိုကြည့်ရင်း ကျွန်တော့်မှာ ဆုံးရှုံးမှုတစ်ခုကို ရရှိလိုက်သလိုမျိုး အရာအားလုံးနှင့် လွတ်ကင်းနေသလိုကြီး ခံစားလိုက်ရသည်။ တဒိန်းဒိန်းနှင့် နှလုံးခုန်သံဟာ ချစ်သူကို တွေ့လိုက်ရင်ပဲ ဖြစ်တတ်တယ်လို့ ထင်ခဲ့ပေမဲ့ ချစ်ရသူ ဖြူ နှုတ်ဆက်ပြန်သွားသောအခါ မနက်ဖြန်မှာ ဖြူ မရှိဘူး၊ သန်ဘက်ခါမှာ ဖြူနဲ့ မတွေ့ရဘူးဆိုတဲ့ အသိကြောင့် ရင်ထဲမှာ တဒိန်းဒိန်း ဆူညံကျန်ရစ်ခဲ့သည်။

www.burmeseclassic.com



ဖြူ့ရင်ထဲကို ကျွန်တော် ထိုးဖောက်ဝင်ခဲ့ပြီးပြီပဲလို့ ကိုယ့်ဘာသာ စိတ်ဖြေပေမဲ့ ဖြူနဲ့ မတွေ့ရတော့ဘူး ဆိုတဲ့ အသိက ကျွန်တော့်ကို တဒင်္ဂ ရှုးသွပ်စေသည်။ ဖြူနဲ့အတူ သီချင်းသီဆိုခွင့်တွေ ဆုံးရှုံးသွားရခြင်းကို ကျွန်တော် အရမ်းနှမြောမိသည်။ ဖြူရဲ့ ရုံးပတီသီး လက်ချောင်းနုနုဖွေးဖွေးလေးတွေ လှုပ်ခတ်နေတတ်တာ၊ ဖြူ့ရဲ့ ဖြူစင်တဲ့လက်သည်းလေးတွေ ပြေးပြေးလွှားလွှား ရှိနေတတ်တာ လေးတွေကို ရုတ်တရက် မေ့ပစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ကျွန်တော်နဲ့ ဖြူ ကြား အပိုစကားတစ်ခွန်းမှ ပြောခွင့်မရခဲ့ပေမဲ့ အပိုကြည့်တွေကပင် ကျွန်တော့်ကို တစ်ဘဝစာလုံး မျှော်လင့်ချက်တွေ ပေးသွားခဲ့ပြီ။ ဖြူက အရာရာကို ပါးနပ်လိမ္မာ သိုသိပ်စွာ ရယူတတ်သူတစ်ဦးပီပီ ဖြူ့အိပ်မက်မှာ ကျွန်တော် ပျော်ဝင်နေရုံသက်သက် ပြုစားသွားသည်။ ကျွန်တော့် အိပ်မက်တွေထဲလည်း လှပစွာလှမ်းလာပြီး အိပ်မက်တွေကို ထိန်းချုပ်သွားသည်။ ဖြူနဲ့အတူ ဆိုခဲ့တဲ့ Yesterday သီချင်းက ဒီနေ့မှ ပိုရက်စက်လွန်းစွာ ရှိလွန်းနေသည်။

> မနေ့ကတော့ ငါ့မှာရှိတဲ့ ဒုက္ခဆွေး အခက်အခဲတွေဟာ အဝေးမှာပေါ့၊ အခုတော့ အဲဒါတွေက ငါ့ကို ကိုယ်ထင်ပြလို့ ငါ တကယ်ပျော်ခဲ့တာ မနေ့ကပါ။

* * *

www.burmeseclassic.com

# အဖြူရောင်သက်သက်ထုထည်

ကျွန်တော် ဆယ်တန်းအောင်စာရင်း ကြည့်ပြီးသောအခါ ကျွန်တော့်ကို မျှော်နေသော အမေ့ထံသို့ စက်ဘီးတအားနင်းကာ ပြန်လာခဲ့သည်။ အမေ မျှော်လင့်တဲ့အတိုင်း၊ အမေ အောင်စေချင်တဲ့ အတိုင်း စာမေးပွဲကို ကျွန်တော်အောင်ခဲ့သည်။ အိမ်သို့ မရောက်ခင် ကတည်းက အိမ်ဝတွင် အမေရပ်နေတာကို လှမ်းမြင်ရသည်။ အမေက ကျွန်တော့်ကို ပြုံးရွှင်စွာ ဆီးကြိုနေတော့ ကျွန်တော်ပင် ဇဝေဇဝါ ဖြစ်သွားသည်။ ကျွန်တော် အောင်စာရင်းကြည့်ပြီး ပြန်လာချိန်က မနက် ၆ နာရီတောင် မထိုးသေး။ အမေက ကျွန်တော့် အောင်စာရင်းကို ကြိုသိနှင့်နေပြီလား။ အောင်စာရင်း ကပ်ပြီးပြီးချင်း ကျွန်တော့်ကိုကြည့်၍ ပြန်လာခြင်းဖြစ်သည်။ ကျွန်တော့်မှာ မေမေ့ကို ပြန်ပြောချင်ဇောဖြင့် တခြား သူငယ်ချင်းများ အောင် မအောင်၊ ကျ မကျကိုပင် မကြည့်ပေးခဲ့။

"Congratulation နိုင်ရဲ"

မေမေက အနောက်တိုင်းဟန်ဖြင့် ပါးစပ်မှ နှုတ်ဆက်လိုက်သလို လက်မှလည်း ဘယ်လက်ကို ကမ်းပေးသည်။

www.burmeseclassic.com



"Thank You ပါ မေမေ"

ကျွန်တော်က မေမေ့ကို တည်ငြိမ်စွာပင် ပြန်နှုတ်ဆက်လိုက်သည်။

"ဒါဆို ကျွန်တော် သူငယ်ချင်းတွေရဲ့ အောင်စာရင်း သွားကြည့်လိုက်ဦးမယ်၊ မေမေ့ကို ကျွန်တော်အောင်တာ ဘယ်သူ လာပြောသွားတာလဲ"

ကျွန်တော်က ဒေါက်ထောက်ထားသော စက်ဘီးကို ဒေါက်ဖြုတ်၍ ပြန်ထွက်မည်ပြုလိုက်သည်။ မေမေက ကျွန်တော့်ကို ပြုံးကြည့်နေရာမှ-

"နေဦးသား. . . ဂုဏ်ထူး ဘယ်နှခုထွက်တာလဲ"

မေမေက ကျွန်တော့်မေးခွန်းကို မဖြေဘဲ မေးခွန်းပင် ထပ်မေးလိုက်သေးသည်။

"လေးခုလေ မေမေရဲ့ ပိုက်ကောင်းတာက အင်္ဂလိပ်စာ ဂုဏ်ထူးထွက်တာပဲ"

အင်္ဂလိပ်စာ ဂုဏ်ထူးထွက်တာကို မေမေက ပိုက်ကောင်းတယ်လို့ သတ်မှတ်ချင်မှ သတ်မှတ်ပေမဲ့ ဖြူကတော့ သတ်မှတ်ပါလိမ့်မည်။ ဖြူ့ထက် ကျွန်တော် အင်္ဂလိပ်စာ မညံ့ကြောင်း ဖြူသိသွားလိမ့်မည်။ အို. . . ကျွန်တော့်ဖြူက သိပြီးသား ဖြစ်နေပါလိမ့်မည်။

အောင်စာရင်းကို နောက်တစ်ခေါက် ပြန်ကြည့်အပြီးတွင် ကိုကျော့်အိမ်ကို သွားခဲ့သည်။ ကိုကျော်က "မင်းကို မျှော်နေတာကွ" လို့ ဆီးကြိုနှုတ်ဆက်ရင်း ကျွန်တော့်ကို ပွေ့ဖက် နှုတ်ဆက်သည်။

"ငါ့မှာ ဆရာဝန်လေးတစ်ယောက်ကို မွေးမြူပေးခွင့်ရခဲ့တာ၊ ငါ့တပည့်ဟာ ငါ့ထက်တော်နေတာ၊ အဲဒါ ငါ့ပီတိပဲ။ ငါ ဘယ်တော့မှ မမေ့ဘူး။ မင်း ဆရာဝန်လိုင်းရော၊ အတီးသမားလိုင်းမှာပါ ဆက်

www.burmeseclassic.com



ကြိုးစားပါ။ ငါဟာ မင်းအတွက် အမြဲဂုဏ်ယူနေသလို ငါ ဂုဏ်ယူနိုင်အောင်လည်း မင်းအောင်မြင်ရမယ်”

ကိုကျော့်စကားတွေကတော့ ကျမ်းဖွဲ့လောက်တယ်လို့ ပြောမလို့ စိတ်ကူးမိပေမဲ့ မပြောဖြစ်။ ကိုကျော့်မျက်ဝန်းတွေ စူးရှလင်းလက်လွန်းသည်။ ကိုကျော့်မေးရိုးတွေ ခိုင်မတ်လွန်းသည်။ ရည်ရွယ်ချက်ကြီးမားသည့် အစ်ကိုတစ်ယောက်ရဲ့ မျှော်လင့်ချက်တွေ၊ ဆုံးမစကားတွေကို ကျွန်တော် ပြက်ရယ်မပြုသင့်ပေ။

“ဟုတ်ကဲ့ပါ ကိုကျော်၊ ကျွန်တော် ကြိုးစားပါ့မယ်”ဟု လေးလေးနက်နက် စကားတစ်ခွန်းတော့ပြန်ပြောမိသည်။ ဒီအချိန်မှာ ကိုကျော့်ဆီမှာ ကျွန်တော်သိချင်တာ တစ်ခုရှိနေသည်။ ထိုအရာက ဖြူ့တယ်လီဖုန်းနံပါတ်ပင် ဖြစ်သည်။ ဖြူ ကိုကျော့်ကို တယ်လီဖုန်းနံပါတ် ပေးထားလိမ့်မည်ဟုလည်း ထင်နေမိသည်။ ကျွန်တော့်လိပ်စာ မတောင်းသော ဖြူ့ကို အလိုက်သိစွာ ကျွန်တော်ကလည်း ဖြူ မပေးချင်သေးသော လိပ်စာနဲ့ ဖုန်းနံပါတ်ကို မတောင်းခဲ့ချေ။

အခု ကျွန်တော် ဖြူ့ထံ ဖုန်းဆက်ချင်သည်။ ကျွန်တော့်အောင်မြင်မှုကို ကြွားဝါလိုခြင်းထက် ကျွန်တော်၏ အနာဂတ်ကို ပုံဖော်နိုင်မယ့် အချက်အလက်တစ်ခု ပေးချင်သောကြောင့်ဖြစ်သည်။ ကျွန်တော် မရိုးမရွဖြစ်နေပုံကို ကိုကျော်က သတိပြုမိသွားပြီး ပြုံးစိစိလုပ်နေသည်။

‘ဆရာဝန်လေး၊ ဖုန်းဆက်ချင်နေတယ် မဟုတ်လား။ ဖြူကတော့ ဖုန်းနံပါတ်ပေးသွားတယ်။ သူ့ကို တိုက်ရိုက်မခေါ်ပါနဲ့တဲ့။ သူ့ရဲ့ အတွင်းရေးမှူး ဒေါ်မြတ်လေးကို မှာစရာရှိတာ မှာခဲ့ပါတဲ့။ နောက်ပြီး ကိုကျော်ပဲ အန်တီ့ကိုဆက်ပြီး ဖြူ့ကို ပြောပေးပါလို့ ပြောပါတဲ့။ ငါ့အထင်တော့ မင်းအောင်စာရင်းထွက်မယ့် သတင်းကို

www.burmeseclassic.com



ဖြူက ဒီလိုပုံစံနဲ့ ကြားချင်တယ်ထင်တယ်။ တော်ကြာမှ တယ်လီဖုန်းရုံးကို သွားပြီးဆက်ကြတာပေါ့”

ကိုကျော်က အရာရာကို နားလည်စွာ ညှိနှိုင်းပေးနေသည်။ ဖြူ ဒီလိုမှာမသွားလည်း ကျွန်တော်က ဒီပုံစံအတိုင်းဆက်ဖို့ စိတ်ကူးပြီးသားဖြစ်သည်။ ဖြူက စည်းကမ်းကြီးတဲ့ မိသားစုဝင်ထဲက မိန်းကလေးဆိုတော့ ကျွန်တော်က အရာရာကို နားလည်ပြီး ဆင်ခြင်နိုင်မှ တန်ကာကျပေလိမ့်မည်။ “ကိုကျော် အတော်ကြာမလုပ်နဲ့၊ အခုသွားမယ်၊ အခုလောက်ဆို ဖြူ မျှော်နေရောပေါ့’ ဟု စိတ်မရှည်စွာ ဆော်ဩလိုက်ရသည်။ တစ်ခါတစ်ခါတော့လည်း ထိန်းချုပ်ထားပေမဲ့ အမူအရာတွေ ပျက်နိုင်တာပဲလို့ ကိုယ့်ဘာသာ သတိထားမိသေးသည်။ ကိုကျော်က ကျွန်တော့်ကို စနောက်ချင်ဟန်ဖြင့် အိမ်သာဝင်ဦးမယ်ကွာလို့ ပြောသေးသည်။ ဟာ ကိုကျော်ကလည်းလို့ ပျာယာခတ်သွားတဲ့အခါ “ဆရာဝန်လေး နော်”တဲ့။

ထင်တဲ့အတိုင်းပဲ ဖုန်းဘေးနားမှာ ဖြူရှိနေပေမဲ့ ဖုန်းကိုင်သူကတော့ ဒေါ်မြတ်လေးပင် ဖြစ်သည်။ ဒေါ်မြတ်လေးကလည်း ရိုးသားစွာနဲ့ “မောင်နိုင်ရဲရဲ့ အောင်စာရင်းသတင်း တို့တူအရီးနှစ်ယောက် ထိုင်စောင့်နေကြတာ။ မင်းတို့က အခုမှဆက်တယ်ကွယ်လို့”ပြောပါသည်။ ဒေါ်မြတ်လေးကလည်း ကျွန်တော့်အပေါ်သံယောဇဉ်ရှိပုံရပါသည်။ ဖြူနဲ့ ကျွန်တော့်ကို ခွဲမမြင်နိုင်သေးသောကြောင့်သာ ကိုကျော်ကတစ်ဆင့် ဒီလိုစကားမျိုး ပြောခြင်းဖြစ်ပါလိမ့်မယ်။

“ဖြူက ပြောတယ်၊ နိုင်ရဲ အင်္ဂလိပ်စာ ဂုဏ်ထူးထွက်တဲ့အတွက် သူ အရမ်းဝမ်းသာတယ်တဲ့။ သူ့အတွက် အားလည်းပိုရှိသွားပြီတဲ့။ ကျေးဇူးပဲ၊ ဂုဏ်ယူပါတယ်တဲ့။ ပုသိမ်လာမှပဲ ဂုဏ်ပြုလက်ဆောင် တစ်ခုခု ပေးပါဦးမယ်တဲ့”

www.burmeseclassic.com



ကိုကျော့်စကားသံ အမုန်းဆုံးအချိန်ကို ပြပါဆိုလျှင် ခုနက ပြောခဲ့တဲ့ စကားလို့ပင် ပြောရမည်။ ဖြူကိုယ်တိုင်က ဒီလို သတင်း စကားမျိုးထက်တော့ ပိုပြောတတ်လိမ့်မည်။ လေယူလေသိမ်း ဒါ့လောက်ပြတ်သားမှာမဟုတ်။ ဘာပဲဖြစ်ဖြစ် ဖြူအသံ မကြားရ ပေမဲ့ ဖြူ့လေးစားဂုဏ်ယူ ကျေနပ်မှုကို အပြည့်အဝ ရရှိခဲ့တဲ့ သူတစ်ယောက်ဖြစ်ခွင့်ရတဲ့ စကားမျိုး ကြားခွင့်ရတဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာသည်။

ဖြူ့ထံသို့ ကျွန်တော့်အရိပ်တွေ တစ်ရစ်ပြီးတစ်ရစ် ပုံအောနေစေပြီးမှ ခြေသံဖွဖွနှင့် နင်းဝင်သွားတော့မည်လို့ ဆုံးဖြတ်မိတော့သည်။

* * *

www.burmeseclassic.com



"ကောင်လေး ဖြူ့မေမေ ပြောင်းတော့မှာ သိလား"

မထင်မှတ်သော စကားကြောင့် ကျွန်တော် တော်တော်လေး သွေးဆူသွားခဲ့ရသည်။ ဆယ်တန်းစာမေးပွဲပြီးလျှင် ဖြူ လာလိမ့်မည်ဟု ထင်ခဲ့သော်လည်း ဖြူရောက်မလာခဲ့။ ယခု ဖြူ့မေမေ ပုသိမ်မှ ပြောင်းရွှေ့ရတော့မည်ဆိုတော့ ကျွန်တော့်ရင်ထဲ လွမ်းလွမ်းဆွေးဆွေး ရှိလွန်းသွားသည်။ ဖြူနဲ့ ကျွန်တော် ဆုံနိုင်ပါ့မလား. . .။ ကျွန်တော် ရင်ထဲ မောသွားသည်။

"ကောင်လေးနော်. . . ဘာလို့ ငြိမ်ချက်သား ကောင်းသွားတာလဲ၊ ငါပြောတာ ဖြူ့မေမေ ပြောင်းတော့မယ်လို့ ပြောတာ. . . ဟား ဟား. . . ကောင်လေး မင်း ဖြူ့ကို . . . "

"ဟာဗျာ. . . ကိုကျော်ကလည်း"

ကျွန်တော့်ရင်ထဲ ဖြူ့အစိုင်အခဲကို ကိုကျော်က စနေခြင်း ဖြစ်သည်။

"မင်း. . . ဖြူ့အကြောင်း ဘာမှမမေး။ ဘာမှမပြောတော့လို့ ဖြူ့ကို မေ့သွားပြီလို့ပဲ ထင်တာ၊ အခုတော့ မင်းက ဆင်ကြံ ကြံနေတာကိုး"

www.burmeseclassic.com



ကိုကျော်ကတော့ ကျွန်တော့်အမြုတေတွေကို ထုတ်နှုတ်ကောက်ချက်ချနေသည်။ ကျွန်တော့်ရင်ထဲက ပထမဆုံး အထင်ကြီးလေးစားခဲ့တဲ့ ဖြူ့ကို ကျွန်တော် ဘယ်လိုမေ့နိုင်မှာလဲ။ မဖြစ်နိုင်တာလို့ စိတ်ထဲက တီးတိုးပြောနေမိသည်။

"ဖြူ့ကိုလွမ်းတိုင်း ဂစ်တာတီးမိတယ်။ အင်္ဂလိပ်သီချင်းတွေကျက်မိတယ်။ ကျွန်တော် ဖြူ့ကို စွဲစွဲလမ်းလမ်း ဖြစ်နေတာတော့ သေချာတယ်ဗျ"

ကျွန်တော့်စကားကို ကိုကျော်က ကျေနပ်ပုံမပေါ်။ ခပ်တွေတွေစဉ်းစားနေရာမှ-

"မင်းကလည်း စကားလုံး ချွေချွေတာတာ ရှိလိုက်တာ ချစ်နေရင် ချစ်နေတယ်ပေါ့"

ချစ်တယ်. . . ဟုတ်လား. . ချစ်တယ်။ ဖြူ့အပြုံးတွေကို မြင်ယောင်သည်။ ဖြူနှင့်တွေ့တိုင်း အေးစက်တုန်လှုပ်ခဲ့သည်။ ဖြူ့စကားလေးတွေကို လေးလေးနက်နက် နားထောင်ခဲ့မိသည်။ ဖြူ့ကိုတွေ့ချင်သည်။ အင်း. . အဲဒါတွေက အချစ်ဆိုရင် ကျွန်တော့်ရင်ထဲမှာ ဖြူ့ရဲ့ပုံရိပ်တွေက နေရာယူလွှမ်းသွားသည်။

"ကျွန်တော် ဖြူ့ကို ချစ်တယ်ဆိုတာ သေချာတယ်ဗျာ"

"ခွေးကောင် မင်းကပဲ ကြီးကြီးကျယ်ကျယ်"

ကျွန်တော်တို့ တဟားဟား ရယ်မောရင်း အလွမ်းဖြေခဲ့ရတာ ဖြူသိလိုက်ရင်. . .

* * *

www.burmeseclassic.com



ကျွန်တော် ပြင်ဆင်နေတာကို ကြည့်နေတဲ့ မေမေ့မှာ ဝမ်းသာ ဝမ်းနည်းလွန်းတဲ့ အရိပ်တွေနဲ့ မငြိမ်မသက်ဖြစ်နေတယ်။ အင်္ကျီ လုံချည် ငါးစုံ၊ ဂျင်းဘောင်းဘီလေး နှစ်ထည်၊ ဂျင်းဂျာကင်လေး တစ်ထည်၊ သိုးမွေးဆွယ်တာ လက်ပြတ်လေးတစ်ထည်၊ သဘက်တစ်ထည်၊ အိမ်နေရင်းဝတ် တီရှပ်နှစ်ထည် ထည့်ပြီးသော အခါ ကျွန်တော့်မှာ ထည့်စရာအဝတ်အစား မကျန်တော့ချေ။ မနှစ်က စတိတ်ရှိုးတက်ဆိုတုန်းက ဝယ်ခဲ့သော ဝေါ့ကင်းရှူး ခပ်လတ်လတ်လေးကိုတော့ ချန်ထားခဲ့လို့ မဖြစ်ပေ။ နောက်ပြီး ခြေအိတ်၊ အောက်ခံဘောင်းဘီ၊ လက်ကိုင်ပဝါ. . . စသည်ဖြင့် စဉ်းစားရင်း ထည့်နေပေမဲ့ ကျွန်တော့် ကျွန်းသေတ္တာလေးက ပြည့်မသွားသေး။

ကျွန်တော်ယူသွားချင်သည့်စာအုပ်တွေကိုကြည့်ပြီး အကုန်လုံး မကာနိုင်တော့မှန်းလည်း သိလိုက်သည်။ ကျွန်တော်က ကဗျာကြိုက်သူပီပီ မောင်သာနိုးရဲ့ ထင်းရှူးပင်ရိပ်၊ မောင်သစ်တည်ရဲ့ နိုင်ငံရပ်ခြားကဗျာများ၊ ပိုင်စိုးဝေရဲ့ နေရောင်ခြည်နဲ့ ကခုန်ခြင်း၊ ကြည်အေး ကဗျာပေါင်းချုပ်၊ မောင်စိန်ဝင်း ကဗျာပေါင်းချုပ်၊ စာအုပ်တွေက သိပ်မထူတော့ သေတ္တာအပေါ်ယံမှာ အနည်းငယ်

www.burmeseclassic.com



လွတ်ဟာနေသေးသည်။ အဟောင်းတန်းက လတ်လတ်ဆတ်ဆတ် ရှာဖွေထားရတဲ့ သခင်ကိုယ်တော်မှိုင်းရဲ့ ရှာပုံတော်စာအုပ်၊ ဦးလတ်ရဲ့ စံပယ်ပင်။ ရှုမဝမဂ္ဂဇင်းပေါင်းချုပ်၊ မြဝတီဝတ္ထုတိုပေါင်းချုပ်၊ သုခ ဝတ္ထုတိုပေါင်းချုပ် စတဲ့ ဝတ္ထုစာအုပ်တွေကို ကြည့်လိုက်တော့လည်း ကျွန်တော် အကုန်ထည့်ချင်မိသည်။ ဓမ္မိကဘာသန်းရော၊ ဆရာ ထင်လင်းရော ဘာသာပြန်ထားတဲ့ စင်ရော် စာအုပ်နှစ်အုပ်ကို မှတ်မှတ်သားသားထည့်လိုက်သည်။ နောက် Learner's Dictionary စာအုပ်နဲ့ ဗလာစာအုပ်အချို့ကိုထည့်ပြီး သော့ခတ် လိုက်တော့သည်။

မေမေပေးတဲ့ ပိုက်ဆံ ၅၀၀၀ ကို လွယ်အိတ်ထဲမှ စာအုပ် ကြားထဲညှပ်ပြီး ခရီးစရိတ်လောက်သာ အိတ်ကပ်ထဲထည့်ထားသည်။ လောလောဆယ် ကျောင်းအဆောင်မရသေးတာကြောင့် အဒေါ့် အိမ်မှာ ခေတ္တတည်းခိုရန် စီစဉ်ရသည်။

ထိုနေ့က မေမေ၊ ဖေဖေ ညီလေးများနဲ့ ကိုကျော့်ကို နှုတ် ဆက်ပြီး ရန်ကုန်ကို ထွက်ခဲ့တယ်။ ကိုကျော်ပေးလိုက်တဲ့ ကိုကျော့် ဆရာ လိပ်စာလေးကို တင်းတင်းဆုပ်ကိုင်ရင်း မေမေ့ကို လွမ်းမောစွာ ကြည့်မိသည်။ ရင်ထဲကလည်း တိုးတိတ်စွာ မေမေဖြစ်စေချင်တဲ့ ဆရာဝန်လည်းလုပ်မယ်၊ ကျွန်တော်ဖြစ်ချင်တဲ့ အတီးသမားလည်း လုပ်တော့မယ်လို့ စိတ်ထဲက တောင်းပန်မိလိုက်သည်။

ကျွန်တော့်ရဲ့ပထမနှစ် ဆေးကျောင်းသားဘဝဟာ အခက်အခဲ မရှိ အောင်မြင်ခဲ့တယ်။ စနေ သို့မဟုတ် တနင်္ဂနွေနေ့တိုင်း ဖြူတို့ အိမ်ရှေ့သို့ ရောက်ခဲ့ပေမဲ့ ဝင်းတံခါး စိမ်းစိမ်းကြီးနောက်မှာ တိတ်ဆိတ်ငြိမ်သက်လွန်းတဲ့ တိုက်ပုပုလေးကို မချင့်မရဲကြည့်ပြီး ပြန်ခဲ့ရတာချည်းပဲဖြစ်သည်။ ဖြူ ဘာတွေလုပ်နေမှာလဲ၊ ဖြူ ဒီနှစ် ဆယ်တန်းဆိုတော့ အစိမ်းရောင် ဝင်းတံခါးကြီးကနေ ဖြူ့နာမည်ကို

www.burmeseclassic.com



လှမ်းခေါ်ဖို့ မဝံ့ရဲခဲ့။ ဖြူ့ဆီဖုန်းဆက်တိုင်း ဖြူနဲ့ မတွေ့ရဘဲ ဖြူ့အဒေါ်ကြီးသာ တွေ့ရ၍လည်း စကားမပြောချင်တော့။ ကျွန်တော် ဆေးတက္ကသိုလ်မှာ ပထမနှစ်တက်နေပါတယ်လို့ ပြောခဲ့တာတောင် ဟက်ဟက်ပက်ပက် ပြန်လည်စကားမပြောခဲ့တဲ့ ဖြူ့အဒေါ်ကြောင့် ဟဲလို အမိန့်ရှိပါ ဆိုတဲ့ စကားသံ ခပ်မာမာကြားတိုင်း ကျွန်တော် ဖုန်းချပစ်လိုက်သည်။

ထိုနှစ် နွေကျောင်းပိတ်ရက်၌ ကျွန်တော် အိမ်မပြန်ဖြစ်။ ကိုကျော်ပေးလိုက်တဲ့ လိပ်စာအတိုင်း ကိုကျော့်ဆရာ စိုင်းသီဟ အိမ်သို့ အလည်အပတ်သွားရင်း ဆရာစိုင်း၏ဝိုင်းမှာပဲ Section Palyer အဖြစ် နယ်ရှိုးပွဲတွေမှာ အရန်အတီးသမားအနေနဲ့ လိုက်တီးဖြစ်ခဲ့သည်။ ကျွန်တော် ပထမဆုံး နယ်ပွဲတီးခမှာ တစ်ည ၃၀၀၀ ကျပ်ဖြစ်သည်။ သုံးညတီးလိုက်ရသောကြောင့် ပိုက်ဆံ ၉၀၀၀ ကျပ် ရလိုက်သည်။ ဆရာစိုင်းအိမ်မှာနေရင်း ဆရာစိုင်း ဆက်သင်ပေးတဲ့ လက်ကွက်တွေကို ထပ်ကျင့်ရင်း ရန်ကုန်ထဲမှာပင် ဆရာလက်ခံထားသော ရပ်ကွက်စတိတ်ရှိုးတွေကို လိုက်တီးပေးခဲ့ရသည်။

ကျွန်တော် ယုံကြည်ရာလုပ်ကိုင်ရင်း အိမ်ပြန်ဖို့ပင် မေ့သွားတော့သည်။ လကုန်ရက်တွင် မေမေ စာတိုက်မှ ပို့ပေးလိုက်သော ငွေ ၄၀၀၀ ကို ရရှိသောအခါ ကျွန်တော့်ရင်ထဲ မေမေ့ကို အရမ်းသနားသွားသည်။ မေမေ့ကို အရမ်းအောက်မေ့သွားခဲ့ရသည်။ ကျွန်တော် ကျောင်းပိတ်ရက်ကာလတွေမှာ အလုပ်များစွာဖြင့် ရှုပ်ထွေးမေ့လျော့ခဲ့ပြီး မေမေ့ထံ အကျိုးအကြောင်း စာရေးဖို့ပင် ပျက်ကွက်ခဲ့ရသည်။ တကယ်ပင် ကျွန်တော်တတ်မြောက်ခဲ့သော အတီးပညာဖြင့် အသက်ရှင် ရပ်တည်နိုင်ပြီလို့ မေမေ့ကို ပြောမထွက်ရက်။ ကျောင်းပိတ်ရက်ကာလ တစ်လခွဲသာ ရှိခဲ့ပေမဲ့ ကျွန်တော့်အခြေအနေမှာ တော်တော်လေး ခရီးပေါက်ခဲ့သည်။ ကျောင်းဖွင့်ခါနီး တစ်ပတ်အလိုမှာပင်

www.burmeseclassic.com



ကျွန်တော့်ကို ကလပ်တစ်ခုမှ ညစဉ် ၄ နာရီခန့်တီးပေးဖို့ လာခေါ်သဖြင့် ထိုအလုပ်ကို လက်ခံလိုက်သည်။ ထိုအလုပ် လက်ခံလိုက်သည်ကို မေမေ ကြိုက်ချင်မှ ကြိုက်လိမ့်မည်ဟု တွေးဖြစ်သော်လည်း ဝင်ငွေရှာနိုင်မှန်း သိလျက်နဲ့ မေမေ့ထံ လုံးဝဉသုံ မမှီခိုချင်တော့သော ဆန္ဒကြောင့် အလုပ်ဝင်လုပ်လိုက်ခြင်း ဖြစ်သည်။

ဒုတိယနှစ် ကျောင်းစတက်သောရက်တွင်ပင် ကျွန်တော် မေမေ့ထံ စာရေးလိုက်သည်။ ကျွန်တော် ဂစ်တာတီးခြင်းအလုပ်နဲ့ စာဆက်သင်မည့်အကြောင်းကို စာရေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်စကားကို မေမေ မယုံကြည်ပါ။ မေမေပို့ပေးသော ပိုက်ဆံက မလောက်လို့ သား ဂစ်တာဝင်တီးခြင်းဟု ထင်ပုံရသည်။ သားတစ်လကို ဘယ်လောက်လိုသလဲ၊ မေမေ ရွှေတွေရောင်းပြီး လောက်ငအောင် ပို့ပေးမယ်လို့ စာပြန်လာသည်။ မေမေ့စာကိုဖတ်ပြီး ကျွန်တော့်ရင်ထဲ ထိထိခိုက်ခိုက် ခံစားမိသည်။ အမှန်တကယ်တော့ မေမေပို့ပေးသော ပိုက်ဆံနှင့်မလောက်သေလို ကျွန်တော် ယုံကြည်ရာကိုဆက်လုပ်ရင်း ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ကျွန်တော် အပြင်းအထန်ကြိုးစားနေခြင်းဖြစ်သည်။ ထိုတာဝန်တွေကို ကျွန်တော် နိုင်လိမ့်မည်လို့လည်း ယုံကြည်ခဲ့သောကြောင့် ဖြစ်သည်။

လကုန်ရက်တွင် မေမေရောက်လာပြီး စာကိုပဲ သီးသန့်သင်ဖို့ အပြင်းအထန် နားလာချသည်။ ကျွန်တော်ဖြစ်ချင်သည့် အတီးသမားတစ်ယောက်ဖြစ်ဖို့ ကျွန်တော် ဒီလောကနဲ့ အဆက်ဖြတ်လို့ မရကြောင်းပြောပြရသည်။ ဆရာဝန်တစ်ယောက် ဘဝထက် အတီးသမားတစ်ယောက်ဘဝ၊ တေးရေးဆရာတစ်ယောက်ဘဝကို ပိုမက်မောကြောင်း ကျွန်တော်ရှင်းပြတော့ မေမေ ငိုတော့သည်။ ကျွန်တော့်ခေါင်းမာမှု၊ ဒီလို ရပ်တည်နိုင်ဖို့ ကျွန်တော် အနှစ်နှစ်အလလကြိုးစားခဲ့မှု သာဓကတွေကြောင့်သာ ကျွန်တော့်ကို လက်လွှတ်

www.burmeseclassic.com



အလျှော့ပေးခဲ့ရသည်။ မေမေ့ထံက ပိုက်ဆံလည်း မလိုချင်တော့ဘူး၊ လစဉ်မပို့တော့နဲ့လို့ ကျွန်တော့်စကားအတွက်လည်း မေမေ ထိခိုက် ခံစားမှုကို မျက်နှာပေးက ပြသွားသည်။ “သားက မေမေတို့ကို အမွေပြတ် စွန့်လွှတ်လိုက်တာလား”ဆိုတဲ့စကားက ကျွန်တော့် နှလုံးသားကို ရက်များစွာ နာကျင်စေခဲ့သည်။ မေမေ ပြန်သွားတဲ့ နေ့ကစလို့ ကျွန်တော် ဆရာဝန်တစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန် ချလိုက်ရတော့သည်။

* * *

www.burmeseclassic.com



ထိုနေ့က ကျွန်တော့်သူငယ်ချင်း နေမကောင်းသောကြောင့် သူ့အစား ယုဇန စားသောက်ဆိုင်လေးမှာ ဝင်တီးပေးခဲ့ရသည်။ ထိုဆိုင်လေးမှာ တီးရတာက ညဥ့်မနက်လှ။ ည ၉ နာရီဆို ပြီးပြီ ဖြစ်သည်။ ကျွန်တော့်ကို ၇ နာရီမှ ၉ နာရီထိသာ အစားဝင်ပေးရန် အကူအညီတောင်းသောကြောင့် ကျွန်တော် ဝင်တီးပေးခြင်းဖြစ်သည်။ ၉ နာရီပြီးသောအခါ ကျွန်တော် ဂစ်တာတွေ သိမ်းနေစဉ်မှာပင် ကျွန်တော့်ထံ Waiter တစ်ယောက်က စက္ကူစလေး တစ်ရွက် လှမ်းပေးသည်။

**ကိုနိုင်ရဲ**

ဖြူ့ဆီ ဖုန်းဆက်ပါ။ ဖြူ့သူငယ်ချင်း ဖုန်းနံပါတ် ပေးလိုက်တယ်။

"........"

**ခင်မင်စွာဖြင့်**

**ဖြူ**

ဖြူ . . . တဲ့။ ကျွန်တော် အံ့ဩ တုန်လှုပ်သွားတော့သည်။ ကျွန်တော် ရှာနေစဉ်ကတော့ ဖြူက ပုန်းနေပြီး အခုတော့ ဖြူက

www.burmeseclassic.com



ကိုယ်ထင်ပြပြီလား။ ဖြူ ဆယ်တန်းစာမေးပွဲ အောင်သွားပြီလား။ ဖြူ ဘာတွေလုပ်နေသလဲ။ ဖြူ. . . ဖြူ. . . ကျွန်တော့်ရင်ထဲက အပျော်များ စီးဆင်းပျံ့နှံ့နေတော့သည်။ ဖြူနှင့် ကျွန်တော် ဆုံခွင့်ရပြီ ဆိုတဲ့အသိက ကျွန်တော့်ဘဝမှာ အရိပ်အမိုးတစ်ခုအောက် လုံခြုံခွင့်ရလိုက်သလို နွေးထွေး ချမ်းမြေ့သွားရတော့သည်။ ဖြူ ကျွန်တော့်ကို မမေ့သေးပါလား ဆိုတဲ့ အသိကတော့ ကျွန်တော့် အနာဂတ်အတွက် ခွန်အားတစ်ခုဖြစ်သွားရသည်။ ကျွန်တော် ဖြူ့ကို ချစ်နေတာ၊ ဖြူ့ကို လွမ်းနေတာ၊ ဖြူ့ကို တမ်းတပြီး တခြား ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့တာ၊ ဖြူ့အပေါ် သစ္စာမဆိုထားဘဲ သစ္စာထားခဲ့တာ။ အခုတော့ ကျွန်တော့်မှာ ဖြူဆိုတဲ့ ဆုလာဘ်တစ်ခုကို ပိုင်ဆိုင်ရတော့မည်။ အဆောင်ပြန်ရောက်ရောက်ချင်း မနက်ဖြန်မှာ ဖြေရမယ့် စာမေးပွဲငယ်လေးအတွက် စာကျက်ဖို့ မကျက်ဖြစ်ဘဲ သီချင်းတစ်ပုဒ် စပ်မိသည်။

## ချစ်ခြင်းနဲ့ မနက်ဖြန်

မဆုံနိုင်တော့ဘူး ထင်ထားခဲ့တဲ့ တို့နှစ်ဦးရဲ့ မနက်ဖြန်တိုင်း
လှပနေတော့မှာပါ။
မဝေးဘူးလို့ သစ္စာမဆိုခဲ့ဘဲ ဝေးခဲ့တဲ့ တို့နှစ်ယောက်ရဲ့
သစ္စာတရားရှိခဲ့တာ
လှပတဲ့ မနက်ဖြန်. . . တို့နှစ်ယောက်ရဲ့ မနက်ဖြန်. . . .
အချစ်များရှိမယ့် မနက်ဖြန်. . .
တမ်းတမ်းတတ ရှိလွန်းခဲ့တဲ့ သစ္စာရင်ခွင်မှာ မင်းတစ်ယောက်
တည်းသာ. . တကယ်ပါ
လျှံကျနေတဲ့ အကြင်နာတွေကို မင်းသောက်သုံးတော့. . .

www.burmeseclassic.com



အချစ်ရာ/ ဖြူရာ. . .
ချိုမြိန်မယ့် မနက်ဖြန်. . . တို့ချင်းသိတော့မယ် မနက်ဖြန်. .
အချစ်အပြည့်နဲ့ မနက်ဖြန်. . .
CHO: သစ္စာတရားနဲ့ တည်ဆောက်ခဲ့တဲ့ မနက်ဖြန်. . .
ချစ်ခြင်းနဲ့ အသက်ဆက်ခဲ့တဲ့ မနက်ဖြန်. .
ထပ်တိုး ထပ်တိုး အချစ်များတိုးမယ့်မနက်ဖြန် မနက်ဖြန်
မဆုံးနိုင်တဲ့ မနက်ဖြန်များအတွက် အချစ်များရှိသလို. . .
အမြဲပွင့်နေမယ့် အချစ်များအတွက် မနက်ဖြန် ရှိနေမှာ
ယုံပါ. . . အချစ်. . . ဖြူလေးရာ. . .

ဂစ်တာတစ်လက်နဲ့ သီချင်းစပ်နေသော ကျွန်တော့်ကို အခန်းဘေးမှ သူငယ်ချင်းက စိတ်အချဉ် ပေါက်သလားမသိ။ ကက်ဆက်အကျယ်ကြီး ဖွင့်ပစ်သည်။ ကျွန်တော် သူ့ကို ရန်မလုပ်ပါ။ ကျွန်တော့်ရင်ထဲ အပျော်ကို ကျွန်တော်သာသိသည်။ ကျွန်တော့် ဘဝမှာ အချစ်ဟာ အမှန်တကယ်လိုအပ်နေပြီ။ အခု အချစ်ကို တွေ့လိုက်ရပြီ။ ဘာလိုသေးမှာလဲ။ ကျွန်တော့်မှာ ဘာလိုသေးဦးမှာလဲ။ အချစ်ပြည့်စုံတာဟာ အရာရာ ပြည့်စုံတာပေါ့နော်။

ထိုနေ့ညက ဖြူ့ကို အိပ်မက် မက်သည်။ ဖြူ့အဒေါ်က ဖြူ့လက်ကို ဆုပ်ကိုင်ထားတဲ့ကြားက ဖြူက ကျွန်တော့်ထံ ပြေးထွက်လာသည်။ ကျွန်တော်က ဖြူ့ကို. . .။ အိပ်ရာမှ လန့်နိုးသောအခါ ကျွန်တော့်စိတ်ထဲ ဖြူ ကျွန်တော့်အနားမှာရှိနေသလိုမျိုး ခံစားလိုက်ရသည်။ ညက စာလုံးဝမကျက်ဖြစ်ပေမယ့် စာမေးပွဲဖြေဖို့ ကျွန်တော် ကျောင်းသွားခဲ့ရသည်။ မနက်စောစော စာမေးပွဲဖြေပြီးပြီးချင်း ကျောင်းမှာပဲ ဖုန်းဆက်လိုက်သည်။ ဖြူ့ကို အဆင်သင့်တွေ့ရ၍ ကျွန်တော် နိမိတ်ကောင်းသည်ဟု ကိုကျော့်ထံ စာလှမ်းရေးတော့

www.burmeseclassic.com



ထည့်ရေးဖြစ်လိုက်သည်။ ဘာပြောပြော ကျွန်တော်ဟာ ဖြူနဲ့ ပတ်သက်လာရင် အိပ်မက်တွေ နိမိတ်တွေကိုလည်း ယုံကြည်ခဲ့သည်။

* * *

www.burmeseclassic.com



ကျွန်တော် ဖြူ့ထံသို့ ဖုန်းဆက်ဖြစ်တော့ ညနေ ၃ နာရီ ထိုးသွားပြီ။

"ဟဲလို ဖြူလား. . . ကျွန်တော် နိုင်ရဲပါ၊ အခုမှ အတန်းပြီးလို့ ဆက်လိုက်တာပါ"

"ဖြူလည်း အခုပဲ သူငယ်ချင်းအိမ် ရောက်တာပါ"

"ဒါဆို တော်သေးတာပေါ့၊ ကျွန်တော်က ဖြူတော့ ကျွန်တော့် ဖုန်းကို မျှော်နေပြီလို့ထင်တာ၊ ကျွန်တော် ဖြူ့ကို တွေ့ချင်တယ်"

ထိုနေ့က ကျွန်တော့်ကို နားလည်စွာ တွေ့ခွင့်ပေးသော ဖြူ့ကို အရမ်းကျေးဇူးတင်မိသည်။ ဖြူက ကျွန်တော့်ကို ကျွန်တော် ဖုန်းဆက်နေတဲ့ နေရာမေးပြီး အင်းလျားကန်ပေါင်မှာ တွေ့ဆုံရန် ချိန်းလိုက်သည်။

ဖြူနဲ့တွေ့ရတော့မယ်ဆိုခါမှ ကျွန်တော့်အဝတ်အစားကို သတိထားမိသွားသည်။ တော်ပါသေးရဲ့ ကျွန်တော့်ရှပ်အင်္ကျီက သိပ်မဟောင်းသေးလို့။ ဂျင်းဘောင်းဘီကတော့ ဖြူပြာပြာ။ ကျွန်တော့် ကျောင်းကနေ စိုက်ပျိုးရေးမှတ်တိုင်မှာ ကားသွားစီးလိုက်သည်။ ကန်လမ်းမှတ်တိုင်မှာဆင်းပြီး အင်းလျားကန်ပေါင်ပေါ်သို့ တက်ခဲ့သည်။ ကျွန်တော်ရောက်တော့ ဖြူက ရောက်နှင့်နေပြီ ဖြစ်သည်။

www.burmeseclassic.com



ဖြူ့ကိုတွေ့တော့ ကျွန်တော် ဝမ်းသာအားရ ကန်ပေါင်ပေါ် ပြေးတက်ခဲ့သည်။ စိတ်ထဲမှာ တစ်ခုခု လျှပ်တစ်ပြက် လက်ကလေး ဆွဲကိုင်တာမျိုး လုပ်ဖြစ်တော့ မလိုလိုရှိပြီးမှ ဖြူ့ဘေးမှာ ရပ်နေတဲ့ သူငယ်ချင်းကြောင့် ကိုယ်ရှိန်သတ်မိသည်။ ဟုတ်သားပဲ၊ ဖြူနဲ့ ကျွန်တော်က အခုမှပြန်တွေ့ကြရတဲ့ အသိမိတ်ဆွေတွေပဲ။ ချစ်သူ တွေမှ မဟုတ်သေးတာ ဆိုတဲ့အသိ ချက်ချင်း ဝင်သွားတာကိုပင် ကျေးဇူးတင်ရမလိုလို ဖြစ်နေသည်။

"ကိုနိုင်ရဲ ဂျင်းဘောင်းဘီ ဝတ်လိုက်တာကလွဲလို့ ဘာမှ မပြောင်းလဲပါဘူး"

ဖြူရဲ့ နှုတ်ဆက်စကားက ရင်းနှီးလွန်းဟန် ပြလိုက်သည်။

"ဖြူက မနေ့ကတည်းက ကိုနိုင်ရဲကိုတွေ့လို့ အံ့သြမိတယ်၊ စားသောက်ဆိုင်တွေမှာ တီးလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဖူးလေ"

ဖြူ့စကားသံက ကျွန်တော့်ကို အထင်သေး၍ ပြောနေခြင်း မဟုတ်ကြောင်း နားလည်ထားပါသည်။ ဘယ်သူမဆို ဆေးကျောင်း သား တစ်ယောက်က စားသောက်ဆိုင်တွေမှာ ဂစ်တာတီးလိမ့်မယ် လို့ ထင်မှာလဲ။ ကျွန်တော့်ဆရာမတွေတောင် ကျွန်တော့်အလုပ်ကို သိတော့ အံ့သြသွားကြသေးသည်ပဲလေ။

"ကိုနိုင်ရဲ ယူဇနံ Snack & Bar မှာ အမြဲတီးနေသလား၊ ဖြူက တစ်ပတ်တစ်ခါလောက်တော့ ရောက်ဖြစ်ပါတယ်။ နဂိုက မတွေ့မိသလိုပဲ"

"သူငယ်ချင်း နေမကောင်းလို့ အကူအညီတောင်းလို့ ဝင်တီး ပေးတာပါ၊ ကျွန်တော် အမြဲတမ်းတီးတဲ့ စားသောက်ဆိုင်က September စားသောက်ဆိုင်မှာပါ"

"နောက်ပြီး ကိုနိုင်ရဲ သီချင်းစပ်သေးလား၊ အဆိုတော် ဝတ်မှုံနဲ့ သီဟရဲ့ သီချင်းတွေမှာ တေးရေးဆရာနိုင်ရဲ ဆိုတာ

www.burmeseclassic.com



တွေ့လိုက်သေးတယ်။ ကိုနိုင်ရဲများ ဖြစ်မလားလို့ သတိရသွားမိသေးတယ်”

“ဟုတ်တယ်”

ဖြူက ကျွန်တော်လုပ်နေတာတွေ အားလုံးသိသွားသလို ကျေနပ်ဝမ်းသာဟန်လည်း ပြသည်။

“ဒါဖြင့် ကိုနိုင်ရဲက ဒီအလုပ်တွေမှာ တော်တော် ခရီးတွင်နေတယ်ပေ့ါ၊ ဟုတ်လား။ ဒီအလုပ်တွေနဲ့ ပိုက်ဆံရတာ လောက်ငလား။ ကျောင်းစာရော ပျက်သေးလား”

ဖြူ့ဟန်က ကျွန်တော့်အလုပ်အတွက် ဂုဏ်ယူပုံရသလို ဆရာဝန်တစ်ယောက် မဖြစ်မှာကိုလည်း စိုးရိမ်ပုံရသည်။ ကျွန်တော့်အကြောင်းချည်း ဖြူက လှိမ့်မေးနေပြီး ဖြူ့အကြောင်းကျတော့ ဟုတ်တိပတ်တိ ဘာမှမပြောဖြစ်ချေ။ ဖြူ သီချင်းဆိုရင် ဖြစ်နိုင်တာကို သိတာကြောင့် ဖြူ သီချင်းဆိုသလား သိချင်မိပြန်သည်။

“သီချင်းက ခြောက်ပုဒ်ပဲ ရောင်းရသေးတာပါ။ သိပ်အပေါက်ကြီး မဟုတ်ပေမဲ့ အဆိုတော်တွေရော ပရိသတ်ပါ လက်ခံတဲ့ သီချင်းလေးတွေ ဖြစ်နေတော့ ဝမ်းသာပါတယ်။ ကျွန်တော့်မှာ လောလောဆယ် စပ်ပြီးသား ၂၅ ပုဒ်လောက် ကျန်သေးတယ်။ ဒါပေမဲ့ ကံဇာတာ ဆန်းမထသေးတော့ မရောင်းရဘူးဗျ”

ကျွန်တော့် ရယ်ဟဟ ပုံစံကိုကြည့်ပြီး ဖြူ တွေဝေနေသည်။

“ကျန်တာတွေ မရောင်းရလည်း စိတ်မပူပါနဲ့၊ ကိုယ့်ဘာသာဆိုလိုက်ပေ့ါ၊ ဖြူ ပရိုဂျူဆာ ရှာပေးမယ်လေ”

ဖြူက သဘောရိုးဖြင့်ပြောရင်း ကျွန်တော့်ကို အားပေးသည်။ ကျွန်တော် ယုံကြည်ရာကို ဝိုင်းဖြည့် ကူညီချင်ပုံရသည်။ ဖြူ့မျက်နှာလေးက လွန်ခဲ့တဲ့ နှစ်နှစ်ကထက်တောင် ပိုနူးညံ့သိမ်မွေ့နေသည်။

www.burmeseclassic.com



အင်းလေ. . . သူမဘဝက ဘာကိုမှ အထစ်အငေါ့မရှိဘဲ စင်းလုံးချော သာယာနေသလို အဆင်ပြေ ချောမွေ့နေတာပဲလေလို့ တွေးမိသည်။

“နေပါဦး ဖြူရဲ့၊ ဖြူကရော သတင်းကြေညာသူ တစ်ယောက် ဖြစ်ချင်နေတုန်းပဲလား”

သတင်းကြေညာသူ ဆိုတဲ့ စကားလေးကြောင့် ဖြူ့မျက်ဝန်း တွေ ပိုမိုတောက်ပ လင်းလက်လာခဲ့သည်။ ဖြူ့ရဲ့ ရည်မှန်းချက်တွေ၊ ယုံကြည်ချက်တွေ၊ ဖြစ်ချင်တာတွေဟာ မပြောင်းလဲသေးဘဲ ခိုင်မာ နေကြောင်း သိသာလွန်းနေသည်။ အင်းပေါ့လေ. . . ဖြူက စနစ်တကျ ကြီးရင့်ရသူတစ်ယောက်ဖြစ်ပြီး ဖြူ့ယုံကြည်ချက် ခံယူချက်တွေကို ခါးခါးသီးသီး မငြင်းဆန်ဘဲ ပိုင်းဝန်းအားပေးနေတဲ့ ပတ်ဝန်းကျင် ရှိနေတာပဲလို့ ရုတ်ခနဲ တွေးဖြစ်လိုက်သေးသည်။

“ဟုတ်တယ်လေ. . ဖြူက သတင်းကြေညာသူတစ်ယောက်ပဲ ဖြစ်ချင်တယ်ဆိုတာ သိသွားတော့ ပညာရပ်ဆိုင်ရာ ဘာသာတွေ မယူတော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ အခုဆို ဖြူ ဆယ်တန်းကို ဂုဏ်ထူးလေးခုနဲ့ အောင်တယ်။ ဖြူ ဆရာဝန်လုပ်မယ်ဆို လုပ်လို့ ရပါတယ်။ ဖြူက လူတွေရဲ့ စိတ်ကို စိတ်ဝင်စားတယ်။ အဲဒီတော့ စိတ်ပညာဘာသာရပ်ပဲ ယူမယ်လို့ ဆုံးဖြတ်ထားတယ်။ အင်္ဂလိပ်စာ ယူမိရင် စာပေတွေ ဘာတွေ သင်နေရမှာဆိုတော့ စိတ်ရှုပ်ရမယ်။ အမှတ်စာရင်းထွက်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်ရင် စိတ်ပညာပဲ လျှောက်မယ်”

ဖြူကတော့ ကျွန်တော့်ထက် သတ္တိရှိပုံရသည်။ ဖြူလုပ်ချင် ရာကို လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ခိုင်မာမှုမျိုးရှိသလို လုပ်ချင်တာ ကိုလည်း ဖြစ်မြောက် အောင်မြင်အောင် လုပ်နိုင်တဲ့ အရည်အသွေး တွေလည်း အပြည့်ရှိနေသည်။

www.burmeseclassic.com



“အခုရော ဖြူ ကျောင်းမတက်ရသေးတော့ ဘာလုပ်နေသလဲ”

“အခုလား ကွန်ပျူတာ တက်နေတယ်၊ ပရိုဂရမ်လိုင်းကို ဆက်တက်နေတယ်။ ဒါကတော့ Network ခေတ်ကြီးမှာ ခေတ်နဲ့ အဆက်မပြတ်အောင် သင်ထားတဲ့သဘောပါ။ နောက်ပြီး ဆယ်တန်းကျောင်းသားတွေကို အင်္ဂလိပ်စာ Guide လုပ်တယ်”

ထိုနေ့က ဖြူနဲ့ ကျွန်တော်တွေ့ဆုံခြင်းက ထိုမျှလောက်သာ။ နောက်တစ်ပတ် သောကြာနေ့ ထိုနေရာတွင် ချိန်းဆိုပြီး ကျွန်တော်တို့ ပြန်ခဲ့ကြသည်။ ဖြူ့သူငယ်ချင်းက ဖြူ့နံဘေးနားမှာ ငြိမ်ငြိမ်သက်သက်ပင် စကားတစ်ခွန်းမှ ဝင်မပြောခဲ့။ ဖြူ့သူငယ်ချင်း စကားဝင်ပြောလောက်အောင်လည်း အချိန်မရှိ။ ကျွန်တော်နဲ့ ဖြူနဲ့ လုပြောရင်း ဖြူ့သူငယ်ချင်းက နာရီကို ကွက်ကြည့်ကွက်ကြည့်လုပ်မှ ထပြန်ဖြစ်ကြခြင်းဖြစ်သည်။ ဖြူက ကျွန်တော့်အဆောင်ကို လိုက်ပို့ပေးပြီး ပြန်သွားသည်။ ဖြူ့ကား ဖြူဖြူလေးကို အဆောင်ဝက ရပ်ငေးရင်း ဖြူ့ကို တမ်းတမ်းတတ လွမ်းမောမိတော့သည်။

* * *

www.burmeseclassic.com

# အဖြူရောင်မဟုတ်သောမြားချက်

ကျွန်တော့်မှာ အချိန်ပိုဟူ၍ လုံးဝမရှိသလောက်ပင်။ နံနက် ၆ နာရီ အိပ်ရာထပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်၊ မုန့်စား၊ ပြီးတော့ ကျောင်းသွား။ ကျောင်းကလည်း တစ်နေကုန်လိုလို အမြဲတက်ရသည်။ ကျောင်းမှာပင် နေ့လယ်စာရော ညနေစာကိုပါ ဖြစ်သလိုစားရသည်။ ညနေ ၅ နာရီလောက်မှာ ကျောင်းကနေ အဆောင်ပြန်ရောက်။ စာမေးပွဲရှိတဲ့ရက်ဆို ၅ နာရီကနေ ၈နာရီလောက်ထိ စာကို အပြေးအလွှား ကျက်လိုက်ရသေးသည်။

ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ နေ့များသာ ကျွန်တော်က ည ၉ နာရီမှ ၁၂ နာရီထိ သွားရောက်တီးခတ်ပေးခြင်းဖြစ်သည်။ သောကြာ၊ စနေ၊ တနင်္ဂနွေ နေ့တွေမှာတော့ အမြဲတမ်းလိုလို ၂နာရီထိ တီးရတတ်သည်။ ထိုနေ့တွေမှာတော့ အဆိုတော်ကောင်မလေးများထံမှ ပန်းကုံးကို အချိုးကျ ဝေခွဲရတတ်သည်။ တစ်ခါတစ်ရံ ကျွန်တော့်မှာပင် ပန်းကုံးများရတတ်သည်။ ထိုအလုပ်လေးက ကျွန်တော့်အတွက် ကျောင်းစရိတ်၊ နေရေးထိုင်ရေးစရိတ်

www.burmeseclassic.com



လုံလုံလောက်လောက် ရရှိနေတော့ အဆင်ပြေတယ်လို့ပဲ ပြောရမလို ဖြစ်သည်။

တစ်ခါတစ်ရံ စနေ တနင်္ဂနွေ နေ့များမှာ ဆရာစိုင်းက မင်္ဂလာဆောင်တွေမှာ Section Player အဖြစ် တီးခတ်ဖို့ ခေါ်တတ်သည်။ မင်္ဂလာဆောင်တစ်ပွဲတီးရင် ၁၀၀၀ကျပ်လောက် သာရသဖြင့် ကျွန်တော် သိပ်မတီးချင်ပေမဲ့ ဆရာကလည်း အကူအညီ အရမ်းလိုမှ ခေါ်တာဖြစ်သောကြောင့် မငြင်းသာဘဲ သွားသွားတီးရသည်။ စနေ၊ တနင်္ဂနွေ နေ့ပွဲတွေ တီးခတ်တိုင်း ကျွန်တော့် ကျူရှင် ပျက်ကွက်သည်။ ကျွန်တော့်အခြေအနေကို ကျူရှင်ဆရာက နားလည်စွာ တနင်္လာနေ့မျိုး ညနေမျိုးတွင် သီးသန့်ပြန်သင်ပေးတတ်သည်။ ထိုမင်္ဂလာဆောင်တီးခ ဝင်ငွေလေးကိုတော့ ကျွန်တော် ဘာမှမသုံးဘဲ စုထားသည်။ အခုချိန်မှာ ကျွန်တော့်သွားရေး၊ လာရေး အဆင်ပြေအောင် ကားတစ်စီးမဟုတ်တောင် ဆိုင်ကယ်တစ်စီးတော့ လိုအပ်နေပြီဖြစ်သည်။

ကျွန်တော်နဲ့ ဖြူနဲ့ တွေ့ဆုံချိန်များကို ကျွန်တော်တို့ အတန်းလပ်ဟာတတ်သည့် သောကြာနေ့ ညနေ ၄ နာရီမှ ၆ နာရီထိ ရွေးချယ်လိုက်ရသည်။ ဖြူ့ကားလေးက ဆေးတက္ကသိုလ်ရှေ့နားမရောက်တစ်ရောက်တွင် အမြဲရပ်တန့်နေတတ်ပြီး ကျွန်တော့်အလာကို စောင့်တတ်သည်။

ကျွန်တော် ဖြူ့ကို ရည်းစားစကားပြောဖို့ အချိန်တန်ပြီဖြစ်သော်လည်း ပြောမထွက်ရဲခဲ့။ အလွန်ဖြူစင်သော ဖြူ့ကို ကျွန်တော့် ခပ်ကြမ်းကြမ်း ဘဝထဲသို့ ဇွတ်အတင်း မခေါ်ယူရက်သောကြောင့် ဖြစ်သည်။ ဒါပေမဲ့ ဖြူကတော့ ကျွန်တော့်ဘဝထဲကို ရဲရဲဝံ့ဝံ့ ဝင်ရောက်လာခဲ့သည်။

* * *

www.burmeseclassic.com



ထိုနေ့က ကျွန်တော် September စားသောက်ဆိုင်မှာ ဂစ်တာတီးနေရင်း ကျွန်တော့်ထံသို့ သီချင်းတောင်းခံလွှာ စာရွက်လေး တက်လာသည်။ ကျွန်တော့်ကို သီချင်းတောင်းခြင်း ဖြစ်သည်။ ကျွန်တော် နားမလည်နိုင်စွာရှိနေသည်။ ကျွန်တော်က စားသောက်ဆိုင် ထုံးစံကိုသိသည်။ သီချင်းတောင်းခံသူက ပိုက်ဆံ ၇၀၀ ကျပ်ပေး၍ တောင်းခံရခြင်းဖြစ်သည်။ ထိုသူက ကျွန်တော် ဆိုတတ်မှန်းသိ၍ တောင်းခံခြင်းဖြစ်သည်။ ကျွန်တော် ဒီဆိုင်မှာ တစ်ခါမှ သီချင်း မဆိုဖူးပါ။ ဒီဆိုင်မှာလည်း ယောကျ်ားလေးအဆိုတော် မရှိပါ။ ကျွန်တော့်ကိုများ ဘယ်သူက သီချင်းတောင်းခံပါလိမ့်လို့ တွေးရင်း ပရိတ်သတ်ဘက်ကိုရှာကြည့်သည်။ မည်သူ့ကိုမျှမတွေ့ရ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဆိုရမည်ဖြစ်သည်။ သီချင်းဆိုဖို့ကတော့ ကျွန်တော့်အတွက် အခက်အခဲမရှိ။

သို့ပေမဲ့ ကျွန်တော်၏ ကိုယ်ပိုင်သံစဉ်သီချင်းများကိုသီဆို၍ မဖြစ်နိုင်ပေ။ ကျွန်တော့်မှာ Notes စာရွက် အဆင်သင့် မပါ။ ဒါကြောင့် ကျွန်တော်က တီးဝိုင်းလည်း အလွတ်တီးနိုင်၊ ကျွန်တော် လည်းရတဲ့ အင်္ဂလိပ်သီချင်း "Hello" ကို သီဆိုခဲ့သည်။ ထိုနေ့က သီချင်းမဆုံးခင်ပင် ကျွန်တော့် ဂစ်ထာထိပ်မှာ မိန်းကလေးတွေ

www.burmeseclassic.com



ဆောင်းတဲ့ သရဖူတစ်ခု၊ ကျွန်တော့်လည်ပင်းမှာ အကောင်းဆုံး အဆိုတော်ပန်းကုံးနှင့် ရိုးရိုးပန်းကုံး ၁၅ ခု တိတိရခဲ့သည်။ထူးဆန်းသည်မှာ ကျွန်တော့်ကို သီချင်းတောင်းသူကို ကျွန်တော်ရှာခဲ့ပေမဲ့ မတွေ့ခဲ့။ ထိုလူသည် ဖြူသလား၊ မည်းသလား၊ ယောကျ်ားလေးလား မိန်းမလားမသိခဲ့။ ဖြူရော မဖြစ်နိုင်ဘူးလား။ ဖြူဆို လာနှုတ်ဆက်မှာပေါ့လို့ တွေးမိပြီး ဖြူလည်းမဖြစ်နိုင်ကြောင်း စဉ်းစားမိသည်။ ကျွန်တော် စားသောက်ဆိုင် အတီးသမားဘဝ တစ်နှစ်ခွဲကျော်ကျော်အတွင်း ပထမဦးဆုံး သီချင်းဆိုရသောနေ့ဖြစ်ပြီး ပထမဦးဆုံး ဝင်ငွေတစ်သောင်းနီးပါးရသောနေ့ဖြစ်ခဲ့ရသည်။ ပန်းကုံးနှင့် ပိုက်ဆံလဲသော ဌာနမှာ ပန်းကုံးဘယ်သူဝယ်သလဲ မေးမြန်းကြည့်တော့ ဝိုင်းတစ်ဝိုင်းကပဲ။ ဘယ်သူဝယ်လိုက်မှန်း မသိလိုက်ဘူးလို့ ပြောသည်။ ထိုနေ့က ထိုပိုက်ဆံလေးကို အိတ်ထဲမထည့်နိုင်ဘဲ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်မိရင်း ရင်ထဲမှာ ပျော်ရွှင်စွာ၊ ပြီးတော့ ထိတ်လန့်စွာ ပြန်ခဲ့မိသည်။ အဆောင်ရောက်ရောက်ချင်း ထိုပိုက်ဆံလေးတွေကို အခါခါ ကြည်နူးစွာကြည့်ရင်း ဆိုင်ကယ်ဝယ်ရန် စုဆောင်းထားသော ငွေစက္ကူအထပ်ထဲသို့ ထည့်လိုက်သည်။

ထိုနေ့ညမှာ စာမကျက်ဖြစ်ဘဲ ကဗျာတစ်ပုဒ် စပ်မိသည်။ ကဗျာလေးက "ပုန်းသူ" ဖြစ်သည်။ ထိုသူသည် မိန်းကလေးဖြစ်ရမည်။ မိန်းကလေးမှာ ကျွန်တော့်ထပ် ၁၀ နှစ်ခန့်ကြီးသော မိန်းကလေးဖြစ်ရမည်။ နောက်ပြီး ထိုမိန်းမသည် အိမ်ထောင်ပျက်သို့မဟုတ် ရည်းစားပျက်ဖူးသော ပိုက်ဆံရှိ မိန်းမတစ်ယောက် ဖြစ်ရမည်။ အရေးကြီးဆုံးကတော့ ကျွန်တော့်ကို လွန်ခဲ့သော လပေါင်းများစွာကတည်းက သိနေခဲ့ပြီး ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းအနည်းငယ်ကို သိထားသူဖြစ်သည်။ ထိုနေ့က ကဗျာစပ်ပြီးမှ ထိုမိန်းမသည် ကျွန်တော့်ဘဝကို တစ်နည်းတစ်ဖုံ ပြောင်းလဲသွား

www.burmeseclassic.com



စေရန် လှုံ့ဆော်မည့်သူတစ်ယောက်ဖြစ်ကြောင်း နားလည်လိုက်မိသည်။ ထို့နောက် ကျွန်တော် တုန်လှုပ်မိသည်။

* * *

www.burmeseclassic.com



မနက် မိုးလင်းလင်းချင်း ညက အဖြစ်အပျက်ကို ပြန်တွေးမိစွာ ဖြူ့ထံသို့ အကျိုးအကြောင်း ပြောပြရန် ဖုန်းဆက်မိသည်။ အိမ်မှာ ဖြူမရှိဟု သူ့အဒေါ်က ခပ်တင်းတင်းဆိုသည်။ ဘယ်သူလဲဆိုတဲ့ ခပ်ထန်ထန် အမေးအောက်မှာ နိုင်ရဲဆိုတဲ့ ကျွန်တော့်ဖြေသံလေးကို အားအင်ချည့်နဲ့စေသည်။ဘာကိစ္စရှိလို့လဲဆိုတဲ့ အမေးစကားအောက်မှာတော့ ကျွန်တော် နောက်ထပ် ဖြူ့အိမ်သို့ ဖုန်းမဆက်ရန်တားမြစ်သလိုပင် ဖြစ်နေတော့သည်။ ကျွန်တော် စိတ်ပျက်စွာဖုန်းချမိရင်း ဖြူ့သူငယ်ချင်းအိမ်သို့ ဖုန်းထပ်ဆက်မိသည်။ ဖြူ့သူငယ်ချင်းကလည်း "ဖြူက သောကြာနေ့ကျမှ ကျွန်မဆီလာတာ၊ အခုဆို ဖြူမလာတာ ကြာပြီပဲလေလို့ ခပ်နောက်နောက်စကားနဲ့စလိုက်သေးသည်။

ဒီနေ့ညလည်း ကျွန်တော် တီးဖို့ရှိသည်။ ထိုအမျိုးသမီးများလာဦးမလား ဆိုတဲ့အတွေးက ကျွန်တော့်ကို တစ်စိတ်တစ်ဒေသပျော်ရွှင်စေသလို တစ်စိတ်တစ်ဒေသ တုန်လှုပ်ချောက်ချားစေခဲ့သည်။ ကျွန်တော့်ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲစေနိုင်လိမ့်မည်။ ဘာပြောပြော ထိုမိန်းမကို ကျွန်တော် ကြောက်သည်။

ထိုအကြောင်းကို ကျွန်တော့်အဆောင်အတူနေ သူငယ်ချင်းကျော်ဝင်းအား ပြောပြတော့ သူငယ်ချင်းက စိတ်ဝင်စားစွာ ဘယ်သူ

www.burmeseclassic.com



လဲ သိအောင် စုံစမ်းမယ်လို့ ပြောသည်။ ထိုသူငယ်ချင်း စကားကို သဘောတူခဲ့သည်။ ကျွန်တော် ထိုမိန်းမကို ရင်ဆိုင်လိုက်ချင်သလို၊ ရင်ဆိုင်ရမှာလည်း ကြောက်နေသည်။ ကျွန်တော့်ဘက်က သီချင်း အပြင် တခြားကြီးကြီးမားမား တစ်ခုခု ပေးဆပ်ရမည်ကို ကြောက်ရွံ့မိသည်။ အထူးသဖြင့် ကျွန်တော့်ဘဝကို ပေးဆပ်ရမှာ မတန်ဟု ကြိုတွေးမိသည်။ သူသည် ဘယ်လိုမိန်းမမျိုးဖြစ်ပါစေ ကျွန်တော့်ကို ငွေနဲ့သိမ်းသွင်းပြီး ဘဝကို ပေးဆပ်ခိုင်းလျှင်တော့ . . ဆိုတဲ့အတွေးက ထိုမိန်းမနှင့် ကျွန်တော့်ကြား ကန့်လန့်ကာကြီး တစ်ခုသဖွယ် တားဆီးနေတော့သည်။ ဒါပေမဲ့ ထိုနေ့က ကျွန်တော် တကယ်လို့များ သီချင်းတောင်းခံရရင် ဆိုတဲ့အတွေးကြောင့် ကျွန်တော့်သီချင်းနုတ်စိစာရွက်များ ယူလာခဲ့မိသည်။

ကျော်ဝင်းကို အလယ်ဘေးအစွန်ခပ်ကျကျ စားပွဲဝိုင်းမှာ နေရာချထားလိုက်သည်။ စားပွဲထိုးကောင်လေးတွေက အစ်ကို ဒီည စားပွဲဝင်ထိုးသွားပါလား။ အနည်းဆုံး တစ်ဆယ်လောက်တော့ ရမှာပဲဟု ကျော်ဝင်းကို ပြောသည်။ ကျွန်တော်က ပိုအဆင်ပြေတာပေါ့လို့ ပြောလိုက်ပေမဲ့ ကျော်ဝင်းက အနည်းငယ် ရှက်နေပုံရပြီး ငြင်းလိုက်သည်။ ကျော်ဝင်းက မင်းဘဝကို အားကျတယ်ကွာ၊ ငါလည်း ကျောင်းတက်မပျက်တဲ့ ဝင်ငွေရတဲ့အလုပ်မျိုးလုပ်ချင်တယ်ဟု ပြောဖူးသောကြောင့် ဖြစ်သည်။ ဒါ့ကြောင့်ပင် ကျွန်တော်ကပင် ကျော်ဝင်းကို အတင်းတိုက်တွန်းရသည်။

"ဟော့ကောင် မင်း ဖင်စွဲပြီးထိုင်နေတာထက် မင်း စားပွဲထိုးနေတာကမကောင်းဘူးလား။ စားပွဲဝိုင်းမှာ ရပ်မနေချင်လည်း ပစ္စည်း အသယ်အပို့ဝင်ကူလို့ရတာပဲ။ အဲဒီကောင်တွေက လူအုံရင် အုံသလို စားပွဲတစ်ဝိုင်းကို လေးယောက် ငါးယောက် ကိုင်ရတာ။

www.burmeseclassic.com



မင်းဝင်ကူလုပ်ပေါ့ကွာ။ အတွေ့အကြုံရတာပေါ့။ သွား. . . သွား. . သူတို့နဲ့ လိုက်သွား”

“ညီလေးရေ ဒီအစ်ကို့နာမည်က ကျော်ဝင်းတဲ့၊ အစ်ကိုနဲ့ ဆေးကျောင်းတစ်တန်းတည်းပဲ၊ ကျောင်းသားဆိုတော့ ဘိုင်ကျတာ ပေါ့ကွာ”

ကျော်ဝင်းက သိပ်ရှက်ဟန်မပြတော့။ ဒီနေ့မှ တိုက်တိုက် ဆိုင်ဆိုင် ဝတ်လာမိသော စတိုင်ဘောင်းဘီအနက်လေး၏ ခါးစကို ပင့်တင်လိုက်သည်။

“ဒီနေ့ကတော့ အစ်ကိုနဲ့ တမင်သက်သက် လိုက်လာတာ။ ဒါပေမဲ့ ကြုံတုန်းလေး ခွင်ရှာချင်တာပေါ့။ အစ်ကို ဒီနေ့ ကျော်ဝင်း ဂျူတီဝင်မယ်လို့ ကိုအောင်မြင့်ကို ဝင်ပြောလိုက်တော့မယ်”

ကောင်လေးတွေက ဝမ်းသာအားရ ကျော်ဝင်းကို ခေါ်သွား သည်။ ကျွန်တော်လည်း ကျော်ဝင်းကို ကျွန်တော့်ကိစ္စမမေ့အောင် သတိလှမ်းပေးလိုက်ရသေးသည်။ ဘာပြောပြော ဒီနေ့ ကျော်ဝင်း အတွက် တစ်ဆယ် (တစ်ထောင်ကျပ်)လောက်ရလျှင် တော်တော် လေးတော့ ပြေလည်သွားနိုင်သည်။ ကျော်ဝင်း အဆင်ပြေရင် ပြေသလို လူစားဝင်ပြီးလုပ်နိုင်ဖို့ ဆိုင်ပိုင်ရှင် ကိုအောင်မြင့်ကို ဝင်ပြောခဲ့သည်။ ကိုအောင်မြင့်က ကျောင်းသားတွေပဲကွာ၊ မိဘ ပို့တာနဲ့မလောက်လို့ အလုပ်ဝင်လုပ်တာပဲ၊ ကြိုဆိုတယ် ငါ့ညီ၊ နိုင်ရဲ မင်းလိုပဲ မင်းသူငယ်ချင်းကို အချိန်ပိုင်း ဆင်းမယ်ဆိုရင်လည်း အစ်ကို လက်ခံတယ်။ အစ်ကို့အနေတော့ စားပွဲထိုးထက် သာတဲ့ အလုပ် ပေးချင်ပါတယ်။ နောက်မှ အေးအေးဆေးဆေး ဆွေးနွေးကြ တာပေါ့”

ကျွန်တော့်စိတ်ထဲမှာတော့ ကျော်ဝင်းသာ ကျွန်တော်နဲ့အတူ အလုပ်ဆင်းမယ်ဆိုရင် ညဘက်ပြန်ရတာ ပိုအဆင်ပြေမည်လို့ တွေးမိ

www.burmeseclassic.com



သေးသည်။ ဒါပေမဲ့ ကျော်ဝင်းအနေနဲ့ ဆေးကျောင်းသားတစ်ယောက်က စားပွဲထိုးဝင်လုပ်ဖို့ဆိုတာ တကယ့်ကို မတွေးရဲစရာ ကိစ္စတစ်ခုလို့ ထင်ချင်ထင်နိုင်သည်။ စားပွဲထိုးလခထက် စားသုံးသူတွေက အပိုပေးသွားတဲ့ သဒ္ဓါကြေးက ညစဉ် တစ်ဆယ်အထက်မှာ ရှိနေတာဆိုတော့ မက်လောက်စရာပင်။ ကျော်ဝင်းမိဘတွေက သူလိုငါလိုမိဘတွေဆိုတော့ မိဘပို့တဲ့ပိုက်ဆံကို လောက်အောင် မနည်းတွက်ချက်သုံးနေရသည်။ သူ့အတွက် စားပွဲထိုးဝင်ငွေက မိဘရဲ့ ငွေရေးကြေးရေးကိစ္စကို တစ်စိတ်တစ်ပိုင်း ဝိုင်းကူဖြေရှင်းပေးနိုင်ကြောင်းစည်းရုံးရမည်။ ကျွန်တော် အခုလို စားသောက်ဆိုင်မှာတီးနေတာသိရင် မေမေကရော ခွင့်လွှတ်ပါ့မလား မပြောတတ်ချေ။ မေမေ့ကိုတော့ တစ်ပတ် တစ်ပတ် မင်္ဂလာဆောင်မှာတီးလို့ ရတဲ့ငွေနဲ့ ကျောင်းတက်နေကြောင်းသာ ပြောပြထားသည်။

ထိုနေ့ညက ကျွန်တော်ရော ကျော်ဝင်းပါ အဆင်ပြေပြေပြီးသွားသည်။ မနေ့ညကလိုပင် ကျွန်တော့်ကိုသီချင်းတောင်းခံခဲ့သည်။ သီချင်းတောင်းခံသည့်ဝိုင်းက လင်မယား နှစ်စုံတွဲနှင့် ယောကျ်ားနှစ်ယောက် ထိုင်ကြောင်း သိရသည်။ ထိုပန်းကုံးစာရင်းကိုယောကျ်ားတစ်ယောက်က ခေါ်ပေးသဖြင့် သူ့အမျိုးသမီးက ရေးသည်။ ပိုက်ဆံရှင်းတော့ အခြားယောကျ်ားတစ်ဦးမှ ရှင်းကြောင်းသိရသည်။ ထူးခြားတာက မနေ့က ပန်းကုံးဝယ်သော အဖွဲ့မဟုတ်ဘဲ ဒီနေ့လာလက်ဆောင်ပေးသူက အခြားသတ်သတ်တစ်ဖွဲ့ ဖြစ်နေခြင်းဖြစ်သည်။

ထိုနေ့ညက ကျွန်တော်နဲ့ ကျော်ဝင်း လမ်းလျှောက်ပြန်လာရင်း စားသောက်ဆိုင်က အကြောင်းများကို ပြန်ပြောဖြစ်ကြသည်။ ကျွန်တော်က တစ်သောင်းခန့်ရသလို ကျော်ဝင်းလည်း ဆယ့်ငါးကျပ်(တစ်ထောင့်ငါးရာ)ရကြောင်း ပြောပြသည်။

www.burmeseclassic.com



"ဘာပြောပြောကွာ ငါ ဒီနေ့ တစ်ထောင့်ငါးရာရတဲ့အတွက် မင်းကို ကျေးဇူးတင်တယ်။ မနက်ဖြန်ဆို ကျောင်းလခသွင်းဖို့ နောက်ဆုံးရက်ကွ၊ ငါ့မှာ ရောင်းစရာတွေလည်း ကုန်ပြီ။ ပိုက်ဆံကလည်း လာဦးမှာမဟုတ်သေးဘူး။ စားပွဲထိုးရင်း ဆရာဝန်ဖြစ်တာ ဒီခေတ်မှာ ငါတစ်ယောက်တည်းရှိမှာပါနော်"

"ငါကရော ဘာထူးသေးလို့လဲကွ၊ ကိုယ် မြတ်မြတ်နိုးနိုး ဆင်းဆင်းရဲရဲ အပတ်တကုတ် သင်လာရတဲ့ ဂစ်တာပညာကို ရောင်းချပြီး ကျောင်းတက်နေရတာ။ ငါသာ ဂစ်တာမတီးတတ်ရင် မင်းလိုပဲ စားပွဲဝင်ထိုးသင့် ထိုးရမှာပဲ။ ဘာတတ်နိုင်မှာလဲ။ ငါတို့ မိဘတွေကမှ မချမ်းသာကြတာ။ အားငယ်စရာ မလိုပါဘူးကွာ"

"အေးပေါ့ကွာ ဘာတတ်နိုင်မှာလဲ"ဆိုတဲ့ ကျော်ဝင်းရဲ့ မချိတင်ကဲ အသံလေးက ကျွန်တော့်နှလုံးသားကို ဖြစ်ညှစ်ဆုပ်ကိုင်လိုက်သလို ကျင်ခနဲ ခံစားလိုက်ရသည်။ မနေ့ကရတဲ့ တစ်သောင်းနဲ့ ဒီနေ့ရတဲ့တစ်သောင်းက ကျွန်တော့်ရန်မကင်းဘဲ ရနေကြောင်း ခံစားနေရသည်။

"ဟေ့ကောင် နိုင်ရဲ၊ အဲဒီဝိုင်းကလေ တခြားဘယ်ကောင်မလေးကိုမှ ဆုမချဘဲ မင်းကို ဆုချတာသာကြည့်။ အဲဒီဝိုင်းမှာ ပါလာတဲ့ မိန်းမနှစ်ယောက်စလုံးရဲ့ အပြုအမူတွေကလည်း သာမာန်ထက် မပိုဘူး။ မင်းထင်သလို မိန်းမတစ်ယောက်ယောက် ဖြစ်ရမယ်ဆိုတာ မဟုတ်ဘူးကွ။ ဒါပေမဲ့ ဒီဆုငွေတွေဟာ မရိုးသားဘူးကွ။ တော်တော်လေးတော့ စိတ်ဝင်စားစရာကောင်းတယ်"

"အေးကွာ ခေါင်းထဲ ထည့်မနေပါနဲ့တော့။ အခုလို တစ်ညတစ်သောင်းရနေရင်တော့ ငါတို့ မြန်မြန် ဆိုင်ကယ်စီးရမှာပဲလို့ သဘောထားလိုက်တော့။ မင်းသာ ငါနဲ့အတူအဖော်လိုက်ပေးတော့။

www.burmeseclassic.com



အဖော်လိုက်ရင်းကြုံရင် ကြုံသလို စားပွဲဝင်ထိုးပေါ့ကွာ၊ ပိုက်ဆံရတဲ့ အလုပ်ပဲ”

“အေး . . . ငါလည်း စဉ်းစားနေတာပဲ၊ ဘာဖြစ်လဲကွာ တစ်ကျောင်းလုံးသိလည်း ဘာအကြောင်းလဲ”

ထိုနေ့ညက ကျွန်တော်တို့ စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်မှာ ချာပါတီနှစ်ပွဲစီ ဝင်စားပြီး ပြန်လာခဲ့တော့သည်။

* * *

www.burmeseclassic.com



ထူးဆန်းစွာ ထိုတစ်ပတ်လုံး (ကျွန်တော် အလုပ်ဆင်းသော သောကြာ၊ စနေ၊ တနင်္ဂနွေ) ကျွန်တော့်ကို လူပုဂ္ဂိုလ်ချင်းပင် ခပ်ဆင်ဆင်မတူကြသော ဝိုင်းသုံးဝိုင်းမှ ပန်းကုံးတစ်သောင်းကျော် စီဖိုး ဆုချခဲ့သည်။ ဒုတိယနေ့နှင့် တတိယနေ့တွင်တော့ ကျွန်တော် ကိုယ်တိုင်ရေးသော သီချင်းတစ်ပုဒ်ကို သီဆိုခဲ့သည်။ ထိုသီချင်းမှာ ဖြူနဲ့တွေ့သောညက စပ်ဆိုခဲ့သော ချစ်ခြင်းနဲ့ မနက်ဖြန် သီချင်း ဖြစ်သည်။

သောကြာနေ့ ကျောင်းဆင်းချိန်တွင် ဖြူ့ကားလေးက ကျောင်းပေါက်ဝနှင့် မလှမ်းမကမ်းမှာ ရပ်နေသည်။ ကျွန်တော်က ဖြူ့ကား နောက်ခန်းမှာ လိုက်ပါသွားရင်း ကျွန်တော်တို့ ထိုင်နေကျ အင်းလျားကန်စပ်တွင်ပင် ထိုင်ဖြစ်ကြသည်။ ကျွန်တော်က ဖြူ့ကို ယောကျ်ားတန်မဲ့ သရဖူတွေ၊ ပန်းကုံးတွေရကြောင်းပြောသောအခါ ဖြူက အနည်းငယ် အံ့သြဟန်ပြသည်။

"မထူးဆန်းဘူးလား. . . ထူးဆန်းလိုက်တာ၊ ဒါ အလကား တော့ ပေးမှာမဟုတ်ဘူး၊ အခုလောလောဆယ် မထူးခြားတောင် ရှေ့တစ်ပတ် နှစ်ပတ်အတွင်း ထူးခြားလိမ့်မယ်။ ဒီနေ့ညပါ ပန်းကုံး တွေ လာဆုချ သီချင်းတောင်းရင်လေ"

www.burmeseclassic.com



ဖြူက ရေပြင်ဘက် တွေတွေလေး ငေးနေတော့သည်။ ထို့နောက် စိတ်ရှုပ်ထွေးဟန်ကို ချက်ချင်းသတိပြုမိရင်း ကျွန်တော့်ကို စူးစူးနစ်နစ် စိုက်ကြည့်သည်။

"ဒါဟာ မရိုးသားဘူး ကိုနိုင်ရဲ၊ သွေးရိုးသားရိုးဆိုရင် လာမိတ်ဆက်မှပဲ။ အခုတော့ ကန့်လန့်ကာခံပြီး ဆက်ဆံနေတယ်။ ဒီအတွက် ဒီထောင်ချောက်ထဲ ဝင်မသွားမိစေနဲ့။ တစ်ခုခုကို လုပ်ကြံချင်လို့ပဲ"

ဖြူ ထင်သည့်အတိုင်း ကျွန်တော်လည်း ထင်ခဲ့ဖူးသည်။ ဖြူ ပြောသလို ရှေ့တစ်ပတ် နှစ်ပတ် စောင့်ကြည့်လျှင် အဖြေထွက်မှာကိုလည်း ယုံကြည်သည်။

"ဒီတစ်ပတ်အတွင်း ဖြူ ထွက်လို့ရရင် ကိုနိုင်ရဲရှိတဲ့ စားသောက်ဆိုင်ကို လာဦးမယ်၊ ဒါပေမဲ့ ဖြူက ညဥ့်နက်အောင် နေလို့မရဘူးဆိုတော့ လာလည်း ထူးမှာမဟုတ်ဘူး ထင်ပါရဲ့"

ကျွန်တော် ယောင်ယမ်းစွာ ဖြူ့လက်ကို ကိုင်မိသည်။ စိတ်ထဲကလည်း ဖြူ ကျွန်တော့်ကို  စိုးရိမ်ပူပန်သွားရပြီလို့ စိတ်မကောင်းခြင်းများစွာ ရှိနေသည်။

"ဖြူ စိတ်မပူပါနဲ့ကွာ၊ အခုဆို ကျော်ဝင်းလည်း ကိုယ်နဲ့ အဖော်လိုက်ပေးနေတာပဲ၊ စိတ်ချနော် ညီမလေး၊ ဒီအခြေအနေအထိ ခက်ခက်ခဲခဲ ရပ်တည်ပြီးမှ အဖျက်ဆီးမခံနိုင်ပါဘူး။ နောက်ပြီး ကိုယ့်စရိတ်ကိုယ် ပိုပိုလျှံလျှံ ရှာနိုင်နေပြီပဲ။ ကိုယ့်ကို ငွေနဲ့မျှားလို့ မရနိုင်ပါဘူး"

"နောက်ပြီး . . . ကိုယ့်ဘဝမှာ. . . "

ဖြူက အရာရာကို ကြိုသိနေပုံမျိုးဖြင့် ခပ်ရှက်ရှက် ခေါင်းငုံ့နေသည်။ ကျွန်တော်ကလည်း ဖြူ့လက်ကို မလွှတ်ရသေး။

www.burmeseclassic.com



"ကိုယ်လေ စတွေ့တွေ့ချင်းကတည်းက ဖြူ့ကို စိတ်ဝင်စားခဲ့တာ၊ နောက်ပြီး သီချင်းအတူတူဆိုရင်း၊ ဂစ်တာအတူတူတီးရင်း ချစ်သွားခဲ့တယ်။ ဖြူ . . ကိုယ့်ကို စိတ်မဆိုးပါဘူးနော်"

ဖြူက ခေါင်းကို ငုံ့သထက် ငုံ့ထားသည်။ ဖြူ့ဆံပင်တွေက ခပ်ရိုင်းရိုင်း ဝဲကျလာသည်။ ဖြူက သူ့ဆံပင်လေးတွေကို သပ်မတင်တော့ဘဲ ဆံပင်အောက်မှာ မျက်ဝန်းနက်နက် နှုတ်ခမ်းရဲရဲလေးတွေကို ဝှက်ထားချင်ပုံရသည်။ ကျွန်တော်ကလည်း အားမနာနိုင်စွာ အဖြေတောင်းခဲ့သည်။

"ဖြူ . . မော့ကြည့်ပါဦး၊ ကိုယ့်ကိုရော ဘယ်လိုသဘောထားသလဲဟင်"

ဖြူ့လက်ချောင်းလေးကို ကျွန်တော် ဖျစ်ညှစ်ဆုပ်ကိုင်ထားဆဲဖြစ်သည်။ ဖြူကလည်း ကျွန်တော် ဆုပ်ကိုင်ထားသည်ကို မရုန်းကန်ခဲ့ချေ။

"ဖြေဦးလေ ဖြူ . . ကိုယ့်အချစ်ကို လက်ခံလားဟင်"

ဖြူက ရှက်နေရာမှ ခေါင်းကို ဆတ်ခနဲ ပင့်တင် မော့လိုက်သည်။ ဖြူ့ မျက်လုံးမှာ မျက်ရည်စတွေ ဝေသီနေသည်။ နောက် ချစ်မျက်စောင်းလှလှလေး ချီတ်လိုက်ကာ 'လာမမေးနဲ့တဲ့' လေ။ ကျွန်တော့်လက်ဖဝါးထဲမှ သူ့လက်လေးတွေကို ရုန်းကန်ထွက်လိုက်ပြီး ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ကာ လမ်းလျှောက်သွားသည်။ ကျွန်တော်ကလည်း နားလည်စွာ ဖြူ့နောက်သို့ အလိုက်သင့်တွဲခေါ် သွားရင်း ကျွန်တော်တို့ရဲ့ ညနေချိန်လေးဟာ လျှင်လျှင်မြန်မြန်ပဲ အလင်းရောင်ပျောက်သွားရသည်။

အဆောင်ပြန်ရောက်တော့ ကျော်ဝင်းက အဝတ်အစားအဆင်သင့်လဲပြီး ဖြစ်နေသည်။ နောက်ပြီး ကျွန်တော်နဲ့ ဖြူ တရားဝင်ချစ်သူတွေ ဖြစ်သွားကြပြီလို့ တစ်ထစ်ချ အတပ်ဟောတော့သည်။

www.burmeseclassic.com



"ဒီနေ့ မင်းမျက်နှာက အရင်ကလို မှုန်ကုပ်ကုပ်မဟုတ်ဘူးကွ။ မှိုရလို့ ပျော်နေတဲ့မျက်နှာ။ မင်းနှုတ်ခမ်းကြီး နားရွက်တက်ချိတ်နေတာ မမြင်ရင်တော့ ငါဆိုတဲ့အကောင်က အကန်းပဲဖြစ်လိမ့်မယ်၊ သိရဲ့လားကွ"

ကျွန်တော့် တဟားဟားရယ်သံတွင် အူမြူးနေသံ ရောယှက်နေလိမ့်မည်။ ဘာကိုမြင်မြင် ဘာကိုတွေ့တွေ့ အလိုလိုပျော်နေသည်။ အလကားနေရင်လည်း ကျွန်တော်ပေ့ါပါးလွတ်လပ်စွာ ပျော်နေသည်။

* * *

www.burmeseclassic.com



ထိုသောကြာနေ့ညက ကျွန်တော့်ကို ဆုချသော အုပ်စုမလာပါ။ သို့ပေမဲ့ အမျိုးသမီးတစ်ယောက်က ပန်းကုံးဆုမချဘဲ ရွှေဆွဲကြိုး မျှင်မျှင်လေးတစ်ကုံး ရွှေဆွဲကြိုးလေးကို ကျွန်တော့်အကျႌအိတ်ထဲ အသေအချာထည့်ပေးပြီး ပြန်ဆင်းသွားသည်။ ထို့နောက် ကျွန်တော် တီးခတ်နေတာကိုပင် ဆက်မကြည့်တော့ဘဲ ချက်ချင်းပြန်ထွက်သွား တော့သည်။

ကျွန်တော် ထင်ခဲ့သည့်အတိုင်း ထိုမမက အသက် ၃၀ ဝန်းကျင်ခန့်ရှိနေသည်။ မျက်နှာအလှတွင်သာမက ခန္ဓာကိုယ်အလှပါ စနစ်တကျ ထိန်းသိမ်းထားပုံရသည်။ မမရဲ့အနက်ရောင် ကိုယ်လုံး လေးပေါ်မှာ အဝါနုရောင် ကုတ်အကျႌလေးက သပ်ရပ်သားနားစွာ နေရာယူထားသည်။ မွှေးရှုရှုရှိုရှို ခပ်အေးအေးရေမွှေးနံ့က မမကို ပိုစွဲမက်စေချင်ပုံရစေသည်။ မထူလွန်း မပါးလွန်းတဲ့ ကွင်းထိုး ဒေါက်ဖိနပ်လေးအပေါ်မှာ မမက ဣန္ဒြေကြီးစွာ ရပ်နေပြီး ရွှေဆွဲကြိုး လေးကို အိတ်ကပ်ထဲ ထည့်သွားခြင်းဖြစ်သည်။ မမကတော့ တကယ့် ကို ရိုးသားဖြူစင်ဟန်အပြည့်ရှိနေသည်။ ဘာကို သံသယဝင်ရမှန်း မသိအောင် မမအလှက အပြစ်ကင်းလွန်းသည်။ ဆံစများအားလုံးကို

www.burmeseclassic.com



စုစည်းပြီး နောက်စေ့မှာ ချည်နှောင်ထားပုံကိုက သန့်စင်ပြီး ကျက်သရေရှိနေစေသည်။

ကျွန်တော်တို့ ထင်ထားသည့်အတိုင်း ကျွန်တော့်ကို လှည့်စားဖို့ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပါလို့တောင် တွေးမိလိုက်သေးသည်။

ကျန်ခဲ့တဲ့တစ်ပတ်က သုံးရက်လုံးလုံး တစ်သောင်းဖိုးခန့် ဆုချခဲ့သော အဖွဲ့ သုံးဖွဲ့နှင့် ဆက်စပ်ချင်မှ ဆက်စပ်မှာဟုပင် တွေးမိသည်။ ကိုယ့်ဘာသာလည်း ဘဝမြင့်စွာ 'အခုတလော ကံဇာတာ ထနေတယ်'လို့ ကျော်ဝင်းကိုပြောပြတော့ ကျော်ဝင်းက မစနောက်ခဲ့။

"ဟုတ်တယ်ကွ၊ မင်း ပိုက်ဆံတွေလည်းရတယ်၊ နောက်ပြီး ချစ်သူလည်းရတယ်၊ ချစ်သူမှ ကံကောင်းရင် နှစ်ယောက်တောင်ရမှာ"

ကျော်ဝင်းက သူ့အပြောကို သူ့ဘာသာ သဘောကျရင်း ရယ်နေသည်။ ထိုနေ့ညက သူလည်း ဆယ့်ငါးကျပ်ရခဲ့သည်။ ကျွန်တော်ကတော့ ဆွဲကြိုးလေး တစ်ကျပ်သားက သုံးသောင်းနီးပါး ရမှာပဲလို့ တွက်မိပြီး ပျော်နေသည်။ ကျွန်တော့်ဆိုင်ပိုင်ရှင် ကိုအောင်မြင့် အာမခံနဲ့ ဆိုင်ကယ်ကို အရစ်ကျဝယ်စီးလို့ ရသွားတော့မည်။ ထို့အတွက် မမကို ကျေးဇူးတင်မိသည်။

အပြန်လမ်းတစ်လျှောက်လုံး ကျွန်တော်နဲ့ ကျော်ဝင်းမှာ မမအကြောင်းသာ ပြောဖြစ်နေကြသည်။ တကယ်တော့ ထိုနေ့က ဖြူ့ကို ချစ်ခွင့်ပန်ပြီး ဖြူက အဖြေပြန်ပေးခဲ့သောနေ့ပင် ဖြစ်သည်။ တစ်ညနေလုံး ဖြူ့အကြောင်းတွေးရင် စိတ်ထဲမှာ ကြည်နူးချမ်းမြေ့နေသမျှတွေကို မမက အတင်းဝင်ရောက် လုယူသွားကြောင်း သတိပြုမိချိန်တွင် ကျွန်တော်နဲ့ဖြူနဲ့ ရှေ့ဆက်ခရီးဟာ သာယာပါ့မလား လို့ သံသယဝင်မိသည်။ ကျွန်တော်က အဖြစ်အပျက်တစ်ခု ဖြစ်ခါ

www.burmeseclassic.com



နီးတိုင်း ထိုအဖြစ်အပျက်နဲ့ ပတ်သက်တဲ့ နိမိတ်ကို ရတတ်သော ကြောင့် ဖြစ်သည်။

“ဟော့ကောင် မမက မိတယ်နော်၊ ဒီနေ့မှ တိုက်တိုက် ဆိုင်ဆိုင်ကွာ မင်းက ဖြူ့ကို ရည်းစားစကား ပြောတဲ့နေ့။ မမက မင်းကို စတင်တိုက်စစ်ဆင်တဲ့နေ့။ မင်း ဘယ်လိုဆုံးဖြတ်ဖြစ်မလဲ သိချင်လိုက်တာ”

ကျော်ဝင်းရဲ့စကားကြောင့် ကျွန်တော် ခတ္တတော့ တွေဝေ သွားမိသည်။ အို့ . . ဖြူနဲ့ မမက နှိုင်းယှဉ်စရာမှ မဟုတ်တာ။

“ဟော့ကောင်. . ဖြူက ယဉ်ကျေးသိမ်မွေ့သလောက် မမ ကတော့ ပိုက်ဆံရှိရှိ အပေါစားဆန်တယ်ကွ။ ယှဉ်စရာမလိုပါဘူးကွာ။ ဘယ်လောက်ခေတ်မီတဲ့ ယောကျ်ားပဲဖြစ်ဖြစ် ကိုယ့်မိန်းကလေးကို ဣန္ဒြေရှိရှိ နေတတ် ထိုင်တတ်တဲ့သူမျိုးပဲ ဖြစ်စေချင်တယ်”

ကျော်ဝင်းက ကျွန်တော့်စကားကို ရယ်ကျဲကျဲလုပ်သည်။

“ယောကျ်ားလေး အများစုကတော့ မင်းပြောသလိုပဲ နှလုံး သွင်းကြပါတယ်။ ဒါပေမဲ့ ဒီဣန္ဒြေမဲ့တဲ့ မိန်းကလေးတွေကတော့ ငါတို့ယောကျ်ားတွေအတွက် စိတ်တိုင်းကျ ခံစားလို့ရတဲ့ ပစ္စည်း တွေပဲဆိုတာ မင်းလက်ခံထား။ မင်း မမရဲ့ တိုက်ကွက်တွေကို မလွန်ဆန်နိုင်မှာ စိုးလို့ပါ”

ကျော်ဝင်းစကားကြောင့် ကျွန်တော့်ရင်ထဲ ရှုပ်ရှုပ်ထွေးထွေး ရှိလွန်းသွားသည်။ ဟုတ်ပါ့ မမနဲ့ ကျွန်တော် တွေ့ဆုံခြင်းမှာ ကျွန်တော်သီဆိုခဲ့တဲ့ သီချင်းသုံးပုဒ်အတွက် ပဟေဠိဆန်ဆန် ငွေ သုံးသောင်းကျော်ပေးသွားသည်။ နောက် ရွှေတစ်ကျပ်သား။ မမ ကျွန်တော့်ထံက ဘာအလိုရှိပါလိမ့်လို့ တွေးမိပြီး ကျွန်တော့်ဘဝကို အလိုရှိခဲ့လျှင် ဆိုတဲ့စကားက ထိတ်လန့် တုန်လှုပ်စေတော့သည်။ “ကျွန်တော် မမရဲ့ တိုက်ကွက်တွေကို မလွန်ဆန်နိုင်မှာ” တဲ့လေ။

www.burmeseclassic.com



အခုလောက်ဆို မမက ကျွန်တော့်လှုပ်ရှားမှု မှန်သမျှကို သိနေလောက်ပြီ။ မနက်ဖြန် မင်္ဂလာဆောင် သုံးပွဲတီးရမှာ၊ ဆရာ့အိမ်မှာ စာသွားကျက်ရမှာ၊ ဆရာ့အိမ်ကနေ September မှာ ဂစ်တာသွားတီးရမှာ၊ ဒီခရီးစဉ်တွေအားလုံး ဖြူ့ကို ပြောပြထားသည်။ မမကရော မသိနိုင်ဘူးတဲ့လား။

*  *  *

www.burmeseclassic.com



စနေနေ့ နေ့လယ်ပိုင်းမှာတော့ အရာအားလုံးက အဆင်ပြေပြေ ချောချောမောမော ပြီးသွားသည်။ မနက်မိုးလင်း ညနေစောင်းထိ ကျော်ဝင်းက ကျွန်တော့်အနားမှာ မခွာတမ်းရှိနေသည်။ ကျွန်တော်နဲ့ လိုက်တဲ့အတွက် မင်္ဂလာဆောင် ဧည့်ခံပွဲက ကျွေးတဲ့ ထမင်း၊ လက်ဖက်ရည်နဲ့ မုန့်တို့ကို စားရ၍ အကုန်အကျသက်သာကြောင်း ကျေးဇူးတင်စကားပြောသည်။ ကျွန်တော်ကလည်း မမကို ကြိုတင်ကြောက်ရွံ့နေခဲ့သဖြင့် ကျော်ဝင်း စိတ်ပါလက်ပါ ကျွန်တော့်နား ရှိနေတာကို ကျေးဇူးတင်ကြောင်း ပြန်ပြောရသည်။ ထိုရက်များမှစ၍ ကျော်ဝင်းနှင့် ကျွန်တော်သည် တကယ့်နှစ်ရှည်လများ တွဲလာခဲ့သော ငယ်ပေါင်းကြီးဖော်ပမာ နားလည်သွားကြသည်။ ကျွန်တော်ကလည်း သူ့ကို ကျွန်တော့်မန်နေဂျာအဖြစ် ခန့်အပ်ကာ တစ်လလျှင် လခ ၅၀၀၀ ကျပ် ချီးမြှင့်မည်ဟု ပြောသည်။

"ဟော့ကောင် မင်းရဲ့ မန်နေဂျာဆိုပေမဲ့ အတွင်းရေးမှူးလည်း ဟုတ်တာပဲနော်၊ အဲဒီတော့ မင်းကို ဖြူလာခေါ်ရင်လည်း ငါပါလိုက်ရမယ်၊ ဘယ်လိုသဘောရသလဲ"

ကျော်ဝင်းက ကျွန်တော့်ထက် ဟာသဉာဏ်ရှိသူဖြစ်သည်။ နောက်ပြီး ကျွန်တော့်ထက် နက်နက်နဲနဲ တွေးတတ်သူ ဖြစ်သည်။

www.burmeseclassic.com



သူမြို့မှာကျန်ခဲ့သော သူ့ကောင်မလေးအပေါ် လည်း သစ္စာရှိသည်။ ကျော်ဝင်းထက် ပြည့်စုံတဲ့ သူ့ချစ်သူ ကောင်မလေးက ထောက်ပံ့တဲ့ ငွေကြေးကို ဘယ်တော့မှမသုံးဘဲ ပြန်ပေးသည်။ စားစရာ ပိုက်ဆံ မရှိလျှင် ဗိုက်မှောက်နေတတ်သည်။ သူ့မိဘထံကလည်း မလောက် ဘူး၊ ထပ်ပို့ပေးပါလို့ ဘယ်တော့မှ မတောင်းတတ်။ ထမင်းငတ်တဲ့ ညမှာတော့ တခြားအဆောင်က ဝိုင်းတွေမှာသွားပြီးတိုလီမိုလီသွားလုပ် ပေးရင်းပိုက်ဆံရှာတတ်သည်။ ထိုသို့ ရပေါက်ချောင်သောအလုပ်ကို နေ့တိုင်း သွားလုပ်မည်မထင်နဲ့။ တစ်ရက်တည်းနှင့် နှစ်ထောင်ကျော် ရလျှင် နောက်နေ့ မသွားတော့ချေ။ ထိုပိုက်ဆံလေးနှင့်သာ လောက်င အောင် သုံးတတ်သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ကျော်ဝင်းနှင့် ကျွန်တော် ဆွေးနွေးဖူးသည်။ ကျော်ဝင်းကလည်း ဘဝကို နည်းမှန် လမ်းမှန်သွားချင်ပြီး လိပ်ပြာသန့်ချင်သူဖြစ်သည်။

"ဝိုင်းမှာ အကူလုပ်ပေးတယ်ဆိုတာ ကိုယ်မှ ဝင်မကစားတာပဲ။ ဒါကို စာရိတ္တ ကောင်းတယ်လို့ မပြောနိုင်ဘူး။ စာရိတ္တ ပျက်စီး နေတဲ့သူတွေကို အားပေးကူညီမှုပဲ။ တကယ်လို့ ဝိုင်းဝင်ဖမ်းရင် ငါလည်းပါမှာပဲ။ ငါ့မှာ ပိုက်ဆံမရှိလို့သာ ဒီအလုပ်ကို လုပ်ရတာ။ တကယ့်ကို ရင်ထဲမှာ တထိတ်ထိတ်နဲ့ ကြောက်လန့်နေရတယ်။ တစ်ခါတလေများ ငါတို့လုပ်နေတဲ့ အဆောင်ရှေ့ ကားထိုးဆိုက်ရင် ငါ ကြောက်ကြောက်နဲ့ နောက်ဖေးပေါက်က အရင်ဆုံးပြေးဆင်းမိ နေတတ်တယ်။ ငါ့ဘဝမှာ အမည်းကွက် စွန်းထင်းနေတာ မမြင်စေ ချင်ဘူး။ အထူးသဖြင့် ငါ့မေမေနဲ့ ဖေဖေကိုပဲ"

"ငတ်တော့လည်း လုပ်တာပေါ့ဆိုပေမဲ့ အမြဲတမ်းမလုပ်ပါဘူး၊ ငတ်တာကတော့ လစဉ် ငတ်နေတာပဲ။ ငါ နှစ်ခါပဲ လုပ်ဖူးတယ်"

ကျော်ဝင်း မျက်လုံးအိမ်တွေထဲမှာ မာနအပြည့်။ လူငယ် တစ်ယောက်ရဲ့ အညွန့်ကို ငွေကြေးကြောင့် အချိုးမခံချင်တဲ့စိတ်တွေက

www.burmeseclassic.com



ပေါ်လွင်လွန်းသည်။ ကျွန်တော်သာ ဂစ်တာမတီးတတ်ရင် ကျော်ဝင်းလိုပဲ ပိုက်ဆံရှာချင် ရှာမိမှာသေချာသည်။ ထိုအလုပ်က အလုပ်ရလွယ်သလို (အလုပ်ရလွယ်တာကလည်း ကျောင်းသားအချင်းချင်းမို့ဖြစ်သည်) ပိုက်ဆံလည်း များများရသောကြောင့် ဖြစ်သည်။

"အခုလို စားပွဲထိုးဝင်လုပ်နေတာ ငါ့အိမ်က သိသွားလည်း ငါ့မှာ ရိုးရိုးသားသား ငွေရှာတာပါဆိုတဲ့ ခိုင်လုံချက် ရှိတယ်။ ငါဖြေရှင်းရဲတယ်။ ဖဲဝိုင်းအကူဆိုတာတော့ တော်တော်လည်း ရုပ်ဆိုးပါတယ်ကွာ"

ထိုစကားများက ကျော်ဝင်းရင်ထဲက လှိုက်လှိုက်လှဲလှဲ ထွက်လာဖူးသော စကားများပင်ဖြစ်သည်။ ဘာပြောပြော ကျွန်တော်တို့ဟာ ဒီနေ့ကစလို့ ရဲဘော်ရဲဘက်စိတ်ဖြင့် ကျောင်းပြီးတဲ့အထိ လက်တွဲသွားဖို့သာ ရှိတော့သည်။

ဖြူ လာခေါ်ရင်လည်း လိုက်မယ်ဆိုသော ကျော်ဝင်း စကားကြောင့် ကျွန်တော် ဟက်ခနဲ ရယ်မိသည်။ ထိုစကားအတွက်လည်း-

"မင်း ငါတို့ကိုကြည့်ပြီး ကြားဖီလင် လိုချင်တာလား။ ငါဒါလောက်တော့ အူမတိုပါဘူး။ ခွင့်ပြုပါတယ်။ စာကျက်ဖို့တော့ စာအုပ်ယူလာပေါ့။ နောက်ပြီး ငါတို့စကားပြောတာကို မကြားနိုင်တဲ့ နေရာမှာ စာသွားကျက်ပေါ့။ နောက်ပြီး ငါ့ကို ပြန်ရှင်းပြပေါ့။ ဒီအတွက်တော့ ဖြူက လခပေးလိမ့်မယ် ဟားဟား. . ."

ထိုအချိန်အထိ ကျွန်တော်တို့မှာ စိုးရိမ်ထိတ်လန့်မှု မရှိခဲ့ချေ။ မမ ဆိုသော မိန်းမတစ်ယောက်ကို မေ့ထားနိုင်ခြင်းကလည်း ကျွန်တော်တို့ရဲ့စိတ်ကို အတန်ငယ် လွတ်လပ် ပေါ့ပါးစေခဲ့သည်။ အဆောင်ပြန်ရောက်ရောက်ချင်း ရေမိုးချိုးကြပြီး ကော်ဖီမစ်တစ်ခွက်စီဖျော်သောက်လိုက်ကြသည်။ စက်တင်ဘာစားသောက်ဆိုင်သို့မသွားမီ အချိန် ၁ နာရီခွဲခန့်အချိန်လေးမှာ ကျွန်တော်တို့ စာကျက်လိုက်ရ

www.burmeseclassic.com



သေးသည်။ တကယ်တော့ ထိုစာများသည် ကျွန်တော့်ခေါင်းထဲသို့ အရင်တုန်းကလို ဒုန်းခနဲ ဝင်ရောက်မလာတော့။ ချက်ချင်းမှတ်မိတတ်တဲ့ အကျင့်ရှိနေသေးပေမဲ့ နာရီပိုင်းအတွင်း ပျောက်သွားတတ်တဲ့ အကျင့်ဆိုးက ဝင်ရောက်လာခဲ့သည်။ ကျွန်တော်က ထိုစာများကို မုန်းလိုက်ချင်ပေမဲ့ မေမေ့ကြောင့် ချစ်နေရမြဲဖြစ်သည်။ ကျွန်တော်က ကိုယ်လုပ်ချင်ရာ လုပ်နေတတ်သလို မေမေ ဖြစ်စေလုပ်စေချင်တာကိုလည်း ဖြည့်ဆည်းပေးသူဖြစ်နေချင်တော့သည်။

ည ၈း၃၀ နာရီမှာ ကျွန်တော်က စင်ပေါ်မှာ ကျော်ဝင်းကဘားကောင်တာရှေ့မှာရပ်ရင်း အလုပ်စလုပ်ဖြစ်တော့သည်။ ထိုနေ့က ကျွန်တော်တို့ ဝိုင်းနဲ့အတူ နာမည်ကြီးအဆိုတော် နီကိုးလ် တစ်ညတာ ဖျော်ဖြေပေးရန် ဆိုင်ပိုင်ရှင် ကိုအောင်မြင့်က ဖိတ်ကြားထားသည်။ ကျွန်တော့်မှာ နီကိုးလ် သီချင်းများကို တီးခတ်ရင်း နီကိုးလ်နှင့်အတူ သီချင်းတက်ဆိုသူများကိုကြည့်ပြီး စိတ်ပါဝင်စားစွာပင် ဂီတထဲ နစ်မျောမိနေတော့သည်။

နီကိုးလ် ပထမပိုင်း ရပ်နားနေချိန်တွင် မမ ရောက်နေပေပြီ။ ဒီနေ့တော့ မမက အနက်ရောင် မြန်မာဝတ်စုံလေးဖြင့် လှချင်တိုင်း လှနေသည်။ မမ၏ ဆံပင်တိုတိုကိုလည်း ဆံထုံးပုံစံ ပြင်ဆင်ထားသည်။ ရွှေရောင်မျက်မှန်ကိုင်း လက်လက်လေးကလည်း မမကို အဝေးက မြင်တွေ့စေနိုင်ခဲ့သည်။ ကျော်ဝင်း၏ မျက်နှာရိပ် မျက်နှာကဲကြောင့် ကျွန်တော်က မမထိုင်တဲ့ခုံကို ကျောပေးကာရပ်၍ ဆက်တီးနေဖြစ်သည်။ ကျွန်တော့်ရင်ထဲ တလှပ်လှပ် ခုန်သွားတာတော့ ကျော်ဝင်းကို ဝန်ခံရဦးမည်ဟု တွေးလိုက်မိသေးသည်။

ထိုနေ့ညက မမ ဆုမချဘဲ ပြန်သွားသည်။ အဆိုတော် နီကိုးလ် ဒုတိယပိုင်း ဆက်ဆိုနေချိန်တွင် မမက သူစားပွဲဝိုင်းမှာ ရှိမနေတော့။ မမ စိတ်ဆိုးသွားပြီလားလို့ ရုတ်ခနဲ တွေးမိပေမဲ့

www.burmeseclassic.com



ကျွန်တော် ကျေနပ်မိသည်။ ကျော်ဝင်းနဲ့ မျက်လုံးချင်းဆုံမိတော့ မမ ပြန်သွားပြီလို့ ကိုယ်နေလက်ဟန်ထားဖြင့် ပြောပြသည်။

ပွဲပြီးတော့ ကျော်ဝင်းက နှစ်ဆယ် (နှစ်ထောင်) ရသည်။ ကျွန်တော်လည်း နှစ်ထောင်ရသည်။ အဆိုတော်နီကိုးလ်က သူ့ပန်းကုံးများကို ခွဲဝေပေးသွားသောကြောင့် ရခြင်းဖြစ်သည်။ ကျွန်တော်နဲ့ ကျော်ဝင်းက ထုံးစံအတိုင်း လမ်းလျှောက်ပြန်ရင်း စိတ်တိုင်းကျမှာ လက်ဖက်ရည်ဝင်သောက်ရန် ထွက်လာကြသည်။

ပြည်လမ်းမကြီးတစ်လျှောက် လမ်းမပေါ်မှာ တိတ်ဆိတ်လွန်းသည်။ ခပ်မြန်မြန်ကားတစ်စီးတလေ ဖြတ်သွားတာကလွဲလို့ ကျွန်တော်တို့နှစ်ယောက်သာ ရှိသည်။ ထိုနေ့က ကျွန်တော်တို့ နှစ်ယောက်ပြောဖြစ်သော စကားများမှာ ရှေ့အပတ်ထဲတွင်ဖြေရန်ရှိသော စာမေးပွဲအတွက် သင်ခန်းစာများဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် ဟိုအခန်းက အရေးကြီးတယ်၊ ဒီအခန်းက အရေးကြီးတယ် ငြင်းခုံနေရင်း ကျွန်တော်တို့ရှေ့နားသို့ ကားတစ်စီး ထိုးရပ်လာသည်ကို သတိမထားမိချေ။

ကျွန်တော်တို့ရှေ့မှ ပိတ်ရပ်ထားသော ကားအတွင်းသို့ လှမ်းကြည့်လိုက်သောအခါ နှုတ်ခမ်းအနီရဲရဲ ဆိုးထားသော မမကို တွေ့လိုက်ရသည်။ ကျွန်တော်ရော ကျော်ဝင်းရော တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ ရင်မှာ ခါးသီးမှု ထုထည်တစ်ခုကို ဖမ်းဆုပ်ကိုင်မိသလို ခေါင်းခါမိသည်။ မထင်မှတ်ဘဲ ကားရှေ့မှ ဖြုန်းခနဲ ထွက်ပြေးဖို့ ကြံစည်မသည်။ သို့ပေမဲ့ အထမမြောက်ခဲ့။ ကားတံခါးဖွင့်ပြီး ချာတိတ်လို့ ခေါ်လိုက်တဲ့ မမကိုကြည့်ရင်း ကျွန်တော်ရော ကျော်ဝင်းပါ ကြက်သေသေမိတော့သည်။

www.burmeseclassic.com



"ချာတိတ် ဒီည မမ မအားလို့ ပြန်သွားရတာကို စိတ်မဆိုးပါနဲ့နော်"

ကျွန်တော်က ယောင်၍ ခေါင်းခါရမ်းမိသည်။ စိတ်ထဲမှာတော့ ပြန်တာကောင်းတယ်လို့ ကျိတ်ပြောနေမိသည်။ ကျွန်တော်ရောကျော်ဝင်းပါ မမရှေ့မှ ထွက်သွားဖို့ ခြေလှမ်းပြင်မိသည်။ မမမျက်နှာကို မကြည့်ဘဲ မျက်စိလွှဲထားပေမဲ့ မမရဲ့ အပြုံးရိပ်ရိပ်ကို မျက်ဝန်းထောင့်စွန်းမှာ တွေ့လိုက်ရသည်။

"ချာတိတ် မင်းနဲ့ ဆွေးနွေးစရာရှိလို့ပါ၊ ဒါဟာ မင်းအကျိုးအတွက်ပါ။ တို့နဲ့ ခဏလောက် စားသောက်ဆိုင်တစ်ခုခုမှာထိုင်ပြီး စကားပြောရအောင်လား"

ကျွန်တော့်အကျိုးတွက်ဟု ဆိုသော စကားလုံးက ကျွန်တော်ထင်သည့်အကွက်ကို မမ ထွင်နေပြီဟု သိလိုက်သည်။ မမ အနေနဲ့ ကျွန်တော့်အကျိုးအတွက် ငွေကြေးဖြင့် တစ်ခုခု လုပ်ပေးကောင်းလုပ်ပေးနိုင်လိမ့်မည်။ ကျွန်တော့်ထံမှ မမ တစ်ခုခုကို ပြန်လည်ပေးဆပ်လိုက်ရလိမ့်မည်။

"တနင်္လာနေ့မှာ ကျွန်တော့်စာမေးပွဲရှိတယ်။ အခုလောက်ဆို ဆရာ မျှော်နေလောက်ပြီ။ ကျွန်တော့်ကို ခွင့်ပြုပါ"

မမကလည်း ကျွန်တော့်အကွက်တွေကို ကြိုသိထားပုံရသည်။

"မင်းပြန်ရင် အနည်းဆုံး နာရီဝက်နဲ့ တစ်နာရီကြားကြာမှာပဲ။ တို့နဲ့ စကားပြောတာ အနည်းဆုံး ၁၅ မိနစ်ပေါ့။ နောက်ပြီး မင်းတို့ကို ပြန်လိုက်ပို့ပေးမယ်လေ"

မျက်နှာလွှဲထားသော ကျွန်တော့်ကို မမက မကြည့်တော့ဘဲ ကျော်ဝင်းကိုသာ ကြည့်ပြောနေသည်။ ကျော်ဝင်းကတော့ အနည်းငယ်အားနာဟန်ပြကာ ဒါဆိုလည်း ၁၅ မိနစ်နော် မမလို့ပြောလိုက်သည်။ ကျွန်တော်က ကျောင်းဝင်းဝင်ပြီး လက်ခံလိုက်တဲ့အတွက် မကျေနပ်ချင်။

www.burmeseclassic.com



ဒါပေမဲ့ သူဟာ ကျွန်တော့်မန်နေဂျာဖြစ်နေပြီဆိုတော့ ငြင်းလို့လည်း မရနိုင်တော့။ မမဖွင့်ပေးသော ကားနောက်ခန်းတံခါးမှ နှစ်ယောက်သား ဝင်ထိုင်လိုက်ကြသည်။ မမက ကျွန်တော်တို့ ညလယ်စာ ဝင်စားနေကျ စိတ်တိုင်းကျ (မြေနီကုန်း)လက်ဖက်ရည်ဆိုင်ရှေ့တွင် ကားရပ်သည်။ ကျွန်တော်နဲ့ ကျော်ဝင်းရဲ့ စိတ်ထဲမှာတော့ ဒီမိန်းမက တတ်လည်း တတ်နိုင်ပါလားလို့ တွေးမိသည်။ ကားပေါ်ကဆင်းပြီး ကျွန်တော်တို့ ထိုင်နေကျ ကောင်တာရှိတဲ့ဘက် ဒုတိယအစွန်ခုံကို ရွေးချယ်ထိုင်ပြီး ကျွန်တော်တို့စားနေကျ ချာပါတီနှင့် ကော်ဖီမစ်ကို မှာပေးသည်။ တခြားလူတစ်ယောက်ယောက်ဆိုလျှင် အံ့သြကာ ကြွေသွားနိုင်ပေမဲ့ ကျွန်တော်တို့မှာတော့ နည်းနည်းမှ မအံ့သြမိတော့။ နောက်ပြီး ကျော်ဝင်းနှင့် ကျွန်တော် နှစ်ယောက်သား ပြိုင်တူကြည့်မိကာ မျက်ခုံးတွန့်မိကြသည်။ ထိုအကွက်ဆင်မှုများအတွက် ကျွန်တော်တို့မှာ အထင်မကြီးချင်တော့။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေ၊ ဗီဒီယိုဇာတ်ကား မျိုးတွေက ဇာတ်ဆန်ဆန် လှည့်ကွက်များကို တကယ့်လက်တွေ့ အသုံးချလာတဲ့ မမကို ဟားတောင် ဟားလိုက်ချင်သေးသည်။ ကျွန်တော်တို့ကလည်း ထိုဇာတ်ကွက်ထဲကို မသိမသာ မျှောဝင်သွားဖို့ ဆုံးဖြတ်ပြီး ချာပါတီများကို စားပစ်လိုက်ကြသည်။ ကျော်ဝင်းက ကိုယ့်ပုံစံကို ကိုယ် ပြန်သတိထားမိပုံရသည်။

"ကျွန်တော့်နာမည်တော့ သိပြီးရောပေါ့နော်။ ကျွန်တော်က ဒီနေ့ကစပြီး နိုင်ရဲရဲ့ မန်နေဂျာ၊ အတွင်းရေးမှူး၊ ကိုယ်ရံတော်ဆိုလည်း မမှားဘူးပေါ့။ မမ ပြောချင်တဲ့စကားကို ပြောနိုင်ပါပြီ"

မမ အနည်းငယ် မျက်နှာပျက်သွားသည်။ မမက ကျွန်တော်နဲ့ နှစ်ယောက်တည်း စကားပြောချင်ပုံမျိုးရသည်။ ကျော်ဝင်း ဝင်ပြော လိုက်သော စကားအတွက် ကျွန်တော် ကျေနပ်သည်။ ကျွန်တော်က ကျော်ဝင်းလို အလိမ္မာမရှိ။ ကိုယ်ပြောချင်တာကို ချက်ချင်းပြောပစ်

www.burmeseclassic.com



ချင်ပစ်မည်။ မမ စကားတွေကို အော်ဂလီဆန်မိရင် ဟန်ဆောင်မနေဘဲ ချက်ချင်းတုံ့ပြန်မိလိမ့်မည်။ ယခုတင် မမရဲ့ လုပ်ကြံဇာတ်တွေကို အော်ဂလီဆန်လွန်းနေရပြီ မဟုတ်လား။

"ဒီလိုပါ မမက နိုင်ရဲကို သီချင်းခွေ ထုတ်ပေးချင်လို့ပါ။ ဒါကလည်း ဟိုနေ့က စားသောက်ဆိုင်လာရင်း မမ မင်းကို စတွေ့ခဲ့တယ်။ မင်းဟာ ဆုံးသွားတဲ့ မမအမျိုးသားနဲ့ သိပ်တူတယ်"

ကျွန်တော်ရော ကျော်ဝင်းပါ ပြုံးစေ့စေ့ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ နောက်ပြီး ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ကာ ကော်ဖီငုံ့သောက်လိုက်သည်။ မမက ကျွန်တော်တို့ ပုံစံတွေကို ရိပ်မိသွားပုံရသည်။ နှုတ်ခမ်းစွန်းမှာ အရင်ကလို အောက်ကျနောက်ကျနိုင်မှုတွေ မတွေ့ရတော့။ မာနအရောင်လေးက ရိပ်ခနဲခိုငြိလာသည်။ မမရဲ့ မျက်နှာပေးကိုကြည့်ပြီး ကျွန်တော့်မျက်ဝန်းထဲလည်း ရိုင်းစိုင်းတဲ့ အကြည့်လေးတွေ ဝင်ရောက်လာသည်။ ခင်ဗျားရဲ့ ဇာတ်ကွက်အဖွင့်က သမားရိုးကျကြီးပါလားလို့ပင် စိတ်ထဲက လှောင်ပြောင်မိလိုက်သေးသည်။

"မမ အမျိုးသားက အဆိုတော် သိပ်ဖြစ်ချင်တာ၊ အဆိုတော်ဖြစ်ခွင့်မရဘဲ သင်္ဘောပေါ်မှာ အလုပ်လုပ်ရင်း သေဆုံးခဲ့တယ်။ မမယောကျ်ားဆုံးတော့ သူ့အတွက်လျော်ကြေးကို မမ တစ်ယောက်တည်းရခဲ့တယ်"

မမမှာ ပိုက်ဆံတွေ အများကြီးရှိတယ်ပေါ့။ ကျော်ဝင်းကတော့ ဆက်ဆံရေး နယ်ပယ်မှာ ကျွန်တော်ထက် အနည်းငယ်သာသူပီပီ ကရုဏာသက်သော မျက်ဝန်းများဖြင့် ကြည့်နေတော့သည်။ မမကတော့ ကျွန်တော့်မျက်နှာသို့မကြည့်ရဲတော့။ သူ အတွက်မှားသွားပြီလို့ နောင်တရလိုက်ပုံလည်း ရှိနေသည်။

www.burmeseclassic.com



"ဒါကြောင့် အဲဒီနေ့က မင်းကို သီချင်းတောင်းလိုက်တာ။ မင်းဆိုသွားတဲ့ Hello သီချင်းက မူရင်းအဆိုတော် Lionel Richie အတိုင်းပဲဆိုတော့ အသံငြိမ် မငြိမ် သိရအောင် နောက်နေ့တွေပါ လာနားထောင်တယ်။ မမ တစ်ယောက်တည်းရဲ့ ထင်ကြေးဖြစ်မှာစိုးလို့ မမ အသိမိတ်ဆွေတွေပါ စုပေါင်းပြီး နားထောင်ကြသေးတယ်။ သူတို့ရဲ့ အတည်ပြုချက်ရတော့မှ မမ မင်းကို ဆက်သွယ်တာပါ"

ကျွန်တော့် ရင်ထဲမှာတော့ မမဟာ သွေးရိုးသားရိုး ဆက်ဆံတာထက်တော့ ကျော်လွန်နေပြီဟု ပြန်ပြောချင်သည်။ ကျွန်တော် သွားတတ်၊ လာတတ်၊ စားတတ်တာတွေကို သိနေတာဟာ သွေးရိုးသားရိုးလားလို့ မေးပစ်လိုက်ချင်သည်။

"ဒါဆိုရင် မမ အနေနဲ့ ဘယ်လိုစီစဉ်ထားသလဲ။ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ ရည်ရွယ်ချက်က အဆိုတော်ဖြစ်ဖို့ အဓိကမဟုတ်ဘူး။ နိုင်ငံကျော် အဆိုတော်ဘဝကိုလည်း အရူးအမူး မစွဲလမ်းဘူး။ ပညာရှင်ဖြစ်ချင်တယ်။ အခုလောလောဆယ်မှာ ဆရာဝန်ဖြစ်ဖို့က အဓိကပဲ။ အရှင်းဆုံးဝန်ခံရရင် ကျောင်းတက်ရင်း ကျောင်းစရိတ်လေး ရှာနေနိုင်တာကို ကျေနပ်နေတယ်"

ကျော်ဝင်းကမှ လိမ္မာပါးနပ်စွာ ပြောတတ်သေးသည်။ ကျွန်တော်သာဆိုရင် ဘယ်မိန်းမရဲ့ အထောက်အပံ့မှ မယူချင်ဘူးလို့ မျက်နှာသေဖြင့် ပြောပစ်မှာ သေချာသည်။ ကျွန်တော့်ကို ငွေကြေးဖြင့် ဝယ်ယူနေသည်လို့ပဲ တစ်ထစ်ချယုံကြည်ရင်း ဘုတောလွှတ်ရန်သာ စဉ်းစားနေမိသည်။

"မင်းတို့ ဒီလို တရားသေ ငြင်းလို့တော့ မရဘူးလေ။ အခွင့်အရေးဆိုတာ ဘယ်တော့မှနှစ်ခါမလာဘူးဆိုတာလည်းမမေ့မထားပါနဲ့။

www.burmeseclassic.com



ရတဲ့အခွင့်အရေးကို အကျိုးရှိအောင်လည်း အသုံးချတတ်မှ ဘဝမှာ အောင်မြင်မှုတွေကို တွေ့ကြုံခံစားရမှာပေါ့"

မမရဲ့ မျက်ဝန်းတွေမှာ လိမ်ကောက်မှုတွေ မပါတဲ့ ပကတိ ဖြူစင်နေသည်ကတော့ အမှန်ပဲ။ မမ ပြောလိုက်သောစကားနဲ့ မျက်ဝန်းများကြောင့် ကျွန်တော်ပင် အနည်းငယ် လက်ခံချင်သလို ဖြစ်လာသည်။"ဟော့ကောင် ကောက်ကျစ်မယ့်သူတွေက ကောက်ကျစ် ခါနီးတိုင်း အစွမ်းကုန် ဖြူစင်နေတတ်တယ်ကွ"ဟူသော စကားသံ က ခပ်ဝေးဝေးက ပျံ့လွင့်လာသလို ကြားလိုက်မိတဲ့အခါ မမကို ကြည့်နေမိတဲ့ ကျွန်တော့်မျက်ဝန်းများကို ရုတ်ခနဲ ပိတ်ပစ်လိုက် တော့သည်။

"စဉ်းစားကြည့်ပေါ့။ မင်းတို့ ဖန်တီးတဲ့ အနုပညာက စားသောက်ဆိုင်မှာ သီချင်းကို လာပြီးခံစားဖို့ထက် ဖျော်ဖြေနေတဲ့ မိန်းကလေးတွေကို ဘီယာနဲ့ အရသာခံကြည့်ဖို့ အဆင့်ထက်မပိုပါဘူး၊ မင်းတို့ ဂီတကို နှစ်ရှည်လများ ကြိုးစားခဲ့မှုက မင်းတို့လို လူငယ်တွေ ကိုပဲ ဦးဆောင်နိုင်သလား၊ဦးမဆောင်နိုင်ဘူးလား စဉ်းစားကြည့်လေ။ ဒါဖြင့် မင်းတို့ကြိုးစားခဲ့တဲ့ ရလဒ်က ဘာအတွက်လဲ။ မင်းတို့ရဲ့ ဖန်တီးနိုင်မှုတွေကိုရော မပြချင်ဘူးလား။ သူများဖန်တီးပြီးသား သီချင်းတွေကိုပဲ ပြန်ပြန်တီးပြီး ကျေနပ်နေမှာလား"

ထိုစကားစုကြောင့် ကျွန်တော်ရော ကျော်ဝင်းပါ တော်တော် ဖြိုသွားသည်။ မမက သူတိုက်ကွက်အတွက် အဘက်ဘက်မှ အားဖြည့် ခဲ့တယ်ဆိုရင်တော့ ဒီပွဲမှာ မမ နည်းနည်းလေးတော့အနိုင်ရလာပြီဟု ဝန်ခံရမလိုပါပဲ။ ကျွန်တော်တို့ရင်ထဲမှာ မမ စကားကြောင့် အထင် ကြီးချင်ပေမဲ့ လုပ်ကွက်ကြီးနဲ့ ချဉ်းကပ်လာပုံကိုတော့ မကြိုက်ခဲ့။

"အခွေထုတ်ပြီး မင်းတို့ဘာသာ ကန့်လန့်ကာနောက်ကွယ် မှာ နေချင်သပဆိုလည်း နေလို့ရတာပဲ။ မင်းတို့ မျက်နှာမပြဘဲ

www.burmeseclassic.com



နေလိုက်ရတာပဲ။ ကိုယ်ဆိုချင်တဲ့ စတိတ်ရှိုးပွဲတွေကျမှ လိုက်ဆိုလဲရတာပဲ။ မမတို့အဖွဲ့ကတော့ မင်းဖြစ်မယ်လို့ ဆုံးဖြတ်ပေးလိုက်လို့ မမက ဆက်သွယ်တာပါ။ မင်းတို့ အေးအေးဆေးဆေး စဉ်းစားပေ့ါ။ ပထမဆုံးအခွေမှာတော့ မင်းတို့ကို ဆိုခ အနေနဲ့ ကြေးဖြစ်တယ် ဆိုရုံလောက်ပဲ ပေးနိုင်မယ်။ မင်းတို့သီချင်းတွေ ရောင်းချင်ရင် ချပြ။ တို့အဖွဲ့က ကြိုက်ရင် ဝယ်မယ်လေ"

ကျွန်တော်ရော ကျော်ဝင်းပါ ခေတ္တအံ့သြ ငြိမ်သက်နေစဉ် တွင်ပင် မမက ထိုင်ရာမှ ကောင်တာသို့ထသွားပြီး ပိုက်ဆံရှင်းသည်။ နောက်ပြီး ဆိုင်ထဲမှ ဦးဆောင်ထွက်သွားသည်။ ကားနောက်ခန်း တံခါးကို ဖွင့်ပေးပြီး ဆရာ့အိမ်သို့ မောင်းပို့သည်။ နောက်တစ်ပတ် သောကြော တွေ့ကြတာပေ့ါ ဆိုတဲ့စကားဖြင့် ကျွန်တော်တို့ လမ်းခွဲခဲ့သည်။

* * *

www.burmeseclassic.com



ထိုညက ဆရာကလည်း ကျွန်တော်တို့ကို စာမပြအား။ ကျွန်တော်နဲ့ ကျော်ဝင်းလည်း စာမဖတ်အားတော့ဘဲ မမအကြောင်းသာ ဝိုင်းပြောနေခဲ့ကြသည်။

"ဒီမိန်းမမှာ အကြံတစ်ခုရှိလိမ့်မယ်ကွ။ ဒါကြောင့် မလိုအပ်ဘဲ မင်းအကြောင်းကို တိတ်တဆိတ် စုံစမ်းနေတာ။ သူ့ယောကျ်ား ပြန်တွေ့ပြီဆိုပြီး မင်းနောက်မှာ တကောက်ကောက် လိုက်နေလားမှ မသိတာ၊ ဟား ဟား ဟား"

ဆရာက ထိုသို့ပြောရင်း တဟားဟား အော်ရယ်နေတော့သည်။

"သူ စိတ်ဝင်စားပြီလို့ ပြောလိုက်တာနဲ့လည်း အတူတူပဲကွ၊ မိန်းကလေးက တိုက်ရိုက်ကြီး စဖွင့်ပြောတဲ့ ထုံးစံမှမရှိတော့ တင်ပြပုံတစ်မျိုးနဲ့ ဇာတ်လမ်းဖွင့်သွားတာပဲ"

ဆရာ့စကားကြောင့် မမကို လွယ်လွယ်နဲ့ လျှော့တွက်လို့ မရနိုင်ဘူးဆိုတာ သိလိုက်သည်။ ဒီတစ်ကွက်နဲ့ ထိုးဖောက်လို့မရရင် နောက်တစ်ကွက်နှင့် ထိုးဖောက်နိုင်သည်။

"ဒါဆို ကျွန်တော် အခွေထုတ်ဖို့ကိစ္စကို လက်ခံသင့်သလား ဆရာ"

www.burmeseclassic.com



နိုင်ငံကျော် အဆိုတော်ဆိုတဲ့ ဘဝထက် တေးရေးဆရာတစ်ယောက်ရဲ့ဘဝကို ပိုမက်မောခဲ့သည်။ အခု လောလောဆယ်ထိ ကျွန်တော် ရေးသားခဲ့သည့် သီချင်းအပုဒ် ၃၀ ကျော်က ဒီအတိုင်း မှိုတက်နေခဲ့တာ ကြာပြီဖြစ်သည်။ တကယ်တော့ နာမည်မရသေးတဲ့ တေးရေးဆရာတစ်ယောက်ရဲ့ဘဝဟာ အလွန်ပဲ မျက်နှာငယ်ရသလို ကိုယ့်ဖန်တီးချက်တွေကို အထင်မြင်သေးစကားဖြင့် ဝေဖန်ခံရသည့်အတွက်လည်း သီချင်းတွေကို ကိုယ်တိုင်သွားမရောင်းဖြစ်တော့။ ကျွန်တော့်အကြိုက် သီချင်းတွေကိုသာ ကျွန်တော်ကိုယ်တိုင်သီဆိုခွင့်ရမည်ဆိုလျှင် မမရဲ့ ကမ်းလှမ်းချက်ကို သဘောတူမည်ဟု ဆုံးဖြတ်မိသည်။

"ငါကတော့ မင်းရဲ့ ကိုယ်ပိုင်သံစဉ် သီချင်းတွေ အရမ်းကြိုက်တယ်၊ မင်းအခွေကြမ်းတွေစုပြီး သွင်းထားလိုက်ကြရအောင်။ မမကိုလည်းပြော ဒီအထဲကပဲ တစ်ခွေစာ ၁၀ ပုဒ်ရွေး၊ ဒီအထဲကပဲ ဆိုမယ်လို့ တင်းကြည့်"

"အေးကွ. . . ဒီကိစ္စ ဖြူ့ကိုလည်း ပြောပြရဦးမယ်နော်။ ကြိုမပြောဘဲ နောက်မှသိရရင် မိန်းမတွေက လွယ်တာမဟုတ်ဘူး။ ပူညံ ပူညံ လုပ်လာလိမ့်မယ်"

ကျွန်တော်က ကျော်ဝင်းကို ခေါင်းခါပြလိုက်သည်။ ကျွန်တော့်ဖြူက အရာရာကို မျှမျှတတ တွေးတတ်သူပါ။ နောက်ပြီး ကျွန်တော့်ကို နားအလည်ဆုံးဟု ယုံကြည်ပြီးသား။ ထို့နောက် ဖြူ့ကို သတိရကာ ရည်းစားဖြစ်ပြီးကတည်းက မတွေ့ရသေးကြောင်း၊ ဖုန်းလည်းမဆက်ဖြစ်သေးကြောင်း တွေးမိရင်း လွမ်းသလိုလိုကြီး ခံစားရသည်။ ကျွန်တော်နှင့် ဖြူကြားတွင် အရာရာက ရှင်းရှင်းလင်းလင်း ရှိလွန်းနေပါလျက် တစ်ခုခု တားဆီးခံထားရသလို အမြဲရှိနေသည်။

www.burmeseclassic.com



တကယ်ဆို ချစ်သူချင်း သတိရကြောင်း၊ လွမ်းကြောင်း ခဏလေးဖြစ်ဖြစ် ဖုန်းကလေးခိုးဆက်လို့ပဲဖြစ်ဖြစ် ရှိသင့်တာပေါ့။ ကျွန်တော်ကလည်း ဖြူ့ကိုတွေ့ဖို့ မကြိုးစားခဲ့သလို ဖြူကလည်း ကျွန်တော့်ကိုတွေ့ဖို့ သတိတောင်ရပါရဲ့လား။ ကျွန်တော်တို့ တစ်ပတ်မှာ သောကြာတစ်ရက်အစား ညနေတိုင်းတွေ့ကြဖို့ ဖြူ့ထံတောင်းဆိုရမည်။ တကယ်ဆို လေးလံပိလွှန်းတဲ့ ကျောင်းစာတွေ၊ ဆေးစာတွေကြားထဲမှာ ကျွန်တော် စိတ်ထွက်ပေါက်ပေးသင့်သည်လေ။

"ဟေ့ကောင်. . . မိန်းမတစ်ယောက်က အကူအညီပေးမှာကို လက်ခံလိုက်မယ်လို့ ကိုယ့်ချစ်သူကို ပြောပြရမှာ ငါပြောမထွက်ဘူးကွာ၊ မင်း ဘယ်လိုစီစဉ်ချင်သလဲ"

ကျော်ဝင်းက ကျွန်တော့်စကားကို ချက်ချင်းသဘောမပေါက်သေး။ ဖြူက နားလည်နိုင်မယ်ဆိုပေမဲ့ ပတ်ဝန်းကျင်ကြားထဲမှာရော၊ စီးရီးလောကမှာရော ကျွန်တော်ဟာ သိက္ခာရှိတဲ့သူ ဖြစ်ပါ့မလား စိုးရိမ်မိသည်။ မမသာ တိုက်ကွက်ဆန်းတွေ မသုံးခဲ့ဘူးဆိုရင် ကျွန်တော် အသာတကြည်လက်ခံရတာ သိက္ခာရှိနေသေးသည်။ အခုတော့ ပစ်ရမှာလည်း အဆီတဝင်းဝင်း၊ စားရမှာလည်း သဲတရှပ်ရှပ်လိုဖြစ်နေသည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲ၊ လူတိုင်း အမှီရှိမှ ဖြစ်မှာပဲ၊ အားကိုးကြရတာပဲ။ မင်း အတွေးမခေါင်စမ်းပါနဲ့"

"ငါက ပိုတောင်မခေါင်ချင်သေးဘူး ကျော်ဝင်းရေ။ ဒါပေမဲ့ မမဝင်လာတဲ့ အင်ထရိုက သူ့ယောက်ျားနဲ့တူလို့တဲ့။ အဲဒါ ကီးက မရိုးသားဘူးကွာ။ ငါ လက်ခံလိုက်ရင် ငါ့သိက္ခာကျတော့မယ်"

ထိုအကြောင်းအား ယခုမှ စဉ်းစားမိသည်ကို နောင်တရမိသည်။ ကျွန်တော့်စကားတွေကို ဆရာက သေသေချာချာ နားထောင်နေသည်။ ဘာမှဝင်မပြောသေးဘဲ ပြတင်းပေါက်ကနေ အပြင်ကို

www.burmeseclassic.com



ေးကြည့်နေသည်။ ကျော်ဝင်းကလည်းဘာပြောရမှန်း၊ဘာစဉ်းစားရမှန်း မသိအောင် ဖြစ်နေသည်။

"သူ့ယောကျ်ားနဲ့ တူတယ်ဆိုတဲ့ စကားကို ထိန်ချန်ပြီး တခြားဟာတွေ အကုန်ပြောလိုက်ပေါ့ကွာ၊ မုသားမပါ လက်ာမချော တဲ့။ အခုဟာက မုသားမဟုတ်ပါဘူး။ မမရဲ့ အင်ထရိုကို စိစစ်လိုက်တယ်လို့ သဘောထားပြီး ပြောလိုက်။ ဘယ်မိန်းကလေးကမှ ကိုယ့်ချစ်သူ ကောင်းစားမှာကို မပိတ်ပင်ပါဘူး။ အပြစ်မတင်ပါဘူး။ အခုခေတ် မိန်းကလေးတွေက ပိုတွက်တတ်သေးတယ်"

ရုတ်တရက် ပြောချလိုက်သော ဆရာ့စကားက ကျွန်တော့်ကို အနည်းငယ် စိတ်သက်သာရာ ရစေသည်။

တကယ်လို့ ဖြူက အခြားမိန်းမတစ်ယောက်ရဲ့ အကူအညီကို မယူစေဘဲ ဖြူက စိုက်ထုတ်ကူညီမယ်ဆိုရင်ကော. . .။ ထိုသို့ စဉ်းစားမိတော့ ကျွန်တော်တုန်လှုပ်သွားသည်။ ဘယ်နည်းနဲ့မဆို ဖြူ့အကူအညီကို မခံလိုပါ။ ထိုအကူအညီကလည်း သေရေးရှင်ရေး တမျှ အရေးမကြီး။ ကျွန်တော် စီးရီးထုတ်လိုက်လို့လည်း နိုင်ငံကျော် အဆိုတော် ဖြစ်ချင်မှဖြစ်မှာ။ နိုင်ငံကျော် အဆိုတော်ဖြစ်ဖို့ကလည်း ကျွန်တော့်ရည်မှန်းချက်မဟုတ်။ ကျွန်တော်ကတီးနေရရင်ကျေနပ်ပြီ။ ကျွန်တော်က အတီးသမားသက်သက်သာ ဖြစ်ချင်သူ။ အတီးသမားပြီးရင် တေးရေးဆရာအဖြစ် ရပ်တည်ချင်သူ။ ဖြူက သူထုတ်မှ အခွေထုတ်ရမည်ဟု အကြပ်ကိုင်လျှင် ကျွန်တော် စီးရီးမသွင်းတော့ရန် ဆုံးဖြတ်ထားသည်။ ကျွန်တော့်အပေါ် ခပ်ကင်းကင်း ဆက်ဆံတတ်သော ဒေါ်ခတ္တာနှင့် ဒေါ်မြတ်လေးတို့၏ ခပ်တင်းတင်းအကြည့်နှင့် ခပ်ထေ့ထေ့စကားတို့ကို ကျွန်တော် မနာခံလို။ ကျွန်တော်၏ ဖြူ့ကိုချစ်ခြင်းသည် ဖြူ့ကိုဦးဆောင်ရန်၊ ဖြူ့ဘဝကို တစ်နည်းတစ်ဖုံ ဖြည့်ဆည်းရန်သာဖြစ်သည်။

* * *

www.burmeseclassic.com



ကျောင်းဝင်းအပြင်ကို လှမ်းကြည့်လိုက်တော့ ဖြူ့ကားလေး ရောက်နေတာ တွေ့ရသည်။ ကျော်ဝင်းက ကျွန်တော့်နံဘေးမှ လိုက်လာရင်း စာမေးပွဲအကြောင်းတွေ ပြောသည်။ ကျွန်တော် စိတ်မဝင်စား။ ဒီနေ့ ကျွန်တော်ရော ကျော်ဝင်းပါ နှစ်ဘာသာစီကျသည်။ ဆရာသိလျှင် အဆူခံရဦးတော့မည်။ မတတ်နိုင်။ ကျွန်တော်တို့မှာ စာမေးပွဲအောင်ရန်အတွက် စာကျက်ဖို့ အချိန်မရရှိသည့်အထဲစိတ်ရှုပ်ထွေးစရာများနှင့် ကြုံကြိုက်နေရသည်။ ကျွန်တော့်ပြဿနာကို ချစ်သူဖြူက ဘယ်လိုဖြေရှင်းမလဲ။ ဖြူ အလွယ်တကူ လက်ခံပါ့မလား။ လာမည့် သောကြာနေ့ညတွင် ကျွန်တော် မမကို အဖြေတစ်ခုခု ပေးချင်သည်။ ဖြူလက်မခံရင် ကျွန်တော် ဒီအခွင့်အရေးကို လက်လွှတ်မလား။ ကျွန်တော်ကိုယ်တိုင် နိုင်ငံကျော် အဆိုတော်မဖြစ်ချင်ဘူး ဆိုပေမဲ့ ဒါဟာ အခွင့်အရေးတစ်ခုအဖြစ် မြင်ကြည့်လိုက်လျှင်တော့ လက်လွှတ်ဆုံးရှုံးရမှာ တော်တော်လေးနှမြောဖို့ ကောင်းလိမ့်မည်။

ဖြူက ကားထဲမှာ သီချင်းဖွင့်ရင်း စောင့်နေသည်။ကျွန်တော် လာမည့် လမ်းကလေးကို မျှော်ကြည့်နေသည်။ ပကတိရိုးစင်းလွန်း

www.burmeseclassic.com



သော ဖြူပင်ဖြစ်သည်။ မမသာဆို အိုက်တင်ခံပြီး ကားထဲဝင်လာတော့မှ မောင်းထွက်မှာ သေချာသည်။ ဖြူ့မှာတော့ ဘာအိုက်တင်မှ မခံ။ ဘယ်လိုမောက်မာ ဂုဏ်ယူရမှန်းတောင် မသိအောင် ရိုးစင်းလွန်းသည်။ ကျွန်တော်က ဖြူဖွင့်ပေးသော တံခါးလေးကို ဆွဲဖွင့်ရင်း ဖြူ့ဘေးဝင်ထိုင်လိုက်သည်။ ငါ့အတွေးထဲ ဖြူနဲ့မမကို ဘာလို့ယှဉ်တွေးမိပါလိမ့်လို့ သတိပြုမိရင်း ဖြူ့ကို အားနာသွားသည်။

ကျော်ဝင်းက နောက်ခန်းတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်သည်။ ဖြူနဲ့ ကျော်ဝင်း လူချင်းမသိသေး။ ကျွန်တော်က ကမန်းကတန်း မိတ်ဆက်ပေးတော့ ကျော်ဝင်းက "မစံပယ်ဖြူဖွေးတို့နောက် လိုက်ရတာ စိတ်မရှိပါနဲ့ခင်ဗျာ။ ကျွန်တော်က နိုင်ရဲရဲ့ အတွင်းရေးမှူးမို့လို့ပါ" လို့ ပြောင်ချော်ချော်ပြောရင်း ကိုယ်တိုင် ပြန်မိတ်ဆက်သည်။

"ကျွန်တော်လိုက်လာတာ အနှောင့်အယှက်မဖြစ်ပါဘူးနော်။ ဒီနေ့ မစံပယ်ဖြူဖွေးရဲ့ သဘောထားတစ်ခုကို သိချင်လို့ပါ။ ကျွန်တော်တို့မှာ အရေးပေါ် ဆုံးဖြတ်ချက်တစ်ခုချဖို့ ရှိနေတယ်။ အဲဒီကိစ္စနည်းနည်းလေး ဆွေးနွေးချင်လို့ လိုက်ခဲ့တာပါ"

ကျော်ဝင်းစကားကြောင့် ဖြူက ပြုံးရုံပြုံးသည်။ နောက်ကြည့်မှန်မှတစ်ဆင့် ခေါင်းအနည်းငယ် ယမ်းပြသည်။

"ဒါဆို ကျွန်မတို့သွားနေကျ အင်းလျားပဲသွားမယ်နော်။ အဲဒီမှာပဲ အေးအေးဆေးဆေးပြောကြတာပေါ့"

ဖြူက ဘယ်တော့မှ ဣန္ဒြေမပျက်။ အရာရာကို သိုသိုသိပ်သိပ် ဆက်ဆံတတ်သည်။ လူကြီးဆန်ဆန် တွေးခေါ်တတ်သည်။ အလောတကြီးပုံစံ မရှိ။ ကားလေးကို ညင်သာစွာမောင်းရင်း အလိုက်သင့် စကားတချို့ပြောသည်။ ကျော်ဝင်း ပါလာသောကြောင့် ဖြူ့ဟန်ပန်က ဒီနေ့မှာ ပိုတည်သည်။ ကျွန်တော့်မှာလည်း ကျော်ဝင်းရှေ့မှာ

www.burmeseclassic.com



မို့လို့ အရင်တုန်းကလို စတီယာရင်ပေါ်က ဖြူ့လက်လေးကို မဆုပ်ကိုင်မိ။ ဖြူ့လက်လေးကို ကျွန်တော် ငေးမောနေတာ ဖြူက မျက်ဝန်းလေးကို ထောင့်စွန်းကပ်ပြီးကြည့်သည်။ ပြီးတော့ ရိပ်ရိပ်လေး ပြုံးသည်။ ဖြူ့အပြုံးကိုမြင်တော့ ကျွန်တော် အူပိုယားရသည်။ ကျော်ဝင်းကို လှမ်းကြည့်တော့ ကျော်ဝင်းက နောက်ကြည့်မှန် လွတ်အောင်ရှောင်ပြီး ဟားသည့်ပုံ ပါးစပ်ကြီးကို တအားဖြဲပြသည်။ ကျွန်တော်ကလည်း ခွေးကောင်လို့ စိတ်ထဲက ကျိန်ဆဲလိုက်သည်။

"အင်းလျားကြီးက ဒီနေ့ ပိုလှသလိုပဲ။ မိုးက အုံ့မလို မအုံ့မလိုလို၊ နေလေးက မပွင့်တပွင့်၊ အဲသလိုက နေလို့အကောင်းဆုံးပဲ"

ဒီစကားဟာ ကျွန်တော်တို့ သုံးယောက်ကြားက ပဋိသန္ဓာရ စကားမဟုတ်။ အေးဆေးတည်ငြိမ်မှု အပြည့်ရှိနေသော ရာသီဥတုက ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲကို မျှမျှတတ ဆုံးဖြတ်ပေးလိမ့်မည်ဟု ယုံကြည်စိတ်က ဖျတ်ခနဲ ဝင်ရောက်လာသည်။ ကျွန်တော့်စိတ်ထဲ လန်းဆန်းလတ်ဆတ်လွန်းသည်။ ဖြူ့မျက်နှာလေးကလည်း ပကတိ ကြည်လင်လွန်းနေသည်။ ကျွန်တော် ခိုးကြည့်လိုက်တာကို ကျော်ဝင်းက ပြောင်ချော်ချော် မျက်နှာပေးဖြင့် ခေါင်းညိတ်သည်။ ဒီနေ့ ဒီကောင် ဂျိုကာလုပ်ဖို့ လိုက်လာတာလား။ ဘာတွေအူမြူးနေတာလဲ ဟု တွေးမိသည်။ ကျွန်တော် မခေါ်ဘဲလိုက်လာပြီး တမင် ပြောင်ချော်ချော်လုပ်နေသလားဟုပင် ထင်မိသည်။ တကယ်တော့ ကျော်ဝင်းလည်း ကျွန်တော့်လို စိတ်ကျေနပ်နေလိမ့်မည်။ ကျွန်တော့်ကို စချင်သည့်စိတ် တစ်ခုတည်းဖြင့် အူမြူးနေတာ ဖြစ်နိုင်သည်။

ကျွန်တော်တို့ ရေပြင်နဲ့ အနီးဆုံးကို လျှောက်သွားပြီး အနီးဆုံးအကြော်ဆိုင်မှာ ထိုင်လိုက်သည်။ ဖြူက မုန့်တီသုပ်တစ်ပွဲ၊ အာပူလျှာပူတစ်ပွဲ မှာစားသည်။ ကျွန်တော်က မုန့်တီသုပ်တစ်ပွဲ၊

www.burmeseclassic.com



အာလူးကြော်တစ်ပွဲစားသည်။ ကျော်ဝင်းကတော့ ကော်ဖီမစ်တစ်ခွက်သာ မှာသည်။

ဖြူက နိုးနိုးကြားကြား မျက်လုံးများဖြင့် ကျွန်တော့်ကို မသိမသာ အကဲခတ်သည်။ ကျွန်တော်တို့က အရေးပေါ် ဆုံးဖြတ်ချက်ဟု ကြီးကြီးကျယ်ကျယ် စကားလုံး သုံးနှုန်းထားသည်ကိုး။

"ဒီလို ဖြူရဲ့ ကိုယ့်ကို အုပ်စုတစ်ခုက စီးရီးထုတ်ပေးချင်လို့တဲ့။ အဲဒီအုပ်စုက အမျိုးသားတွေရော၊ အမျိုးသမီးတွေရော ပါတယ်။ သူတို့က စက်တင်ဘာလာစားရင်း ကိုယ့်ကို သီချင်းတောင်းတယ်။ ကိုယ် ဆိုပြလိုက်တော့ နောက်ထပ် သုံးလေးရက်ဆက်တိုက် နားထောင်ကြတယ်။ သူတို့ကတော့ ကိုယ် အဆိုတော်လုပ်ရင် ဖြစ်နိုင်တယ်လို့ ပြောကြတယ်။ အခွေထုတ်မလား ပြောကြတယ်။ ကိုယ် ဒီနေ့ည အဖြေပေးရမယ်"

ကျွန်တော်က မမ ဦးဆောင်မှုန်းသိရက်နဲ့ မမ ဦးဆောင်သည်ဟု မပြောဖြစ်ခဲ့။ တမင်ထိန်ချန်တာမဟုတ်ဘဲ တမင်ကျန်သွားရသော စကားစုပင်ဖြစ်သည်။ မမဆိုသည့် စကားတစ်ခွန်းပါသွားလျှင် အဖြေက ပြောင်းပြန်ဖြစ်သွားချင် ဖြစ်သွားမှာ သေချာသည်။ အစကတည်းက ဖော်မထားသော အစတစ်ခုကို နောက်ထပ်မြှုပ်ပစ်စရာမှ မလိုတာဟု တွေးမိရင်း မမ နာမည်ကို ထည့်မပြောမိခြင်းအတွက် ကိုယ့်ဘာသာ ကျေးဇူးတင်မိသည်။ ကျွန်တော့်ကိုယ်ကို မလုံလဲ၍ ကျော်ဝင်းကို ကြည့်မိတော့ ကျော်ဝင်းက ရေပြင်ကို ငေးရင်း တွေးနေသည်ကို တွေ့ရသည်။

"ကောင်းသားပဲ ကိုက မကြိုက်လို့လား"

ဖြူက ခပ်တွေးတွေး ပြောသည်။ ဖြူ့ မျက်ဝန်းတွေက ကြည်လင် တောက်ပနေသည်။ ဖျိုးဖျိုးဖျပ်ဖျပ် ရောင်စဉ်တွေ ထွက်မလာခင် အရောင်လဲ့လာပုံမျိုး ကြည်စိမ်းလာသည်။ ဖြူက

www.burmeseclassic.com



ကျွန်တော့်အောင်မြင်ခြင်းကို မက်မောတာလား။ ဂုဏ်ယူချင်တာလား။ ဂုဏ်ပြချင်တာလား။ ကျွန်တော် မတွေးတတ်။ နောက်ပြီး ဖြူ့မှာ ကျွန်တော်တို့ကို နှိုက်နှိုက်ချွတ်ချွတ် မေးတတ်ပုံလည်းမရ။ ဘယ်လို စကားမျိုး ပြန်ကြားရမှန်းလည်းမသိသေး။ ထိုနေ့က ဖြူ့ကိုကြည့်ရင်း မိန်းမတွေဟာ လှည့်စားလို့ ထိန်ချန်လို့ ရပါလားလို့ မဆီမဆိုင် တွေးဖြစ်သေးသည်။ ဒီအပေါ်မှာ လိမ်လိမ်မာမာ အသုံးချတတ်ရင်လို့ အဆုံးစွန်ထိ ထစ်ခနဲတွေးမိရင်း ပကတိ ကြည်လင်နေသော ဖြူ့မျက်ဝန်းအတွက် အားနာရပြန်သည်။

"ဒါဖြင့် မစံပယ်ဖြူဖွေး သဘောတူတယ်နော်။ ဒီနေ့ည ကျွန်တော်တို့ ဆွေးနွေးရမယ်။ ကျွန်တော်တို့ဘက်က တခြား ရသင့်ရထိုက်တဲ့ အလုပ်အခြေအနေလေးတွေကိုပဲ ဆက်ဆွေးနွေး လိုက်တော့မယ်"

ဖြူက ကျော်ဝင်းစကားကို နားထောင်ပြီးပြီးချင်း ခေါင်း မညိတ်သေး။

"အင်းလေ ဖြူမှ အလုပ်ကြောင်းဘာမှမသိတာ။ ကိုယ့်ဘက်က မနစ်နာအောင် စာချုပ်မချုပ်နဲ့ပေါ့။ အလွန်ဆုံးချုပ်ရင် နှစ်ခွေ၊ သုံးခွေလောက်ပဲ ချုပ်နော်။ အနုပညာသက်တမ်းက ဘယ်လောက် ကြာမလဲမသိဘူး။ နှစ်ရှည်ကြီးချုပ်ပြီး ရသင့်တဲ့ အကျိုးအမြတ် မရရင်လည်း အလကားပဲ။ ဒါက ဖြူ့အမြင်၊ ဖြူ့ရဲ့ ကြားဖူးနားဝပဲ။ ဖြူလည်း ဒီလောက်ပဲသိတယ်"

ဖြူကတော့ လူတွေအကြောင်း ပတ်ဝန်းကျင်အကြောင်း ဘာဆိုဘာမျှမသိတတ်အောင် ဖြူစင်လွန်းသည်။ တတ်ချင်ယောင် ဆောင်ပြီး တတ်ယောင်ကားလည်း မပြောတတ်။

ဖြူနဲ့ ဆက်ဆံတဲ့အခါ အစွမ်းကုန်ရိုးသားဖို့ ကျွန်တော့်စိတ်ထဲ ကတိပေးမိပေမဲ့ လက်တွေ့ကျ တကယ်ရိုးသားပါ့မလား သံသယ

www.burmeseclassic.com



ဝင်မိသည်။ အခုအချိန်ထိတော့ ဖြူ့ကို ကျွန်တော် မလှည့်စားရသေး။ ထိန်ချန်တာထက် မမတို့က အုပ်စုလိုက်လုပ်တာကလည်း ဟုတ်နေပြန်တော့ မုသားပါသလိုလိုမရှိပေမဲ့ မုသားပါသလို ရှိနေခြင်းအတွက် ဖြူ့ကို အနည်းငယ် အားနာရသည်။ ကျော်ဝင်းက ကျွန်တော့်နံဘေးမှာ အမြဲတမ်းရှိနေမှာပဲလေ။ ကျွန်တော် ဘာတွေကို တွေးကြောက်နေရမှာလဲဟု စိတ်တင်းထားမိသည်။

"အောင်မြင်ပါစေ. . . ဂွတ်လပ်"ဟု နှုတ်ဆက်ထွက်သွားသော ဖြူ့ကားလေးကို ကျွန်တော်နဲ့ ကျော်ဝင်း အတူတူ ငေးမောရင်း ကျန်ခဲ့သည်။ နှစ်ယောက်သား ပြိုင်တူငေးမောမိနေတာကို တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်ရင်း မရယ်မောမိ။ ဖြူ့ကို ထိန်ချန်ထားခဲ့သော စကားအတွက် ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ အားနာနေကြခြင်းဖြစ်သည်။ နှစ်ယောက်စလုံး တိတ်တဆိတ် ကိုယ့်အခန်း ကိုယ်ဝင်ပြီး လမ်းခွဲလိုက်သည်။

* * *

www.burmeseclassic.com



ကျွန်တော်တို့နေသော အဆောင်နှင့် စားသောက်ဆိုင်မှာ ဘတ်စကားလိုင်း တစ်လိုင်းတည်းပေါ်တွင် ရှိနေသောကြောင့် ကျွန်တော်တို့နှစ်ယောက် ဘတ်စကားစီး၍ လာကြသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ ထိုနေ့က တိတ်ဆိတ်လွန်းနေသည်။ ကျွန်တော်ရော ကျော်ဝင်းမှာပါ စိုးရိမ်မှုတွေရှိနေတာ အမှန်ပင်။ စိတ်လှုပ်ရှားမှုတွေကို တိတ်တဆိတ်တွေး၍ နေခဲ့ကြခြင်းလည်း ဖြစ်နိုင်သည်။ ကျွန်တော်က ကျောင်းသားတစ်ယောက်ဖြစ်နေခြင်းကြောင့် အခြားအတီးသမားတွေလို ဆံပင်အရှည်မထားခဲ့။ ဒါကြောင့်လည်း သူလိုင်ါလို ဂျင်းဘောင်းဘီဝတ် လူငယ်တစ်ဦး၏ ဟန်အတိုင်း ရှိနေသည်။ ကျော်ဝင်းကတော့ စားသောက်ဆိုင်မှာ အလုပ်ဝင်တော့မှ စတိုင်ဘောင်းဘီ အနက်လေးနှင့်ဖြစ်သည်။ သို့သော် ရှပ်အကျီအဖြူလေးကို ဘယ်တော့မှ အဆောင်ကတည်းက ဝတ်မလာခဲ့။ ဆိုင်ကိုရောက်မှ အကျီအဖြူကို လှလှပပ ဝတ်ဆင်တတ်သည်။

ဆိုင်ထဲစဝင်ဝင်ချင်း ဧည့်ကြိုဌာနမှ ချာတိတ်တစ်ယောက်က လှမ်းနှုတ်ဆက်ရင်း ဖုန်းမက်ဆေ့(ချ်)တစ်ခု ပေးသည်။ ထိုစာရွက်

www.burmeseclassic.com



လေးမှာ မြမမမှ ဖုန်းဆက် နံပါတ်. . . . . . . . သို့ ပြန်ဆက်ရန်ဟု ရေးထားသည်။ ဖုန်းလက်ခံသူရဲ့ လက်မှတ်အောက်နားမှာ ရေးထားသော အချိန်ကြည့်လိုက်တော့ လွန်ခဲ့သည့် ၁၀ မိနစ်လောက်ကမှ ဆက်ထားကြောင်းသိရသည်။ "မြမမ"တဲ့။ ကျွန်တော်တို့ ပေးထားသော နာမ်စားခေါ်ထားသော မမ အသုံးအနှုန်းနှင့် တိုက်ဆိုင်နေသည်။ ကျော်ဝင်းကို ထိုဖုန်းသတင်းလက်ခံစာရွက်လေး လှမ်းပေးလိုက်သည်။ ကျော်ဝင်းက တစ်ချက်ပြုံးပြီး-

"တိုက်ဆိုင်လှချည်လား၊ တို့ခေါ်တဲ့ နာမ်စားက မမရဲ့နာမည် ဖြစ်နေတယ်နော်"

"မင်း. . အခုချက်ချင်းပဲ ဆက်လိုက်ကွာ၊ မမဘာပြောချင်လို့လဲ မသိဘူး၊ မင်းပဲ ဆက်စီစဉ်လိုက်တော့၊ ဘိုင့်"

ကျွန်တော် ကျော်ဝင်းကို နှုတ်ဆက်ထွက်ခဲ့သည်။

ထိုနေ့ညက မမတို့အဖွဲ့မလာပါ။ ကျော်ဝင်းက ကျွန်တော်တီးနေသော စင်ရှေ့မှ ဖြတ်လျှောက်ရင်း OK ပုံစံမျိုး လက်မထောင်ပြသွားသည်။ ည ဆယ့်တစ်နာရီ စားသောက်ဆိုင်ပိတ်တော့ ကျွန်တော်တို့ပြန်နေကျအတိုင်း လမ်းလျှောက်ပြန်ကြသည်။ ကျွန်တော်တို့ စားနေကျ ညလယ်စာကို စိတ်တိုင်းကျမှာ ဝင်စားခဲ့သည်။ အခုတော့ ကျွန်တော်တို့မှာ ပြောစရာစကားတွေ ရှိလာသည်။ ကျွန်တော်တို့သွင်းထားသော သီချင်းများယူ၍ ကျွန်တော်တို့ တီးနေသော စက်တင်ဘာ စားသောက်ဆိုင်မှာပင် နံနက် ၁၀ နာရီဆုံရန် မမက ချိန်းကြောင်း ကျော်ဝင်းကပြောသည်။ မနက်ဖြန်မှာ ကျွန်တော်တီးရန် မင်္ဂလာဆောင်မရှိ။ ကျွန်တော် အားနေသည်ကို သိသောကြောင့် ကျော်ဝင်းက အချိန်းအချက်ကို သဘောတူခဲ့သည်။

စိတ်တိုင်းကျကပင် ဆရာ့ဆီဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြရသည်။ ကျွန်တော်တို့ ဒီည အခွေတွေထဲမှ စိတ်ကြိုက်

www.burmeseclassic.com



သီချင်းများကို ကူးယူပြီး မနက်ဖြန် မမကို ဖွင့်ပြရမည်။ ကျွန်တော့် အနေနဲ့ ကန်းထရီး အလိုက်တေးသွားတွေကို အားရသည်။ သီချင်းလေးတွေကလည်း အချစ်သီချင်းတွေချည်းမဟုတ်။ ကျွန်တော်က ကန်းထရီးသီချင်း ငါးပုဒ်၊ ခြောက်ပုဒ်ခန့်၊ Slow Rock သုံးပုဒ်နဲ့ Rock သီချင်း နှစ်ပုဒ်ခန့် ပါဝင်ရန် ရွေးချယ်သွင်းရမည်။ ဆရာက "နိုင်ရဲ မင်းဖြစ်ချင်တာကို မရရင်မလုပ်နဲ့။ ဒီကိစ္စမှာ ကိုယ်က ဖန်တီးသူ။ ဒီတော့ သိပ်အလျှော့မပေးနဲ့။ မင်းသီချင်းတွေငြင်းပြီး Copy တွေ ထည့်မယ်ဆိုရင် စဉ်းစားဦးမယ် ပြောလိုက်။ သူတို့ ဆိုစေချင်တဲ့ Copy သီချင်းနဲ့ တေးရေးဆရာကို မေးခဲ့။ သူတို့ အနေနဲ့ အရှုံးအမြတ်ကို ထည့်တွက်ရင် မိတ်ကပ်တွေကို ကြိုက်မှာပဲ။ မင်းကလည်း 'နိုင်ရဲ'ဆိုပြီး စထိုးဖောက်ရမှာ၊ မင်းလိုင်းကို ထူထောင်ရမှာ၊ အုတ်ရောရောရော ကျောက်ရောရော အလုပ်မခံနဲ့နော်" လို့ လှမ်းအားပေးရှာသည်။

ဆရာပြောလိုက်တဲ့ စကားတွေကို ကျော်ဝင်းကို ပြန်ပြောပြတော့ ကျော်ဝင်းက ဆရာ့ဘက်က ထောက်ခံသည်။

"ဟော့ကောင်. . . ကြီးကျယ်တာတော့ မဟုတ်ဘူးပေါ့ကွာ၊ ငါတို့လိုကောင်တွေက ရေစုန်လိုက်မယ့်သူ မဟုတ်ဘူး။ ထိုးဖောက်ရမှာကွ။ မင်းရွေးထားတဲ့ မြူးဇစ်တွေက အချိုအအေးလေးတွေ များပေမဲ့ စကားလုံးတိုင်းမှာ ဖောက်ထွက်နိုင်တဲ့ ခွန်အားရှိတယ်။ ဒီတော့ ရေစီးအတိုင်း လိုက်ဖို့ထက် ရေစီးကို ဆန်တက်ရမှာ။ ပင်ပန်းမယ်၊ ခက်ခဲမယ်၊ ထိုးဖောက်နိုင်ရမယ်၊ ထိုးဖောက်ဖို့ခွန်အား လိုမယ်၊ ဒါတွေကို သူတို့က နားလည်ပါ့မလား မသိဘူး"

"အစာပြပြီး လက်ယပ်ခေါ်တိုင်း လိုက်မှာမဟုတ်ဘူးဆိုတာ သိစေချင်တာထက် ငါတို့ အဆင့်အတန်းကို ငါတို့မြှင့်တင်ရမှာကွ၊

www.burmeseclassic.com



ငါတို့ဘက်က အလျှော့မပေးဖို့ လိုလိမ့်မယ်။ ငါတို့လိုချင်တဲ့ ပုံစံကို တော်တော်လေးတော့ နားသွင်းယူရမယ် ထင်တယ်”

ဘာပဲပြောပြော ကျွန်တော် ရင်ခုန်နေသည်။ စိတ်စောနေသည်။ ကျွန်တော့်စိတ်တွေ မတည်ငြိမ်နိုင်။ ကျွန်တော့်ဘက်က တင်းလိုက်လို့ အခွင့်အရေးတစ်ခု ဆုံးရှုံးသွားမှာကိုလည်း နှမြောမိသည်။ ဘာကိုမှ မမက်မောပါဘူး၊ အတီးသမားသက်သက်၊ ကန့်လန့်ကာနောက်က ဂီတဖန်တီးသူသက်သက် ဖြစ်ချင်တယ်ဆိုပေမဲ့ ကန့်လန့်ကာရှေ့ထွက်ဖို့ အခွင့်အရေးကိုလည်း ကျွန်တော် မက်မောမိပြန်သည်။

ကျွန်တော်တို့ ရွေးချယ်ထားတဲ့အတိုင်း ပော်လိုဂစ်တာနဲ့ တီးထားတဲ့ သီချင်းပုဒ်ရေတွေကို တစ်ခွေစာ ၁၀ ပုဒ် ကူးယူလိုက်သည်။ အချိန်ကိုကြည့်လိုက်တော့ နံနက် ၆ နာရီ။ ကျော်ဝင်းက ဆေးကျောင်းသားပီပီ ဆေးစာအုပ်ကို ကောက်လှန်လိုက်သေးသည်။ ကျွန်တော်က သူ့လက်တွေကို လှမ်းရုပ်ရင်း အိပ်ရန်ပြောသည်။ ကျော်ဝင်းက အိပ်ရာနိုးရင် အားရှိအောင် အစာဝဝနဲ့ အိပ်မက်ကွာ ပြောပြီး ကော်ဖီမစ်ဖျော်သည်။ ကျွန်တော်တို့နှစ်ယောက် ကော်ဖီနှင့် ပေါင်မုန့်စားပြီး အိပ်ရာဝင်ခဲ့သည်။ နာရီနိုးစက်ကိုတော့ မနက် ၉ နာရီတိတိ ချထားလိုက်ရသည်။

* * *

www.burmeseclassic.com



ကျွန်တော်တို့ ၁၀ နာရီတိတိတွင် မမနှင့် ချိန်းထားသော သီးသန့်ခန်းသို့ ဝင်ခဲ့သည်။ မမနဲ့အတူ လိုက်လာသော အမျိုးသား တစ်ဦးက အနောက်တိုင်းဝတ်စုံအပြည့် ဝတ်ထားပြီး တစ်ဦးက လူကြီးလူကောင်းစတိုင်နှင့် ထိုင်နေသည်။ မမကလည်း ကုတ်အင်္ကျီ လက်တို အဖြူရောင်လေး ထပ်ဝတ်ထားသည်။ ကျွန်တော်နဲ့ ကျော်ဝင်းကတော့ ကျောင်းတက်တဲ့ပုံစံအတိုင်း ရှပ်အင်္ကျီနှင့် ပုဆိုး ကိုသာ ဝတ်ဆင်ထားသည်။ ကျွန်တော်တို့ပုံစံကိုကြည့်ပြီး မမက ခပ်ဟဟပြုံးကာ နှုတ်ဆက်လိုက်ပေမဲ့ မမနဲ့ အတူတူပါလာသော အမျိုးသားနှစ်ယောက်က မတ်တတ်ရပ် လက်ဆွဲနှုတ်ဆက်သည်။

"ကိုနိုင်ရဲ ထင်ပါရဲ့။ ကျွန်တော် နိုင်ဦးပါ"

"ကျွန်တော်က ဇာဏီပါ"

နိုင်ဦးနှင့် ဇာဏီတို့က ကျွန်တော်တို့ထက် ငါးနှစ်ခန့်ကြီး သည်။ မမ၏ မောင်ဝမ်းကွဲ တော်စပ်သည်ဟု သိရသည်။ သူတို့ နှစ်ယောက်စလုံးက ဩစတြေးလျတွင် တိုးရစ်ဂိုက် လုပ်နေကြသူများ ဖြစ်သည်။ သူတို့က မမနှင့် ရှယ်ယာဝင်များ မဟုတ်ကြဘဲ မမ၏ အတိုင်ပင်ခံနှစ်ဦးသာ ဖြစ်သည်။ သူတို့ ဆယ်ကျော်သက်အရွယ် တုန်းကလည်း ဂီတလောကရဲ့ ကြယ်တစ်ပွင့်ဖြစ်ဖို့ မျှော်လင့်ခဲ့ကြောင်း

www.burmeseclassic.com



ရယ်ပွဲဖွဲ့ပြောသည်။ အသံကို စစ်ဆေးကြည့်ပြီး အသံမမီသော ကြောင့် မဆိုဖြစ်ခဲ့ကြောင်း ပြောသည်။ ဝါသနာရှင်အဆင့်နဲ့လည်း ဒီဂီတလောကမှာ မမြှုပ်နှံလိုကြောင်း ပြောသည်။ နောက်ထပ် သုံးနှစ်လောက် နိုင်ငံခြားမှာ အလုပ်လုပ်ပြီးလျှင်တော့ မြန်မာပြည်မှာ စီးပွားရေးလုပ်ငန်း လုပ်ဖို့ရှိကြောင်း ပြောသည်။

ကျွန်တော်နဲ့ ကျော်ဝင်းကတော့ ထိုလူကြီးလူကောင်း နှစ်ယောက်ရဲ့ လေလုံးများကို ဟုတ်ကဲ့ ဟုတ်ကဲ့ဟု ခေါင်းညိတ် လိုက်၊ အင်းလိုက် လိုက် လုပ်နေရသည်။ ကျွန်တော်တို့မှာ အချိန်မရှိ။ ပဋိသန္ဓာရစကားကို ဒီလောက်ရှည်ရှည်ပြောဖို့ လိုအပ်နေလိမ့်မည်ဟု ကျွန်တော် ဘယ်တုန်းကမှ မထင်မိခဲ့။ ဒီအတွက်လည်း ကိုယ့်ကိုယ် ကို ငတုံးလို့ ကျိန်ဆဲနေမိသည်။ ကျော်ဝင်းကို စကားစဖြတ်ဖို့ မျက်ရိပ်လှမ်းပြသည်။ ကျွန်တော့်လက်တွေကလည်း ဘေးထိုင်ခုံမှာ တင်ထားတဲ့ ကျောပိုးအိတ်ကို အလိုလို လှမ်းမိသည်။

"ဒီလိုပါ မမ၊ ကျွန်တော်တို့စပ်ထားတဲ့ ကိုယ်ပိုင်သံစဉ် သီချင်း Own Tune ၁၀ ပုဒ် သွင်းယူလာခဲ့တယ်။ အဲဒါ နားထောင်ကြည့်ပါ။ ကျွန်တော်တို့ကတော့ Copy ထက် Own Tune ကို ပိုအားသန်တယ်။ Own Tune ကိုလည်း Country, Rock, Slow Rock ပုံစံအတိုင်း စပ်ထားတယ်။ ဒါတွေ မမတို့ အဆင်ပြေမယ်၊ ကြိုက်မယ်ဆိုရင် တီးဝိုင်းစီစဉ်ပြီး ဆက်လုပ်ကြ တာပေါ့"

ကျော်ဝင်းက နာရီကိုကြည့်၍ စကားစဖြတ်လိုက်သည်။ ကျွန်တော်တို့မှာ အချိန်မရှိ။ ကျထားသော ဘာသာရပ်တွေ တနင်္လာ နေ့မှာ ထပ်ဖြေရဦးမည်။ နေ့လယ် ၁၂ နာရီ ကျူရှင်အမီ ပြန်ရဦးမည်။ ဘာမှမလုပ်ဖြစ်ဘဲ ကျူရှင်ချိန် ဖျက်ရမှာတော့ ကျွန်တော်တို့နှစ်ယောက်

www.burmeseclassic.com



စလုံး စိုးရိမ်မိသည်။ မမက အလိုက်သင့်စွာ စကားစဖြတ်ပေးသဖြင့် စိတ်သက်သာရာ ရတော့သည်။

"ဒါဖြင့် ဒီနေ့ နေ့ခင်း နားထောင်ထားမယ်။ ညကျရင် ဒီအထဲက သီချင်းတစ်ပုဒ် ဆိုပြ။ အဲဒီအခါကျမှ မင်းရဲ့စတိုင်ကို နားထောင်ကြည့်မယ်။ မင်း ဘယ်လောက် ညှိနိုင်မလဲဆိုတာ"

မမရဲ့ နောက်ဆုံးစကားက ကျွန်တော့်ရင်တစ်ခုလုံး ကပြောင်းကပြန် ဖြစ်သွားအောင် စွမ်းဆောင်ခဲ့သည်။ ကျော်ဝင်းကတော့ သူ့ရဲ့ အောက်နှုတ်ခမ်းလေးကို ဆတ်ခနဲ ပင့်တင်လိုက်သည်။ ကျွန်တော်က မမကို ကြည့်နေသော မျက်ဝန်းများကို အမြန်ဆုံး ဖယ်ရှားပစ်သည်။ ကျွန်တော့်မျက်ဝန်းအရိပ်များ ပကတိ ကြည်လင်တော့မှ မမကို ဥပေက္ခာကြည့် ကြည့်နိုင်သည်။

"ဒါဖြင့် တခြားဈေးစကားတွေက. . .၊ တစ်ခုခုကိုဆုံးဖြတ်လို့ ရအောင် ပြတ်ပြတ်သားသားမေးတာပါ။ အခုရှုပ်မှ နောင်ရှင်း ဆိုသလိုပေါ့"

မမကလည်း ကျွန်တော်တို့ကို စိုးရိမ်ထိတ်လန့်နေပုံရသည်။ ကျွန်တော်တို့က ကမ်းလှမ်းခံရသူများ မဟုတ်လား။ မတန်တဆ တောင်းရင်လည်း ငြင်းရခက်တဲ့ အကျပ်အတည်းမျိုး ရှိနေပုံရသည်။

"အကျိုးတူ ပူးပေါင်းဆောင်ရွက်တယ်လို့ သဘောထား လိုက်ပါ။ မမက လာရောက် ကမ်းလှမ်းပေမဲ့ ကျွန်တော်တို့က တစ်ဖက်သတ် အနိုင်မယူပါဘူး။ အခုလောလောဆယ် အခွေပေါက် သွားရင် မမကုန်ကျစရိတ်၊ ကျွန်တော်တို့ဘက်က ဆိုခ နုတ်ပြီး တစ်အချိုးတစ် ခွဲကြတာပေါ့။ အခုလောလောဆယ် ဆိုခမယူသေး ပါဘူး။ ဆိုခဆိုလို့ အရမ်းကြီးမတင်ပါဘူး။ သူများအသစ်ဈေးပေါ့"

ကျော်ဝင်းက သူ့ကိုယ်သူ ကရုဏာရှင်ကြီးလို ဂုဏ်တင် တတ်သည်။ မမက မျက်ခုံးပင့်ပြီး ပြုံးလိုက်တော့မှ ကျော်ဝင်း

www.burmeseclassic.com



သူ့ဟာသူ ရှက်သွားပုံရသည်။ ဒါပေမဲ့ သူ့မျက်နှာပိုးကို သူမသတ်။ ခပ်တည်တည်ဖြီးပြပြီး နာရီကို ဆတ်ခနဲကြည့်သည်။ ကျွန်တော့် လက်ထဲမှ အသင့်သွင်းယူလာတဲ့ အခွေလေးကို မမလက်ထဲသို့ ပေးလိုက်သည်။ မမက ကက်ဆက်ကာဗာ အကြမ်းစာရွက်မှ သီချင်းခေါင်းစဉ်များကို ကြည့်နေသည်။ ကျွန်တော့်လက်တွေမှာ ချွေးစီးများဖြင့် စိုထိုင်းနေသည်ကို တွေ့ရတော့မှ စိတ်အအိုက် ပြေသွားရတော့သည်။

"ဒါဖြင့် မမ နားထောင်ပြီးမှ တခြားတီးဝိုင်းကိုစွ၊ စတူဒီယို ကိုစွ ဆက်စီစဉ်တာပေါ့နော်။ အဲဒါတွေကိုလည်း အခုတစ်လ စောင့်ပါဦးလို့ မေတ္တာရပ်ချင်ပါတယ်။ ဒီလထဲမှာ စာမေးပွဲရှိနေ လို့ပါ"

မမက ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်နေရာမှ-

"မင်းတို့ကတော့ ကိုယ့်ဟာကိုယ် ယုံကြည်မှု သိပ်ပြင်းတယ် နော်။ လူငယ်တွေပဲလေ ဒီလိုယုံကြည်မှု ပြင်းထန်တာ ကောင်းပါ တယ်။ ဒီလိုစီးရီးထုတ်ပေးမယ့် အခွင့်အရေးကို လွယ်လွယ်ကူကူနဲ့ ရသွားတော့လည်း မင်းတို့ဘက်က မြင့်မယ်ဆိုလဲ မြင့်ချင်စရာပေါ့။ မင်းတို့ဘက်က ဆိုခ၊ ရေးခ ရင်း၊ မမတို့ဘက်က တီးဝိုင်းခ၊ စတူဒီယိုခ၊ ကြော်ငြာခရင်းရမှာ။ အဲဒီတော့ အခွေထုတ်ပြီဆိုတာနဲ့ မမတို့ဘက်က ပိုက်ဆံ ခြောက်သိန်း ခုနစ်သိန်းလောက်ကို အရဲစွန့် ပြီး ရေထဲပစ်ချလိုက်ရမှာ။ တကယ်လို့ စီးရီးမပေါက်ရင် ပေါ့ကွာ"

မမ စကားကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ကျွန်တော်တို့က ကိုယ့်ဘက် ကိုယ်ယက်လွန်းသွားခဲ့သည်ကိုး။ မမ ပြောတာလည်း ဟုတ်တာပဲ။ ကျွန်တော့်လက်ဖျား၊ ခြေဖျားများ တကယ် အေးစက်သွားခဲ့သည်။

www.burmeseclassic.com



"ဒါကြောင့် စီးရီးပေါက်သွားရင် မင်းတို့ပြောသလို ဆိုခ၊ ရေးခ၊ တီးဝိုင်းနဲ့ တခြားကုန်ကျစရိတ်တွေနုတ်၊ ကျန်တဲ့အမြတ်က သုံးဆတစ်ဆပဲ။ မင်းတို့က တစ်ဆ၊ မမတို့က သုံးဆ ကျေနပ်လား"

မမက ကျွန်တော်တို့နှစ်ယောက်ကို တစ်ချက်ဝေ့ကြည့်ပြီး ကက်ဆက်ခွေလေးကို ကိုင်ရင်း ငေးကြည့်နေသည်။ ပြီးနောက် ကျွန်တော့်ကို ငေးကြည့်ပြီး ကျွန်တော်တို့အဖြေကို စောင့်ဆိုင်းနေသည်။

"တို့ ဒီလောကအကြောင်း စုံစမ်းပြီးပါပြီ။ ဒီလိုအခွင့်အရေးမျိုး ဘယ်သူမှ မပေးဖူးသေးဘူး။ စီးရီးပေါက်ပေမဲ့ ဆိုခ၊ ရေးခ ထိုက်ထိုက်တန်တန်ပေးတဲ့သူ ရှားပါတယ်။ နောက်ပြီး စီးရီးအမြတ်ပေါ်မှာလည်း ခံစားခွင့်ပေးတာ ရှားပါတယ်။ ဆယ်ရာနှုန်းတောင် မပေးကြဘူး။ မင်းတို့ကို သုံးဆယ်ရာနှုန်းလောက် ပေးထားတာပဲ။ မင်းတို့ဘက်က ကျေကျေနပ်နပ် လုပ်ပျော်ပါတယ်။ တို့ဘက်က မပေါက်ရင် ဒီငွေတွေက ပလုံမှာ၊ မင်းတို့ဘက်က မနစ်နာပါဘူး"

ကျွန်တော်ကတော့ ဘာပြန်ပြောရမှန်း မသိအောင် တွေနေမိသည်။ တကယ်တော့ တစ်လ တစ်လ တစ်သောင်း နှစ်သောင်း ရဖို့တောင် ကျွန်တော်တို့ မနည်း ရုန်းကန်ရှာနေကြရတာ မဟုတ်လား။ မမတို့ဘက်က စွန့်ပြီးရင်းရမယ့် ငွေအပေါ်မှာ အကျိုးအမြတ် ရယူချင်မှာပေါ့ဟု မှျမှျတတ တွေးမိတော့သည်။ ကျော်ဝင်းကရော ဘယ်လိုလဲဟု အကဲခတ် ကြည့်မိသည်။

"ဟို. . . ကျွန်တော်တို့ဘက်က နည်းနည်း လောဘကြီးသွားတယ်။ အဲဒါကို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဒီနေရာမှာတော့ ကျော်ဝင်းကို ကျေးဇူးတင်မိပြန်သည်။ ကျွန်တော်က နှုတ်လေးလွန်းသလောက် ကျော်ဝင်းက ပါးနပ်လွန်းစွာ တုံ့ပြန်ခဲ့သည်။ ကိုနိုင်ဦးနဲ့ ကိုဇာဏီကတော့ မမရဲ့ အဖော်အနေနဲ့

www.burmeseclassic.com



သာ လိုက်လာပုံရသည်။ ကျွန်တော်တို့ ဆွေးနွေးပွဲကို စိတ်ဝင်စားပုံပြပေမဲ့ ဘာတစ်ခွန်းမျှ ဝင်မပြော။ သူတို့မှာထားသော နံနက်စာကို စားပါဟုသာ ပြောသည်။ ကျွန်တော့်ရှေ့နှင့် ကျောင်းဝင်းရှေ့ရှိ ပန်းကန်ထဲရှိ ထမင်း ဟင်းများထည့်ပေးရန် စားပွဲထိုးကို မျက်ရိပ်ပြလိုက်သည်။ စားပွဲထိုးလေးများက ကျွန်တော်တို့ကို ကြည့်ပြီး လက်မထောင်ပြသည်။ ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲလေး ဒီမှာတင်ပြီးဆုံးပြီဟု ယူဆမိသဖြင့် နာရီကြည့်လိုက်သောအခါ ၁၁း၃၀နာရီဖြစ်နေသည်။ ကျွန်တော်တို့အတွက် ထမင်းပွဲပြင်နေသော ချာတိတ်များကို မပြင်ရန်ပြောပြီး မမတို့ကို နှုတ်ဆက်လိုက်သည်။ မမတို့က ထမင်းစားသွားရန် အတန်တန်မှာပေမဲ့ ကျူရှင် ၁၂ နာရီတိတိမှာ တက်ရမည့်အတွက် မစားနိုင်ကြောင်း ကျောင်းဝင်းမှ ပါးနပ်စွာ ငြင်းသည်။ ကျွန်တော်တို့မှာ စတိုင်ကျကျ အချိန်ယူပြီး ထမင်းစားဖို့ တကယ်ပင် အချိန်ဆင်းရဲနေခဲ့သည်။ သို့သော်လည်း ကျောင်းဝင်းရော ကျွန်တော်ပါ ဒီအတွက် ထုတ်ဖော်မညည်းညူခဲ့ချေ။ ဆရာ့အိမ်ရှေ့ ရောက်မှ ဆရာ့အိမ်ရှေ့တည့်တည့်က လမ်းဘေးထမင်းဆိုင်လေးမှာ ဆယ်မိနစ်နှင့်အပြီး ထမင်းစားလိုက်ကြရသည်။ မမတို့နှင့်သာ စားနေခဲ့လျှင် နာရီဝက်နဲ့လည်း ပြီးမှာမဟုတ်ကြောင်း ကျွန်တော်တို့ နှစ်ဦး နားလည်ခဲ့သည်ပဲ။

* * *

www.burmeseclassic.com



ဖြူက ကျွန်တော့်အခြေအနေကို ဖုန်းဆက်မေးသည်။ ဖြူက စည်းကမ်းကြီးလွန်းသူ တစ်ယောက်ဖြစ်လွန်းသည်။ ဘာကြောင့်လဲ ဆိုတော့ ဖြူနဲ့ ကျွန်တော်တို့ တွေ့ဆုံချိန်ကို သောကြာနေ့ဟု ရွေးချယ်ပြီးသည့်နောက်ပိုင်း ဖြူက သောကြာနေ့ တစ်ရက်သာ တွေ့ခွင့်ပေးသည်။ ကျွန်တော့်ရင်ထဲမှာ ပြောစရာ စကားများရှိနေလျှင် လည်း သောကြာနေ့ထိ အောင့်ထားရသည်။ ဖြူ့အိမ်သို့ဖုန်းဆက်ခွင့် မပေးသော်လည်း တစ်ခါတစ်ရံ ဆက်မိသည့်အခါတိုင်း ဖြူနှင့်မတွေ့ရ။ ဖြူက အိမ်မှာ ဖုန်းမကိုင်ကြောင်း ပြောသည်။ ဖြူ မဆက်ခိုင်းဘဲ ဆက်သောကြောင့် 'ဘာမက်ဆေ့(ချ်)များ ထားခဲ့မလဲရှင်'ဆိုသော မေးခွန်းကို ထစ်ထစ်ငေါ့ငေါ့နှင့် အထွေအထူးမရှိပါဘူး ခင်ဗျာဟု ပြောပြီး ကပျာကယာ ဖုန်းချပစ်တတ်သည်။ ဤကဲ့သို့ သုံးကြိမ် ကြုံပြီးသည့်နောက်ပိုင်းတွင် ကျွန်တော် ဖြူ့ထံသို့ ဘာအကြောင်းရှိရှိ ဖုန်းမဆက်ဖြစ်တော့။ ထိုအကြောင်းကိုလည်း ဖြူ့ကို မပြောပြခဲ့။

အင်္ဂါနေ့ညဦးပိုင်း ဆရာ့အိမ်၌ရှိစဉ် ဖြူဖုန်းဆက်ခြင်းဖြစ်သည်။ တနင်္လာနေ့ညအထိ ကျွန်တော်တို့မအားမှန်း ဖြူသိသည်။ ဖြူက 'ကို့အသံ သူတို့ကြိုက်လား' 'ကို့ သီချင်းတွေ သူတို့ကြိုက်လား' ဟု မေးသည်။

www.burmeseclassic.com



စနေနေ့ညက နှစ်ပုဒ်ဆိုပြခဲ့သည်။ Country တစ်ပုဒ်၊ Slow Rock တစ်ပုဒ်၊ မမ ဘာမျှမပြော။ ကျွန်တော့်စိတ်ထင် မမ ရေရေလည်လည် နားထောင်ပြီးပြီဟု ထင်သည်။ ဖြူ့ကိုတော့ "သူတို့အကြောင်းမပြန်သေးဘူးကွာ၊ ဒါနဲ့ စကားမစပ် မနက်ဖြန် ကျောင်းဆင်းချိန် လာခဲ့ပါလား"ဟု ကျွန်တော်က ဖြူ့ထံမှ တွေ့ဆုံခွင့် တောင်းလိုက်သည်။

ဖြူနဲ့ ကျွန်တော်တို့ရဲ့ သမီးရည်းစားဘဝက အသက်မဝင်ဟု ကျော်ဝင်းက ဝေဖန်စပြုလာသည်။ တစ်ယောက်နဲ့ တစ်ယောက် ချစ်မှ ချစ်ကြရဲ့လားလို့ သူသံသယဝင်မိပါသတဲ့။ ဖြူကလည်း ကျွန်တော် တွေ့ခွင့်တောင်းတိုင်း ငြင်းပေမဲ့ ဖြူနဲ့ ကျွန်တော်တို့ ကြားမှာ မျက်လုံးအပိုတစ်စုံ ကပ်ကပ်နေတယ်လို့ ပြောဖူးသည်။ "အချိန်မတန်ခင် အနေအထိုင် ဆင်ခြင်ရတာဟာ ဆုလာဘ်တစ်ခု ရဖို့ပါ"ဟု ဖြူ အမြဲပြောသည်။ ဖြူ့အိမ်က ကျွန်တော့်ကို သဘော ကျပုံမရကြောင်း ကျွန်တော် ခန့်မှန်းမိသည်။ ကျွန်တော်နဲ့ ဖြူ့ အကြောင်း ဖြူ့အိမ်က သိသွားပလားလို့ မေးဖူးသည်။ အန်တီ မေးဖူးကြောင်း ဖြူပြောဖူးသည်။ ဖြူက တိတိကျကျ မဖြေခဲ့ကြောင်း ပြောသည်။ အန်တီက သိပ်မလွယ်ဘူး။ အလို လိုက်ချင်တဲ့အခါ အရမ်းအလိုလိုက်တယ်။ သူမကြိုက်တာ လုပ်ရင်လည်း နည်းမျိုးစုံနဲ့ ဖျက်တတ်တယ်ဟု ပြောဖူးသည်။ အန်တီက ကျွန်တော့်ကို သိပ်သဘောမကျကြောင်း ကျွန်တော်ရိပ်မိသည်။ ဖြူ့အား မပြော ခဲ့ဖြစ်ပါ။

ဗုဒ္ဓဟူးနေ့ ညနေက ဖြူ ကျွန်တော့်ထံလာသည်။ ထိုနေ့က ကျွန်တော့်ကို ဖြူက စားသောက်ဆိုင်အသစ်တစ်ခုသို့ ခေါ်သွား သည်။ အောက်ထပ်မှာ လူတွေအများကြီး ရှုပ်ထွေးနေတယ်။ အပေါ်ထပ်မှာ ကြိမ်လိုက်ကာလေးတွေချထားသော ဆိုဖာဆက်တီ

www.burmeseclassic.com



များသာရှိသည်။ ထိုနေ့ညကနေက ကျွန်တော်တို့ တရုတ်စာ စားကြရင်း စကားအများကြီး ပြောဖြစ်ကြသည်။

ဖြူက အင်္ဂလိပ်စာ သင်တန်းကျောင်း သုံးခုမှာ အချိန်ပိုင်း ဆရာမလုပ်နေသလို သင်လက်စ ဆယ်တန်းကျောင်းသားလေးတွေ လည်း ရှိသေးကြောင်း ပြောပြသည်။ အခုတလော အန်တီလေးက မောင်နိုင်ရဲ ဘာလုပ်နေသလဲ မသိဘူးနော်လို့ နှစ်ခါ သုံးခါလောက် မေးသေးတယ်။ အန်တီလေးက သိနေပုံကြီးကို အတင်းမသိချင်ဟန် ဆောင်ပြီး မေးနေပုံရတယ်လို့ ထင်တယ်။ ဒါကြောင့် တတိယ အကြိမ် မေးတော့ အန်တီလေးသိနေတဲ့အဖြေကို မသိချင်ဟန် ဆောင်ပြီး မေးနေသလိုကြီး ခံစားရတယ်။ ဟုတ်လားလို့တောင် အန်တီလေးကို ပြန်မေးလိုက်သေးတယ်။ အန်တီလေး တော်တော် မျက်နှာပျက်သွားတယ်။ အန်တီလေးမှာ လျှို့ဝှက်ချက်တစ်ခုတလေ များ ရှိနေသလား မသိဘူး။

ဖြူက သူ့အဒေါ်ကို မယုံသင်္ကာရှိသလို ကျွန်တော်ကတော့ အန်တီက ဖြူနှင့် ကျွန်တော့်ကိုသဘောမတူကြောင်း အစကတည်းက ခွဲခြားပြထားသည်။ ဖုန်းဆက်တိုင်းဖြူရှိလျက်နဲ့ မရှိပါဘူး ပြောပစ် တတ်တာမျိုး၊ ဖြူနဲ့ပါလာတိုင်းလည်း ဖြူမသိအောင် ခွဲခြား၊ ခွဲခြား ဆက်ဆံတတ်တာမျိုး အမြဲပြသည်။

ကျွန်တော်က ဖြူ့ကိုယူလျှင် ဖြူ့ဘက်က ကျေနပ်သဘောတူ လျှင် ဘယ်လောက် ပျော်စရာကောင်းမလဲလို့ မကြာမကြာ တွေးကြည့် ဖူးသည်။ ကျွန်တော် စားသောက်ဆိုင်တွေမှာ တီးဆိုပြီး ကျောင်း စရိတ် လုပ်နေတာကို ဖြူကလွဲ၍ ဖြူ့အသိုင်းအဝိုင်းက လုံးဝ မကြိုက်မှန်း သိသာလွန်းသည်။ ကျွန်တော် ဆရာဝန်တစ်ယောက် ဖြစ်လာလျှင်လည်း ကျွန်တော့်ကို လက်မခံနိုင်ကြောင်း သိသာစေချင်

www.burmeseclassic.com



ပုံရသည်။ ကျွန်တော်ကတော့ ဒါတွေကို ဂရုမစိုက်ချင်။ ဖြူ့ကို ပိုင်ဆိုင်ရမည်ဟုသာ။

ထိုနေ့က ဖြူက ကျူရှင်တစ်ချိန် ဖျက်ရသလို ကျွန်တော်ကလည်း ကျူရှင်တစ်ချိန် ဖျက်လိုက်ရသည်။ စားသောက်ပြီးတော့ ကျွန်တော်တို့ ရွှေတိဂုံဘုရားပေါ် တက်ကြသည်။ ထိုနေ့ကစပြီး ဖြူနှင့် ကျွန်တော်မှာ တကယ့် စိတ်တူ၊ ကိုယ်တူ ရင်းရင်းနှီးနှီး ချစ်ခင်လာကြောင်း သိသာလာစေသည်။ ဖြူနှင့်အတူ လျှောက်သွားရင်း ဖြူ့နံဘေးနားနေရသော ပီတိနှင့် ဖြူ့ကို ကာကွယ်စောင့်ရှောက်ရသော စိတ်ကျေနပ်မှုတို့က ဖြူနှင့် ကျွန်တော်တို့ အနာဂတ်ကို ပိုမိုခိုင်မြဲစေတော့မှာ သေချာလွန်းသည်။

ကျွန်တော်က ဖြူ့ကို တစိမ့်စိမ့်ကြည့်ရင်း မချင့်မရဲဖြစ်စွာ လက်ဖျားလေးများကို ဖျစ်ညှစ်ဆုပ်ကိုင်မိချိန်တွင် ဖြူ၏ ပကတိ အချစ်စစ်ကိုလည်း တွေ့လိုက်ရသည်ဟု ခံစားမိသည်။

"ကို. . . ဘာဖြစ်ဖြစ် ဖြူခွင့်လွှတ်မယ်၊ ဖြူချစ်မယ်သိလား၊ ဖြူ့ဘဝ တစ်သက်တာလုံးမှာ ကို့တစ်ယောက်ကိုပဲ ချစ်မယ်။ ကိုကလည်း ဘာဖြစ်ခဲ့ဘာဖြစ်ခဲ့ ဖြူ့ဆီပြန်လာပါ။ အမြန်ဆုံး ပြန်လာပါ"

ထိုစကားလေးက ဖြူ့ အပေါ်ယံစကားမဟုတ်။ ရင်ထဲက နက်နက်နဲနဲလာသော စကားမှန်း သိသာလွန်းသည်။

"ကို ဘာမှ မဖြစ်ရပါဘူး ဖြူရယ်၊ ဖြူ စိုးရိမ်မလွန်နဲ့နော်။ ကို့အသိထဲမှာ ဖြူအမြဲတမ်းရှိတယ်။ ကို့ကို ဘယ်သူမှ ဖျက်ဆီးလို့ မရနိုင်ပါဘူး။ အလစ်ချောင်းသူရှိနေလို့ ထောင်ချောက်မိသွားရင်လည်း ကို ဖြူ့ဆီကို လွတ်အောင်ပြေးခဲ့ပါမယ်။ အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်၊ ယုံနော်. . ဖြူ'

ကျွန်တော့် ခါးကို သိုင်းဖက်လာသော ဖြူ့လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း ကျွန်တော့်ရင်ထဲက ခွန်အားတွေကို ဖြူ ဆွဲယူသွားမှန်း

www.burmeseclassic.com



သိလိုက်ရတော့သည်။ ကျွန်တော်က ဖြူ့ကို ကျေကျေနပ်နပ် ပေးလိုက်မိခြင်း ဖြစ်သည်။ ဘုရားပေါ်က တန်ဆောင်းတစ်ခုမှာ ဝင်ထိုင်ရင်း ဘုရား၏စိန်ဖူးတော်ကို လှမ်းကြည့်မိရင်း ကျွန်တော်တို့ ဘယ်တော့မှ မခွဲပါရစေနဲ့ ဘုရားလို့ ခပ်တိုးတိုး ရေရွတ်မိနေစဉ် မှာပဲ ဖြူကလည်း ကျွန်မတို့ ဘယ်တော့မှ မခွဲပါရစေနဲ့ ဘုရား ဟူသော ဖြူ့အသံကို ကြားမိသည်။ ကျွန်တော်တို့ တစ်ယောက် မျက်နှာ တစ်ယောက် ပြုံးကြည့်ရင်း ချစ်ခြင်းရဲ့ပီတိကို ပထမဦးဆုံး ကျေကျေနပ်နပ် ခံစားလိုက်ကြသည်။

မှောင်စပြုနေပေမဲ့ ကျွန်တော်တို့နှစ်ဦး ပြန်ဖို့ကို မစဉ်းစား မိကြချေ။ ထိုင်နေသော ဘုရားတန်ဆောင်းမှ ဆူညံလှသော နာရီ အသံကိုကြားမှ နှစ်ဦးသား ပြိုင်တူထမိသည်။ "ဒီနေ့အတွက် ဖြူ့ကို ကျေးဇူးတင်ပါတယ်"လို့ ကျွန်တော်က ဖြူ့ကို လှမ်းနောက် တော့ ဖြူက "ဒီကျေးဇူးအတွက် တစ်ဘဝစာလုံး အနားမှာနေ၍ ဆပ်စေ"လို့ ပြန်ပြောသည်။ ဖြူဟာ ရင့်ကျက်ဟန်ဆောင်နေတဲ့ ကလေးတစ်ယောက်ပဲလို့ တွေးမိရင်း တဟားဟား ရယ်မောမိသည်။

* * *

www.burmeseclassic.com

# ပျံသန်းခြင်းခရီးအစမှာ

ကျွန်တော်ရော ကျော်ဝင်းပါ စာမေးပွဲပြီးပြီးချင်း အလုပ်စဖို့ ပြင်ဆင်ရတော့သည်။ ကျွန်တော့်ဆရာ တည်ထောင်ထားသော Sailing တေးဂီတအဖွဲ့နှင့် အသံသွင်းယူရန် ရွေးချယ်သည်ကို မမက အသာတကြည် လက်ခံခဲ့သည်။ ကျွန်တော် စာမေးပွဲ မပြီးခင်ကတည်းက ဆရာက Arrangement ကို ပြင်ဆင်ပြီးဖြစ်နေသည်။ ဒရမ်၊ ကီးဘုတ်၊ ရစ်သမ်၊ ဒါတွေကိုလည်း အသံသွင်းပြီးဖြစ်သည်။ ကျွန်တော်က ကျွန်တော့်သီချင်းများ ကိုယ်တိုင်တီးချင်သော ဆန္ဒကြောင့် လိဒ်ဂစ်တာတီးရန်နှင့် ကျွန်တော့်အဆိုပိုင်းသာ လိုတော့သည်။ ကျွန်တော့်အတွက်တော့ သီချင်းများကို တီးခတ်ရန် မခက်ခဲခဲ့။ စတူဒီယိုတွင် နှစ်ဂျူတီမျှနှင့်ပင် အတီးပြီးသွားသည်။

ကျွန်တော်ကတော့ ကျောင်းပိတ်ရက် နှစ်ပတ်လောက်သာ ရသည့်အချိန်တွင် အသံသွင်းခြင်းကို ပြီးစီးအောင်လုပ်ဖို့ အိမ်သို့ မပြန်နိုင်ကြောင်း မေမေတို့ထံ စာလှမ်းရေးထားသည်။ ကျော်ဝင်းကလည်း ကျွန်တော့်အတွင်းရေးမှူး ရာထူးကို ယူထားသောကြောင့် မပြန်နိုင်တော့ကြောင်း သူ့အိမ်သို့ စာရေးပေမဲ့ ကျော်ဝင်း

www.burmeseclassic.com



ကောင်မလေးက စိတ်ဆိုးစွာ စာလှမ်းရေးသဖြင့် ကျွန်တော့်ထံ ခွင့်ပန်ပြီး ပြန်သွားခဲ့သည်။

ထိုရက်ပိုင်းက ကျွန်တော့်အနားတွင် ကျော်ဝင်း ရှိမနေသော်လည်း ဆရာရှိနေသဖြင့် အတော်အတန် အားရှိနေခဲ့သည်။ ကျွန်တော်က ဆရာ့အိမ်တွင်ပင် လိုက်နေလိုက်တော့သည်။ ဆရာ့ထံမှ အချိန်ပြည့် လမ်းညွှန်မှုရယူနိုင်ရန် သက်သက်ပင်ဖြစ်သည်။ ဒါကို မမက မသိဘဲ အဆောင်တွင် ဝင်ခေါ်ကြောင်း ပြောပြသောအခါ ကျွန်တော်က ဟက်ခနဲ ရယ်ချ မျက်နှာလွှဲနိုင်ခဲ့သော်လည်း မမ မျက်ဝန်းမှာ ရှက်ရိပ်ထက် မခံချင်စိတ် လွှန်ကဲနေတာကို တွေ့ရသည်။ ကျွန်တော့်စိတ်ထဲမှာလည်း သဘောရိုးဖြင့် ဆရာ့အိမ်မှာ နေခဲ့မိခြင်းအတွက် အလွန်ကံကောင်းသည်လို့ မှတ်ယူလိုက်မိသည်။ ကျွန်တော့်ဆရာ ကိုစိုင်းသီဟက ထိုအကြောင်းကိုမသိ၍ ဘာမှဝင်မပြောဘဲ ကျွန်တော် ဟက်ခနဲ ရယ်လိုက်သံကိုတော့ မျက်မှောင် ကြုတ်ကြည့်သည်။ ကျွန်တော်နဲ့ မမက မုဆိုးနဲ့ သားကောင်လို ရှိနေတော့သည်။ ကျွန်တော်က မုဆိုးသာဖြစ်ချင်သူ ဖြစ်ပေမဲ့ ဒီပွဲမှာ ကျွန်တော်က သားကောင်လုံးလုံး ဖြစ်နေတော့သည်။ 'ပြေးနိုင်မှ လွတ်မယ်ဟေ့' ဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့ ဘာသာ အားတင်းဟစ်ကြွေးနေမိသည်။ ကျွန်တော် တွန်းလှန်ရသော အင်အားသည် အသေးအဖွဲလေးမဟုတ်။ ချက်ချင်း အုံနဲ့ကျင်းနဲ့ လာနိုင်သည်။ ဒီအချိန်မှာတော့ တခြား ဘာအလုပ်ကိစ္စမှမရှိ၍ ကျွန်တော့်အား လိုက်လံစောင့်ရှောက်နေသော ဆရာ့အား ကျေးဇူးတင်မိတော့သည်။ အဆိုအတွက် ငါးရက် အချိန်ယူထားသော ကျွန်တော့်အဖို့ ဒီငါးရက်မှာ သားကောင်အဖြစ် ပြေးနိုင်ဖို့ အမြဲ ကြိုးစားနေခဲ့ရသည်။

တကယ်တော့ မမကပဲ မုဆိုးပီသနေသလား၊ ဒါမှမဟုတ် ကျွန်တော်ကပဲ သားကောင်ပီသနေသလား မပြောတတ်တော့ပါ။

www.burmeseclassic.com



အကွက်ကျကျ စီမံထားသော ကစားကွက်ထဲသို့ ကျွန်တော်ဟာ ခြေတစ်လှမ်းမက လှမ်းမိတော့သည်။ အမှန်တကယ်မှာ ကျွန်တော်က မုဆိုးလုံးလုံးဖြစ်ချင်သူ မဟုတ်လား။ ထိုနေ့မနက် ၇ နာရီက ကျွန်တော် အိပ်ရာနိုးပေမဲ့ ဆရာက မနိုးသေး။ ကျွန်တော်တို့ စတူဒီယိုသွားရမယ့်အချိန်ကလည်း နေ့လယ်တစ်နာရီမှဖြစ်သည်။ ကျွန်တော်ကတော့ ဆေးကျောင်းသားပီသလွန်းစွာ စာဖတ်နေရတော့သည်။ ဒီနေ့ကလည်း ကျွန်တော့်ဟာမိုနီပြတ်ဖို့ နောက်ဆုံးရက်လည်း ဖြစ်နေသည်။ ဟာမိုနီဖြတ်ပြီးပြီးချင်း Mix Down စကိုင်မည့် နေ့လည်းဖြစ်သည်။ အဲဒီအချိန်မှာ မမကားလေးက ရုတ်ခနဲ ခြံထဲ ဝင်လာတာကို စာဖတ်နေရာမှ လှမ်းတွေ့လိုက်ရသည်။ “ဘာလာလုပ်ပါလိမ့်” ဆိုတဲ့ ဇဝေဇဝါအတွေးကြောင့် ကျွန်တော်ကိုယ်တိုင် အိမ်ရှေ့တံခါးကို ဖွင့်ပေးလျက်မိသား ဖြစ်နေသည်။ ထို့နောက် မမက အလွန် အလျင်စလိုရှိစွာ ကျွန်တော့်ကို သူ့ကားနဲ့ လိုက်ခဲ့ပါ။ အရမ်းအရေးကြီးတယ်ပြောပြီး အိမ်ပေါ်က ဆင်းပြေးပြီး ကားထဲ ပြန်ဝင်ထိုင်ကာ အလျင်စလို စက်နှိုးနေတော့သည်။ ကျွန်တော်က ကြောင်အစွာ ရပ်နေရင်းမှ မမထံသို့ ခြေတစ်လှမ်းချင်း လှမ်းသွားမိတော့သည်။ မမ နံဘေးမှ ကားတံခါးကို ဆွဲဖွင့်ပြီး ဝင်ထိုင်မိလျက်သား ဖြစ်နေတော့သည်။

“မင်းအတွက် ဟာမိုနီ ဆိုပေးဖို့ အဆိုတော် သံသာကို မေတ္တာရပ်ခံထားတယ်။ အခုမနက်ပိုင်းက သူ့စီးရီး သွင်းမှာလေ၊ သံသာ အားတဲ့အချိန်မှာ ချန်ထားတဲ့ ဟာမိုနီအပိုဒ်တွေကို မင်းပြောပြဖို့ လာခေါ်ရတာပါ။ ခဏလေးပါ။ မမက သေသေချာချာမသိတော့ မပြောပြတတ်ဘူး ဖြစ်နေလို့”

မမက သူလာခေါ်ရတဲ့အကြောင်းကို သေချာရှင်းပြနေသည်။ တကယ်ဆို အသံအားလုံး သူ့ Channel နဲ့ သူပဲ။ အသံဖမ်းပေးတဲ့

www.burmeseclassic.com



သူပဲ အရေးကြီးတာဟု ပက်ခနဲ ပြောလိုက်ဖို့ စိတ်ကူးမိလိုက်သေးသည်။ ဒါပေမဲ့ မပြောဖြစ်။ သူတောင် စိတ်ပူနေရင် ကိုယ်က ပိုပြီးစိတ်ပူပင်ရမှာပေ့ါဟုသာ တွေးမိသည်။ အဆိုနဲ့ ဟာမိုနီ တစ်ပြိုင်တည်း ဆိုနိုင်ရင်တော့ အကောင်းဆုံးပဲလေ ဆိုတဲ့ ဆရာ့စကားကို နားထဲ ကြားယောင်မိသည်။

ကျွန်တော်တို့ ရောက်သွားချိန်မှာ သံသာ ခေတ္တ နားနေချိန်ဖြစ်သည်။ မမ ဘာတွေ ကြိုညှိထားသည်မသိ။ အသံဖမ်းအင်ဂျင်နီယာက စက်ထဲမှ သံသာ မာစတာခွေကိုထုတ်ပြီး ကျွန်တော့်မာစတာခွေကို ထည့်သည်။ မနေ့က အပြီးသတ်သွင်းထားသောသီချင်းများကို ဖွင့်သည်။ ဟာမိုနီနေရာမှာ သံသာနဲ့အတူ ကျွန်တော့်မှာ ထပ်လိုက်ဆိုလိုက်သည်။ အသံသွင်းတဲ့ အင်ဂျင်နီယာကလည်း ကျွန်တော့်ကို Channel တစ်ခု၊ သံသာကို Channel တစ်ခုစီ သွင်းပေးလိုက်သည်။ ထိုအပုဒ်လေး ဆိုလိုက်သည်မှာ ဆယ်မိနစ်ပင် မပြည့်တတ်။ သံသာ၏ အဆိုနိုင်နင်းမှုကြောင့် ဖြစ်သည်။ ဆိုပြီးပြီးချင်းပင် မမက အသံဖမ်းအင်ဂျင်နီယာကို နှုတ်ဆက်ကာ ကျွန်တော့်ကို သွားရအောင် သဘောမျိုး မေးဆတ်ပြသည်။ ကျွန်တော်လည်း မဆိုင်းမတွ မမနောက်သို့ လိုက်ခဲ့သည်။

မမ ကားပေါ်မှာ လိုက်ပါရင်း ကျွန်တော့်ရင်ထဲ စိုးရိမ်ထိတ်လန့်မှုများစွာက တစ်ထပ်ပြီးတစ်ထပ် ပုံကျလာတော့သည်။ ကျွန်တော့်ဆရာအိမ်သို့ မပြန်မှန်းသိပေမဲ့ ဘယ်သွားမလို့လဲ မမဟုလည်း မမေးရဲ။ မမပြုသမျှ နုရတော့မည်အခြေအနေမျိုးပင် ရောက်နေသည်။ ကားမောင်းနေသော မမကို မသိမသာ ခိုးကြည့်တော့ မမဟန်က တည်ငြိမ်မှုအပြည့်။ မမ နှုတ်ခမ်းပါးတွေက ဘာကိုမျှတွေဝေဆုတ်ဆိုင်းနေပုံမရ။ ပြည့်စုံစွာထပ်ပြောနိုင်သည်က ကျွန်တော်စိုးရိမ်ထိတ်လန့်နေမှန်းသိလျက် မသိချင်ယောင်ဆောင်နေခြင်းဖြစ်သည်။

www.burmeseclassic.com



မမနဲ့ ကျွန်တော့်ကြားမှာ ခပ်ငြိမ့်ငြိမ့် စက်သံတစ်ခုသာ ကြီးစိုးနေတော့သည်။ တစ်ခါတစ်ရံ ကားကွေ့ခါနီးတိုင်း အချက်ပြရသော မီး၏ ချက် ချက် ချက် အသံလေးကို တိုးတိတ်စွာ ကြားရသည်။ ကျွန်တော်ကတော့ အသက်ပင် ပြင်းပြင်းမရှူရဲ။ ဝက်ပါလမ်းစထဲ ရောက်နေပြီဟု တွေးကြည့်ရင်း ဝက်ပါထဲမှာ လမ်းမမှားဖို့သာ သတိထားရတော့မည်ဟု ကိုယ့်ဘာသာ အားတင်း ဖြေသိမ့်မိသည်။ မမ ကားလေးက ရွှေတောင်ကြားထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ ခန့်ထည်သော သံတံခါးရှေ့တွင် ရပ်ရင်း ကားဟွန်း တစ်ချက်တီးလိုက်သည်။ ကားတံခါးပွင့်လာတော့ မမက အသာလေး မောင်းဝင်လိုက်သည်။ ချစ်စရာတစ်ထပ်တိုက်လေးကို မြင်မိတော့ မမက သိပ်ချမ်းသာပါလားလို့ တွေးမိရင်း ကျွန်တော် ဘာဆက်လုပ်ရမည်မှန်းကို မေ့လျော့နေတော့သည်။ မမက ဆင်းလေ ဆိုတော့ ကျွန်တော်လည်း အံ့ဩမှင်တက်စွာ ကားပေါ်မှဆင်းရင်း မမနောက်သို့ လိုက်သွားတော့သည်။

မမက အိမ်ကို တကယ့်ပထမတန်းစား ပြင်ဆင်ထားသည်။ ခေတ်အဆက်ဆက်က ပိုက်ဆံရှိပြီး အလုပ်မလုပ်တဲ့ မိန်းမတွေ အတိုင်း အိမ်လေးကို သားသားနားနား ပြင်ဆင်ထား၊ ဖဲဝိုင်း၊ ပိုကာဝိုင်းလေးကျင်းပ၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ အချိန်ကုန်၊ တချို့ကလည်း နီးစပ်ရာယောကျ်ားများနှင့် ရင်ခုန်သံများ ဖလှယ်လိုက်ကြ။ အောင်မြင်ကျော်ကြားသူများနောက် တကောက်ကောက် လိုက်သူက လိုက်၊ သူတို့ကိုယ်သူတို့ အထက်တန်းလွှာသို့ သတ်မှတ်ကြပြီး ဘဝင်တွေမြင့်နေကြ။ လုပ်ချင်ရာကို အရှက်အကြောက် မရှိ လုပ်ချင်သလို လုပ်နေကြတဲ့ ပိုက်ဆံရှိပြီး စာရိတ္တညံ့ဖျင်းသော ယောကျ်ား မိန်းမတို့ကို ကျွန်တော် ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲတွင် တွေ့ဖူးသည်။ အဲသလို လူတွေနှင့် တစ်ခါမျှမကြုံဖူးခဲ့ပေ။ မမပုံစံက

www.burmeseclassic.com



ကျွန်တော်နဲ့ ကျော်ဝင်းထင်ခဲ့သော အမျိုးအစားထဲမှာ ပါဝင်နေမှန်း သေချာသလောက်ဖြစ်နေသည်။ ကျွန်တော် ဘယ်လိုနောက်ဆုတ်ရမလဲ စဉ်းစားနေမိပေမဲ့ အဖြေက ထွက်မလာချေ။ ကျွန်တော်ကိုယ်တိုင် မမဧည့်ခန်း၏ နှစ်ယောက်ထိုင် ဆိုဖာခုံပေါ်တွင် ထိုင်မိလျက်သား ဖြစ်နေတော့သည်။

မမက ခဏနော်ဆိုပြီး ခေတ္တပျောက်သွားတော့ ကျွန်တော်တစ်ယောက်တည်း ဧည့်ခန်းမှာ ချိတ်ဆွဲထားသော တစ်ကားတည်းသော ပန်းချီကားချပ်ကို ကြည့်နေမိသည်။ အင်ဒရူးဝိုင်ယက်၏ ပန်းချီကားတစ်ချပ်ဖြစ်သည်။ အစိမ်းရောင်များများသုံးထားသော ပန်းချီကား။ ထိုပန်းချီကား၏ နာမည်ကို သိနေပေမဲ့ ခေါင်းထဲက ရုတ်တရက်မထွက်ခဲ့။ ထိုပန်းချီကားအောက်ခြေတွင်တော့ စာတန်းသေးသေးလေး ရေးထိုးထားချင်ထားလိမ့်မည်။ ကျွန်တော် အနီးကပ်သွားရောက်ကြည့်ရှုရန် မဝံ့ရဲခဲ့။ ကျွန်တော့်ရှေ့စားပွဲမှာ ထိုးစိုက်ထားသော ပန်းအိုး၊ ဧည့်ခန်းထောင့် နံရံတွင် ကပ်စိုက်ထားသော အစိမ်းရောင်သစ်ပင်တစ်မျိုး၊ ဆေးနံရံတစ်ခုလုံးကို အဝါရောင်ဇာခန်းဆီး ပိတ်ပိတ်ထူထူကြီးဖြင့် ဖုံးအုပ်ထားလို့၊ ပန်းပေါင်းရနံ့ပျံ့လွင့်နေသော အအေးဓာတ်တစ်ခု၊ အလုအယက် ညွှတ်ပျောင်းပြနေတဲ့ လက်ကလေးများလားလို့ ထင်ရတဲ့ မျက်နှာကြက်ပေါ်ကဖန်ထည်ပန်းဆိုင်းတစ်ခု၊ ကျွန်တော့်ခြေဖဝါးအစုံကို အနည်းငယ်နစ်ဝင်နေစေတဲ့ ကောဇော၊ အရာဝတ္ထုများသည် ပိုက်ဆံ၏မျက်နှာသာပေးမှုကြားတွင် ဖောင်းကြွ လှပလွန်းသည်။ မမသာ လုပ်ကြံဇာတ်တွေ မခင်းခဲ့ဘူးဆိုလျှင်. . .။

ကျွန်တော့် တောင်စဉ်ရေမရ အတွေးများ။ ဒါထက် ကျွန်တော်သဘောတူခွင့်ပြုချက်ကိုမတောင်းဘဲ ပိုင်ပိုင်နိုင်နိုင် ရှိလွန်းစွာခေါ်လာခဲ့တဲ့ မမရဲ့ ခြေလှမ်းများကတော့ ရိုင်းလွန်းလှသည်။ မမ ကျွန်တော့်

www.burmeseclassic.com



ကို ဘယ်လိုအသုံးချမလို့ပါလိမ့်။ ကျွန်တော်က မုဆိုးဖြစ်ချင်ပေမဲ့ စတင်တိုက်ခိုက်ရန်တော့ ဝန်လေးမိသည်။ ကျွန်တော့်ရဲ့ ညှို့ဖျင်းမှုကိုသာ အကြိမ်ကြိမ် ကျိန်ဆဲနေမိတော့သည်။

“နိုင်ရဲ မမနဲ့အတူ နံနက်စာ လာစားပါ”

တကယ်ဆို ကျွန်တော်စားပြီးပြီး မပြီးပြီး ပြီးပါပြီလို့ ငြင်းလိုက်ရောပေါ့။ ကျွန်တော်မငြင်းခဲ့။ ဧည့်ခန်းနှင့် ကြိမ်ပန်းပွင့် ခန်းဆီးလေးနောက်သို့ ကျွန်တော် လျှောက်သွားမိတော့သည်။ မမက ကျွန်တော်ထိုင်သောခုံနှင့် မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လိုက်သည်။ မမ ပြင်ဆင်ထားသော ကော်ဖီပန်းကန်လုံးလေးကို ကြည့်ရင်း မချိမဆံ့ မဲ့ရွဲ့ပစ်ချင်မိသည်။ ဒါပေမဲ့ အဲဒီစိတ်ကို အမြန်ဆုံး ထိန်းလိုက်သည်။ ကျွန်တော်က ကော်ဖီဆို ခပ်လတ်လတ်မတ်ခွက် တစ်လုံးဖြင့် သောက်နေကျဖြစ်သောကြောင့် ဖြစ်သည်။ ဧည့်သည် ဖြစ်နေတော့ နှစ်ခါ သုံးခါ ထပ်ထည့်ပြီး သောက်ရမှာလည်း ခပ်ရှက်ရှက်။ ကျွန်တော့်စိတ်များကို အစားအသောက်ဘက် အာရုံလှည့်ထားပေမဲ့ အာရုံကမရောက်။ ကျွန်တော်က မမရဲ့ ဝက်ပါလမ်းထဲသို့ အကွေ့အကောက်မရှိ ဝင်သွားခဲ့ပြီး ဖြစ်နေတာ့သည်။ မမကတော့ နံနက်စာကို အေးဆေးတည်ငြိမ်စွာ စားနေသည်။ တော်ပါသေးရဲ့ မမနဲ့အတူ မမညီမဝမ်းကွဲတစ်ယောက် ရှိနေလို့ဟု သက်ပြင်းခိုးရှိုက်မိသည်။ မမ ညီမဝမ်းကွဲက အတူဝင်မစားဘဲ ဘေးနားမှာ လိုအပ်တာများကို လာလုပ်ပေးနေသည်။

တကယ်တော့ ကျွန်တော် ဟုတ်တိပတ်တိ ဘာမျှမစားခဲ့။ ကျွန်တော့်ကို ပြန်ပို့ဖို့သာ စိတ်စောနေသည်။ ‘ကျွန်တော် စာကျက်နေတာဗျ၊ ကျွန်တော့်မှာ အချိန်ဆိုတာ ရှားပါးပစ္စည်းဗျ။ ခင်ဗျားတို့လို အချိန်မပေါဘူး။ ဘယ်နေရာမှာမှ ဖိမ်မခံနိုင်ဘူး’ ဟု အော်ကြီးဟစ်ကျယ် လုပ်ပစ်ချင်သည်။

www.burmeseclassic.com



"နိုင်ရဲရေ မင်းကို ပြစရာတွေရှိတယ်၊ အဲဒါတွေမြင်ရင်တော့ မင်း ရေလည်ကြွေသွားမှာ အမှန်ပဲ၊ လာ. . . လိုက်ကြည့်ပါလား"

"ခင်ဗျာ"

ကျွန်တော် ခင်ဗျာလို့သာ အော်နိုင်တော့သည်။ ထိုခင်ဗျာမှာ မမအပေါ် စိတ်ပျက်ခြင်း၊ ကျွန်တော့်ကိုယ်ကျွန်တော် အားမလို အားမရဖြစ်ခြင်းတို့ ရောထွေးနေကြောင်းသိသာလွန်းသည်။ နောက်ပြီး "ခင်ဗျားတော့ တဆိတ်လွန်လွန်းပြီဗျာ"ဟု ပြောလိုက်သလို အဓိပ္ပာယ်လည်း ပေါက်စေလိုခြင်း ဖြစ်သည်။

"မင်းက ဘာလဲ၊ ငါ့ကို ဘာများမှတ်နေသလဲ၊ မင်းတို့ရဲ့ အထင်သေးတဲ့အကြည့်နဲ့ အကြည့်ခံရမယ့် မိန်းမတွေထဲမှာ ငါမပါဘူးဆိုတာ မင်း တဖြည်းဖြည်း နောင်တရလိမ့်မယ်"

မမ စကားသံတွေက ဟုန်းခနဲ ထတောက်သည့်မီးပမာ။ မမမျက်ဝန်းများမှာ အလလ ဖုံးအုပ်ထားသည်များကို အပြီးသွန်ချတော့မည့် အရိပ်များ စိုးမိုးနေတော့သည်။

"ငါ့ကိုယ်ငါ လုပ်ကွက်တွေဆင်ပြီး မင်းကို ချဉ်းကပ်ရအောင် မင်းက ဘာကောင်မို့လို့လဲ၊ မင်းတို့ဟာက မင်းတို့ကိုယ် မင်းတို့ ဘဝင်မြင့်လွန်းပြီး မမ ဆိုတဲ့ မိန်းမတစ်ယောက် ရူပ်ရှင်လာရိုက်နေတယ်လို့များ ထင်နေသလား။ အဲသလိုထင်ထားခဲ့ရင် မင်းတို့ ပိုပြီး နောင်တရလိမ့်မပေါ့။ ငါက မင်းတို့လို ချာတိတ်တွေကို စီးပွားရေးအရပဲ စိတ်ဝင်စားတယ်ဆိုတာ မှတ်ထားပါ"

"လာ- ငါ့နောက်လိုက်ခဲ့"

ဟ ဂွတ်စိမ်းကြီးပါလား။ ခပ်မာမာလျှောက်သွားသော မမရဲ့ ကိုယ်နေဟန်ထားနောက်မှာတော့ ခပ်ပျော့ပျော့ ခန္ဓာကိုယ်တစ်ခုက တရွေ့ရွေ့ တိုးကပ်နေတော့သည်။ မမက အပေါ်ထပ်သို့ လှေကားမှ တစ်ဆင့် အနည်းငယ်လေးမျှ မပျော့ပျောင်းစွာ တက်သွားသည်။

www.burmeseclassic.com



မမက အခန်းတစ်ခန်းရှေ့တွင် ခြေစုံရပ်ပြီး တံခါးကို တွန်းဖွင့်လိုက်သည်။ အခန်းရဲ့တံခါးမှာ ချိတ်ဆွဲထားသော စာတန်း တစ်ခုက ကျွန်တော့်ကို အနည်းငယ်အံ့ဩစေသည်။

"သင့်နှလုံးသားကို အခန်းထဲသို့ တစ်ပါတည်းယူဆောင် သွားပါ။ ကျွန်ုပ်နှင့် သဘောထားချင်း တိုက်ဆိုင်လျှင် သင် ခံစားပါ၊ မေ့ပြီးတော့များ သင့်နှလုံးသားကို ဤအခန်းတွင် မထား ရစ်ခဲ့ပါနဲ့"

မမယောက်ျားက အနုပညာသားကောင်စစ်စစ်လား၊ အနုပညာ မုဆိုးလား၊ကျွန်တော် သေသေချာချာ မသိနိုင်သေးပေမဲ့ အနုပညာကို နှစ်နှစ်ကာကာ ဖက်တွယ်ထားတဲ့ လူတစ်ယောက် ဖြစ်မှန်းတော့ မှန်းကြည့်လို့ရနေသည်။ မမ ကျေနပ်ဂုဏ်ယူမှုတွေ ပေါ်လွင်နေသည်။ ဒီအခန်းလေးထဲက အနုပညာပစ္စည်းများအတွက် ဖြစ်နိုင်သည်။ ကျွန်တော်ကတော့ နားမလည်နိုင်စွာ အခန်းတံခါး ဖွင့်ဖွင့်ချင်း ကြိုဆိုနေသော စာခြောက်ရုပ်ကြီးကို မြင်ပြီး လန့်သွား မိသလို ရင်ထဲမှာလည်း တလှပ်လှပ် ခံစားလိုက်ရသည်။ စာခြောက်ရုပ်က သာမန်စာခြောက်ရုပ်ပဲဖြစ်သည်။ သို့သော် စာခြောက်ရုပ်မှာ တပ်ဆင် ထားသော ပစ္စည်းများက လျှပ်စစ်ဂစ်တာတစ်လုံး၊ ခါးပတ်မှာ ချိတ်ထားသော Card Board နှင့် ကင်မရာတစ်လုံးမှလွဲ၍ ဘာမျှမထူးခြား။ ထူးခြားတာတစ်ခုက တိုင်ရင်းတွင် ချိတ်ဆွဲထား သော Label ကတ်ပြားလေးတစ်ခုပင် ဖြစ်သည်။ ကျွန်ုပ်နာမည် မောင်လူငယ်ဖြစ်ပါသည်။ ထိုအရုပ်ကိုကြည့်ပြီး မောင်လူငယ်ကို နားလည်မိသည်။ မောင်လူငယ်သည် ကျွန်တော်လိုက်၍မမီနိုင်အောင် စိတ်လွတ်လပ်မှုတွေကို လုပ်ခွင့်ရခဲ့သော လူငယ်တစ်ဦးပင်ဖြစ်လိမ့် မည်။ မောင်လူငယ်၏ မျက်နှာအဖြစ်အသုံးပြုထားသော ကျပ်ခိုးတက် မြေအိုးမှ မျက်ဝန်းများမှာ ဝမ်းနည်းပူဆွေးမှုတွေ၊ နှုတ်ခမ်းမှာ

www.burmeseclassic.com



ဘာမာနမှုန်း ဝေခွဲမရတဲ့ မာနတွေ၊ မောင်လူငယ်ရဲ့ နှာတံလေး ကတော့ အလွန်ချစ်စဖွယ်ကောင်းနေသည်ဟု ကျွန်တော်ထင်မိသည်။

ကျွန်တော် မောင်လူငယ်ကို ဘယ်လောက်ကြာအောင် ဦးညွတ်နေမိသည်မသိ။ မမက ကျွန်တော့်အနားကိုပြန်ရောက်တော့မှ သတိရမိတော့သည်။ မောင်လူငယ်က ပန်းချီဝါသနာပါပုံရပေမဲ့ သူ့ရဲ့ ပန်းချီပြခန်း အခင်းအကျင်းလေးကတော့ အားရလောက်စရာ မရှိခဲ့ပါ။ မမက ထိုအခန်းလေးကို အနက်ရောင်နံရံများဖြင့် ကာရံထားသည်။ အနက်ရောင် အမှောင်ခန်းထဲမှာ ပန်းချီကားတစ်ခုစီကို ဆလိုက်မီးလုံး နှစ်ခု၊ တစ်ချို့သုံးခုဖြင့်သာ ဖော်ကျူးထားသည်။ ဝိုက်ရမည့်နေရာ ပိုဝိုက်သွားအောင်၊ နက်မှောင်နေရမည့်နေရာ ပိုနက်မှောင်နေအောင် စနစ်တကျ ထားသိုထားပုံကိုတော့ ကျွန်တော် တော်တော်လေး သဘောကျသွားသည်။ ကျွန်တော် ပန်းချီပြခန်း များစွာကို မရောက်ဖူးပေမဲ့ ဒီလိုပြပွဲတွေရှိကြောင်း စာထဲမှာသိနေရ၏။ သိပ်မအံ့သြမိပေမဲ့ စွဲစွဲလမ်းလမ်း နှစ်ခြိုက်မိသည်။ ပန်းချီကားတွေက ရိုးစင်းလွန်းသည်။ သိပ်မထူးခြားသော အကြောင်းအရာတွေပင် ဖြစ်သည်။ သို့သော် တင်ပြပုံထူးခြားနေခြင်းက ကျွန်တော့်ကို အရာ အားလုံးအား မေ့သွားအောင် ဆွဲဆောင်နိုင်သည်။

မမက ကျွန်တော့်လက်မောင်းကို ဆွဲကိုင်လိုက်မှ ပန်းချီကား ရှေ့မှ ထွက်ခွာသွားအောင် တပ်လှန့်သလို ဖြစ်သွားရသည်။ မမရဲ့ လက်ဖဝါးများ နူးညံ့သိမ်မွေ့လွန်းတာလည်း ကျွန်တော်မသိ။ မသိလိုက်ဘာသာ ထိခတ်သွားသော ရင်ငွေ့နွေးနွေးလေးကိုလည်း ကျွန်တော်မခံစားမိ။ မီးချောင်းအဝိုင်းလေးအောက်က ဂျပန်ဝါးပင် ပန်းအိုးလေးကို ကျွန်တော် တွေဝေစွာကြည့်နေမိသည်။ ဝါးချောင်း လေးများ စက္ကူအလှများဖြင့် သပ်ရပ်လှပစွာလုပ်ထားသော ဝါးရွက် လေးတွေက စိမ်းလိုက်၊ ဝါလိုက်၊ ငွေရောင်တွေတောက်နေလိုက်၊

www.burmeseclassic.com



အဖြူရောင်၊ အနီရောင်၊ အပြာရောင်၊ ရွှေရောင်၊ လိမ္မော်ရောင်။ ပန်းအိုးလေးကို ကြေးနန်းပြုလုပ်ထားပေမဲ့ ပန်းအိုးအပြင်မှာ အမြစ်တွေ ဖိတ်လျှံကျနေပုံလေးက အမြင်ထူးစေသည်။ အောက်ခြေက မြန်မာ ဘာသာ စာတန်းလေးကို ဖတ်မိ၍ ကျွန်တော်ကိုယ်တိုင် စိတ်တက်ကြွ သွားရသည်။ "လူငယ်"တဲ့လေ။

ကျွန်တော့်လက်ဖဝါးများကို ဆုပ်ကိုင်လာသော မမ လက် ချောင်းများကို ကျွန်တော် မရုန်းကန်မိ။ ကျွန်တော့်လက်ဖျားများ နွေးထွေးမနေပေမဲ့ အေးစက်၍မနေပါ။ ကျွန်တော့်လက်ချောင်းများ အလိုက်သင့် ပျော့ပျောင်းနေသည်မှာ အနက်ရောင်အခန်းကြောင့် လား၊ သို့မဟုတ် အဏုမြူ ဆလိုက်မီးတောက်တောက်တွေကြောင့် လား၊ သို့မဟုတ် မောင်လူငယ် ဖန်တီးထားသော အနုပညာပစ္စည်း များကြောင့်လား. . . သေချာစွာမသိခဲ့ပါ။

ကျွန်တော့်ကို မမက ပွေ့ဖက်ထားသယောင် ရှိပေမယ့် တကယ်လည်း မပွေ့ဖက်ခဲ့။ ဒါပေမဲ့ မမရင်ခွင်ထဲမှာ ကျွန်တော် ရောက်နေသည်ကတော့အမှန်။ ထိုပန်းချီကားလေးက အဏုမြူ မီးရောင်အောက်မှာ သိပ်မလင်းလက်။ ဒါပေမဲ့ မမက ညင်ညင်သာသာ ဆွဲဖက်ပြီး ထိုင်ခိုင်းလိုက်တော့ ကျွန်တော့်ခန္ဓာကိုယ် ပိန်ကပ်ကပ်က ဆိုဖာခုံထဲသို့ နစ်မြုပ်သွားတော့သည်။ တကယ်လည်း မမရင်ခွင်ထဲ နစ်မြုပ်သွားတော့သည်။ ကျွန်တော်က မျက်ဝန်းတွေကို မှိတ်မထား။ အာရုံတစ်ခုခု နိုးကြားနေသေးသည်။ ကျွန်တော့်အတွေးထဲ ရီဝေဝေ ရှိပေမဲ့ အရာရာကိုလည်း ကျွန်တော်သိနေသည်။ မမ ရင်ခွင်ထဲကနေ ရုန်းကန်မထွက်ခဲ့။ အလိုက်သင့် ငြိမ်နေလိုက်မိသည်။ ကျွန်တော့် ခေါင်းဖျား တစ်ချက်စောင်းသွားတဲ့အခါ ကျွန်တော့်မျက်ဝန်းများ ပြာဝေသွားတော့သည်။

www.burmeseclassic.com



မမပုံ။ မမ. . . မမမှ မမအစစ်။ အရင်က ဘာဖြစ်လို့ မမြင်ခဲ့မိပါလိမ့်။ ထိုပုံကို မှန်ဘောင်သွင်း မထားပါ။ ထိုပုံကို ခဲဖျားဖြင့် ခက်ခက်ခဲခဲ ရေးဆွဲထားပုံရသည်။ ခဲဖျားတွေက ဂုတ်သားရှင်းရှင်းလေးကို ဝင်းဝင်းလက်လက် ပြထားသည်။ မမ တင်းတင်းကျပ်ကျပ် ဖက်ထားသည်ကို မရုန်းမိ။ မမကို ကျွန်တော် . . . ကျွန်တော် ရုတ်တရက် ထိုင်ချလိုက်သော ကျွန်တော့်ကို မမက တီတစ်ကောင်၏ မာယာအလား . . . .။ ကျွန်တော့်ကိုယ် ကျွန်တော် မယုံကြည်နိုင်။ ပန်းချီကားလား. . . တကယ့်မမ အစစ်လား. . .။ မမအစစ် . . . မမ အစစ်။

မဟုတ်ဘူး . . . မဟုတ်ဘူး. . .။ ကျွန်တော် ဝုန်းခနဲ ထရပ်မိသည်။ မှောင်မည်းသောအခန်းထဲမှ ပစ္စည်းများစွာကို တိုက်မိပြီး ပြေးထွက်ခဲ့သည်။ မဟုတ်ဘူး. . မဟုတ်ဘူး. . . ကျွန်တော့်ခြေထောက်များ ပြေးလွှားနေမိသည်။ ကျွန်တော် ဘယ်လိုကနေ ဘယ်လို

www.burmeseclassic.com



ဆရာ့အိမ် ပြန်ရောက်သွားမှန်း မသိတော့။ ကျွန်တော်ကိုယ်တိုင် မယုံကြည်နိုင်တဲ့ အတွေ့ကြီးပါလား။ ပန်းချီကားရဲ့ နာမည်လေးကို အခုမှ သေချာမြင်မိသည်။ "အချစ်ရှုံးသို့"တဲ့လေ။

ထိုနေ့က ဆရာ့အိမ်မှ ချက်ချင်း ကျွန်တော့်အဆောင်သို့ ပြန်လာခဲ့သည်။ အဆောင်မှာ ကျော်ဝင်း ပြန်ရောက်နေသည်။ ကျော်ဝင်းက ကျွန်တော့်စီးရီး အခြေအနေတွေ မေးနေသည်။ ကျွန်တော် စိတ်မပါ လက်မပါ ပြန်ဖြေနေမိသည်။ ကျွန်တော့် ဝုန်းခနဲ ဒရောသောပါး ပြေးဆင်းလာတာ မှားပြီလားလို့ ကိုယ့်ဟာကိုယ် အပြစ်တင်မိသည်။ ဖုန်းဆက်ပြီး ပြန်သွားရကောင်းမကောင်း စဉ်းစားနေမိသည်။ ပြန်သွားရင် ကျော်ဝင်းကို ဘယ်လိုပတ်ပြီး သွားမလည်း၊ သွားပါပြီတဲ့ မမက ပါးရိုက်လွှတ်လိုက်ရင် ဒုက္ခ။ ကျွန်တော် မမကို အရှက်ခွဲပေါင်းများနေပြီ။ ဘာလုပ်ရမလဲ။ ထိုင်နေလို့လည်းမရ။ အပေါင်းအသင်းတွေနဲ့ စကားပြောကြည့်လို့လည်းမရ။ ဂစ်တာထိုင်တီးနေပေမဲ့ လက်တွေက မလှုပ်ရှားချင်၊ စိတ်က မမ ထံမှာသာ မမ မမ . . . ဟုသာနှလုံးသားတွေ ကွဲအက်သွားသည်အထိ အော်ဟစ်ပစ်လိုက်ချင်တော့သည်။

ကျွန်တော့်ကို ကျော်ဝင်း အကဲခတ်နေမှန်း သိသာလွန်းသည်။ ကျွန်တော့်မှာ လွတ်လွတ်လပ်လပ် ပေါက်ကွဲခွင့်မရ။ ဘယ်သူ သိသိကွာ. . . ဘယ်သူ ဘာပြောပြောကွာ . . . ကျွန်တော့်စိတ်ကို တစ်နာရီခန့် အားတင်းယူပြီး တယ်လီဖုန်းရှိရာသို့ ခိုးကြောင်ခိုးဝှက် သွားမိတော့သည်။

မမ. . .

ကျွန်တော့်အသံတွေ တုန်ရီနေမှန်း ကျွန်တော်ကိုယ်တိုင် သိသည်။ ကျွန်တော့်ရင်ထဲ ဝမ်းနည်းသလို ဝမ်းသာသလို မွန်းကျပ်ကျပ် တစ်ဆို့ဆို့ကြီး ခံစားနေမိသည်။

www.burmeseclassic.com



မမ . . . . မမ

ကျွန်တော့်အသံကို မမက အကဲခတ်နေတာလားဗျာ။ ငိုသံရောစွက်နေသော ကျွန်တော့်အသံကို မမ နားလည်ပါ့မလား။ ကျွန်တော် ဘာထပ်ပြောရမှန်းလည်း မသိတော့။ "အခု မမဆီလာချင်တယ်၊ မမရဲ့ ပန်းချီကားတွေကို ဆက်ကြည့်မယ်၊ ကျွန်တော် အခု အခု ထွက်လာပြီ"ဟု ပြောပစ်ချင်သည်။ "မမက ငြင်းမှာလား၊ ကျွန်တော့်အပြုအမူတွေ ရိုင်းသွားတာကို ဗွေယူနေသလား. . . မမ ကျွန်တော့်ကို နားလည်ရဲ့လား. . . ကျွန်တော် . . . ကျွန်တော်ဟာ. . လူပျိုစစ်စစ်ပါ မမရယ်. . . "ကျွန်တော် ပြောချင်တဲ့စကားများက လည်ချောင်းဝမှ တစ်ဆို့ပြီး ဝရုန်းသုန်းကား ပြန်ပြေးဆင်းသွားတော့သည်။ "ကျွန်တော်လေ. . ကျွန်တော်ဘာပြောရမှန်းမသိအောင် မိုက်မဲလွန်းပါတယ်"

ကျွန်တော့်ဘက်က တိတ်ဆိတ်လွန်းနေသည်ကို မမက ခပ်ဖွဖွရယ်သံဖြင့် တုံ့ပြန်လိုက်သည်။

"မနက်ဖြန် မနက် ၁၀ နာရီ မင်းလာခဲ့၊ ဒါပဲနော်"

မမက ကျွန်တော့်အား ဘာစောဒကမှ တက်ခွင့်မပေးတော့ဘဲ ဖုန်းချလိုက်သည်။ မနက်ဖြန်လာ ဆိုတာ မမ ကျွန်တော့်အပေါ် ဗွေမယူဘူးနော်. . မမက . . . မမက . . ကျွန်တော့်ကို နားလည်သလား၊ ကျွန်တော့်ရင်ထဲ ရုတ်တရက် ပျော်သွားပေမဲ့ အခုချက်ချင်း မမက အတွေ့မခံတော့သည်ကို တွေးမိပြီး ကျွန်တော် ဝမ်းနည်းရပြန်သည်။

ကျွန်တော် မနက်ဖြန်ထိ မစောင့်ချင်ပါ။ မနက်ဖြန် ပြည့်ဖို့ ၂၄ နာရီလိုသေးသည်။ မဖြစ် မဖြစ် . . . ။ မမ အနားမှာ ကျွန်တော် နေချင်သည်။ မမ ပေးတာတွေကို ယူချင်သည်။ မမရယ် . . . . မမရယ်. . . ကျွန်တော့်ရင်ထဲမှာ မချိတင်ကဲ ခံစားနေမိသည်။

www.burmeseclassic.com



'ငါ တော်တော်မိုက်ပါလား'ဆိုတဲ့အတွေးက ကျွန်တော့်ကို အခွင့်အရေးများစွာနှင့် လှဲ့ဖယ်ခံလိုက်သလို ခံစားရတော့သည်။

ကျွန်တော်သွားမည်။ မမ အနားကို ကျွန်တော်သွားမည်။ မမ အနားမှာ နေချင်သည်။ အခုမှ မမကို စတွေ့ကတည်းက မြတ်နိုးစွာချစ်မိကြောင်းအခုမှသိရသည်။ ကျော်ဝင်းက ကျွန်တော့်ကို အကဲခတ်နေသည်။ ကျော်ဝင်းကိုလည်း ဂရုမစိုက်ချင်တော့။ ကျွန်တော်သွားမည်။ ရောက်အောင်သွားမည်။ မမ နှင်လွှတ်ရင်လည်း ပြန်လာခဲ့ရုံပဲ။ ကျွန်တော် ဒီအတိုင်း ဟာဟာတာတာကြီးတော့ ထိုင်မနေချင်။

ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး တုန်ရီ နွမ်းနယ်နေသည်။ ကျွန်တော့်အတွေးစများလည်း ပူလောင်နေသည်။ ကျွန်တော် ဒီအတိုင်း ထိုင်မနေချင်။ ကျွန်တော့်မှာ အလုပ်များစွာ လုပ်ရန်ရှိသေးသည်။ ကျောင်းက နောက်အပတ်ထဲတွင် ပြန်ဖွင့်မည်။ ကျောင်းဖွင့်ဖွင့်ချင်း စာမေးပွဲ ဖြေရဦးမည်။ အခုချိန်မှာ ကျော်ဝင်းနှင့်အတူ ဆရာ့အိမ်တွင် စာသွားကျက်ရန်ရှိသည်။ နေ့လယ် တစ်နာရီမှာလည်း ကျွန်တော့် အခွေ Mix Down လုပ်ရန်ရှိသည်။ ထိုအလုပ်က အသံဖမ်းအင်ဂျင်နီယာ၏အလုပ်ဖြစ်ပေမဲ့ ဆရာစိုင်းနှင့်သွားမည်ဟု ချိန်းထားပြီးဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အခုလို အရမ်းလစ်ဟာနေသော အချိန်မှာ မမကို ခဏဖြစ်ဖြစ် တွေ့ချင်မိသည်။

"ကျော်ဝင်း ငါ အပြင်ခဏသွားလိုက်ဦးမယ်၊ မင်း ဒီကပဲ စောင့်နေ"

ကျွန်တော် အင်္ကျီနှင့် လုံချည်ပင် မလဲနိုင်ဘဲ ထွက်လာခဲ့သည်။ ကျော်ဝင်း လိုက်လာမည်ကိုစိုးသောကြောင့် စကားကို ပိတ်ပြောခဲ့ရသေးသည်။ ကျွန်တော် မမအိမ်သို့သွားမှန်း ကျော်ဝင်းသာသိသွားလျှင်. . .။ ကျွန်တော် ဘာကိုမှဂရုမစိုက်ချင်တော့ပါ။ ကက ကား နောက်ခန်းမှာထိုင်ရင်း မျက်လုံးထဲသို့ အတင်းဝင်ရောက် စူးရှစေ

www.burmeseclassic.com



သော နေရောင်များကို ကျိန်ဆဲလိုက်သည်။ နှုတ်ခမ်းမွေးကားကား ဖြင့် ကားမောင်းနေသော ဒရိုင်ဘာအား နှေးလှချည်ဟု အပြစ်တင် ချင်နေမိသည်။ ကျွန်တော် အရာရာကို မကျေနပ်၍မဖြစ်။ အချိန်တန် တော့ မမဆီရောက်သွားမှာပေါ့။ ကျွန်တော် ခြေပစ်လက်ပစ် စိတ်လျှော့ချထားလိုက်တော့ ပူလောင်နေမှုပမာဏ အနည်းငယ် လျော့နည်းသွားသလို ခံစားမိသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် လုပ်ချင်တာကို လုပ်ခဲ့မိသည်။ မမသည် ကျွန်တော့်အနာဂတ်ကို စိုးမိုးလွှမ်းနေသည်။ "သိပ်ချစ်တယ် မမရယ်" မမ ကျွန်တော့်ကို နားလည်ခွင့်လွှတ်နိုင်မှာပါ. . . ကျွန်တော်. . ကျွန်တော် . . ကျွန်တော့် နှုတ်ခမ်းများ ပြုံးယောင်သန်းသွားသည်။ ကျွန်တော့်ကို နောက်ကြည့် မှန်ဖြင့် အကဲခတ်နေသော တက္ကစီဒရိုင်ဘာ၏ ခပ်စိမ်းစိမ်း မျက်လုံး များကို မြင်မိပြီး အနည်းငယ် ကိုယ်ကိုမတ်မိသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ပျော်နေသည်။ နောက် ဒီလိုအမှားမျိုး မဖြစ်စေရပါဘူး မမရယ်လို့ ကျွန်တော် တစ်ယောက်တည်း ပြောရင်း ကျေနပ်နေ မိသည်။

* * *

www.burmeseclassic.com



# တောင်ပံကျိုးသော နံ့နက်ခင်း

မမအိမ်ကြီးက ကျွန်တော့်ကို အေးစက်စက် ကြိုဆိုနေသည်။ ကားပေါ်မှဆင်းပြီး အိမ်ကြီးဆီသို့ ခြေမလှမ်းခင်မှာပင် အိမ်ကြီးကို သေသေချာချာကြည့်နေမိသည်။ မမနှင့်လိုက်လာတုန်းက အိမ်ကြီးမှာ အရှိန်အဝါမရှိ။ အိမ်အပေါ် စိုးရွံ့ထိတ်လန့်မှု တစ်စုံတစ်ရာမျှ မရှိ။ အိမ်ကြီးနှင့်ပတ်သက်၍ ခံစားချက်မရှိ။

အခုတော့ အိမ်ကြီးရဲ့ အနှစ်များ၊ နှလုံးသွေးများကို ကျွန်တော် ကိုယ်တိုင် ခံစားထိတွေ့ခွင့်ရခဲ့ပြီ။ အိမ်ကြီးရဲ့ ခံ့ထည်မှုနှင့် လိုက်ဖက်ပါပေရဲ့ဟုတွေးမိသည်။ နောက်ပြီး ဘယ်လို အပြုံးတုမျိုးဖြင့် စုပ်ယူဝါးမျိုဦးမလဲ မသိနိုင်။ အိမ်ကြီးမှာ မမရှိနေသည်။ မမမှာ အတတ်ပညာရှိနေသည်။ အိမ်ကြီးက ခံ့ထည်သည်။ မမက ကျွန်တော့်ကို ချော့မြူနိုင်သည်။ အိမ်ကြီးက တိတ်တဆိတ် မျိုသိပ်နေနိုင်သည်။ မမအလှမှာ ကျွန်တော် ယစ်မူးချင်သည်။

အိမ်ကြီးမှာ လုံးဝနွေးထွေးမှုမရှိ။ ခပ်ဟဟ ပွင့်နေသော ခြံဝင်းတံခါး၊ အေးစက်မာကျောနေသော ကွန်ကရစ်လမ်း၊ ခပ်စိမ်းစိမ်း

www.burmeseclassic.com



သစ်ပင်နွယ်ပင်များ။ ဆူးတောင်များဖြင့် မာန်ဝင့်နေသော ပန်းပွင့်များ။ အနည်းငယ်သာ ပျော့ပျောင်းဟန်ရှိသာ ကျွန်းသစ်သားတံခါး၏ ကနုတ်ပန်းနွယ်များ။ နက်မှောင်အေးစက်သော အပေါ်ထပ်လှေကား တစ်စုံ။ အခန်းဝတွင် ဆီးကြိုနေသော မောင်လူငယ်ကို ကျွန်တော် မမြင်ချင်ယောင်ဆောင်ပြီး ပန်းချီအမှောင်ခန်းထဲသို့ အလျင်စလို ဝင်လိုက်မိသည်။ 'မမ စောင့်နေတာ ကြာပေါ့နော်'ဆိုတဲ့ ကျွန်တော့် အတွေးကတော့ ရိုးသားလွန်းနေသည်။

တကယ်တော့ အမှောင်နံရံများဖြင့် ဖန်တီးပြုလုပ်ထားသည့် အမှောင်ခန်းလေးမှာ အလင်းရောင် တစ်စက်မှ စွန်းထင်းမနေ။ မီးခလုတ်တွေ ဘယ်သွားရှိမှန်းလည်း ကျွန်တော်မသိ။ ကျွန်တော်က မမ. . . မမ. . . ဟု ခပ်အောက်အောက်ညစ်သံဖြင့်ခေါ်နေမိသည်။ အခန်း၏ တိတ်ဆိတ်မှု၊ နံရံများ၏ ပိတ်လှောင်မှုများထဲမှာ အက်ကိုး ပဲ့တင်သံလေးပင် သဲ့သဲ့မျှကြားလောက်သည်။ တကယ်တော့ နံရံ ပျော့များမှာ ပဲ့တင်သံရှိမနေနိုင်။ ကျွန်တော့်လက်များက မျက်စိ မမြင်သူပမာ ဟိုစမ်းဒီစမ်း။ကျွန်တော်တွေ့ထိခွင့်ရသောအရာများက အေးစက်စက်ချည်း ဖြစ်နေသည်။

ကျွန်တော့်လက်များ ဟိုစမ်း ဒီစမ်းလုပ်နေရာမှ ခပ်ကြမ်း ကြမ်း ပန်းချီဆေးခဲများကို သွားစမ်းမိသည်။ ကျွန်တော့်ရင်ထဲမှာ မမရဲ့ပူလောင်မှု ပမာဏက တစ်ရှိန်ထိုး မြင့်နေပေမဲ့ ပန်းချီကား၏ ဆေးခဲလေးများ ပဲ့သွားမှာကိုတော့ စိုးရိမ်မိပြန်သေးသည်။

"မမ. . . မမ. . ဒီမှာရှိလား၊ မမ. . . ဒီမှာရှိလား"

ကျွန်တော့်အသံမှာ ခပ်မွမွအက်ကွဲသံ ဖြစ်လာသည်။ ထိုအသံ ထဲမှာ မမကို အလိုရှိမှု၊ တစ်စုံတစ်ရာကို တောင်းခံလိုမှုများ ရောယှက်နေသည်။

www.burmeseclassic.com



ကျွန်တော့် ခြေထောက်က ခုံစွန်းတစ်ခုခုဖြင့် တိုက်မိပြီး ခွေယိုင်သွားသည်။ လက်အစုံက အလျင်အမြန် ရှေ့ကိုထောက်မိတော့ ဆိုဖာခုံ။ ဒီခုံမှာ မမက ကျွန်တော့်ကို ပွေ့ဖက်ဖူးသည်။ ဒီခုံရှေ့မှာ မမရဲ့ပုံရှိသည်။ တီကောင်ကဲ့သို့ ချစ်စဖွယ် လွန့်လူးတတ်သော မမကို နမ်းမိမလိုဖြစ်ခဲ့သေးသည်။ ကျွန်တော့်လက်များနှင့် ခြေထောက်များက ငတ်မွတ်စွာ ပွတ်တိုက်ရုန်းကန်သွားသည်။ နှစ်ယောက်ထိုင် ဆိုဖာထိုင်ခုံတစ်လျှောက် ကျွန်တော် ရွေ့လျားသွားနေသည်။ မမ. . . မရှိ။ ရုတ်တရက် ကြမ်းရှခဲ့သော ကျွန်တော့်လက်ချောင်းများက မောဟိုက်နေပေမဲ့ ရုန်းကန်နေဆဲ။ "မမ. . . မမ. . ကျွန်တော်လာပြီလေ မမရဲ့၊ မမ မမ. . . " ရုတ်တရက် ပေါက်ကွဲထွက်လာသော ကျွန်တော့်အသံများမှာ ဆာလောင်မှုတွေ၊ ဆာလောင်မှုတွေ. .။ မှောင်မည်းမည်း အခန်းထဲမှာ အေးစက်မာကြောသော အရာများစွာကိုသာ ထိတွေ့နေမိတော့သည်။

ကြမ်းပြင်မှာ ပုံကျနေသော ခပ်ပျော့ပျော့ ပိုးစတစ်ထည်ကို စမ်းမိသည်။ ဒါ. . မမရဲ့ အင်္ကျီလား၊ လုံခြည်လား၊ စကတ်လား၊ ပိုးစကို လက်နှစ်ဖက်ဖြင့် စမ်းသပ် ကိုင်ကြည့်မိသည်။ နောက်တောက် ပြင်းပြင်းတစ်ချက် ခေါက်မိသည်။ ထိုပိုးစသည် ပန်းချီကားတစ်ခုကို ဖုံးအုပ်ထားသော အဝတ်စသာဖြစ်လိမ့်မည်။ ထိုပိုးစကို အသာချပြီး ကြမ်းပြင်ကိုစမ်းကာ ရှေ့တိုးသွားနေမိသည်။ ဟော. . ခပ်ချောချော ကျောက်သားထုတစ်ခု။ အေးစက်လွန်းသဖြင့် ကျောက်သားထုဟု ကျွန်တော် ထင်မိခြင်းဖြစ်သည်။ ထိုအရာကို စမ်းသပ်ရင်း ခြေခုံ. . ခြေသလုံး. . . ပေါင်တံ. . . အလို အလို. . . ဒါ မောင်လူငယ်၏ မမပုံလား. . . ကျွန်တော့်ခြေထောက်များ ကွေးညွတ်နေရာမှ ဆန့်တန်းလာမိသည်။ ဒါ မမပုံ။ ရေသူမဒီဇိုင်း မမပုံပင် ဖြစ်ရမည်။ ကျွန်တော့်လက်ဖဝါး ကြမ်းကြမ်းများဖြင့်

www.burmeseclassic.com



ကျောက်သားထုကြီးကို သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်နေမိသည်။ ကျွန်တော့်အရုပ်နှင့် ညီတူရှိနေသော ကျောက်သားထုကြီးကို ထွေးပွေ့ထားမိသည်။ ဆံစများ၊ မျက်ခုံးများ၊ မျက်လုံးများ၊ နှာတံ နှုတ်ခမ်းနားရွက်. . မမ၏ အစိတ်အပိုင်းများကို တစ်ခုချင်း ကိုင်တွယ်ရင်း ကျွန်တော် ငြိမ်သက်စွာ ရပ်နေမိသည်။ မမထံမှ ရနေကျ ရေမွှေးနံ့တစ်ခုကလည်း ထိုအရုပ်ကြီးမှာ စွဲထင်နေသည်။ ကျွန်တော် ထိုအရုပ်ကြီးကို မြင်တွေ့လိုစိတ်မရှိပါ။ ကျွန်တော့်နားထဲသို့ ချိုအေးအေးတေးသွားတစ်ခုက စိမ့်ဝင်လာပြီး ထိုအရုပ်ကြီးနှင့် ကျွန်တော်အလိုက်သင့် ကနေမိတော့သည်။ ဘယ်လောက်ကြာသွားမှန်းကျွန်တော် မသိတော့။ ကျွန်တော် မောဟိုက်စွာပင် ထိုအရုပ်ကြီး၏ခြေရင်းတွင် အိပ်ပျော်နေမိတော့သည်။

ကျွန်တော် သတိရလာတော့ အခန်းက မှောင်နေဆဲ။ ရုတ်တရက် ထရပ်လိုက်တော့ ခါးဝတ်ပုဆိုးက ကျွတ်ကျသွားသည်။ ပုဆိုးကို ပြန်ကောက်ပြီး တင်းတင်းရင်းရင်း ဝတ်မိသည်။ ကျွန်တော် အဆောင်သို့ပြန်မည်။ ကျွန်တော့်မှာ စာမေးပွဲကိစ္စတွေ ရှိသေးသည်။ မမက ကျွန်တော့် Mix Down ကိစ္စအတွက် စတူဒီယိုကို ရောက်ရောပေါ့။ ကျွန်တော် စတူဒီယိုကို လိုက်မသွားချင်တော့။ မမကိုလည်း မတွေ့လိုတော့။

ကျွန်တော် အိမ်ကြီးမှ ခပ်တည်တည်ပင် ပြန်ထွက်လာခဲ့သည်။ အိမ်ကြီးထံမှ ကျွန်တော်လိုချင်သည်များကို ရသွားပုံမျိုး၊ အိမ်ကြီး၏ လျှို့ဝှက်ချက် အကွခရာစဉ်အချို့ကို ဖော်ထုတ်လိုက်ရသလိုမျိုး၊ အိမ်ကြီးမှ ဖုံးအုပ်ထားသော ခံစားမှုအလုံးစုံနှင့် အလဲအလှယ်ရခဲ့သလိုမျိုး. . ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေနပ်ခဲ့သည်။ ကျွန်တော့်ထံမှာ သွေးဆာမှု တစ်စုံတစ်ရာမျှ မရှိတော့၍ ကျေနပ်ခဲ့သည်။

* * *

www.burmeseclassic.com



အဆောင်ကိုပြန်ရောက်တော့ နေ့လယ် ၃ နာရီထိုးနေပေသည်။ ကျော်ဝင်းမှာ အိမ်မှ ပြန်ရောက်ရောက်ချင်း မနားအားသေး။ ဆေးကျောင်းသားပီသလွန်းသည်ဟု ပြောရမလိုပင်။ စာကျက်နေ၏။ ကျွန်တော်ကတော့ အပြစ်တစ်စုံတစ်ရာ မလုပ်ခဲ့သလိုမျိုး ကျော်ဝင်း ဖတ်နေသော စာအုပ်ကြီးကို ယူကြည့်လိုက်သည်။ ကျော်ဝင်းက ကျွန်တော့်ကို ထူးဆန်းသတ္တဝါကို ကြည့်နေသလိုမျိုး ကြည့်နေသည်။ သူ့အကြည့်အောက်မှာ ကျွန်တော် မွေးညင်းနုလေးပင် ရှက်နေခဲ့သည်။ ကျော်ဝင်း အာရုံပြောင်းရန် စကားတစ်ခွန်းခွန်း ပြောလိုက်ဖို့ ကြိုးစားပေမဲ့ ဘာစကားမှ ထွက်မလာခဲ့။

"ငါပြန်သွားတဲ့ ငါးရက်အတွင်း ဘာတွေထူးခြားသလဲ"

ကျော်ဝင်း မေးခွန်းကတော့ သမားရိုးကျ ဆန်လွန်းသည်။ ကျွန်တော်နဲ့ ကျော်ဝင်းကြား ပထမဦးဆုံး ပဋိသန္ဓာရ စကားအဖြစ် ဖန်တီးပြောလိုက်မှန်းသိသာလွန်းသည်။ ကျော်ဝင်းကလည်း ကျွန်တော့်ထံမှ ယေဘုယျအဖြေထက် မပိုသော အဖြေတစ်ခုခုသာ ရမည်ဖြစ်ကြောင်း ကြိုသိနေပုံရသည်။ ကျွန်တော် သူ့ကို ထိန်းချန်ထားရမည့် အချက်များ ရှိနေမည်ကိုလည်း သိထားပုံရသောကြောင့် တမင်မေးခြင်းဖြစ်သည်။ ဒီအချိန် တစ်စုံတစ်ယောက်ယောက်၏

www.burmeseclassic.com



ဝေဖန်မှုကို မလိုလားခဲ့။ ပြောင်းပြန်စီးဆင်းလိုက်သော ကျွန်တော့် စိတ်အစဉ်ကိုလည်း ဘယ်အတိုင်းအတာအထိ အစိုးရနိုင်မည်လည်း မသိတော့။ ကျွန်တော်ကိုယ်တိုင်လည်း မနက်ဖြန်ဆိုတာ မရေရာသော ခြေလှမ်းတစ်ခုအဖြစ် ခံယူထားမိလိုက်သည်။ ယစ်မူးနိုင်သမျှ ယစ်မူး ပစ်လိုက်ချင်သည်ဟု စိတ်ထဲတွင် လတ်တလော ခံယူမိသည်။

“စာတွေရော ကျက်ဖြစ်လား”

ကျော်ဝင်း အသံမှာ ကျွန်တော့်အပေါ် မကျေမနပ်ဖြစ်မှုတွေ ရောစွက်နေသည်။ မေးချင်သော မေးခွန်းတခြား၊ မေးလိုက်ရသည့် မေးခွန်းက တခြားစီ ဖြစ်နေ၏။ အသံမှာ အောက်နံ့တွေ ပါဝင်နေ သည်ဟု ထင်မိသည်။

“ကျက်တော့ ကျက်ဖြစ်ပါတယ်။ စတူဒီယိုကိစ္စနဲ့ဆိုတော့ ထင်သလောက်တော့ မပေါက်ဘူးပေါ့”

“မင်းရော”

ကျွန်တော်တို့ ‘လုပ်’ ပြောနေကြရသည်ကို ပင်ပန်းလွန်း လှပြီ။ အရာရာကို ကျော်ဝင်းနှင့် တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေး လုပ်ခဲ့သမျှ အခုတော့ လျှို့ဝှက်ထားရသည်ကို စိတ်ကမလုံခြုံ။ ရှေ့ဖုံးနောက်ပေါ်ကြီး ဖြစ်နေသည်ဟုပင် ထင်မိသည်။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်တစ်နေ့စာအတွက် အခုညတော့ ခက်ခက်ခဲခဲ ကျော်ဖြတ် ရဦးမည်ဟု စိတ်ထဲဆုံးဖြတ်လိုက်သည်။ လွန်ခဲ့သော သုံးနာရီလောက် တုန်းကလောက် ကျွန်တော့်စိတ်တွေ တွေဝေမနေတော့။ ကျွန်တော် လန်းလန်းဆန်းဆန်း ဖြစ်နေပုံကို ကြည့်ပြီး ကျော်ဝင်းက သက်ပြင်း ခိုးရှိုက်သည်။

“ဟေ့ကောင်. . . နိုင်ရဲ ငါတို့ ဆရာဆီမှာ စာသွားကျက်မယ်၊ အဆောင်မှာ အရမ်းဆူတယ်ကွာ၊ အခုလောလောဆယ် မင်းရဲ့ အခွေကြမ်းလေး ပေးနားထောင်ပါဦး”

www.burmeseclassic.com



မဆိုင်းမတွပင် ထိုင်ကာ ခွေကြမ်းကို ကက်ဆက်ထဲသို့ ထည့်လိုက်သည်။ ကျွန်တော့်သီချင်း အမျိုးအစား အများစု ချိုချို အေးအေးများ။ သို့ပေမဲ့ အမြင့်ဆုံး Key ဖြင့်သာ ဆိုထားသည်။ ခပ်ပျော့ပျော့ ရော့(ခ်)သီချင်းကိုတော့ Key နိမ့်ဆိုထားသည်။

"ဒီရက်ပိုင်းအတွင်း စားသောက်ဆိုင်ကို ရောက်သေးလား"

"တစ်ညတော့ ရောက်ဖြစ်တယ်ကွ၊ ဆရာနဲ့အတူလေ'

ကျွန်တော်တို့နှစ်ယောက်ကြား စကားလုံးများက အငွေ့ပျံ ပျောက်ကွယ်သွားကြပြီထင့်။ ကျွန်တော့်မျက်ဝန်းမှာ အားတင်းထား သော အကြည့်များက ရေနွေးငွေ့ကဲ့သို့ ထောင်းထောင်းထနေလိမ့် မည်။ ကျော်ဝင်းမျက်ဝန်းတွေကလည်း ယူကျုံးမရစိတ်၊ မခံချင်စိတ် အရိပ်အငွေ့များ လွင့်ပျံ့ထွက်လာသည်။ ထိုအငွေ့များ ကောင်းကင် တွင် ဆုံစည်းပြီး ရေငွေ့ဖြစ်သွားမလား၊ ဒါမှမဟုတ် အပူမိုးကြိုးများ ပစ်ခတ်နေမှာလား. . ။ ကျွန်တော် မမကို သိပ်ချစ်သည်ဟု ရင်ထဲမှာ ထပ်ခါတလဲလဲ အော်နေမိတော့သည်။

"ဖြူနဲ့ရော တွေ့ဖြစ်သေးလား"

ကျော်ဝင်းက အရာရာကို သတိကြီးကြီးနဲ့ လုပ်ဆောင်တတ် သူ ပီပီ ခံယူချက်တွေပြောင်းလဲမှာ မဟုတ်ဘူးဟု ကြော်ငြာလိုက် သလိုပင်ဖြစ်သည်။ ဒီအချိန်မှာ မမ အကြောင်းကို ထပ်ပြောလာ လျှင် မမနဲ့ ဖြူတို့ရဲ့ အားပြိုင်မှု ပြိုင်ပွဲဖြစ်လာနိုင်မည်။ ကျော်ဝင်းက ဖြူ့ဘက်မှာ ကျွန်တော်က မမဘက်မှာ။ ကျွန်တော် ဖြူနဲ့ မမကို ယှဉ်မတွဲမိသေး။ နှိုင်းယှဉ်စရာလည်း မလိုဘူးဟု ထင်သည်။ ဖြူ့ကို ကျွန်တော်. . . ။

"မတွေ့ဖြစ်ပါဘူး၊ ငါ ဖုန်းဆက်ချင်ပေမဲ့ မဆက်ရဲဘူး ကွာ၊ ဖြူနဲ့ ပတ်သက်ရင် ငါ့ဘဝဟာ ခိုးကြောင်ခိုးဝှက်ကြီးနေရတာ တော်တော်တော့ စိတ်ပျက်မိတယ်"

www.burmeseclassic.com



မထင်မှတ်ဘဲ 'စိတ်ပျက်မိတယ်'ဆိုတဲ့ စကားလုံး သုံးမိသည်။ ဒီအကြောင်းကို ကျွန်တော် လုံးဝ ထည့်မတွေးခဲ့ဖူးဘဲနဲ့ ကျော်ဝင်းကတော့ ကျွန်တော့်စကားကို ပြန်မချေပ။ မျက်ဝန်းနဲ့သာ တစ်ချက်လှမ်းကြည့်သည်။ "မင်းက ဘာကောင်မို့လို့ ဘဝင်တက်ချင်ရတာလဲ" "မင်းနဲ့ တန်ရာတန်ရာ ဆက်ဆံလိုက်တာ အခုမှ တွက်ကြည့်မနေနဲ့" စတဲ့ စကားလုံးများ တန်းစီထွက်လာတာကို မြင်မိလိုက်သည်။

ဖြူ့ကို ချစ်ရသော အချစ်က အေးမြသလောက် မမကို ချစ်ရသော တစ်နည်းအားဖြင့် မမကို ရူးသွပ်ရသော တပ်မက်မှုက ပူလောင်ရသည်ကတော့ အမှန်ပင်။ မမအတွက် ကျွန်တော့်သွေးသားများ ပူပူလောင်လောင် ဝါးမျိုးခံခဲ့ရပြီ မဟုတ်လား။

ကျွန်တော့်ခွေကြမ်းလေးကို ကက်ဆက်ထဲမှ ထုတ်ပြီး ခွေဘူးထဲ ထည့်လိုက်သည်။ ကျွန်တော်တို့ တိတ်တိတ်ဆိတ်ဆိတ် ဆရာ့ထံ သွားကြသည်။

* * *

www.burmeseclassic.com



ဒီနေ့တော့ မမအိမ်ကြီးက ကန့်လန့်ကာနောက်မှ ထွက်လာသည့် ပုံစံမျိုး လန်းလန်းဆန်းဆန်း ရှိလွန်းလှသည်။ ခပ်ဟဟပွင့်နေသော ခြံဝင်းတံခါးရှေ့ရောက်တော့ နံနက် ၁၀ နာရီတိတိ။ ကျွန်တော်က အချိန်ကို လေးစားတတ်သူဟု ဒီနေရာမှာ ဂုဏ်ယူမပြချင်ပေမဲ့ စက္ကန့်ဝက်မျှ နောက်မကျခဲ့ခြင်းအတွက် ကျေနပ်နေမိသည်။ မမ. . . မမမ. . အခုတော့ မြမမ ဆိုသော မိန်းမတစ်ယောက်ကို မြတ်မြတ်နိုးနိုး ခေါ်နေမိတော့သည်။ ကျွန်တော်မြတ်နိုးတာလား၊ တပ်မက်တာလား သေသေချာချာ မခွဲခြားမိခဲ့။ မမကပေးမယ့် အပူရောင်နှင်းဆီပွင့်ဖတ်များကို တစ်စစီ ဖွဲ့ချွေပစ်ချင်သည့်စိတ်က အရူးတစ်ပိုင်းကဲ့သို့ ဖြစ်နေသည်။

ခပ်သုတ်သုတ် ခြေလှမ်းများက ဧည့်ခန်းကို ဖြတ်ကျော်ပြီး အပေါ်ထပ်လှေကားဆီသို့သာ တောက်လျှောက်တက်သွားမိတော့သည်။ တံခါးများအားလုံးမှာ ကြိုဆိုမည့်သူမရှိဘဲ ခပ်ဟဟ ပွင့်နေကြသည်။ ဒါပေမဲ့ ကျွန်တော့်ကို သက်မဲ့ မောင်လူငယ်ကတော့ မနာလို မုန်းတီးစွာ ကြိုဆိုလိုက်သည်ဟု ထင်မိသည်။ ကျွန်တော်ကတော့ အသာစီးရထားသူတစ်ဦးကဲ့သို့ ပြုံးပြီး နှုတ်ဆက်မိသည်။ အလျင်စလိုပဲ ကျွန်တော် အနက်ရောင်အခန်းထဲသို့ ဝင်မိသည်။

www.burmeseclassic.com



အခန်းက ဆလိုက်မီးရောင် အချို့အဝက်အောက်မှာ လင်းကွက်ကွက်၊ နံရံမှာ ထောင်ထားသော ပန်းချီကားများကို မကြည့်အား။ မမ ရှိနိုင်သည့် မမရဲ့ ပန်းချီကားရှေ့ သို့မဟုတ် မမ၏ရုပ်တုရှေ့။ ကျွန်တော်က မအောင့်အီးနိုင်စွာ။

"မမ. . . မမ. . . "

ဘာသံမှမကြားစရ။ တကယ်ဆို ဒီအခန်းထဲက စောင့်ချင်မှ စောင့်မှာပေါ့။ ဧည့်ခန်းကရော၊ ဒါမှမဟုတ် ခြံထဲက ပန်းရုံတွေနားကရော။ မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး၊ မမ ဒီကပဲ စောင့်ရမည်။

"မမ. . . မမ"

ကျွန်တော့်ခေါ်သံများက အသံလုံးကြီးနေပေမဲ့ ခပ်အုပ်အုပ်။ အပြင်သို့ ပေါက်ကွဲမသွား။ တော်တော်လေးလေးနက်နက် စည်းစည်း ပိုင်ပိုင်ဟု ပြောရမည့် အသံမျိုးဖြစ်သည်။

"ဟင်း. . ဟင်း. . . ဟင်း. . မင်းအချိန်မှန်ရောက်လာသားပဲ"

မမ စကားက မဆုံးသေး။ ဒါပေမဲ့ ပြတ်သားသည်။ အသံလာရာ လှည့်ကြည့်တော့ မမကို မတွေ့ရပေမဲ့ အရိပ်များ တရိပ်ရိပ် ဖြတ်လွင့်လာသည်ကိုတော့ မြင်လိုက်သည်။ ကျွန်တော့် မျက်နှာမှာ ဘယ်လို တောင်ပံတွေ တဖျပ်ဖျပ်ခတ်နေသလဲ ကျွန်တော် မသိနိုင်တော့။ မမကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတဲ့ အတွေးစမျိုးလည်း မရှိ။ တရိပ်ရိပ်နီးကပ်လာသော အရိပ်လေးနောက် ခပ်ဆတ်ဆတ် လျှောက်သွားနေမိသည်။

"မမ မမ"

နှုတ်မှလည်း တတွတ်တွတ်ရွတ်ရင်း မမထံ ပြေးသွားသော ခြေလှမ်းများတွင် အပြစ်ရှိနေပါတော့သည်။ "မမရယ်" ကျွန်တော့်အသံမှာ နှစ်ရှည်လများ ခွဲခွာနေရသူတစ်ဦးကို ပြန်တွေ့သည့် သူပမာပင်။

www.burmeseclassic.com



ကျွန်တော် မမကို ပြေးပွေ့မလိုပင်။ ကျွန်တော့်လက်ဖဝါးများ အလိုလိုပျော့ပျောင်းသွားလိုက် ကြမ်းရှသွားလိုက်၊ ကျွန်တော့်နှုတ်ခမ်းအစုံက ငတ်မွတ်မှုများ တစ်စစ လောင်ကျွမ်းလာသော အချစ်မီးတို့ဖြင့် ပုံဖော်နေသော မျက်ဝန်းများ ကျွန်တော် ရုတ်ခြည်းကြက်သေသေသွားအောင် မမရဲ့ အပြုံးစားသွားတစ်ချက်က ဝင်းလက်လွန်းနေသည်။

မမ မျက်နှာမှာ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးသော အပြုံး။ ရက်ရက်စက်စက်လှအောင် ကောက်ကောက်ကျစ်ကျစ် ပြုံးထားတဲ့ အပြုံး။ အောက်နှုတ်ခမ်းသားကို မေးစေ့မှတွန်းတင်ပြီး အပေါ်နှုတ်ခမ်းကို တင်းစေ့နေအောင် ဖိကပ်ထားသောအပြုံး။ ထိုအပြုံးနှင့်အတူတွဲလျက်က အမာထည် မျက်ဝန်းများ။

"ဗျာ"

မမ၏ ဟန်ပန်ကိုကြည့်ပြီး "ဗျာ"ခနဲ ထွက်ခဲ့သောအာမေဋိတ်တွင် ကျွန်တော့်ရိုးသားမှုအလုံးစုံ လွှမ်းခြုံထားကြောင်း သိသာလွန်းနေမည်။ ကျွန်တော် ရှူးချင်ယောင်ဆောင်နေခြင်း မဟုတ်ပါ။ မမ၏ မျက်လှည့်များ၊ အကွက်များကို ကျွန်တော်က အရိုးခံအတိုင်းဆက်ဆံခဲ့ခြင်းသာဖြစ်သည်။ ယခုတော့ ကျွန်တော် ချောင်ပိတ်မိသွားတာလား. . ။ ကျွန်တော့်ကို လက်စားချေတော့မှာလား. . . ။ လားပေါင်းများက ကျွန်တော့်ရင်ထဲသို့ အလုအယက် တိုးဝင်လာခဲ့သည်။

"မမ. . . မမ. . တီတစ်ကောင်နဲ့ တူခဲ့တဲ့ မမမှ ဟုတ်ရဲ့လား"

နှင်းဆီဖူး နှုတ်ခမ်းလေးကို မပန်ဆင်ခဲ့လို့ ဒဏ်ခတ်တာလား၊ မြောင်းဖောက်တိုင်း ရေမလာလို့ စိတ်နာနေတာလား၊ ကျွန်တော် ဘာကိုမျှ မဝေခွဲတတ်။ ယခု မမကို ပွေ့ဖက်ချင်သည်။ မမကို. . . မမကို. . .

www.burmeseclassic.com



ကျွန်တော့်ထံမှာ တွန့်ဆုတ်မှု တစ်စုံတစ်ရာမရှိဘဲ ခြေလှမ်းအေးအေးများက တရွေ့ရွေ့ တိုးကပ်သွားနေတော့သည်။

"မမ"

ကျွန်တော့်မျက်ဝန်းထဲကို အချစ်တွေ ပစ်မထည့်ခဲ့ပါ။ ကျွန်တော့်နှုတ်ဖျားမှာ ပန်းသွေးရောင်တွေ မသုတ်လိမ်းခဲ့ပါ။ ကျွန်တော့်ကိုယ်နေဟန်ထားမှာ ရုပ်သေးရဲ့ ကကြိုးတွေရှိမနေပါ။ "မမကို ကျွန်တော်ချစ်တယ်"ဆိုတဲ့စကားလုံးများကို နှလုံးနေရာမှ ချိန်ကိုက်ပေါက်ကွဲထွက်လာအောင်လည်း ပရိယာယ်မဆင်ခဲ့ပါ။

ကျွန်တော့်ရင်ခွင်ကျယ်ထဲသို့ မမ၏ ဦးခေါင်းလေး နစ်ဝင်လာသည်ကို ယောင်ယမ်းကာ ပွေ့ဖက်မိသည်။ ကျွန်တော့်နှလုံးသားတွေ သွေးမဆူခဲ့။ ကျွန်တော့်လက်ဖျားများ ပျော့နွဲ့လျက်။ ကျွန်တော့်ခြေအစုံဟာ ယိုင်လုလု။ ကျွန်တော့်ခါးပေါ် တင်ထားသော မမ၏လက်များမှာ နတ်စိမ်းတွေ ပူးဝင်စီးကပ်နေသလား။ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ပကတိ ပျော့ခွေလုမတတ်။ ကျွန်တော့်နှလုံးအိမ်မှ သွေးများခြောက်ခမ်းလုမတတ်။

"မမ"

ကျွန်တော့်ရင်ခွင်ကို မျက်နှာအပ်ထားသော မမကို ဆွဲခွာလိုက်သည်။ မမလက်များ ရုတ်တရက် မာကျောလာသလိုလို။

"ဘာလဲကွာ"

မမက ကျွန်တော့်အင်္ကျီစတွေကို တရိရိ ပွတ်တိုက်ဆွဲနေတော့သည်။ ကျွန်တော် ကျွန်တော်. . .

မမကို ဒုတိယအကြိမ် လက်မောင်းမှ ကိုင်၍ ဆွဲခွာလိုက်သည်။

"ကျွန်တော်တို့ အရင်စကားပြောရအောင်"

"ဟင့်အင်း"

www.burmeseclassic.com



မမက ကျွန်တော့်ကို စိန်ခေါ်တာလား။ ကျွန်တော့်ကို မူးယစ်ဖို့ သောက်သုံးချင်တာလား။

မျက်ဝန်းတွေ ဆတ်ခနဲပိတ်ကျသွားသည်။ ကျွန်တော့်ကို တစ်စုံတစ်ယောက်က ကျွန်တော့်မျက်စိကို အရည်ပျစ်ချွဲချွဲတစ်ခုဖြင့် လှမ်းပက်လိုက်သောကြောင့် ဖြစ်သည်။ ရုတ်တရက် မျက်လုံးဖွင့်ကြည့်တော့. . . "မောင်လူငယ်" "ကျွန်တော့်နာမည် မောင်လူငယ်" ဆိုသော လူတစ်ယောက်ပုံ။

ကျွန်တော်တို့ ဘယ်လိုကြောင့် သူ့ရှေ့ရောက်မိပါလိမ့်။ ကျွန်တော့်ကို ကြည့်နေသော မောင်လူငယ်၏ မျက်လုံးများမှာ စက်ဆုပ်ရွံရှာဖွယ်များ ပါဝင်ရောယှက်နေသည်။ ကျွန်တော်သေသေချာချာ မသိပါလား။ မောင်လူငယ် သေပြီလို့ ကျွန်တော့်ကို တစ်ခါမျှ မပြောဘူးပါလား။ မောင်လူငယ်ဟာ မမ ယောကျ်ား ဟုတ်မဟုတ် ကျွန်တော် သေချာမသိရပါလား။

မောင်လူငယ်၏ နှုတ်ခမ်းထောင့်စွန်းများမှာ ယောကျ်ားချင်းသာ သိနိုင်သည့် လျှို့ဝှက်မှုများရှိနေသည်။ မျက်နှာဝိုင်းဝိုင်း၊ အရပ်ပုပု၊ ခပ်တုတ်တုတ်၊ အနုပညာကို အရှူးတစ်ယောက်ပမာ ဖန်တီးနေသော မောင်လူငယ်ဟာ ကောက်ကျစ်မှုတွေကို ဘယ်

www.burmeseclassic.com



အတိုင်းအတာ ဘယ်အချိန်ထိ ဖန်တီးနေဦးမလဲ မသိနိုင်။

"ယောကျ်ားတွေဟာ မိန်းမတွေရဲ့ မြူဆွယ်မှုအောက်က ရုန်းမထွက်နိုင်ဘူးဆိုတာ မှန်တယ်ပေါ့"

"မင်းက ထပ်ပြီး သက်သေပြလိုက်တာပေါ့"

ကျွန်တော့်အာရုံမှာ မောင်လူငယ်၏ စကားသံမှအပဘာမှမရှိ။ အလိုလို တောင့်တင်းလာသော ခန္ဓာကိုယ်က မောင်လူငယ်ရှေ့မှာ မတ်မတ်ရပ်လို့။

"မင်းလိုချင်တာရပြီးပြီ။ ထွက်သွားတော့၊ ထွက်သွားတော့၊ ငါဟာ ခြေတစ်လှမ်းနောက်ကျခဲ့လို့. . . "

"ဘာလဲဗျ. . . ဘာလဲဗျ"

ကျွန်တော် ရုတ်တရက် အသံထွက်ပြီး အလျင်စလို မေးမိတော့သည်။ မမက ကျွန်တော့်ပခုံးနှစ်ဖက်ကို သိုင်းဖက်လာပြီး-

"မင်း ရှုံးနေပြီလား၊ ဒီမောင်လူငယ်ရှေ့မှာ လူတိုင်း ရှုံးသွားကြတယ်။ တိုက်ဆိုင်မှု မဖြစ်နိုင်ဘူး၊ ဒီနေ့ပဲ သူ့ကို သတ်ပစ်မယ်"

ကျွန်တော့်ကို ဆွဲဖက်ထားရာမှ မမ၏ ရေသူမခြေထောက် နုနုဖြူဖြူလေးက မောင်လူငယ်ကို လှမ်းကန်လိုက်သည်။ မမှီတမီ ဖြစ်တာကြောင့် မောင်လူငယ် လဲကျမသွား။ ဒါပေမဲ့ မောင်လူငယ် အနည်းငယ် ယိုင်သွားသည်။

"ဟော့ကောင်. . မင်း ထွက်မသွားသေးဘူးလား။ ဒီမိန်းမမှာ လုံးဝဦးနှောက်မရှိဘူး၊ တပ်မက်မှုတွေပဲရှိတယ်၊ ထွက်သွားတော့ ထွက်သွားတော့. . မင်းရဲ့ နှလုံးဆီတွေ စုပ်ယူပြီးရင် မင်းဟာ မင်းဟာ. . . ငါ့လိုပဲ အသက်သွင်းခံရလိမ့်မယ်"

ကျွန်တော် လန့်၍ မမကို တွန်းဖယ်လိုက်သည်။ မမ၏ မီးဝင်းဝင်းတောက်နေသော မျက်ဝန်းများက ကျွန်တော်နှင့် မောင်လူငယ်ကို တစ်လှည့်စီကြည့်နေသည်။ ကျွန်တော် မမကို သနား

www.burmeseclassic.com



ကြင်နာစွာ ကြည့်နေရာမှ စိတ်မသက်မသာဖြစ်လာသည်။

မောင်လူငယ် ဘက်ကို ခန္ဓာကိုယ်ကိုလှည့်ပြီး မမကို ကျောခိုင်းလိုက်မိသည်။ မောင်လူငယ်၏ မချိမဆံ့အပြုံးကို ကျွန်တော် တွေ့သိခံစားလိုက်ရသည်။ ကျွန်တော့်ရင်ထဲ ပြင်းရှစွာ မောင်လူငယ် ကို ပွေ့ဖက်လိုက်သောအခါ မောင်လူငယ်၏ လက်များ တစ်စီ ပြုတ်ထွက်သွားတော့သည်။ ကျွန်တော့်ဦးခေါင်းနှင့် တိုက်မိသော မောင်လူငယ့် ဦးခေါင်းမှာလည်း မွမွကြေသွားတော့သည်။ မောင့်လူငယ်ခါးမှာ ချိတ်ဆွဲထားသော စုတ်တံများ၊ ကတ်ထူစက္ကူများ၊ Wall Men ကက်ဆက်နှင့် နားကြပ်များက ဒုတ်ခနဲ ဒုတ်ခနဲ တစ်ခုချင်းစီ ပြုတ်ကျသွားသည်။ မွမွကြေနေသော မောင်လူငယ့် ခန္ဓာကိုယ်ကို ကျွန်တော် ကိုယ်တွယ် ကြည့်ရှုနေမိသည်။ ပြာများ မီးခိုးရောင်ပြာများ။

မမ၏ ရှိုက်သံသဲ့သဲ့ကို အခန်းတံခါးပိတ်ပြီး ကျွန်တော် ထွက်လာခဲ့သည်။ မမထံမှာ ကျွန်တော်ရရှိလိုက်သော အရာမှာ သွေးဆာမှုတစ်ခုပင် ဖြစ်သည်။

ကျွန်တော် ဘယ်လိုလုပ်ပြီး အဆောင်ပြန်ရောက်သွားသည် မသိတော့။ အဆောင်ရောက်တော့ ကျော်ဝင်းကို လိုက်ရှာမိသည်။ ကျွန်တော် ကျော်ဝင်းကိုဖက်၍ ငိုရှိုက်မိသည်။ ကျွန်တော် ကျော်ဝင်း ကို အကြောင်းစုံ ပြောပြမိသည်။ ကျွန်တော့်ကို ပြန်ဖက်၍ အားပေး သောစကားမှာ "ယောက်ျားပဲကွာ ဒီကိစ္စမျိုးက ထိန်းချုပ်လွန်းလို့ ပေါက်ကွဲထွက်သွားတာ ငါနားလည်ပါတယ်"တဲ့။

ကျွန်တော်နှင့် ကျော်ဝင်းမှာ ပိုမိုခိုင်မြဲသော သူငယ်ချင်းများ ဖြစ်သွားခဲ့ကြရသည်။ ကျွန်တော် တော်တော်ညံ့သွားသလားဟု ကျော်ဝင်းကို မေးတော့ "မညံ့ပါဘူးကွာ၊ မင်းတော်လို့ ရုန်းထွက် နိုင်ခဲ့တာပဲ"ဟု ပြောသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ ခုတင်

www.burmeseclassic.com



များပေါ်တွင် ကိုယ်စီထိုင်ပြီး ငေးနေမိသည်။ အချိန်တော်တော်ကြာသည်အထိ စကားမပြောဖြစ်ခဲ့ကြ။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် တိုက်ဆိုင်ထားခြင်းမရှိဘဲ ဆေးစာအုပ်များကိုလှန်ကာ စာကျက်ဖြစ်လိုက်ကြသည်။

*　*　*

www.burmeseclassic.com



မမနှင့် ကျွန်တော့်မှာ တစ်ယောက်နှင့်တစ်ယောက် သဘောတူညီမှု မရယူခဲ့ဘဲ တစ်ယောက်ကိုတစ်ယောက် မဆက်သွယ်ကြတော့ချေ။ ကျွန်တော့်အသိထဲတွင် မမနှင့်ဆုံတွေ့ ဆက်ဆံခဲ့သမျှကို အိပ်မက်ပမာ သဘောထားနိုင်ခဲ့သည်။ မမနှင့် ကျွန်တော် ဘယ်အတိုင်းအတာထိ ရင်းနှီးခဲ့သလဲ ကျွန်တော် တွေးမကြည့်ခဲ့တော့ချေ။ သာမန်ဆက်ဆံမှုတစ်ခုထက်တော့ ပိုနိုင်ကောင်း ပိုနိုင်လိမ့်မည်။ မမအိမ်မှ ပြေးထွက်ခဲ့သော နောက်ဆုံးရက်လေးတွင် ကျွန်တော်ထင်သလို (ကျော်ဝင်းကိုပြောပြခဲ့သလို) ဟုတ်ချင်မှလည်း ဟုတ်လိမ့်မည်။ ထိုနေ့က အဖြစ်အပျက်ကို သေသေချာချာ မမှတ်မိခဲ့တော့ပေမဲ့ ထိုကိစ္စကို သေချာသိရန်လည်း မစဉ်းစားချင်တော့။ မမကို ကိုယ်တိုင်လက်လွှတ်ခဲ့သည်ကို သေချာသိနေသည်။

ထိုအကြောင်းအရာကို ဖြူ့ထံ ဝန်ခံဖို့ ကျွန်တော် ဝန်မလေးစွာ ရှိနေခဲ့သည်။ ဖြူ့အပေါ် တကယ် မရိုးသားခဲ့သော (သစ္စာဖောက်မိသော) ကျွန်တော်က တကယ့်သစ္စာရှင်ကြီးပမာ ဖြစ်သွားအောင် ပြောပြနိုင်ခဲ့သည်။ ကမ္ဘာပေါ်မှာ ဖြူ့လိုမိန်းကလေးတွေ ရှိနေသေးလို့သာ ကျွန်တော့်ထံမှာ ချစ်သူတစ်ယောက် ရှိနေခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်လေး ဖြစ်ပြီးတဲ့နောက်မှ ဖြူ့ထံမှ

www.burmeseclassic.com



ချစ်သူအခွင့်အရေးတွေ ရရှိခဲ့သည်ကတော့ အမှန်ပင်။ "မိန်းမတွေဟာ တော်တော်သနားဖို့ကောင်းတာပဲ" ဆိုသော မှတ်ချက်ကို ကျော်ဝင်းက ခံချင်ပုံမရ။ ထိုမှတ်ချက်မျိုးကို ဖြူ့ထံတွင်တော့ မဆွေးနွေးရဲ။ ကျော်ဝင်းက မမဘက်မှရော ဖြူ့ဘက်ကပါ ဒီအဆိုကို ငြင်းကြောင်း သက်သေပြသည်။ "မမက မင်းဆီက သူရချင်တာတွေ ရသွားတာပဲ။ မင်းလည်း မောင်လူငယ် နှင်ထုတ်လိုက်လို့ ထွက်ပြေးခဲ့ရတာ မဟုတ်လား။ မောင်လူငယ် နှင်မထုတ်ရင်လည်း မောင်လူငယ်လို လူမျိုးအများကြီးက မင်းကို နှင်ထုတ်မှာပဲ။ မင်းသာ မောင်လူငယ်လို မမ အနားမှာ နေခွင့်ရရင် မမ ခေါ်ခေါ်လာတဲ့ အကောင်တွေကို နှင်ထုတ်ရဦးမှာပါ။ သိပ်ဘဝင်မမြင့်နဲ့" တဲ့။ ထိုအတွက်တော့ ကျော်ဝင်းနှင့် ဘက်ပြိုင်ပြီး မငြင်းလိုတော့ချေ။ မမနှင့်ပတ်သက်သော ခါးဆိမ့်ဆိမ့်အရသာက သွေးထဲတွင် ရှိနေသောကြောင့်ပင်။

"ဖြူက သနားဖို့ကောင်းတယ်လို့လည်းပြောလို့မရဘူး။ မင်းကို မဖြစ်စလောက် အခွင့်အရေးပေးလိုက်တာက မင်းအခြေအနေကို စောင့်ကြည့်နေတာ။ ခွေးပိုင်ရှင်တစ်ယောက်က သူ့ခွေးလေး သူများဆီမှာ အစာသွားငမ်းရင် ဘယ်ခံချင်မလဲ။ သူ ကျွေးနိုင်ရဲ့ မကျွေးဘဲထားတဲ့အစာ ထုတ်ကျွေးတာ သနားစရာမကောင်းဘူးကွ။ မင်းကို စည်းရုံးလိုက်တာ။ ငါ့အပေါ် သစ္စာရှိစမ်းလို့ အမိန့်ပေးတာကွ"တဲ့။ ကျော်ဝင်းနှင့် ပြိုင်မငြင်းချင်သောကြောင့်သာ ဘာမှထပ်မပြောခဲ့။ ကျွန်တော်က ဖြူ့ကို သနား၍ ထပ်ချစ်ရဦးမည် ဖြစ်သည်။

ထိုရက်ပိုင်းအတွင်း ကျော်ဝင်းသည်သာ မမထံသို့ ဆက်သွယ်ပြီး ကျွန်တော့်ဘက်မှ ထပ်မံလုပ်ပေးစရာများကို လုပ်ပေးနေဖြစ်သည်။ ဥပမာ ကက်ဆက်ခွေ အဖုံးအတွက် ဓာတ်ပုံရိုက်ခြင်း၊ သီချင်းစာအုပ်အတွက် Cord လိုအပ်သော များရေးပေးခြင်း စသည့်

www.burmeseclassic.com



အလုပ်များဖြစ်သည်။ မမနှင့်ရော ကျွန်တော်နှင့်ပါ ဆက်ဆံနေရသော ကျော်ဝင်းက ကျွန်တော့်ကိုတော့ အိပ်မက်က နိုးထလာသူ တစ်ဦးနှင့်တူပြီး မမကိုတော့ မီးလောင်ပြင်တစ်ခုနှင့် တူကြောင်း ပြောပြသည်။

ကျော်ဝင်း၏ ထိုမှတ်ချက်ကို ချက်ချင်း လက်မခံနိုင်ပါ။ သို့ရာတွင် ဖြစ်နိုင်စရာအကြောင်း များစွာရှိနိုင်သည်။ မီးလောင်ပြင်တွင်တော့ နောက်ထပ် အနုအသစ်များ ထွက်နေဦးမည် ဖြစ်သည်။ မမက ဝမ်းနည်းတတ်သူမှ မဟုတ်တာလေ။

*   *   *

www.burmeseclassic.com



## အမြင့်ဆုံးပျံမည့် စင်ရော်တောင်

အနာဂတ်ခရီး ဘယ်လောက်ဝေးနိုင်မလဲ
ကျွန်တော်ပျံသန်းမည်
နှင်းတွေများထူဦးမလား
မိုးကြိုးသွားတွေ ပိတ်ကာနေဦးမလား
စက်ကွင်းတွေ တားဆီးဦးမလား
မုန်တိုင်းနဲ့ ချေဖျက်ဦးမလား
ဘာတွေပဲနှောင့်ယှက် ဖျက်ဆီးပါစေ
အမြင့်ဆုံးက ပျံသန်းမည်။
ဘယ်လိုပဲ ပင်ပန်းပါစေ
အမြင့်ဆုံးမှာ ဝဲပျံနေမည်။
ဘာတွေပဲ ဆုံးရှုံးပါရစေ
ကောင်းကင်ကိုပဲ ချစ်မည်။
ဒါဟာ ကျွန်တော့် လက်နဲ့တူတဲ့
ကျွန်တော့် နှလုံးသားနဲ့တူတဲ့
ကျွန်တော့် ဦးနှောက်နဲ့တူတဲ့
ကျွန်တော့်စိတ်ဓာတ်ခွန်အားတွေပါ တစ်ထပ်တည်းကျတဲ့. . .
စင်ရော်တောင်ပါ. . . ကွယ် . . . ။

www.burmeseclassic.com



ကျွန်တော့်ဘဝမှာ အတောင်တွေ ရပ်တန့်ဖို့ဆိုတာ ဖြစ်မှ မဖြစ်နိုင်တာ။ ကျောင်းကတစ်ဖက်၊ စားသောက်ဆိုင် တီးဝိုင်းက တစ်ဖက်၊ စနေ တနင်္ဂနွေနေ့မျိုး မင်္ဂလာဆောင်တွေမှာ Section Player အဖြစ် တီးခတ်ရတာက တစ်ဖက်၊ ထိုအလုပ်များက ပုံမှန် အလုပ်များပင်ဖြစ်သည်။ ကျွန်တော့်လက်ထဲတွင် ကျန်နေသေးသော စီးရီး သုံးခွေစာ သီချင်းတွေကလည်း ရှိသေးသဖြင့် သွင်းထားသည်။ အခွေလေး လှလှပပ ထွက်လာမည်ကို စောင့်မျှော်နေမိသည်။

တကယ်တော့ အောင်မြင်ဖို့ဆိုတာကလည်း ကြိုးစားမှု၊ အပင်ပန်းခံမှုတွေက အစိတ်အပိုင်းတစ်ခုသာဖြစ်နေပြီး ပါရမီ၊ ပင်ကိုအသံတွေက အဆုံးအဖြတ်ပေးမှုအောက်မှာ ရှိနေသည်။ 'ကျွန်တော့်အခွေ ပေါက်ရမယ်'လို့ ဂမ္ဘီရနည်း၊ ဖုန်းရွှေနည်းတွေနဲ့ လုပ်ယူလို့ ရကောင်းရန် ကျွန်တော် မကြိုးစားခဲ့ပါ။ အရာအားလုံးကို ကံကရွေးချယ်ထားကြောင်း ယုံသင့်သလောက်ယုံသည်။ ကံဆိုတာ ကလည်း အမေမွေးကတည်းက ပါလာသည့် လူဖြစ်ခွင့်စာအုပ်ထဲ မှာ ရှိပြီးသား ဖြစ်နေလိမ့်မည်။

မမကို ကျွန်တော် ချီးကျူးမိသည်။ မမထံသို့ ကျော်ဝင်း (သို့မဟုတ်) ဖြူ တစ်ယောက်ယောက်သွားတိုင်း ကျွန်တော့်နာမည် မမေး၊ နိုင်ရဲ ဘာဖြစ်လို့ မလာတာလဲ မမေးခြင်းကြောင့်ဖြစ်သည်။ မမက သိုသိပ်စွာ လျှို့ဝှက်တတ်သူလား။ မမမှာ ပိုင်ဆိုင်ထား သော ပန်းချီပြခန်းတစ်ခုအကြောင်းကို ကျော်ဝင်းကို မပြောခဲ့။ ဖြူ့ကိုလည်း မပြောခဲ့။ ဒီပန်းချီကားတွေ၊ ပန်းပုရုပ်တွေက မမ ဖန်တီးထားသော အရာများ မဖြစ်နိုင်ဘူးလား။ အဖြစ်နိုင်ဆုံး ကောက်ချက်ကတော့ အပြင်အဆင်ကောင်း၏။ စိတ်ကူးကောင်း၏။ အနုပညာ အတွေးအခေါ် ရှိ၏ဟုသာ မှတ်ချက်ချရမည်။ ကျွန်တော်

www.burmeseclassic.com



မမအပေါ် နောက်မှတ်ချက်တစ်ခုမှာ စိတ်ဓာတ်ကြံ့ခိုင်မှုပင်ဖြစ်သည်။ ထို့အတူ မမသည် ရမ္မက်ကြီး၏။

ဖြူကလည်း အသံလွှင့်ဌာနတွင် အချိန်ပိုင်း အသံလွှင့်သူအဖြစ် အလုပ်စလုပ်နေသည်။ ထိုသို့ အလုပ်လုပ်ခြင်းကို ကျွန်တော် မကန့်ကွက်မိ။ တကယ်ဆို ဖြူ့ကို လက်ထပ်ယူလျှင် ကျွန်တော့် အတီးပညာနှင့်ပင် တင့်တောင်းတင့်တယ် ထားနိုင်ပြီ။ ကျွန်တော်တို့ နှစ်ယောက်၏ လက်ထပ်မည့် နေ့စွဲကို ကျွန်တော် ကျောင်းပြီးသည်ထိ ရွှေ့ဆိုင်းထားလိုက်ရသည်။ ကျွန်တော်နှင့် သဘောမတူမှန်းသိသောကြောင့် ဖြူ့ကို အတင်းအကျပ် ယောကျ်ားပေးစားလျှင်တော့ ကျွန်တော့်ထံသို့ ဖြူထွက်လာရန်သာ ရှိတော့သည်။ ကျွန်တော်တို့ ချစ်သူနှစ်ဦးအတွက် လက်ထပ်ခြင်းသည် အဓိကမဟုတ်ဘဲ အောင်မြင်မှုကို ရောက်အောင် ကြိုးစားနေခြင်းသာ အဓိက ဖြစ်နေသည်။ ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး ကျော်ဝင်းက 'ပုစ္ဆာတွေ၊ ကိန်းဂဏန်းတွေ ဆန်နေတယ်နော်၊ မင်းတို့နှစ်ယောက်မှာ အချစ်ဆိုတာ အမာထည်သက်သက်ပဲ"တဲ့လေ။

ဘာပဲဖြစ်ဖြစ် အရှက်အကြောက်ကြီး ဣန္ဒြေသိက္ခာကြီးသော ဖြူက အချစ်တန်းကို ဆယ်တန်းလောက်ထိ သင်ယူတတ်မြောက်လာခဲ့သည်။ ကျွန်တော်နှင့် သိပ်မစိမ်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ယောကျ်ားလေးပဲလေ။ အချစ်ပညာမှာတော့ ပါရဂူ ဖြစ်လောက်နေပြီဟုသာ ထင်မိသည်။ မမနှင့် ဖြစ်ခဲ့သော အခြေအနေ အတိုင်းအတာတစ်ခုထိ ရောက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ဒီကိစ္စအတွက် ကျော်ဝင်းက မင်းလား အချစ်ပညာမှာ မူလတန်းအဆင့်ပဲ ရှိသေးတယ်။ ကိုယ့်ချစ်သူကိုလည်း သေသေချာချာ မချစ်တတ်၊ သူများ မြှူဆွယ်တာကိုလည်း ခွင်ကျကျမယူတတ်၊ ဒါနဲ့များ ပါရဂူထိတဲ့. . . ဟားဟား. . . ဟု ရယ်မောလှောင်ပြောင်လေ့ရှိနေ

www.burmeseclassic.com



တော့သည်။ ကျွန်တော်နှင့်ဖြူ့ဘဝဟာ သာယာသော အချစ်ခရီးလမ်း ဖြစ်သည်ကိုတော့ ကျော်ဝင်း ငြင်းနိုင်လိမ့်မည် မဟုတ်ပါ။

* * *

www.burmeseclassic.com



# အတောင်တွေလေဟုန်စီး

ဘဝမှာ တစ်ခုခုရယူဖို့ရှိတိုင်း ရင်ထဲမှာ အတိုင်းအဆမရှိ လှုပ်ဟာနေတော့သည်။ ကျွန်တော့်အခွေလေးထွက်ဖို့ တစ်နှစ်တိတိ စောင့်နေခဲ့ရသည်။ အခွေထွက်မည့်ရက်ကို မမက ဖြူ့ထံသို့ အကြောင်းကြားပေးသည်။ သတင်းစာထဲမှာ ဘယ်နှရက် ကြော်ငြာမည်။ မဂ္ဂဇင်း ဘယ်နှအုပ်ထဲမှာ ကြော်ငြာမည်၊ သီချင်းဝေဖန်ရန် စာနယ်ဇင်းမီဒီယာမှ ဘယ်လိုဖြန့်မည်၊ အခွေဖြန့်ချိမှုစနစ်ကို ဘယ်လို လုပ်မည် စသည်ဖြင့် ဖြူ့ကို ပြောပြသည်။ မမက ဖြူ့ကို ကျွန်တော်နဲ့ ပတ်သက်သော မေးခွန်းတစ်ခုမျှမပေးဘဲ နေနိုင်သည်ကိုတော့ ကျွန်တော် မချီးကျူးဘဲမနေနိုင်။

"မင်းကို မေးရမလားကွ. . . စိတ်နာနေတာကိုး"

ကျွန်တော်ကတော့ အဲသလို မထင်ပါ။ ကျွန်တော့်ထံမှ မမ လိုချင်သော အတိုင်းအတာတစ်ခုကို ရသွား၍ ကျေနပ်သွားခြင်းပင် ဖြစ်သည်။ မမ၏ အိမ်တွင် ကျွန်တော့်ရုပ်တု မရှိဟု ဘယ်သူပြောနိုင် မလဲ။ ကျွန်တော်ကိုရော မောင်ငတုံး ဆိုသည့် နာမည်တပ်ပြီး စာခြောက်ရုပ် တစ်ခုရှေ့မှာ ချိတ်ဆွဲ မထားတော့ဘူးတဲ့လား။

www.burmeseclassic.com



ထိုစာခြောက်ရုပ်ကတော့ သီချင်းမိုက်ခွက်ရှေ့မှာ ရပ်နေပြီး ဂစ်တာလွယ်ထားကောင်း လွယ်ထားရပေလိမ့်မည်။

ကျွန်တော်ကတော့ မမနဲ့ပတ်သက်လျှင် ကျွန်တော် လိုက်မမီသော အရာတစ်ခုဟုသာ စိတ်ထဲမှာ စွဲမှတ်ထားသည်။ စိတ်ခွန်အားပြည့်ဝသော မမက ကျွန်တော့်အခွေလေး အောင်အောင်မြင်မြင်ထွက်လာဖို့ကိုသာ ကြိုးစားလုပ်ဆောင်နေကြောင်းသိရသည်။ မမကိုစတင်ရှောင်ခဲ့သော ကျွန်တော်မှာ မမရှေ့မှောက် ပြန်လျှောက်သွားဖို့မဝံ့ရဲခဲ့တော့။ မမကလည်း ကျွန်တော့်ကို ဝတ္တရားအရ ဆက်ဆံနေကြောင်းသိသာလွန်းပေမဲ့ မမသိက္ခာနှင့် မာနအတွက် အခွေပြီးအောင် လုပ်နေမှန်း သိသာလွန်းသည်။ မမ၏ အောင်မြင်မှုရလဒ်ကတော့ အခွေကို အောင်မြင်စွာ ဖြန့်ချိနိုင်ခြင်းဖြစ်သည်။

ကျွန်တော်တို့အားလုံး တစ်နှစ်နီးပါးမျှ စိတ်လှုပ်ရှားစွာစောင့်ခဲ့ရသည့်နေ့ကို ရောက်လာခဲ့သည်။ ထိုနေ့က ဖြန့်ချိပေးသောဆိုင်တွင် ကျွန်တော်၊ ဖြူနှင့် ကျော်ဝင်းတို့ ရောက်ရှိနေသည်။ ဖြူကတော့ ဂါထာပေါင်း မြောက်မြားစွာကို စာအုပ်ကြည့်၍ ရွတ်ဖတ်နေသည်။ ကျွန်တော်ကတော့ ကျွန်တော့်သီချင်းသံကို ပြန်နားထောင်ရင်း ပီတိဖြစ်နေသည်။ ဆိုင်မှ အခွေဖြန့်သည့် ကောင်လေးတွေ၏အဝင်အထွက် အသွားအလာကိုကြည့်ပြီး စိတ်လှုပ်ရှားနေမိသည်။ ကျွန်တော့်အသိမိတ်ဆွေများမှ အယောက် ၂၀ ခန့်က အားပေးသည့်အနေဖြင့် ဝယ်သွားသည်။ ဖြူ့မိတ်ဆွေထဲမှလည်း ဒီအတိုင်းပင်။ အသက် ၄၀ ကျော် ယောက်ျားတစ်ယောက်ကတော့ ဒီအခွေလေးကအဆိုတော် အသစ်လားဟု မေးကာ မဆိုးဘူးဟု မှတ်ချက်ချပြီးတစ်ခွေဝယ်သွားသည်။ ကျွန်တော့်တီးဝိုင်းမှ တီးဖော် တီးဖက်သူငယ်ချင်းနဲ့ ကျွန်တော့်ဆရာ ကိုယ်တိုင်လည်း ရောက်လာပြီးအားပေးသွားသည်။ ထိုနေ့က အခွေ ၃၀၀၀ ခန့် ဖြန့်နိုင်ခဲ့သည်။

www.burmeseclassic.com



ဘယ်နှခွေ ရောင်းရမှန်းမသိခဲ့။ တစ်ပတ်အတွင်းရောင်းအားကတော့ နည်းလွန်းနေသည် အမှန်ပင်။ နယ်သို့ဖြန့်သော စာရင်းအတိအကျလည်း မသိရသေး။ ကျွန်တော်တို့ရင်မှာ အခွေအတွက် စိုးတထိတ်ထိတ် ဖြစ်ရသလို အတန်းတင်စာမေးပွဲကြီးကလည်း ဖြေနေရသော ကာလဖြစ်နေသည်။ အခွေအောင်မြင်သလား၊ မအောင်မြင်သလား လှည့်မကြည့်နိုင်အောင် စာမေးပွဲကြီးက ဖိစီးလွန်းသည်။ သွားရင်းလာရင်း လက်ဖက်ရည်ဆိုင်များမှ ကျွန်တော့်အခွေ ဖွင့်သံကြားလျှင်တော့ မျက်ရည်များ တစ်ပေါက်ပေါက်ကျသည်အထိ ရင်ထဲမှာ ကြည်နူးရ၏။ ကျောင်းမှ သူငယ်ချင်းတွေကလည်း “မင်းအတွက် ဂုဏ်ယူပါတယ်၊ မင်းအောင်မြင်မှာပါ”ဟု အားပေးစကားပြောကြားခံရတိုင်း ကျွန်တော့်ရင်ထဲက ပီတိကို ဘယ်အရာနှင့်မျှ နှိုင်းယှဉ်မပြနိုင်အောင် ဖြစ်ရတော့သည်။

စာမေးပွဲ ဖြေပြီးချိန်တိုင်း လာကြိုတတ်သော ဖြူ့ကို အခွေအခြေအနေမေးရင်းသာ ရင်ခုန်လှုပ်ရှားရလေသည်။

ထိုအခွေလေးဟာ အတိုင်းအတာတစ်ခုထိတော့ အောင်မြင်မှန်း သေချာသွားခဲ့သည်။

“သားအခွေ နားထောင်လို့ကောင်းတယ် ဆိုပြီး လာလာပြောကြတယ် သားရဲ့။ မေမေတော့ သားရဲ့အသံကို မှတ်မိအောင် နားထောင်နေတုန်းပဲ။ သွားရင်းလာရင်း သားသီချင်း နားထောင်မိလျက်နဲ့ သားမှန်းမသိလိုက်မှာစိုးလို့လေ၊ ဒီနှစ်တော့ တစ်ရက်ဖြစ်ဖြစ် ပြန်လာနော်သား၊ သားညီလေးတွေကလည်း သားအလာကို မျှော်နေကြတယ်။ ဆွေမျိုးတွေကလည်း မျှော်နေကြတယ်၊ သား အောင်မြင်မှာပါ”

မေမေ့စာကိုဖတ်ရင်း ကျွန်တော့်မှာ ပီတိမျက်ရည် လွမ်းမျက်ရည်များကို လူမသိအောင် ခိုးကျခဲ့ရတော့သည်။

www.burmeseclassic.com



“မင်းအခွေတော့ တို့ပုသိမ်မှာ ပေါက်တယ်ကွ၊ မင်းအတွက် ဂုဏ်ယူတယ် သိလား ဆရာဝန်လေးရေ၊ ပြန်လာခဲ့ဦးနော်”လို့ ဖုန်းဆက်တဲ့အသံကြားတော့ ကျွန်တော့်မှာ ကိုကျော့်ကို ဘာမျှ မပြောနိုင်ဘဲ ရှိုက်ကြီးတငင်သာ ငိုချမိတော့သည်။

* * *

www.burmeseclassic.com



မမက ကျွန်တော်၊ ကျော်ဝင်းနှင့် ဖြူ့ကို ညစာထမင်း ဖိတ်ကျွေးခဲ့သည်။ ကျွန်တော်တို့အားလုံးမှာ ညစာထမင်းထက် အခွေအခြေအနေကို စိတ်ဝင်စားနေကြသည်။ ကျွန်တော်တို့ သုံးယောက် ရောက်ရှိသွားချိန်တွင် မမနှင့်အတူ ဧည့်ခန်းမှာထိုင် နေသော ဖြူ့အဒေါ် ဒေါ်မြတ်လေးကိုပါ တွေ့လိုက်ရ၍ အားလုံး အံ့အားသင့်သွားခဲ့ကြသည်။ ဖြူကတော့ "အန်တီလေးက မမြမမနဲ့ သိတယ် ဟုတ်လား၊ အံ့ဩစရာကြီး၊ သမီးကိုတောင် တစ်ခါမျှ မပြောဖူးဘူး။ ကိုနဲ့ မမနဲ့အကြောင်း အန်တီလေးကို ပြောပြတော့ မသိချင်ဟန်ဆောင်နေတယ်ပေါ့၊ ဟုတ်လား"ဟု မအောင့်အည်း နိုင်စွာ ထုတ်မေးသည်။

အန်တီက ကျွန်တော်နှင့် မမအကြောင်းသိတယ်ဆိုတော့ ကျွန်တော့်မှာ အံ့ဩနေမိသည်။ အန်တီ့မျက်နှာကိုပင် စေ့စေ့မကြည့် ရဲအောင် ရှက်နေမိတော့သည်။ ကျွန်တော်. . . ကျွန်တော်. . .။

အန်တီက ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေသည်။

"မင်း. . . စိတ်သိပ်တည်ငြိမ်ပါတယ်ကွယ်၊ အန်တီ သမီး အတွက် စိတ်မပူတော့ဘူး၊ ကဲ. . မင်းတို့နေခဲ့ကြ။ သမီး အန်တီလေး အိမ်ကပဲ စောင့်နေမယ်နော်"လို့ နှုတ်ဆက်ကာ ထွက်သွားတော့ အားလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားတော့သည်။

www.burmeseclassic.com



"သိပ်တော်တဲ့ အဘွားကြီးပဲ၊ သူ့စမ်းသပ်ပွဲအတွက် နစ်နာကြေးတောင် ပေးမသွားတော့ဘူး။ ငါကတော့ ရှုံးပြီးရင်း ရှုံးတာပဲ"

မမ၏ ဝမ်းခေါင်းသံ စကားလုံးများကြောင့် ကျွန်တော်တို့အားလုံး မျက်နှာလွှဲထားကာ ရှုးချင်ယောင် ဆောင်နေလိုက်သည်။ သူ၏ ဦးခေါင်းကို တစ်ချက်ခါကာ သတိလက်လွတ်ဖြစ်သွားမှုကို အနည်းငယ် ချုပ်ထိန်းလိုက်သည်။

"ကဲ. . လာကြပါ။ မင်းတို့အားလုံးကို မမ လေးစားတယ်၊ မင်းတို့ဟာ အပြစ်ကင်းကြတယ်၊ ဆက်ကြိုးစားကြပါ။ မမကတော့ ဒီလောကထဲက ထွက်သွားတော့မှာမို့လို့ မင်းအတွက် ဒုတိယခွေ လုပ်မပေးနိုင်တော့ပါဘူး။ အခုလည်း မင်းဟာ အတိုင်းအတာ တစ်ခုအထိ အောင်မြင်တာပဲလေ။ မင်းနောက်ကို ပရိုဂျူဆာတွေ အလိုလို လိုက်လာတော့မှာပါ။ နောင်လည်း ဒီလိုပဲ စည်းစည်းလုံးလုံး လုပ်ကြပေါ့။ တို့တော့ မင်းတို့အောင်မြင်တာကို စောင့်ကြည့်နေမှာပါ"

အနက်ရောင် ဝမ်းဆက်ဝတ်ထားပြီး ဆံပင်များအားလုံးကို နောက်လှန်သိမ်းကာ ရွှေရောင်မျက်မှန်နှင့် နှုတ်ခမ်းနီဖျော့ဖျော့သာ ဆိုးထားသော မမဟန်က တည်ငြိမ်ရင့်ကျက်မှု အပြည့်ရှိနေသည်။ အေးစက်တည်ငြိမ်သော မျက်နှာပေး ကြွန္နေရသော လှုပ်ရှားမှုနှင့် ခမ်းနားထည်ဝါလွန်းသော မမအိမ်၏ အပြင်အဆင်များကြောင့် မမ၏ ဟန်ကြီးမှုက ပေါ်လွင်နေသည်။ ဖြူကလည်း ဒီနေ့မှ အဖြူရောင် ဇာဝမ်းဆက်နှင့် ဆံပင်များကို ပြင်သစ်ဆံထုံး ထုံးလာသည်။ မကြီးလွန်း မသေးလွန်းသော ခရမ်းရောင် ကက်တလီယာ ပန်းကို ပန်ဆင်ထားသလို နှုတ်ခမ်းကိုလည်း ခရမ်းသွေးဖျော့ဖျော့လေး ဆိုးထားသည်။ အမြဲတမ်း အေးဆေးစွာ ရိုးကုပ်နေတတ်သော ဖြူက ဒီနေ့တော့ အနည်းငယ် သွက်လက်သည်ဟု ထင်မိသည်။ ဖြူကလည်း ဒါဟာ သူ့လူပါလို့ သိစေချင်သော ဆန္ဒတွေရှိနေကြောင်း

www.burmeseclassic.com



သိသာလွန်းသည်။ မမကတော့ ခပ်အေးအေး အပြုံးတစ်ခုကို ဖန်တီးထားပြီး ကျွန်တော့်အခွေနှင့် ပတ်သက်သောစကားများကို အေးဆေးစွာ ပြောနေသည်။

ကွန်ပျူတာဖြင့် ရိုက်ထားသော စာရင်းရှင်းတမ်းလေးကို ကျော်ဝင်းထံပြသည်။ လောလောဆယ် ရောင်းနေရသော ခွေများမှ မမ စိုက်ထုတ်ထားသော အရင်းအနှီးများကို ပြန်နုတ်ပြီး မမ၏ ရှယ်ယာယူအပြီး ကျွန်တော့်အား ငွေငါးသောင်းကျပ်ပေးသည်။ ကျန်သည့် အခွေရောင်းရနှုန်းများကို ဖြန့်ချိထားသောဆိုင်မှပင် တစ်လတစ်ကြိမ် ဆက်ရှင်းသွားမည်ဖြစ်ကြောင်း ပြောသည်။ မမက အပိုစကားတစ်ခွန်းမှ မပြောဘဲ ညစာကို အတူစားသောက်ကြရသည်။

ကျွန်တော့်မှာ အစားအသောက်ထက် မမ၏ အနုပညာပြခန်းကို စိတ်ဝင်စားနေကြသည်။ ကျွန်တော့်မှာ အစာကို မစားနိုင်ဘဲ အစိမ်းရောင်ကော်ဇော ခင်းထားသော လှေကားစိမ်းကြီးကိုသာ ကြည့်နေမိသည်။ ကျွန်တော့် အတွေးအာရုံထဲတွင် မောင်လူငယ်နေရာ၌ ကျွန်တော် ရောက်နေကြောင်း သိနေသလိုပင်။ ဒါကို သေသေချာချာ သိချင်သည်။ မမက အခန်းထဲကို ပြသဖို့ မခေါ်လျှင် တောင်မှ ကျွန်တော်က ကြည့်ခွင့်တောင်းဆိုမည်ဟု တွေးထားမိသည်။ မမက ကျွန်တော့်အတွေးများကို ရိပ်မိပုံရသည်။ အချိုပွဲတည်ခင်း ဧည့်ခံရင်းပင် မင်းတို့ ပန်းချီခန်းကို ကြည့်ချင်ရင် ပြချင်ပါတယ်ဟု ပြော၏။

မမ၏နောက်သို့ သုံးယောက်သား လိုက်သွားရင်း စိတ်အလှုပ်ရှားဆုံး ဖြစ်ရသူမှာ ကျွန်တော်ပင် ဖြစ်သည်။ မမက ကျွန်းတံခါးရှေ့တွင် မတ်မတ်ရပ်ရင်း တစ်ခုခုကို တွေးနေပုံရပြီး ချက်ချင်း အခန်းထဲသို့ ခပ်မြန်မြန် ဝင်သွားသည်။ အခန်းဝတွင် ချိတ်ဆွဲထားသော စာတန်းလေးမှာ ပြောင်းလဲနေသည်ကိုတွေ့ရ၏။

www.burmeseclassic.com



ငါ့ . . ကံမကောင်းခြင်းကြောင့်
သူသည် သစ္စာရှိသောသူ ဖြစ်ရ၏။
သစ္စာရှိသောသူကို တွေ့ဖူး၍
ငါ့ . . ကံကောင်း၏။

ဖြူ့လက်ကို တွဲထားရင်း 'မမရယ်'ဟုသာ အပြေးလေး သွားရောက် ထွေးပွေ့ချင်စိတ် ပေါက်သွားသည်။ ဖြူက အကဲခတ်သလို တစ်ချက်မော့ကြည့်ရင်း ထိုစာတမ်းလေးကို ထပ်ဖတ်နေသည်။ ဖြူက မမနှင့် ပတ်သက်သမျှ သိထားသော်လည်း မမကို ဖြူရဲ့ ပြိုင်ဘက်လို သဘောမထား၊ ရန်လိုခြင်း၊ ခနဲ့လိုခြင်းလည်း မရှိ။ ကျော်ဝင်းကတော့ မမကို အချစ်ကဝေမကြီး၊ ရမ္မက်ကဝေမကြီးဟု ပျစ်ပျစ်နှစ်နှစ် ရှုတ်ချခဲ့သမျှ ထိုစာတမ်းကိုမြင်တော့ အနည်းငယ် နာကျင်သွားပုံရသည်။ ဘယ်အရာမဆို အလွယ်တကူ လက်မခံ တတ်သူပီပီ ပခုံးတစ်ချက်တွန့်ပြီးအခန်းတံခါးကို တွန်းဖွင့်ဝင်ရောက် သွားတော့သည်။

အခန်းတံခါးတွန်းဖွင့်ဖွင့်ချင်း ကျွန်တော့်ကို ကြိုဆိုသူမှာ စာခြောက်ရုပ်ကြီး မဟုတ်တော့ချေ။ မြေသားဖြင့် ထုလုပ်ထားသော လူရိုင်းပုံ တစ်ပုံသာဖြစ်သည်။ ခါးတွင်စည်းထားသော သစ်ရွက် သဏ္ဍာန်စက္ကူချပ်လေးများ တလွန့်လွန့် လှုပ်ခတ်တော့ ကျွန်တော့်မှာ အတော်လေး စိတ်လှုပ်ရှားရသည်။ ကျွန်တော် ထင်ထားသည့်အတိုင်း ထိုပုံအောက်တွင် မမ ချိတ်ဆွဲပေးထားသော နာမည်မှာ မောင်ငတုံး ပင် ဖြစ်သည်။

မမ ထုလုပ်ထားသော ထိုပုံ၏ မျက်နှာမှာ ကျွန်တော့်မျက်နှာဟု ဝေခွဲလို့မရအောင် မျက်လုံးများ၊ နှာခေါင်းများ၊ ပါးများတွင် ဒဏ်ရာဒဏ်ချက်များ လုပ်ထားသည်။ ရွံ့စေးမခြောက်ခင်ကတည်းက ငယ်ထိပ်ကို တစ်ချက် နှစ်ချက်ခန့် ခပ်ဖွဖွ ရိုက်ချထားပုံရသည်။

www.burmeseclassic.com



ငယ်ထိပ်က မသိမသာ ပိပြားနေသည်။မမက ထိုပုံကို အစိမ်းရောင် ခပ်တောက်တောက်ဖြင့် သုတ်လိမ်းထားသည်။ ထိုပုံ၏ နောက်ကျော တွင် ဟော်လိုဂစ်တာသဏ္ဍာန် ပိုင်းညှပ်ထားသော သံပြားတစ်ခုကို ချိတ်ဆွဲထားသည်။ ထိုပုံကို ကျွန်တော်ဟု ပြောလျှင်ရသော်လည်း ကျွန်တော်မဟုတ်ဟု ပြောလျှင်ရအောင် လုပ်ထားသည်ဟုသာ ထင်သည်။

ထိုပုံရှေ့တွင် ခပ်စူးစူး အကြည့်များဖြင့် ကျွန်တော်တို့ သုံးယောက်စလုံး ရပ်နေမိသည်။

"ဒီပုံကို ထုရင်း စိတ်နာပုံရတယ်။ ငယ်ထိပ်ကို ခတ်ဆတ် ဆတ် တီးထားတယ်"ဟု ကျော်ဝင်းက ခပ်ဟ ရယ်ပြောရင်း အခန်း ထဲရှိ အခြားပန်းချီကားများကို လှည့်ပတ်ကြည့်ရှုနေသည်။ ဖြူ ကတော့ ထိုပုံကိုကြည့်ရင်း ဘာမျှမပြော။ ကျွန်တော့်လက်မောင်းကို လွတ်ထွက်သွားမည်စိုး၍ အတင်းတွယ်ဖက်ထားတော့သည်။ ကျွန်တော့်ရင်ထဲတွင်တော့ စိတ်မကောင်းရုံမှတစ်ပါး အခြားဘာမျှ မရှိအောင် စိတ်ရှင်းနေသည်။

မမက သူ၏ ဆွဲလက်စ ပန်းချီကားလေးကို ကြည့်ရင်း ငြိမ်သက်နေသည်။ ထိုပုံသည် မမဆွဲနေကျ လူပုံမဟုတ်။ စိတ္တဇ ပန်းချီမဟုတ်၊ လွတ်မြောက်မှုတစ်ခုခုကို တမ်းတနေသော နိမိတ်ပုံ ပန်းချီမျိုးလည်းမဟုတ်။ ရိုးသားရှင်းလင်းသော ရှုခင်းတစ်ကွက်လည်း မဟုတ်။ စိတ်ကျဉ်းကျပ်မှု ဖော်ဆောင်သော ပန်းချီကားမျိုးလည်း မဟုတ်ချေ။ ထိုပန်းချီကားမှာ ကောက်ကြောင်းများသာ ရေးချယ် ထားသော်လည်း နာမည်ပေးထားပြီးဖြစ်သည်။ "မိသားစုဘဝ" ဆိုသော စာတန်းလေး ဖြစ်သည်။

ဒီတစ်ခါ ကြေကွဲရသော ကြေကွဲမှုမှာ မိသားစုဘဝကို မျှော်လင့်နေသော မမကြောင့်ပင် ဖြစ်သည်။ အထီးကျန် တိတ်ဆိတ်

www.burmeseclassic.com



သော မမ ဘဝကို မမက မိသားစုပုံစံ ပြောင်းချင်နေသော ဆန္ဒများက ဖိတ်လျှံနေသည်။ ထိုပုံ၏ ကောက်ကြောင်းမှာ လှပထည်ဝါသော ခြံဝင်းတစ်ခုနှင့် အိမ်ကလေးဖြစ်သော်လည်း သာယာသောတေးသံ၊ မြူးကြွသော ရယ်မောသံတို့ဖြင့် ထုံလွှမ်းသွားအောင် မမ ရေးဆွဲလိမ့်မည်ကို ကြိုသိလိုက်သောကြောင့် ဖြစ်သည်။

ကျွန်တော့်မှာ မမ၏ အနုပညာခွန်အားကို ကိုယ်တိုင်မြင်တွေ့ရ၍ အံ့ဩနေမိသည်။ အစက မောင်လူငယ်၏ ပန်းချီကားတွေပါဟု ပြောခဲ့ပေမဲ့ အခုတော့ ဒါတွေအားလုံး ရေးဆွဲမှုရော အပြင်အဆင် စီမံမှုများပါ မမ၏ လက်ရာမှန်း သိသာလွန်းနေတော့သည်။

ကျွန်တော်က ထိုပန်းချီကားရှေ့တွင် ကျောက်ချသလို ရပ်နေ၍ ဖြူကလည်း ကျွန်တော့်ကို ဖက်တွယ်၍ ရပ်နေသည်။

"နိုင်ရဲ့ . . . အခန်းမည်းကြီး မရှိပါလား။ ပြူစားတတ်တဲ့ အခန်းမည်းကြီး မရှိပါလားကွ"ဟု ကျော်ဝင်း၏ ခပ်အုပ်အုပ်အသံကြောင့် ရှိနေကျ အမည်းရောင်ခန်းဆီးစများရှိရာသို့ လှည့်ကြည့်မိသည်။ ထို့နောက် ထိုနေရာသို့ ခပ်မြန်မြန်လျှောက်သွားပြီး ထိုနေရာတွင် ရှိနေကြ ပန်းချီကားများကို ကြည့်မိသည်။ ပန်းချီကားများက အဖြူရောင် မီးချောင်းများအောက်တွင် ပြောင်ချော်ချော် ပြုံးပြနေသည်။ မမ၏ ပုံများ၊ မမ၏ ရုပ်တုများကို အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

"မမ . . . ဒီက မမ အရုပ်နဲ့ မမ ပန်းချီကားရော"

ကျွန်တော် မချုပ်တည်းနိုင်စွာ မမဘက်သို့ ခပ်ကျယ်ကျယ် အသံပြု၍ လှမ်းမေးလိုက်သည်။ ကျွန်တော့်မေးခွန်းကို ချက်ချင်း မဖြေဘဲ ကျွန်တော်ရှိရာသို့ လျှောက်လာသည်။ ထိုစကားမှာ တစ်နှစ်အတွင်း ကျွန်တော်က မမကို အရင်စပြောသော စကားပင်ဖြစ်သည်။ မမက ကျွန်တော်တို့နှင့် တစ်စစ နီးကပ်လာလေ မမ၏ ဖြူရော်ရော်

www.burmeseclassic.com



မျက်နှာကို မြင်တွေ့ရလေဖြစ်သည်။ မာန်ကျိုးနေသော မျက်ဝန်းများနှင့် နှုတ်ခမ်းဖျားလေးက မမ၏ ဘဝသစ်တစ်ခုပင် ဖြစ်လိမ့်မည်။ ကျွန်တော့်ရှေ့တည့်တည့်တွင် ချိတ်ဆွဲထားသော ကျန်ရစ်သူမိသားစုဟု အမည်ပေးထားသော သစ်ပင်အိုနှင့် မြေတလင်းပုံရှေ့တွင် မတ်တတ်လာရပ်သည်။

မမက ကျွန်တော့်ရှေ့သို့ မတ်မတ် တိုးရပ်လာသည်။

"အဲဒီ့ ရုပ်တုနဲ့ မိန်းမပုံက အမျိုးသမီးဟာ သူလိုချင်တာတွေ အကုန်ရခဲ့တယ်။ ဒီကမ္ဘာပေါ်မှာ သူလိုချင်ရင် အားလုံးဟာ သူ့ခြေရင်းမှာ ဝပ်ဆင်းခဲ့ရတယ်။ နောက်ပြီး သူလိုချင်တဲ့အရာကို ရဖို့ နှစ်ရှည်လများ စောင့်ရဖို့ ဝန်မလေးတတ်သလို ဘာနဲ့ပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်ဖို့ အသင့်ရှိပြီး ရအောင်ယူနိုင်ခဲ့တယ်။ သူ့ရဲ့ ဖီလိုဆိုဖီက သူလိုချင်တာ ရတာပဲလေ. . ။ ဒါပေမဲ့ သူလိုချင်တိုင်း မရတဲ့အရာတွေကို ဆင့်ဆင့်ပြီး တွေ့လိုက်ရတော့ သူလိုချင်တာ ရခဲ့တာတွေဟာ အမှန်တရားမဟုတ်တော့ဘူးလို့ တွေးမိလာတယ်။ အဲဒီတော့ ဒီမိန်းမမှာ ရှိနေမယ့် တစ်ယူသန်စိတ်ကို ဖျောက်ပေးရမယ်၊ ဒါကြောင့် မမ သူ့ကို ဖျက်ဆီးလိုက်ပြီ။ သူ့အဆောင်အယောင် တွေလည်း ဖျက်ဆီးလိုက်ပြီ။ လူတစ်ယောက်ကို ခမ်းနားထည်ဝါမှု၊ အလင်းအမှောင်တွေနဲ့ မဆွဲဆောင်စေချင်လို့ အခန်းမည်းကို ဖျက်ဆီးလိုက်ပြီး အဲဒါတွေအားလုံးအတွက် ကျန်ရစ်သူမိသားစု ရှိနေပါတယ်"

မမက စကားကို ရှည်လျားစွာပြောပြီး မျက်ဝန်းမှ ဝေ့သီနေသော မျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ခတ် သိမ်းဆည်းလိုက်သည်။ မမ၏ အသက်ရှူသံ ဖွဖွလေး ကျွန်တော်တို့အနီးမှ တရွေ့ရွေ့ ဝေးသွားတော့သည်။ ကျွန်တော်တို့လည်း မည်သူ

www.burmeseclassic.com



တစ်ဦး တစ်ယောက်ကိုမျှ နှုတ်မဆက်တော့ဘဲ ပန်းချီခန်းထဲမှ တိတ်တဆိတ် ထွက်ခဲ့သည်။

အခန်းတံခါးဝတွင် ချိတ်ဆွဲထားသော စာတန်းလေးကို ပြန်လှည့်ကြည့်ရင်း မမ ကံကောင်းပါစေလို့ . . . ရင်ထဲမှ ဆန္ဒပြုမိတော့သည်။

*    *    *

www.burmeseclassic.com

# ပေးဆပ်ခြင်းငှက်

မမအိမ်ကအပြန် ကားပေါ်မှာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေခဲ့သည်။ ဖြူရဲ့ ဆလွန်းကားလေးကို ဒီနေ့တော့ ဖြူကိုယ်တိုင်မမောင်း။ ဒရိုင်ဘာ ပါလာသောကြောင့် ဖြူနှင့်ကျွန်တော်က နောက်ခန်းမှာထိုင်ကြပြီး ကျော်ဝင်းက ရှေ့ခန်းတွင် ထိုင်သည်။ ဖြူက ကျွန်တော့်လက်ချောင်း များကို ဖျစ်ညှစ်ဆုပ်ကိုင်ထားပြီး လမ်းဘေးက နီယွန် မီးတွေကို ကြည့်နေသည်။

ကျွန်တော့်အတွေးများကတော့ မမထံပါးမှာ အချို့အဝက် ကျန်ရစ်ခဲ့သည်ဟု ဝန်ခံရမလို ဖြစ်နေသည်။ မမ ဘယ်လိုပုံစံနဲ့ ရှင်သန်ရပ်တည်သွားမလဲ။ မမဘယ်လိုများ ထွက်သွားမလဲ။ ထိုသို့ စဉ်းစားမိပေမဲ့ မမအနေနဲ့ တစ်ခုခု ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချထားပုံလည်း တွေ့ရသည်။

တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သူက ကျော်ဝင်းပင်။

"နောက်ဆုံးတော့ မမက မင်းကို ပေးဆပ်ခဲ့ရတာပဲပေါ့။ မင်းအောင်မြင်ဖို့ တမင်သက်သက် လာပေးဆပ်တာလေ"

"အံမယ် ကိုကျော်ဝင်းကလည်း ဒီလိုမပြောပါနဲ့၊ တမင်သက်

www.burmeseclassic.com



သက်လာပေးဆပ်တာ မဟုတ်ပါဘူး။ ဖြူတို့ချစ်ခြင်းကိုခွဲဖို့ ကြိုးစားတာ။ ဖြူကတော့. . .'

ဖြူ့ထံမှာ ဒီလို မကျေနပ်မှုလေးတွေ ရှိနေလိမ့်မည်ဟု ထင်မထားခဲ့။ အခုတော့ ဖြူက သဝန်တိုကြောင်း ထုတ်ဖော်ပြောကြားနေသည်။ ဖြူ့ထံမှာ ဝန်ခံပြီး မမနဲ့ ဘာမှ ထပ်မံမပတ်သက်တော့သဖြင့် ဖြူ့ထံမှ မကျေနပ်စကားကို မကြားခဲ့ရခြင်းသာ ဖြစ်သည်။

"ဖြူကလည်းကွာ ဒီကိစ္စတွေ ပြီးသွားပြီပဲ။ နားလည်ပေးပါကွာ"

"ဖြူ နားလည်ပေးရမယ် ဟုတ်လား။ ဘယ်လို နားလည်ရမှာလဲ။ ဘယ်လို နားလည်မှုနဲ့ လက်ခံထားရမှာလဲ။ နားလည်တယ်ဆိုတာ သဘောပေါက်လက်ခံရတာ။ နားလည်မပေးနိုင်ဘူး"

ဖြူက အဝေးကို ငေးရင်း ကြေကွဲစွာ တိတ်ဆိတ်နေပြန်သည်။ ဒီကိစ္စတွေ သိကတည်းက မျိုသိပ်ခံစားခဲ့ရသမျှ ဒီညမှ ဖွင့်ချတော့မည့်ဟန်ဖြင့် ဖြစ်နေသည်။

ကျွန်တော် အမြန်ဆုံးတောင်းပန်မှဖြစ်တော့မည်။ သို့မဟုတ်လျှင် ခက်ရချည့်။

"ဖြူ ကိုယ့်ကို ခွင့်လွှတ်ပေး။ ဟုတ်လား။ ကိုယ်မှားခဲ့တဲ့ အမှားလေးကို ခွင့်လွှတ်ပေး"

"လာပြန်ပြီ အမှားလေး၊ အမှားလေး မဟုတ်ဘူး ကိုနိုင်ရဲရဲ့ အဲဒါ အမှားကြီး။ အဲဒီအမှားကြီးကို ခွင့်လွှတ်ပေးလို့ ပြောရမှာ"

ကျော်ဝင်းရဲ့ ကျယ်ကျယ်လောင်လောင် ရယ်ချသံကြောင့် ကျွန်တော့်မှာပြုံးရင်း ဖြူ့ကိုကြည့်တော့ ကြာကြာစိတ်မဆိုးတတ်တဲ့ ဖြူကလည်း ပြုံးနေတော့သည်။

"ဟုတ်ပါတယ်။ ကို အမှားကြီး မှားခဲ့ပါတယ်။ ဖြူခွင့်လွှတ်ပေးနော်"

www.burmeseclassic.com



"ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ပဲ ဖြစ်ရမယ်"

ကျော်ဝင်းကဝင်ပြီး ဖြူ့အသံကို တုပြီးပြောလိုက်သောကြောင့် အားလုံးဝိုင်းရယ်မောမိသည်။ ခုနက ကျွန်တော့်ကို ဖျစ်ညှစ်ထားတဲ့ ဖြူ့လက်လေးကို ပြန်စမ်းပြီး ဖြူ့လက်ကို ဆုပ်ညှစ်မိသည်။ ဖြူက ကျွန်တော့်ကို မော့်ကြည့်ပြီး အေးဆေးစွာ ပြုံးပြသည်။

"သြော်. . မေ့နေတယ်၊ ဖြူဖို့ စာအုပ်တစ်အုပ် ယူလာတယ်၊ ကိုယ်ငယ်ငယ်က အားကျခဲ့ရတဲ့စာအုပ်။ ကိုကျော်ပေးဖတ်လို့ ဖတ်ခဲ့ရတာ၊ ဓမ္မိကဘာသန်းရဲ့ 'ယောနသံစင်ရော်'တဲ့"

ကျွန်တော့်စာအုပ်ကို ကြည့်ရင်း ဖြူက "ဒီဟာကိုပဲ ဆရာထင်လင်းလည်း ပြန်ထားတယ်။ ဖြူဖတ်ပြီးပြီ။ ဆရာထင်လင်းက 'ပင်လယ်ပျော်စင်ရော်'လို့ နာမည်ပေးထားတယ်"

"ဒါဖြင့် ကိုပေးမယ့် စာအုပ်ကို ဖြူမယူတော့ဘူးပေါ့။ ဒီစာအုပ်က နှယ်နှယ်ရရ စာအုပ်မဟုတ်ဘူးနော်။ ကိုကျော်ပေးထားတဲ့ စာအုပ်"

"ယူရမှာပေါ့၊ ကိုကျော်ပေးတဲ့စာအုပ်။ ကိုပေးတဲ့ စာအုပ်။ ဒါဖြူပိုင်ရမှာပေါ့"

"အံမယ် အခုတော့လည်း ဟာမိုနီ ဖြစ်လို့ပါလား။ ဒီတစ်ကြိမ်တော့ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ဖြစ်ပစေနော်"လို့ ကျော်ဝင်းက မိန်းကလေးသံလုပ်၍ ပြောလိုက်သောကြောင့် အားလုံးဝိုင်းရယ်ဖြစ်ကြရသည်။

*    *    *

www.burmeseclassic.com



"မမ မနက်ဖြန် အင်္ဂလန် သွားမလို့တဲ့။ ၆ လလောက်ကြာမယ်တဲ့။ ဖုန်းဆက်ပြီး နှုတ်ဆက်တယ်။ အဲဒါ မနက်ဖြန် လေယာဉ်ကွင်း သွားနှုတ်ဆက်ရအောင်"

ကျော်ဝင်းစကားကြောင့် ကျွန်တော့်မှာ ဘာပြောရမှန်းမသိအောင် တွေဝေသွားမိသည်။ အရင်ဆုံး သတိရမိတာက ဖြူ့ကို။

"ဖြူကြိုက်ပါ့မလားကွာ။ ဖြူက ခပ်ကင်းကင်းနေစေချင်မှာပေါ့"

"ဟ နှုတ်ဆက်တာပဲ။ မမ ဖုန်းဆက်အကြောင်းကြားတယ်ဆိုတော့ တို့တွေကို နှုတ်ဆက်စေချင်လို့ နေမှာပေါ့။ ကိုကျော်လည်း ရောက်နေတာပဲ။ ကိုကျော်ရော ဖြူရော ခေါ်သွားကြရင် မကောင်းဘူးလား"

ကိုကျော်က တစ်နေ့က ရန်ကုန်သို့ ပစ္စည်းဝယ်ရန် ရောက်လာခြင်းဖြစ်သည်။

"မင်းကို ခွေထုတ်ပေးတဲ့ မမလား။ ကိုယ်လည်း တွေ့ချင်တယ်"

ကိုကျော်က ကောက်ကာငင်ကာ ပြောလိုက်တော့ ကျော်ဝင်း စကားကို ငြင်းမရတော့။

"ကိုကျော်ရေ ဒီကောင်က အခုမှ လန့်နေတယ်လေ။ ဖြူကလည်း အူတိုတတ်နေတော့"

"ဖြူက ငယ်ငယ်တုန်းက ထက်လည်းထက်၊ သွက်လည်း

www.burmeseclassic.com



သွက်ကွ၊ အခုရော။ မိဘတွေက ထိန်းချုပ်လွန်းတော့ အရင်လိုမှ ထက်သေး သွက်သေးရဲ့လား”

“ဖြူလား လူကြည့်တော့ ခပ်နွဲ့နွဲ့ရယ်။ ဘာမှ နားမလည်တဲ့ ပုံစံဖမ်းထားတယ်။ ထိပ်တိုက်ရင်ဆိုင်ရမယ် ဆိုရင်တော့ ပြတ်မှပြတ်ဗျ။ ဒီကောင့်သာကြည့်တော့။ အခုပဲ ဖြူက ကြိုက်ပါ့မလားကွာ ဖြစ်နေတသာကြည့် ကိုကျော်ရေ”

ကျော်ဝင်းစကားကြောင့် ကိုကျော် ပြုံးနေတော့သည်။

“ငါ့ကောင်က တစ်ခါတစ်ခါ ရှုးသွပ်ချင်တာ၊ ရှုးသွပ်နေတတ်ချင်တာပဲသိတာ။ ဖြူလို မိန်းကလေးနဲ့မှ ဖြစ်မှာ။ အဲဒါလည်း သူသိတယ်။ ဟုတ်တယ် မဟုတ်လား”

ကိုကျော့်စကားကြောင့် ဟုတ်တယ်လိုလို မဟုတ်ဘူးလိုလို ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား၊ မဝေခွဲတတ်တော့။

“အဲဒါဆို ဖြူ့ဆီ ဖုန်းဆက်လိုက်လေ။ ညနေ ၆ နာရီလောက် လေယာဉ်ထွက်မယ်ထင်တယ်။ လေယာဉ်ကွင်းပဲ သွားလိုက်ကြတာပေါ့”

မမအတွက် အမှတ်တရ တစ်ခုခု ပေးလိုက်ချင်ပေမဲ့ ဖြူကြိုက်မှာ မဟုတ်၍ ဘာမှ မစီစဉ်ဖြစ်တော့။ မမပေးခဲ့တဲ့ ရွှေဆွဲကြိုးလေးက အခုတော့ ဆိုင်ကယ်တစ်စီးဖြစ်နေကြောင်း မမလည်း ရိပ်စားမိမှာပါ။

မမအတွက် ပစ္စည်းဥစ္စာ လက်ဆောင်လိုမှာလည်းမဟုတ်။ အကယ်၍လိုကောင်းလိုလျှင် ကျွန်တော့်ရင်မှာရေးသော သီချင်းတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ဖြစ်ကောင်းဖြစ်လိမ့်မည်။ သို့သော် ကျွန်တော် ကိုယ်တိုင်က ထိုလက်ဆောင်မျိုးမပေးချင်ခဲ့။ မေ့ပစ်သင့်သော သံယောဇဉ်မထားအပ်သော အရာများကို ဥပေက္ခာပြုနိုင်ရမည်သာ။ ဖြူ့လက်ကိုတွဲပြီး မမကို နှုတ်ဆက်ဖို့ အနည်းငယ် ရက်စက်လွန်းရာ ကျမည်ဖြစ်

www.burmeseclassic.com



သော်လည်း မမ၏ နားလည်ပေးနိုင်မှုနဲ့ ဖြူ့အတွက်ယုံကြည်မှုပေးဖို့ ကျွန်တော့်ဖြူ့ကို ခေါ်သွားရတော့မည်။ မမလည်း ဒီလိုနှုတ်ဆက်မှုမျိုး ကြိုတင်မျှော်လင့်ပြီးသား ဖြစ်လိမ့်မည်။

*　*　*

www.burmeseclassic.com



ကျွန်တော်တို့ လေယာဉ်ကွင်းသို့ ရောက်သွားချိန်မှာ မမက ထိုင်ခုံတွင် တိတ်တဆိတ်ထိုင်နေသည်။ ဂျင်းဘောင်းဘီနှင့် တီရှပ်ဝတ်ထားပြီး ကျောပိုးအိတ်လွယ်ထားသော မမက အပြစ်ကင်းစင်သော ကျောင်းသူတစ်ယောက်နှယ်ဖြစ်နေသည်။ မျက်နှာမှာ အတန်ငယ် ညှိုးနွမ်းနေသော်လည်း မျက်ဝန်းများကတော့ တက်ကြွလန်းဆတ်မှုကို တွေ့နေရသည်။ ဆံပင်အားလုံးကို ဖြန့်ချထားပုံကိုက မမအလှကို ခပ်ရိုင်းရိုင်းလှနေစေတော့သည်။

ကိုကျော်က တော်တော်ခေတ်ဆန်တဲ့ အမျိုးသမီးပဲ။ သူ့နှုတ်ခမ်းတွေက ကြွတက်နေတယ်။ သူ့မှာ မျှော်လင့်ချက် အပြည့်နဲ့ ခွန်အားသစ်တွေ ရထားသလိုပဲ။ မင်းကိုကြည့်တဲ့ မျက်ဝန်းတွေမှာလည်း ပကတိ နားလည်နိုင်တဲ့ အရိပ်အရောင်တွေ တွေ့နေရတယ်။ ဖြူ့ကိုတော့ သူဟန်ဆောင်ပြီး စကားပြောနေတာကွ။ အသက်မပါဘူး ဟု ကျွန်တော့်ကို တိုးတိုးလေးကပ်ပြောသည်။

ဖြူက ပလပ်စတစ်ရွက်ပတ်ထားသော အဝါရောင် နှင်းဆီပွင့်တွေကို မမလက်သို့ပေးပြီး ကျွန်တော့်လက်မောင်းကို တင်းတင်း ဖက်တွယ်ထားသည်။

မမပုံစံက စကားပြောနေရင်း တက်ကြွရွှင်လန်းစွာ ရှိနေပြန်တော့သည်။ ပြီးတော့ ကျောပိုးအိတ်ကိုနှိုက်ပြီး တစ်စုံတစ်ခု ထုတ်ယူလိုက်သည်။ ကျွန်တော့်ကို ရုတ်တရက်လှမ်းပေးတော့ယူလိုက်မိသည်။

ထိုအရာလေးက နက်တိုင်မှာ ညှပ်သည့် ရွှေရောင်ကလစ်လေးပင်ဖြစ်သည်။ ထိုကလစ်ထိပ်တွင် ပျံသန်းနေတဲ့ ငှက်တစ်ကောင်ပုံ

www.burmeseclassic.com



ပါသည်။ ကျွန်တော်က ငှက်ကလေးကို လက်မလေးဖြင့် ပွတ်သပ်မိရင်း ရင်ထဲမှာတဒိတ်ဒိတ်ခုန်နေသည်။ ဖြူ့ကို ကြည့်လိုက်တော့ ဖြူက လည်း ထိုကလစ်လေးကို လှမ်းကြည့်နေတာတွေ့ရသည်။

"မင်းသီချင်းတွေ နားထောင်ရတာ အမြင့်ဆုံးကို ရောက်ဖို့ ပျံသန်းနေတဲ့ငှက်တစ်ကောင်ကို တွေ့မိခံစားမိတယ်။ အဲဒီငှက်လေးက တစ်ခါတစ်ခါ မုန်တိုင်းတွေ့လို့ တောင်ပံတွေ စုတ်ပြတ်ခဲ့ရပေမဲ့ ပျံသန်းနေတာပဲ။ အဲသလိုကို ခံစားရတယ်။ အဲဒီငှက်ကလေးကို အမြဲတမ်း အမြင့်ဆုံးမှာ ပျံစေချင်တယ်လေ။ အဲဒီ့စိတ်ကူးလေးရလို့ ချက်ချင်းဆိုင်မှာ သွားအပ်ပြီး မောင်ကျော်ဝင်းဆီ ဖုန်းဆက်လိုက်တာ။ ဒါကတော့ ဖြူ့အတွက် အဲဒီ့ငှက်ကလေးပုံ ရင်ထိုးလေး"

ဖြူက အံ့သြဝမ်းသာစွာ ကျေးဇူးတင်ပါတယ်မမဟု ပြောရင်း ဝမ်းပန်းတသာ ယူလိုက်သည်။ မမကလည်း ဖြူပေးတဲ့ နှင်းဆီ ပန်းလေးကို တယုတယ မွှေးရှိုက်ရင်း ကိုကျော်နဲ့ကျော်ဝင်းတို့ကိုပါ နှုတ်ဆက်လိုက်သည်။ ပြီးတော့ အားလုံးကို တစ်ချက်ဝေ့ နှုတ် ဆက်ပြီး ကျွန်တော်တို့ရှေ့မှ ထွက်သွားသည်။

ဖြူက လက်ပြရအောင် လာ ဆိုပြီး ဝရန်တာကို ခေါ်သွား သဖြင့် လေယာဉ်ဆီ တက်ခါနီးတွင် လက်ဝှေ့ယမ်းကာ နှုတ်ဆက် ဖြစ်လိုက်သည်။

မမပေးခဲ့သော ငှက်ကလေးကို ငုံ့ကြည့်မိရင်း ကျွန်တော်တို့ ဖြူစင်စွာ ခွဲခွာသွားကြတဲ့အတွက် ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ကြည်နူးမိခဲ့သည်။

မမပေးခဲ့တာ ငှက်ကလေးပဲ။ ဘယ်လို ငှက်အမျိုးအစား ဆိုတာကို မမက ပြောပြမသွား။ ကျွန်တော်က ထိုငှက်ကို 'ပေးဆပ်ခြင်း ငှက်'လို့ နာမည်ပေးလိုက်တော့သည်။ ။

www.burmeseclassic.com

“အချစ်ဆိုတာ တွေ့ပြီးရင် နောက်ထပ်အချစ်ဆိုတာ မရှိရတော့ဘူး။ လူတစ်ယောက်အပေါ်မှာ ချစ်တဲ့ အချစ်မျိုးနဲ့ နောက်ထပ် နောက်ထပ်သော လူတွေပေါ်မှာလည်း ဆက်ချစ်နေနိုင် သေးတယ်ဆိုရင် အဲဒါဟာ တကယ့် အချစ်စစ် မဟုတ်ဘူး။ အချစ်စစ် ဆိုတာ တစ်ခါတည်း မီးစာကုန်ဆီခန်းတောက်လောင်ပြီး သေငြိမ်းသွားတာမျိုးပဲ ရှိရမယ်”

**(မိုးဦးဝေ)**

**သင်းသင်းသာ**

# မိုး

**(တတိယမြောက်လုံးချင်းဝတ္ထုသစ်)**

www.burmeseclassic.com

